www.burmeseclassic.com



BURMESE CLASSIC .com

ကိုယ့်ချစ်သူကြိုက်တဲ့
ပန်းချီကားတစ်ချပ်ဟာ
ကိုယ်ရေးဆွဲခွင့်မရခဲ့တဲ့
ပန်းချီကားတစ်ချပ်
ဖြစ်ခဲ့မယ်ဆိုရင်တောင်မှ
အဲဒီပန်းချီကားကို
ချစ်သူနဲ့အတူတူကြိုက်ဖို့
ကြေကွဲဝမ်းနည်းစွာ
ကိုယ့်ဖက်ကသဘောတူပါတယ်…

လုံးချင်းဝတ္ထုသစ်

# လွန်းတာမို

## လွင့်မျောနေတဲ့နှင်းတွေထဲက

# ချစ်ခြင်းရေစက်

ပန်းချီ သိန်းရွှေကြည် 2012

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်) အမှတ်-၁၇၉၊ ၃၁လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃
လွန်းအာမို
လွင့်မျောနေတဲ့နှင်းတွေထဲကချစ်ခြင်းတွေရဲ့မာယာ/လွန်းအာမို၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၃။
(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) လွင့်မျောနေတဲ့နှင်းတွေထဲကချစ်ခြင်းတွေရဲ့မာယာ


BURMESE CLASSIC .com

အခန်း ( ၁ )

"ဦးရေ ... ဦး၊ ဟိုရှေ့ကဦး ... ခဏနေပါဦးဗျ"

"ဟေ ... "

နောက်က အော်ခေါ်သံကြောင့် ဈေးခြင်းတောင်းတစ်ဖက် ဆီပုံးတစ်ဖက်နဲ့ ခြံထဲဝင်ဖို့ပြင်လိုက်တဲ့ ဦးချစ်စရာတစ်ယောက် ... လှမ်းလက်စ ခြေလှမ်းကလေးကို တန့်ခနဲရပ်ပစ်လိုက်ကာ နောက်ကိုလည်း ကပျာကယာလေး လှည့်ကြည့်လိုက်ရပါသည်။

ဒီလိုလှည့်ကြည့်လိုက်တော့ ... ဦးချစ်စရာမြင်လိုက်ရတာက မိမိအနောက်ကို ဂျင်းကျောပိုးအိတ်လေး တစ်လုံးလွယ်ကာ အသည်းအသန်လေး ပြေးလိုက်လာနေသည့် ကောင်လေးတစ်ယောက်။

"ဟင် ... "

ကောင်လေးက အသားလေးက ဝင်းနှစ်ဖြူဆွတ်နေသလို ပုံစံလေးက နွဲ့နွဲ့လေးမို့ ဘာမျှားဖြစ်လို့ပါလိမ့်ဆိုသည့် သဘောမျိုးနှင့် မျက်တောင်တွေ ဖျတ်ခနဲ ပင့်တင်ပစ်လိုက်ရင်း ထိုကောင်လေးရဲ့ မျက်နှာချောချောလေးကိုပဲ ဦးချစ်စရာငေးစိုက်ကာ ကြည့်မိ သွားသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟိုလေ ... ဦး ..."

"ဟေ ... ဘာဖြစ်လို့လဲ ... ပြောလေကွာ"

ဆံပင်လေးတွေက ဘေးနှစ်ဖက်ကို အပြောင်ရှင်းကာ ညှပ်ထားတာမို့ တိုနေသလို မျက်နှာလေးကပါ ဝင်းနှစ်ရှင်းသန့်နေတာမို့ ကောင်လေးရဲ့ပုံစံလေးကို မြင်လိုက်တာနှင့်ပင် ဦးချစ်စရာက သဘောကျသွားသည်။ ကောင်လေးက ဦးချစ်စရာကိုတစ်လှည့် ခြံဝမှာ ချိတ်ဆွဲ ထားသည့် ခြံအတူအလုပ်သမားအလိုရှိသည်ဆိုသည့် ဆိုင်းဘုတ်လေးကို တစ်လှည့်လှည့်ကြည့်ကာ ... ။

"ဒီ ... ဒီဆိုင်းဘုတ်လေးမှာ ခြံအကူအလုပ်သမားအလိုရှိသည်ဆိုပြီး ရေးထားလို့၊ ဦး ... ဦးနောက်ကို ကျွန်တော် ဝမ်းသာအားရလိုက်မေးတာပါဗျ ... အဲဒါ ... အဲဒါ ... ကျွန်တော့်ကို အလုပ်ခန့်လို့မရဘူးလားဦးရာ ..."

"ဟေ ... မင်းက ဒီအလုပ်ကို လုပ်မယ်ဟုတ်လား ... ဟားဟား ..."

"ဟာ ... ဦး ... မရယ်နဲ့လေ"

ကောင်လေးက မျက်လုံးပြူးပြူးလေးတွေနဲ့ အထိတ်တလန့်လေးမော့ကြည့်လျှက် မျက်နှာလေးကပါ သိသိသာသာလေး ပျက်သွားသည်။

"ဟေ့ကောင် ... ခြံအကူအလုပ်သမားပါဆိုမှ မင်းလို ပျော့နွဲ့နွဲ့ကောင်လေးတစ်ယောက်နဲ့ ဖြစ်မှာတဲ့လား ... သွား ... သွား ဒီမှာ ... မင်းလာမရှုတ်နဲ့ ... မင်းပုံစံလေးနဲ့ သင့်တော်လိုက်ဖက်မယ့် အလုပ်မျိုးလေးပဲ မင်းသွားရှာ ... ဆိုင်းဘုတ်မှာ ခြံအကူအမျိုးသားတစ်ယောက်အလိုရှိသည်လို့ ရေးထားပေမယ့် ... တကယ်လုပ်ရမယ့်အလုပ်က အချက်အပြုတ်နဲ့ အဝတ်လျှော်မီးပူတိုက်၊ သန့်ရှင်းရေးအလုပ်တွေကို လုပ်ရမှာကွ"





"ဟာ ... အဲဒါတွေအားလုံး ကျွန်တော် ကျွမ်းတယ်လေ"

"ဟေ ..."

ကောင်လေးပြောလိုက်တာကိုနားထောင်ပြီး ဦးချစ်စရာပင် မျက်လုံးပြူးကာ အံ့သြရချေပြီ။ ကြည့်စမ်း ... အဲဒါတွေအားလုံး ကျွန်တော်ကျွမ်းတယ်တဲ့။ ဒီ ... ဒီကောင်လေး လာနောက်နေတာလား။ တကယ်လုပ်မှာလည်း မဟုတ်ဘဲနဲ့ မိမိနောက်ကို တမင်ပြေးလိုက်လာပြီး အလကားသက်သက်မဲ့ ဗရုတ်လာကျနေတာလား။

"အတော် ... အတော်ပဲဦးရာ ကျွန်တော်ကလည်း အလုပ်မရှိလို့ လိုက်ရှာရင်း ဒီခြံရှေ့မှာ ချိတ်ထားတဲ့ဆိုင်းဘုတ်ကိုတွေ့လို့ စိတ်ဝင်စားနေတာ ... ခုတော့ ဦးပြောတဲ့အလုပ်က ကျွန်တော်အရမ်းကျွမ်းတဲ့အလုပ်ဖြစ်နေလို့ ကွက်တိဖြစ်သွားပြီဦးရာ ..."

"မင်း ... မင်း တကယ်ပြောနေတာ ..."

"ဟာ ... အဲဒါ ကျွန်တော် တကယ်ပြောနေတာလေဦးရဲ့၊ လုပ်ပါဦးရာ ... ကျွန်တော် ... ကျွန်တော် ရန်ကုန်မှာ နေစရာလည်းမရှိ၊ အလုပ်မရှိဘဲ ဒုက္ခရောက်နေလို့ ကျွန်တော့်ကိုကယ်ပါ ဦးရာ၊ ဦးတို့ ခိုင်းချင်တာလည်းခိုင်းပါ ... လစာပေးရင်လည်း ဦးတို့ကြိုက်သလောက်ပဲပေး ..."

"ဟေ ..."

ဦးချစ်စရာ မျက်လုံးတွေ ပြူးသထက်ပြူးလာရပြီ။

ကြည့်ပါဦး ... ဒီလို ရုပ်ရည်သန့်သန့်လေးနဲ့ ဖြူဖြူနုနုနှစ်နှစ်ကောင်လေးတစ်ယောက် ရန်ကုန်မှာ နေစရာလည်းမရှိ အလုပ်လည်း မရှိလို့ ဒုက္ခရောက်နေတာတဲ့။ ဟုတ်ရဲ့လား ... တီရှပ်အနက်ရောင်လေးကို ဂျင်းဘောင်းဘီအပြာရောင်လေးနဲ့ တွဲဝတ်ထားသည့် ကောင်လေး။ ဒီကောင်လေးက ခြံအကူအလုပ်သမားတစ်ယောက်ရဲ့ အလုပ်တွေကို လုပ်ချင်လို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်စရာ အခုမှ ကောင်လေးကို အသေအချာကြည့်လိုက်တော့ ဂျင်းအပြာရောင် ကျောပိုးအိတ်တစ်လုံးကိုလည်း ပခုံးစောင်းလေးမှာ ချိတ်လို့။

"ဦးရာ ... ကျွန်တော့်ကို ကူညီပါဗျာ နော် ... ကျွန်တော် ကျွန်တော့်မှာ အလုပ်မရှိလို့ ထမင်းမစားရတာလည်း သုံးရက်တောင်ရှိပါပြီ"

"အောင်မလေးကွာ ..."

"ဦးမကယ်ရင် ... ကျွန်တော် ဒုက္ခရောက်တော့မှာ"

"ဟား ... ဟား ... မင်းတော်တော်အပြောကောင်းတဲ့ ကောင်လေးပါလားကွဟေ ... မင်းပြောတာနဲ့ ငါးကိုတောင် ငါ အရမ်းသနားလာပြီ"

ကောင်လေးကိုကြည့်ကာ စိတ်ကောင်းရှိသည့် ဦးချစ်စရာ ရင်ထဲမှာတစ်မျိုးဖြစ်သွားသည်။

"သနားပါ ဦးရာ ... ကျွန်တော့်ဘဝလေးက အရမ်းသနားဖို့ကောင်းလို့ ဦးကိုပြောနေရတာပါ ... ကျွန်တော် ပုသိမ်က ထွက်လာတုန်းကလည်း ပေးစရာကားခ ပိုက်ဆံမရှိလို့ စပါယ်ယာနဲ့အတူတူ ကားပေါ်ကို ပစ္စည်းတွေ ဒိုင်းတင် ဒိုင်းချလုပ်ပြီး ကားကို အသနားခံပြီး အလကားစီးလာခဲ့ရတာ"

"ဩော် ... ဩော် ..."

ကောင်လေးကိုကြည့်ပြီး ငိုပဲငိုရတော့မလိုလို။

"ထမင်းဆိုင်မှာ ကားဂေါက်ရပ်တော့လည်း သူများတွေစားတာကို ခပ်လှမ်းလှမ်းက ငေးကြည့်ခဲ့ရတဲ့ ကျွန်တော့်ဘဝ ..."

"ကြည့်စမ်း ..."

"သူများတွေစားနေတဲ့ ဝက်သားတုံးအိအိကြီးကိုကြည့်ပြီး တံတွေးကို ဂလုခနဲ မြိုချလိုက် ... ကြက်သားတုံးကြီးကိုကြည့်ပြီး



BURMESE CLASSIC .com



တံတွေးကို ဂလုခနဲ မြိုချလိုက်နဲ့ ..."

"အောင်မလေးကွာ ... တော်တော်သနားဖို့ကောင်းတဲ့ ဘဝကလေး ... ငါ ... ငါစိတ်မခိုင်တော့ဘူး၊ ဟေ့ကောင် ... ပြောစမ်း မင်း ... မင်း ... ငါ့ကို အကြံအဖန်နဲ့ မဟုတ်မဟန်တွေပြောပြီး ရိုက်စားလာလုပ်ဖို့ မစဉ်းစားနဲ့နော် ကောင်လေး ... ချစ်စရာဆိုတဲ့ ကောင်ကို မင်းလျှော့မတွက်နဲ့ ... အပေးကိုမြင်တာနဲ့ အမှေးဘယ်နှစ်ပင်ရှိတယ်ဆိုတာ ချစ်စရာက အကုန်တွက်ပြီးသား ... ဟား ဟား ..."

ပြောလည်းပြော ပါးစုံကြီးဖောင်းသွားအောင်လည်း ဦးချစ်စရာက ခွက်ထိုးခွက်လန်အော်ရယ်သည်။ ဒါကို ... ကောင်လေးက မျက်နှာငယ်ငယ်လေးနဲ့ မျက်တောင်လေးပင့်ကော့ကြည့်ကာ ...

"မနောက်ပါနဲ့ဦးရေ ... ကျွန်တော် ဦးကိုတကယ်ပြောနေတာပါ ... ကျွန်တော် ... ကျွန်တော့်ကို ဦးတို့ရဲ့ ဒီခြံကြီးထဲမှာ အလုပ်ခန့်ပါနော် ဦး ..."

"ဟေ ..."

"ကျွန်တော် ... တကယ်ဒုက္ခရောက်နေလို့ ဦးကို အားကိုးတကြီးလေးနဲ့ အကူအညီတောင်းနေရတာပါ ဦးရယ်"

"ဟေ့ကောင် ... ဟေ့ကောင် ... မင်းဆက်မပြောနဲ့တော့ကွာရင် သနားလွန်းလို့ မင်းပုံစံလေးကိုကြည့်ပြီး ဖက်နမ်းချင်စိတ်တောင်ပေါက်လာပြီ၊ ယောကျ်ားဖြစ်ပြီး ဒီလောက်နုနုရွရွနေတဲ့ကောင်ကများ ဒီလိုခြံအကူအလုပ်သမား အလုပ်ကို လုပ်ချင်သေးသတဲ့ ဟွန်း ... ကဲ ... မင်းနာမည်ပြောစမ်း"

"မိုး ..."

"ဟေ ... တစ်လုံးတည်းလား ..."

"တစ်လုံးတည်းဗျ ..."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... နာမည်လေးကလည်း မိုးတဲ့။

"မင်း ... မင်းမိဘတွေကရော ... "

"ကျွန်တော် ... ကျွန်တော်က မိမဲ့ဖမဲ့ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်လေးပါ ဦးရာ ... ကျွန်တော့်မှာ အားကိုးရတဲ့အဒေါ်အပျိုကြီးတစ်ယောက်ရှိခဲ့ပေမယ့် ... "

"ဟော ... ကောင်လေး မင်းမှာ ... အားကိုးရတဲ့ အဒေါ်အပျိုကြီးတစ်ယောက်ရှိသေးတယ် ဟုတ်လား ... စိတ်ဝင်စားတယ် စိတ်ဝင်စားတယ် ... ဒီအချက်တစ်ချက်နဲ့တင် မင်းကို အလုပ်ခန့်ချင်စိတ်တွေပေါက်လာပြီကွ ... သိရဲ့လားကောင်လေးရ ... ဟား ... ဟား ... မင်းရှေ့မှာ အခုရပ်နေတဲ့ ဦးလေးချစ်ကလည်း လူပျိုကြီးလေကွာ ... ဟား ... ဟား ... "

ဦးလေးချစ်ပြောတော့ မိုးမျက်နှာလေးက ရှုံ့မဲ့သွားသည်။

"ဟာ ... ဦးလေးချစ်ကလည်းဗျာ၊ ကျွန်တော့်စကားကို ဆုံးအောင်နားမထောင်ဘဲနဲ့ ဦးလေးချစ် စွတ်ပြီးတော့ ဝမ်းသာမနေနဲ့။ အခု ... ကျွန်တော်ရဲ့ အားကိုးရတဲ့အဒေါ်အပျိုကြီးက ကင်ဆာဖြစ်ပြီး ဆုံးသွားလို့ ကျွန်တော်တစ်ယောက်တည်း ဒုက္ခရောက်သွားရတာကို ပြောနေတာဗျ ... "

"ဟာ ... ဆုံးသွားပြီ ... ဟုတ်လား ... "

"အဲဒါကြောင့်မို့ ပုသိမ်ကနေ စွန့်စားပြီး မြို့ကိုတစ်ယောက်တည်းတက်လာရတာပေါ့ ဦးလေးချစ်ရာ ... ကဲ ... ပေးပါ ဦးလေးချစ်ရာ ... ဦးလေးချစ်လက်ထဲက ဈေးခြင်းတောင်းနဲ့ဆီပုံးကို ကျွန်တော့်ကို အလုပ်ခန့်ချင်လည်းခန့် မခန့်ချင်လည်းနေ ... ခြံထဲရောက်အောင်တော့ ဒါတွေသယ်ပြီး ကျွန်တော်လိုက်ပို့မယ်"

ကြည့်စမ်း ... ဒီလိုကျတော့လည်း ကောင်လေးက သွက်သား။ ဦးချစ်စရာလက်ထဲက ဈေးခြင်းတောင်းနဲ့ဆီပုံးကို ခပ်သွက်





သွက်လေး ဆွဲယူတော့ ဦးချစ်စရာ မျက်နှာကြီးက ကျေနပ်ပီတိတွေလွှမ်းကာ မိန့်မိန့်ကြီး ပြုံးသွားသည်။ အေးပေါ့လေ ... မင်းဘက်က ဒီလောက်အလိုက်သိနေမှတော့ မင်းကို ခြံထဲရောက်မှ အလုပ်ခန့်နိုင်အောင် အင်တာဗျူးရတော့မှာပေါ့။ ပြောမယ့်သာပြောရတာ။ ကိုယ့်ဆရာသမား မင်းသခင်မြင်ရင်လည်း ကောင်လေးကို သဘောကျမှာ အသေအချာပဲ။ ပုံစံလေးက နွဲ့သလောက် အလုပ်လုပ်တာကျတော့ တကယ်သွက်မယ့် ကောင်လေး။

"ဟော့ကောင် ... ဝင်လေကွာ ... "

"ဗျာ ... ဦးလေးချစ် ... ဒီတိုက်ကြီးထဲထိ ကျွန်တော် ဝင်ရမှာလား"

"ဝင်ပေါ့ကွ"

တိုက်တံခါးသော့ကို ဖွင့်လိုက်တာတောင် မိုးကမဝင်သေးဘဲ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ဟိုကြည့် ဒီကြည့်ကြည့်နေတာမို့ ဦးချစ်စရာ ခေါ်လိုက်ရတာဖြစ်သည်။

သည်တော့မှ ကောင်လေးကလည်း မရဲတရဲဝင်သည်။

"ဘာလဲ ... ဟော့ကောင် ... ဒီတိုက်ကြီးထဲမှာ တစ်ယောက်မှမရှိလို့ မင်းကြောက်သွားတာလား၊ အေး ... တိုက်ကြီးက အဆင့်မြင့်ဒီဇိုင်းတွေနဲ့ အရမ်းခမ်းနားပေမယ့် နေတာက ငါနဲ့မင်းသခင်နှစ်ယောက်တည်းနေတာကွ"

"ဗျာ ... မင်းသခင်ဆိုတာ ဘယ်သူလဲ ... "

"ဒီတိုက်နဲ့ဒီခြံကြီးကိုပိုင်တဲ့ ငါ့ဆရာသမားပေါ့ကွာ၊ သူက ရွှေခြေနင်းနဲ့စကြာယဉ် ကျောက်မျက်ရတနာ တူးဖော်ရောင်းဝယ်ရေး ကုမ္ပဏီကို ဦးဆောင်လုပ်ရှားနေတာ။ ဟိုမှာတွေ့လား ... ဧည့်ခန်းနံရံမှာ ချိတ်ထားတဲ့ ပန်းကနုတ်ဘောင်ကြီးနဲ့ထားတဲ့ ကိုယ်လုံးပြည့်ရုပ်နေတဲ့ ဓာတ်ပုံကြီးက အဲဒါ ... ငါ့ဆရာသမား မင်း



www.burmeseclassic.com

www.burmeseclassic.com



သခင်ရဲ့ ဓာတ်ပုံပဲကွ ... မင်း မမြင်ဘူးရင် ကြည့်လိုက် ..."

"ဗျာ ..."

ဓာတ်ပုံကြီးကို မိုးလှည့်ကြည့်လိုက်တာ ချာခနဲပါ။

"ဘယ်လိုလဲ ကောင်လေး ... ငါ့ဆရာသမား မင်းသခင်က အရမ်းချောတယ်မို့လား၊ ဒါ ... နိုင်ငံခြားခရီးစဉ်တစ်ခုကိုသွားကာနီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ထဲမှာ အနောက်တိုင်းဝတ်စုံလေးနဲ့ ရိုက်ထားတဲ့ဓာတ်ပုံကို လူတစ်ရပ်စာပုံကြီး ချဲ့ပြီး ဒီဧည့်ခန်းထဲမှာ ချိတ်ထားတာလေ"

"ဦး ... ဦးမင်းသခင်ရဲ့ မျက်နှာထားက အရမ်းတည်တယ်နော် ဦးလေးချစ် ... သူ့နှုတ်ခမ်းတွေက တစ်လောကလုံးကို မထီမဲ့မြင်သလိုလေးပြုံးနေတာ၊ ဟွန်း ... မျက်ခုံးတန်းထူထူကြီးတွေကလည်း စိမ်းညို့ပြီးတော့ အလယ်နားထိဆက်နေအောင် ထူပိတ်နေတာက ကောင်မလေးတွေမြင်ရတောင် တအားရင်ခုန်သွားမလား၊ ဘဲ ... သူ ... သူက မိန်းမ မရှိဘူးလား"

"ဘာပြောတယ် ... မိန်းမ ... ဟုတ်လား ဟား ... ဟား"

ဦးချစ်စရာ ရယ်လိုက်တာက ခါးကလေးကိုကိုင်းပြီးတော့ကို တကယ့်ကို ဟက်ဟက်ပက်ပက်လေးရယ်ချလိုက်တာလေ။ မိုးကတော့ မျက်တောင်လေးတွေကော့နေအောင် ဦးမင်းသခင်ရဲ့ ဓာတ်ပုံကြီးကိုပဲ ငေးစိုက်ကြည့်နေလျက်။ ချောတာကတော့ တကယ်ချောတဲ့ ဦးမင်းသခင်ပဲ။ အနောက်တိုင်းဝတ်စုံ နက်ပြာရောင်ကြီးကို ပန်းခရမ်းရောင် နက်တိုင်လေးနဲ့ တွဲဝတ်ထားတာ တကယ့်ကို တခမ်းတနား။

"မိန်းမဆိုရင် ကြောက်လွန်းလို့ ... ဘယ်မိန်းမကိုမှ သူက အကပ်ခံတာမဟုတ်ဘူး ရည်းစားထားဖို့ဆိုတာလည်း မင်းသခင်က စိတ်ဝင်စားတာမဟုတ်ဘူး၊ သူ့အသက်က နှစ်ဆယ့်ရှစ်နှစ်ပဲရှိသေး





ပေမယ့် နေတာထိုင်တာ ပြောတာဆိုတာ အရမ်းတည်ခန့်လွန်းလို့ အားလုံးက သူ့ကို ကြောက်ကြတယ်၊ သူ့အတာစကား ပြောနေတာက သူ့ကို ရင်ခုန်အောင် ညှို့ယူနိုင်တဲ့မိန်းမ ... ဒီကမ္ဘာမှာ ဘယ်တော့မှ ပေါ်လာမှာ မဟုတ်တော့ဘူးတဲ့ ..."

"ဟွန်း ... မတွေ့သေးလို့ပါ ..."

"ဘာပြောတယ် ..."

"အဲလို အပြောကြီးတဲ့လူတွေပဲ၊ နောက်ဆုံးတစ်နေ့ကျ လိမ့်ပိန့်နေအောင် ခံစားသွားရမှာ၊ ဘဲ ... ဦးလေးချစ် ... ဦးမင်းသခင်ကို စိတ်ဝင်စားနေမယ့်အစား ဒီဈေးခြင်းကို မီးဖိုခန်းရောက်အောင် ပို့လိုက်တာ ကောင်းမယ်ထင်တယ်"

"အောင်မယ် ... မင်းကများ ငါ့ဆရာသမားကို ဟင်၊ ... မင်း ငါ့ဆရာသမားပုံစံကို သဘောမကျဘူးလား"

"ဟာ ... ယောက်ျားလေးအချင်းချင်း သဘောကျစရာလား ဦးလေးချစ်ရ ... ချောတယ်ခန့်တယ်ဆို ပြီးပြီပေါ့၊ ဟင် ... ခြင်းထဲက ဘာတွေလဲ နှစ်ယောက်တည်းနေတာဆိုပြီး ဝယ်လာတဲ့အသားငါးတွေက များလိုက်တာ ... ဒီမှာ ဆွဲထားရတာကြာလို့ လက်အံသေနေပြီဗျ"

မျက်နှာလေး ရှုံ့မဲ့နေတဲ့ ကောင်လေးကိုကြည့်ပြီး ဦးချစ်စရာ စိတ်ထဲမှာ ရင်းရင်းနှီးနှီးလေးတော့ ခင်မင်သွားမိသည်။

"လာ ... လာ ... ဟေ့ကောင် ... ဒီနောက်ဖေးခန်းက ကျောက်စားပွဲကြီးပေါ် အရင်တင်လိုက်၊ ပြီးတော့မှ ... ရေစင်အောင်ဆေးပြီး ရေခဲသေတ္တာထဲကို ဗူးတွေနဲ့သပ်သပ်စီခွဲထည့်မယ်၊ ဟူး ... "ကောင်လေး သယ်ကွာ၊ မင်းမမျှော်လင့်ဘဲရောက်လာလို့ ငါ့မှာ ကူဖော်လောင်ဖက်လေးရသွားတာ၊ ဘဲ ... မင်းအလုပ်လုပ်တာ ဘယ်လောက်ကျွမ်းသလဲဆိုတာ ငါအခု လက်တွေ့စမ်းမယ်၊



www.burmeseclassic.com

www.burmeseclassic.com



တည်း စမ်းသပ်ကြည့်မယ် … မင်း … မင်း ဟာင်းအမယ်မျိုးစုံကို တကယ်ချက်တတ်တယ်နော်"

"ဟာ … ချက်တတ်ပါတယ်ဗျ … ဦးလေးချစ်ရ"

"ငါ … ငါ … မင်းကို တကယ်ဒုက္ခရောက်နေတယ်ဆိုလို့ ကိုယ်ချင်းစာ သနားစိတ်လေးနဲ့ ဒီခြံ ဒီတိုက်ကြီးထဲကို ခေါ်လာတာနော်၊ ရှုတ်ရှုတ်ယှက်ယှက်တွေလုပ်ပြီး ဗရုတ်လာကျဖို့တော့ မင်းလုံးဝ မစဉ်းစားနဲ့ …"

"ဦးလေးချစ်ရာ ခုထိ ကျွန်တော့်ကို ဦးလေးချစ် မယုံသေးဘူးလားဗျာ … ကျွန်တော် ဦးလေးချစ်ကို မလိမ်ရဲပါဘူး၊ ဦးလေးချစ်မယုံရင်လည်း ဘာစားချင်သလဲဆိုတာပဲ ပြောဗျာ … ကျွန်တော် ဦးလေးချစ် လျှာလည်သွားအောင် လက်တွေ့ချက်ပြမယ် … ကဲ"

"အောင်မာ … မင်းက …"

"ပြောလေ … ပြော …"

ခြင်းထဲမှာ ပါလာသမျှ အသားတွေကိုထုတ်ကာ မိုးကမေးသည်။

"ကဲကွာ ဘဲပေါင်းကြံမဆိုင် …"

"အို … လွယ်လွယ်လေး …"

ဘာမှတောင် မစောင့်လိုက်ရဘဲ ခဏလေးနဲ့ချက်ပြလိုက်တာ ဘဲပေါင်းကြံမဆိုင်နံ့လေးက ချက်ခြင်းပဲမွှေးတက်လာ၏။ ကြည့်စမ်း … ဘဲပေါင်းအိုး မီးဖိုပေါ်က မကျခင်မှာ ဈေးခြင်းထဲပါလာသမျှ အသားငါးတွေအားလုံးကို ဆေးကြောသန့်စင်ပြီး ဘော်မှုးလေးတွေထဲထည့်ကာ ရေခဲသေတ္တာထဲကိုပင် … သပ်သပ်ရပ်ရပ်ကလေး ရောက်သွားခဲ့ပြီ။

"ဟာ … ဟေ့ကောင် … မင်း …"

ဘဲပေါင်းကြံမဆိုင်ဟင်းကို တစ်ဇွန်းခပ်သောက်ကြည့်ကာ





ဦးချစ်စရာ မချီးကျူးဘဲ မနေနိုင်တော့။ ကြည့်စမ်း … ဒီမိုးဆိုတဲ့ကောင်လေး တကယ်ချက်တတ်တာပဲ။ ချက်နေရင်း ပန်းကန်စင်တွေကို ရှင်းလင်းထားလိုက်တာ ပြောင်လက်လို့။

ဘယ်ဆိုးလို့လဲဟင် ဒီကောင်လေး … ။

"ငါ … ငါ … မင်းကို အရမ်းသဘောကျသွားပြီသိလားမိုး၊ မင်းသခင် ရောက်လာတာနဲ့ မင်းကို အလုပ်ခန့်ဖို့ ငါပြောပေးမယ် ဟား … ဟား … ဒီခြံကြီးထဲမှာ ငါပြောပေးလိုက်တာနဲ့ မင်းအလုပ်ရတော့မှာကွ … သိရဲ့လားမိုးရ … ဟား … ဟား …"

"ဟာ … ဟာ … ဦးလေးချစ်"

ရယ်ရင်း မိုးပခုံးတွေကို လှမ်းဖက်လိုက်တော့ မိုးမျက်လုံးပြူးကာ ဦးလေးချစ်လက်တွေကို အတင်းဖယ်ချပစ်ရသည်။

"ကျွန်တော့်ကို … ကျွန်တော့်ကို မဖက်ပါနဲ့ ဦးလေးချစ်ရ၊ ဒီမှာ သားစိမ်းငါးစိမ်းတွေ ကိုင်ထားလို့ တအားနံစော်နေတဲ့ဥစ္စာကို"

"ဟား … ဟား … ယောကျ်ားအချင်းချင်းဖက်တာတောင် ဒီလောက်တွန့်သွားရသလားကွ … ငါ … ငါမင်းကို အရမ်းသဘောကျသွားလို့ဖက်တာ … မင်းတကယ်ကျွမ်းတယ် …"

ကောင်လေးကတော့ မျက်နှာလေးလှည့်ပြီး …

တွန့်ခေါက်သွားတဲ့ အင်္ကျီလေးကို ပြန်ဆွဲဆန့်လို့။

"ဟား … ဟား … ငါ့ဆရာသမား မင်းသခင်က အစားအသောက်ကို ချေးများလွန်းလို့ မင်းကိုငါလက်တွေ့ စမ်းသပ်နေရတာပါ ကောင်လေးရာ … မင်းကိုမယုံလို့မဟုတ်ပါဘူး၊ ခုတော့ မင်းတကယ် အချက်အပြုတ်ကျွမ်းတယ်ကောင်လေးရေ … မင်းကိုမြင်ရင် မင်းသခင်ကိုယ်တိုင် သဘောကျသွားမှာ သေချာနေပြီကွ"

ကောင်လေးကိုလည်း ဦးချစ်စရာ အထင်ကြီးသွားသည်။

"ဟေ့ကောင် … မင်းအသက်က အခုဘယ်လောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်ကိုးနှစ်ရှိပြီဗျ"

"ပညာ အရည်အချင်းကရော"

"အဟွန်း လျှော့တွက်လို့မရတဲ့အဆင့်မှာတော့ ရှိနေမှာပေါ့"

"မင်းကွာ မင်းပုံစံလေးနဲ့ ဒီခြံမှာ အလုပ်လာလျှောက်တာ ငါတကယ်အံ့သြတယ် သိလား ... ဘာပဲပြောပြော ငါက မင်းအရည်အချင်းကို လက်တွေ့စမ်းသပ်ပြီး ထောက်ခံလို့ရတာမှန်ပေမယ့် မင်းကို တကယ်အလုပ်ခန့်မှာ မင်းသခင်ကပဲ ခန့်မှာ၊ သူလာရင် အဆင်ပြေအောင် မင်းကြည့်ပြောပေါ့ကွာ"

"သူ ... သူက သဘောကောင်းလား ဦးလေးချစ်"

"သဘောကောင်းပေမယ့် လူပျိုကြီးဆိုတော့ တိတိကျကျလေးနဲ့ စေ့စေ့စပ်စပ်လေးတော့ နိုင်တာပေါ့ကွာ၊ ပြောရရင် ... နည်းနည်းလေးတော့ ဂျီကကြောင်ကျတယ်ကွ၊ အရေးကြီးတာ သူပြဿနာရှာတဲ့ဒဏ်ကို မင်းခံနိုင်ဖို့ပဲ အရေးကြီးတယ်"

"ဟွန်း ... ကျွန်တော်ကလည်း ယောကျာ်းဖြစ်ပြီး အဲလို ဂျီဂကြောင်ကျရင် အရမ်းမုန်းတယ်ဗျ ... သည်းခံနိုင်ရင်တော့ ကျွန်တော်ဆက်နေမယ်ဗျာ ... သည်းမခံနိုင်ရင်တော့ ဒီခြံကြီးထဲကနေ ကျွန်တော် ထွက်သွားရမှာပဲ"

ကောင်လေးကတော့ ခပ်ပြတ်ပြတ်ပဲ၊

သည်းမခံနိုင်ရင် ဒီခြံကြီးထဲကနေ ထွက်သွားရမှာပဲတဲ့။

ထမင်း သုံးရက်မစားရဘဲ ဒုက္ခရောက်နေတာတောင် မင်းမျက်နှာထားလေးက မာနလေးတွေနဲ့ပါလားဟင် ... ပေးထားတဲ့ နာမည်လေးကလည်း မိုးတဲ့။

ဒီကောင် ယောကျာ်းလေးရော ဟုတ်ရဲ့လား ... ။

အခန်း ( ၂ )

"မိုး ... ဟုတ်လား ဘယ်ကမိုးလဲ"

"ပုသိမ်မှာနေခဲ့တယ်လို့ ပြောတာပဲ ... မင်းသခင်ရာ ... ဒီကောင် ချက်ဘာပြတ်တာကို ငါသဘောကျလို့ မင်းနဲ့တွေ့ရအောင် ငါခေါ်ထားလိုက်တာ၊ အခုလည်း ဒီကောင့်ကို ခြံထဲက သစ်ရွက်အမှိုက်တွေ ငါလှဲခိုင်းထားတယ်၊ လာ ... လာ ... ဒီကောင့်ပုံစံလေးကို မင်းကြည့်ချင်ရင် ဒီပြတင်းပေါက်ကနေ လာကြည့်လိုက်"

ဦးချစ်စရာခေါ်ပြလို့သာ ကြည့်လိုက်ရပေမယ့် ...

ခြံထဲက သစ်ပင်ပန်းပင်တွေ ကွယ်နေတာမို့ ကောင်လေးကိုမမြင်ရ။

"ဘယ်မှာလဲဗျ"

"ဟော ... မင်းသခင် ဟိုမှာလေ၊ တောင်ပိန္နဲပင်ကြီးအောက်မှာ သစ်ရွက်အမှိုက်တွေကို ကျုံးနေတာ ရှပ်အင်္ကျီအညိုကွက်ကလေးနဲ့ ..."

"ဟင် ..."

အခုမှ ကောင်လေးကို တွေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လိုက်ဗျာ ... ဦးချစ်စရာ ..."

"မိုးရေ ... ဟောကောင် မိုး ..."

ဦးချစ်စရာ အော်ခေါ်တော့မှ ကောင်လေးက ဒီဘက်ကို လှည့်လာ၏။

ဟာ ... ကြည့်စမ်း ... ဒါ ကောင်လေးလား ... ဟွန်း။

လှာထိုးဦးထုပ်လေးကိုလည်း ပြောင်းပြန်လေးလှန်ကာ ဆောင်းလို့။ ကောင်လေးရဲ့မျက်နှာလေးကိုကြည့်ကာ မင်းသခင် စိတ်ထဲ မှာ တစ်မျိုးလေးတော့ ဖြစ်သွားသည်။

"နေ ... နေ ... ဦးချစ်စရာ ကောင်လေးဆီကို ကျွန်တော် တို့ပဲ သွားလိုက်မယ်၊ မေးစရာစစ်စရာရှိတာလည်း ခပ်ဖြတ်ဖြတ်ပဲ စစ်ဆေးမေးမြန်းထားမှဖြစ်မယ်၊ အချိုးမပြေလို့ကတော့ ... ဟွန်း"

အလုပ်သမားအသစ်တစ်ယောက်ကို လွယ်လွယ်နဲ့တော့ မင်းသခင် လက်မခံနိုင်ပါ။ ပြောရရင် ဒီအလုပ်သမားကောင်လေးက ကိုယ်နဲ့အနီးစပ်ဆုံးမှာ တစ်ချိန်လုံးနေရမှာ။ ကိုယ့်ရဲ့အတွင်းရေး၊ အပြင်ရေးတွေကို ခရေစေ့တွင်းကျသိနေမှာမို့ လူယုံတစ်ယောက်လို သူ့ဘက်က သစ္စာရှိနေမှ ဖြစ်မှာလေ။

ဒီလိုမှ မဟုတ်ဘဲ။ ထော်လော်ကန့်လန့်နဲ့ အချိုးမပြေတာ တွေဖြစ်ရင် ဘယ်လိုလုပ်မလဲ။ ဒီလိုလုပ်လို့ ထုတ်ပစ်လိုက်တဲ့ အလုပ်သမားတွေ ဘယ်နှစ်ယောက်လောက်ရှိနေပြီလဲ။

ခြံထဲကိုပဲ မင်းသခင် ဆင်းလာခဲ့သည်။

"ဟင် ... ဦးချစ်စရာ"

"ဘာ ... ဘာဖြစ်လို့လဲ မင်းသခင်"

"ဒီ ... ဒီကောင်လေးရဲ့ပုံစံလေးက ..."

ကောင်လေးကိုကြည့်ပြီး မင်းသခင် မျက်လုံးပြူးရပြီ။

"ဟား ... ဟား ... မိုးကို မင်းက ကောင်မလေးတစ်





ယောက်လို့ ထင်နေလို့လား။ မိုးက ပုံစံလေးနဲ့ပေမယ့် ယောကျ်ား လေးပါကွ"

"ဟုတ် ... ဟုတ်ရဲ့လားဗျာ ..."

မိုးရဲ့မျက်နှာလေးက စွဲမက်ဖို့ကောင်း၊ မကောင်း မျှောနေခဲ့တာ လေ။

"ဟော ... ဟောကောင် ..."

"ဗျာ ..."

"မင်း ... ယောကျ်ားလေးတော့ ဟုတ်ပါတယ်နော်"

မိုးမျက်နှာလေးက နှစ်ဆပိုတည်သွားသည်။

"ဟာ ... ကျွန်တော် ယောကျ်ားလေးပါဗျ"

ကောင်လေးကိုကြည့်ပြီး မင်းသခင် မျက်တောင်မခတ်နိုင်။

ကောင်လေးက သူ့ကိုယ်သူ ယောကျ်ားလေးပါလို့ပြောနေပေမယ့် မျက်နှာလေးက တကယ့်ကို ဖြူနုဝင်းထင်ပြီးတော့ ရှင်းသန့်နေတဲ့မျက်နှာလေးမို့ မင်းသခင်က ဒါကိုကြည့်ရင်း အံ့ဩနေမိသလို ကောင်လေးကိုလည်း အသံစာစာလေးနဲ့ နောက်တစ်ကြိမ် ထပ်မေးလိုက်မိသေး၏။

"ဟောကောင် မင်းမညာနဲ့နော် ..."

"ဟာ ... ဦးကို ဘယ်သူက ညာနေလို့လဲ၊ ယောကျ်ားလေးမို့ ယောကျ်ားလေးလို့ပြောနေတာပေါ့ဗျ ... ကျွန်တော် လူတွေကို စိတ်ကုန်တာလည်း အဲဒါပဲ ..."

"အောင်မယ် ... မင်းကများ ..."

"မမေးနဲ့ဦးရာ ... ကျွန်တော့်ကို မိန်းကလေးတစ်ယောက် လို့ပြောရင် ကျွန်တော်အရမ်းမုန်းတယ်၊ မသက်ာရင်လည်း ဒီအလုပ် မှာ ကျွန်တော့်ကို မခန့်နဲ့တော့ တခြားတစ်နေရာကိုပဲ ကျွန်တော် ထွက်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ကောင် ..."

"မိုး ... မင်းမသွားနဲ့ဦး ..."

ဦးချစ်စရာက နဘေးကနေရပ်ကြည့်ရင်း အသည်းအသန် အော်ကာ လှမ်းတားလိုက်တာမို့ လှည့်ထွက်သွားတော့မယ့် မိုးခြေ လှမ်းကလေးက တုန့်ခနဲ ရပ်သွားသည်။

"မင်းကို အခုမေးနေတာ ငါပြောတဲ့ ငါ့ဆရာသမား ဦးမင်းသခင်က မင်းကိုမေးနေတာကွ ... အဲဒါ ဦးမင်းသခင်မှန်း ခင်းမသိဘူးလား ..."

"သိပါတယ်ဗျ ... စောစောက နတ်ပြာရောင် အကောင်းစားကားကြီးပေါ်ကနေ ပဲအပြည့်နဲ့ဆင်းလာကတည်းက ဓာတ်ပုံထဲက ဦးမင်းသခင်ဆိုတာ မြင်လိုက်တာနဲ့တင်သိတယ်"

"ဘာပြောတယ် ငါ့ကိုများ ပဲအပြည့်နဲ့ဆင်းလာတယ် ဟုတ်လား"

- မင်းသခင်မှာတော့ ရယ်ရတော့မလို ငိုရတော့မလို။

သို့သော် ... မိုးကိုတော့ စိတ်ထဲကနေ ခင်သလိုလေးဖြစ်သွားမိသည်။ သူ့ကို မိန်းကလေးလားမေးလိုက်မိလို့ မိုးဆိုတဲ့ကောင်က မျက်နှာထားမာမာလေးနဲ့ မိမိကိုပင် မကျေမနပ် ပြန်ပြောနေတာလေ။

"နေပါဦး ... နေပါဦး ... မင်းက ငါမေးတာကို မကျေနပ်လို့ထွက်သွားမယ်ပြောရအောင် မင်းက ဘယ်ကိုထွက်သွားမှာလဲ ဦးချစ်စရာပြောတော့ ရန်ကုန်မှာဆွေမရှိမျိုးမရှိနဲ့ ကျောပိုးအိတ်လေးတစ်လုံးလွယ်ပြီး လျှောက်သွားနေလို့ ခေါ်ထားလိုက်တာဆို၊ ခုတော့ ကြည့်စမ်းပါဦး ... မင်းက မာနလေးနဲ့ ... ဟွန်း ..."

"ဟာ ... ကျွန်တော် မာနကြီးတာမဟုတ်ဘူးဗျ။ ကျွန်တော့်ကို မိန်းကလေးလို့ပြောလို့ မခံချင်တာ၊ ဒီခြံကြီးထဲမှာ ကျွန်တော့်





ကို နေစေချင်ရင် မိန်းကလေးလို့ ဘယ်တော့မှမပြောနဲ့၊ တိုက်ခေါင်မိုးပေါ်တက်ဆိုလည်း ကျွန်တော်တက်မယ် ... အကြမ်းပတမ်း ဘာခိုင်းမလဲ ခိုင်းချင်တာခိုင်း ကျွန်တော်လုပ်မယ်"

"မင်း ... မင်းတကယ်လုပ်နိုင်တယ်နော်"

"ဟာ ... လုပ်နိုင်လို့ ကျွန်တော်ပြောနေတာပေါ့ဗျ"

မင်းသခင် မျက်တောင်မခတ်ဘဲ စိုက်ကြည့်လိုက်မိတာ မိုးဆိုတဲ့ ရွှတ်ဆတ်ဆတ် မာကြောကြောကောင်လေးရဲ့ မျက်ဝန်းလေးတွေကိုပါပဲ။

"ဟွန်း ... ဒါဆိုလည်းပြီးတာပဲလေ၊ မင်းကို အစမ်းခန့်အနေနဲ့ ဒီခြံမှာ တစ်လတော့ ငါခန့်ကြည့်မယ် ... အချိုးမပြေလို့ကတော့ အထုတ်ပိုက်ပြီး ရှာပြန်ဖို့မင်းခြေလှမ်းပြင်ထား ဟုတ်ပြီလား"

"ရတယ်လေ ... ကျွန်တော်ကလည်း ကျွန်တော့်အရည်အချင်းကို ကျွန်တော်ယုံလို့ ဒီခြံမှာအလုပ်လာလုပ်တာ၊ မကြိုက်ရင် တစ်လပြည့်တာနဲ့ ကန်ထုတ်လိုက်၊ မိုးဆိုတဲ့ကောင်က သူများတွေလို ကုမ္ပဏီပိုင်ရှင်သူဌေးကြီးဆိုပြီး ဖော်လံဖားလုပ်နေမှာမဟုတ်ဘူး၊ ထမင်းလေးတစ်လုတ်စားရဖို့ပဲ အလုပ်လုပ်တာ၊ အခုလည်း ခြံထဲကို လျှောက်ကြည့်လိုက်ဦး ..."

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ... စည်းမရှိကမ်းမရှိနဲ့ သာလာယံဇရပ်လိုဖြစ်နေတဲ့ခြံထဲက အမှိုက်တွေ ... ပြောင်သလင်းခါနေအောင် ကျွန်တော် ရှင်းထုတ်ထားတာလေ၊ အဲဒါ ... သူဌေးမင်းကိုယ်တိုင် လျှောက်ကြည့်လိုက်ဦး ..."

"အောင်မာ ... မင်းကများ ငါ့ကိုခေါ်တာ သူဌေးမင်းတဲ့"

"ဟာ ... သူဌေးမင်းမို့လို့ သူဌေးမင်းလို့ ခေါ်တာလေ"

မိုးမျက်နှာလေး မဲ့နေတာကိုကြည့်ပြီး မင်းသခင် ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးလေးတော့ ဖြစ်သွားၓါ၊

"ဟွန်း ... ပြောတော့ဖြင့် သူကိုယ်သူ ကုမ္ပဏီပိုင်ရှင်ကြီးတဲ့ အပေါ်ထပ်ဘုရားစင်မှာလည်း သောက်တော်ရေကမရှိ၊ ဘုရားပန်းက ခြောက်နဲ့။ ဒီလို သူဌေးမင်းလား စည်းစိတ်တွေမြမှာ"

"ဟော့ကောင် ... ဒါ ... ဒါဆို မင်းက ငါ့ဘုရားစင်ကိုလည်း ရောက်ခဲ့ပြီးပြီပေါ့"

"ရောက်တာပေါ့ဗျ ... ကျွန်တော်တို့က ဆင်းရဲပေမယ့် ဘုရားနဲ့ တရားနဲ့အမြဲနေတာ ... အခု သူဌေးမင်းဘုရားစင်ကို သွားတက်ကြည့်လိုက်၊ ကြွက်သိုက်လိုဖြစ်နေတဲ့ ဖုန်တွေ၊ အမှိုက်တွေလည်း ရှင်းပြီးပြီ၊ သဲတရုပ်ရုပ်နေတဲ့ ကြမ်းပြင်တွေကိုလည်း လက်ထနေအောင် တိုက်ထားခဲ့ပြီးပြီ၊ သူဌေးမင်းမယုံရင် အပေါ်ကို တက်ကြည့်လိုက်ဦး ... သူဌေးမင်းတို့က နေတတ်လို့နေနေပေမယ့် ကျွန်တော် က မနေတတ်လို့ ခြံထဲကပွင့်တဲ့ပန်းကိုပဲ ခူးပြီးတော့ ဘုရားစင်တစ်ခုလုံးပန်းတွေဝေနေအောင် ထိုးထားပေးလိုက်တယ်"

"ကြည့်စမ်း"

မိုးဆိုတဲ့ ဒီကောင် တော်တော်သွက်တာပဲ။

သည်တော့မှ ဦးချစ်ဇရာက တဟဲဟဲရယ်ကာ။

"ဟဲ ... ဟဲ ဟုတ်တယ် မင်းသခင် ... ငါလည်း မင်းကို အဲဒါပြောမလို့မေ့သွားတာ ... ဒီကောင် နေ့လည်ကတည်းက အပေါ်ထပ်ဘုရားခန်းမှာ သန့်ရှင်းရေးတက်လုပ်နေတာ၊ အခု မင်းအိပ်တဲ့အိပ်ခန်းကိုလည်း အိပ်ယာခင်းအသစ်တွေလဲ ခေါင်းအုံးစွပ်အသစ်တွေလဲနဲ့ ဒီကောင်ရောက်လာမှ ရှယ်ဖြစ်သွားတာ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

"ဟာ ... အခုမှ ဟုတ်ပါပြီမလုပ်နဲ့လေ သူဌေးမင်း ပိုက်ဆံတွေဒီလောက်ချမ်းသာနေတာတောင် တစ်တိုက်လုံး တစ်ခြံလုံး





စည်းမရှိကမ်းမရှိနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာ ဒီအတိုင်းဆက်ထားရင် သာလာယံဇရပ်ဖြစ်သွားမှာ သေချာနေပြီ၊ ဟွန်း ... ကျွန်တော်ပြောတာကို မကျေနပ်လို့ အလုပ်မခန့်ချင်ဘူးဆိုလည်းရတယ်၊ ညစာထမင်းစားပြီးတာနဲ့ ကျွန်တော်ပြန်မယ် ... လိုက်လည်းမခေါ်နဲ့ လိုက်လည်းမရှာနဲ့ ..."

"အောင်မလေးကွာ ... ပြန်တာတောင် မင်းက ထမင်းအဝစားပြီးမှပြန်မယ်တဲ့၊ ဟွန်း ... ဟွန်း ဒါပေါ့လေ ... ငါတို့ကတော့ မင်းလိုအကောင်စုတ်လေးပြောတာတောင် ခံရမယ့်ဘဝကိုရောက်နေတော့ မင်းပြောချင်သလို ပြောထားလိုက်ဦးပေါ့၊ ကဲ ... ငါတို့နှစ်ယောက်ကို နောက်ထပ်ဘာဝေဖန်ချင်သေးလဲ ဟော့ကောင် ... ပြောစမ်း ... ခင်းပြောသမျှကို ငါနားထောင်မယ်၊ မင်းပြောသမျှကို ခံနိုင်ရည်ရှိအောင် ငါကြိုးစားမယ် ... ကဲ ... ပြော ..."

"တော်ပါပြီဗျာ မပြောချင်တော့ပါဘူး ... အရေးကြီးတာ ဒီခြံမှာ ကျွန်တော့်ကို အလုပ်ခန့်မလား မခန့်မလားဘဲ သိချင်တာ"

"မင်းသဘောက ..."

"သူဌေးမင်းပြောသလို တစ်လအစမ်းလုပ်ကြည့်မယ်၊ သူဌေးမင်းမကြိုက်ရင် သုံးရက်ကြိုပြော၊ ကျွန်တော် ဆက်မလုပ်နိုင်ရင်လည်း သုံးရက်ကြိုပြောမယ်"

"ဩော် ... ဩော် ... ဒါဆိုရင် ငါတို့နှစ်ယောက်က ဒီခြံမှာ မင်းဆက်နေချင်အောင် တောင်းတောင်းပန်ပန်လေးနဲ့ ချော့ထားမှ မင်းက ဆက်လုပ်မယ်ဆိုတဲ့ သဘောဖြစ်နေတာပေါ့ ... မင်း မင်း မကြိုက်ရင် သုံးရက်ကြိုပြောပြီး အလုပ်ကထွက်မယ်ဆိုတော့"

"ဒါပေါ့ဗျ ... ကျွန်တော်ပြောတာ ရှင်းနေတာပဲဥစ္စာ၊ ဒီခေတ်က အလုပ်သမားခေတ် နားလည်လား ... သူဌေးမင်းရဲ့ခြံစောင့်ဆိုင်းဘုတ်လေးထောင်ပြီး တစ်ကိုယ်တော်ဆန္ဒပြလိုက်တာ သူဌေး



www.burmeseclassic.com

www.burmeseclassic.com



မင်း လုံးဝကန့်သွားမယ်ဆိုတာ သဘောပေါက် ...”

“အောင်မလေးဗျာ ... ဟား ... ဟား ...”

ဒီကောင့်အမူအယာနဲ့ မျက်နှာထားလေးကိုကြည့်ကာ မင်းသခင် သဘောကျလို့မဆုံး၊ ဒီလိုလေး ပြောလိုက်တာနဲ့ပဲ မိုးဆိုတဲ့ကောင်ကို စိတ်ထဲကနေ ခင်တွယ်လိုက်မိသလိုတောင် ဖြစ်သွားရပြီလေ။ သူက သူ့စိတ်ထဲမှာရှိတာကို ရိုးရိုးသားသားပြောနေတာပဲ။

မဟုတ်တာ လုပ်ချင်လို့ရောက်လာတဲ့ကောင်လေးတစ်ယောက်ဆိုရင် ဒီလိုမျိုး ရိုက်ပေါက်ဖြစ်မယ့်စကားတွေ လျှောက်ပြောနေပါ့မလား။ သူ့ဘက်က ရိုးသားတဲ့စိတ်အခြေခံလေးရှိလို့ ပြောတဲ့ဥစ္စာကို မင်းသခင် လက်ခံပေးရတော့မှာပေါ့။

ဟွန်း ... ကောင်းပြီလေ ...

“ကဲ ... မင်းလည်းရှာကြောအာကြော ရှည်မနေနဲ့တော့၊ နောက်ဆုံးအနေနဲ့ ငါမင်းကိုတစ်ခုပဲမေးမယ် ... မင်း အလုပ်မရှိလို့ ဒီခြံမှာ အလုပ်လာလျှောက်တယ်ဆိုတာ ရိုးရိုးသားသားတော့ ဟုတ်ပါတယ်နော်”

“ဟာ ... ရိုးသားပါတယ်ဗျ”

ဦးမင်းသခင်ကို မော့မကြည့်ဘဲ မိုးက ဖြေလိုက်တာပါ။

“မင်း အခု ဘယ်ကလာတာလဲ”

“ပုသိမ် ...”

“မင်းမှာ ရည်းစားရှိလား”

“ဟွန်း ... ရည်းစားဆိုရင် မူးလို့တောင် ရှူစရာမရှိဘူး စိတ်လည်းမဝင်စားဘူး၊ ကိုယ့်ဟာကိုယ် ရှယ်သန့်သန့်လေးတစ်ယောက်တည်းနေလာတာ”

မိုးက နှုတ်ခမ်းလေးမဲ့ရင်း ခပ်သွက်သွက်လေး ဖြေချသည်။

အင်းလေ ... ဘာပဲပြောပြော ဒီကောင့်ပုံစံလေးက နည်း





နည်းလေးနွဲ့နေပေမယ့် ခြံထဲမှာ လက်ခံထားလိုက်ပါတော့မယ်။

“ကောင်းပြီလေ မိုး ... မင်းပြဿနာမရှာရင်တော့ ငါ့ခြံထဲမှာ မင်းတစ်သက်လုံးနေချင်ရင်လည်း နေလို့ရတယ်၊ ငါကလည်း မိန်းကလေးဆိုရင် ရှုတ်ရှုတ်ယှက်ယှက် ဇာတ်လမ်းတွေဖြစ်လာမှာစိုးလို့ တမင်မထားဘဲနေလာတာ၊ အခု ... မင်းလုပ်ကိုင်နေတဲ့ အရည်အချင်းကိုလည်း ငါသဘောကျတယ်၊ မင်းပုံစံလေးနဲ့ စိတ်ဓာတ်လေးကိုလည်း ငါကြိုက်တယ်၊ အေး ... ဒီညကစပြီး ငါနဲ့အတူတူ မင်းလာအိပ် ...”

“ဗျာ”

မိုးမျက်လုံးလေး အသည်းအသန်ပြူးသွားသည်။

ဦးမင်းသခင် ဆိုတဲ့ လူကြီးကိုကြည့်ပြီးတော့လည်း မိုးတစ်ကိုယ်လုံး အေးစက်သွား၏။

“ကျွန်တော် ... ကျွန်တော် ... အဲလိုကြီးတော့အိပ်လို့ရမှာ မဟုတ်ဘူး”

“ဟာ ... ဟေ့ကောင် ဘာဖြစ်လို့လဲ”

ဒီကောင် ဘယ်လိုလဲ။

အဲလိုကြီးတော့ အိပ်လို့ရမှာ မဟုတ်ဘူးတဲ့ ... ဟွန်း။

“ကျွန်တော် သူများနဲ့ပူးပူးကပ်ကပ်ကြီး မအိပ်တတ်လို့ ပြောတာပေါ့ဗျ ... ကျွန်တော် ငယ်ငယ်လေးကတည်းက တစ်ယောက်တည်းသီးသန့်အမြဲအိပ်လာတာ ... မလုပ်ပါနဲ့၊ အပေါ်ထပ်မှာလာအိပ်ဆို အိပ်မယ် ... ဒါပေမယ့် ... အခန်းတစ်ခန်းတော့ ကျွန်တော့်ကိုပေးရမယ် ... ဒါပဲ ...”

“ဟုတ်ပါတယ် မင်းရင်ခွင်ရာ ... သူစိတ်ချမ်းသာသလိုနေပါစေ”

“ဒါဆိုလည်း ဒီကောင့်ကို ကျွန်တော့်အခန်းနဲ့ကပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းမှာ နေရာပေးလိုက်ဗျာ၊ ညရေးညတာ ကိစ္စရှိရင် ဒီကောင့်ကို အလွယ်တကူနှိုးလို့ရအောင် ကျွန်တော်ပြောနေတာ၊ ခင်ဗျားက တော့ လုံးစံအတိုင်း အောက်ထပ်မှာပဲအိပ်ပေါ့ ... ခုလောလော ဆယ် အရေးကြီးတာ ညစာအတွက် ခင်ဗျားဘာတွေစီစဉ်ထားလဲ"

"ဟောကောင်မိုး ... ညစာအတွက် မင်းဘာတွေစီစဉ်ချက် ပြုတ်ထားလဲဆိုတာ မင်းရဲ့သူဌေးမင်းကို အစီရင်ခံလိုက်စမ်း"

"ဘဲပေါင်းကြံမဆိုင် ..."

"ဟေ ..."

"ဝက်အူစုံအသည်းစုံ ဝက်သားတုတ်ထိုးစံပါယ်ရှယ်"

"ကြည့်စမ်း ..."

"ငရုတ်သီးစိမ်းစပ်စပ်လေးနဲ့ ပုဇွန်ကင်သုတ်ပါမယ်"

"ဟား ... ဟား ..."

"ကကတစ်ငါး ခဲပတ်ကင် နှစ်ကောင်ရှိတယ်"

"မင်း ... မင်း ... အဲဒါတွေ အကုန်လုပ်တတ်တယ်"

"ဟာ ... လုပ်တတ်လို့ လုပ်ထားတာပေါ့ဗျ"

"ကြိုက်တယ်မိုးရေ ... မင်းကိုတော့ ငါအရမ်းကြိုက်သွားပြီ ကွ ... ဟား ... ဟား ..."

ဒီလိုနဲ့ပဲ အပေးအယူတည့်ပြီး ရယ်သံတွေနဲ့ညီသွားရတဲ့ ခြံ ကျယ်ကြီးထဲမှာ မင်းသခင်လည်းသဘောကျ၊ ဦးချစ်စရာလည်း ကျေနပ်နဲ့ မိုးဆိုတဲ့ အလုပ်သမားသစ်ကောင်လေးကို ရလိုက်တာပဲ ပျော်ရွှင်စရာတစ်ခုလို ဖြစ်သွားခဲ့ရတာပေါ့တော်လား။ ဦးခင်းသခင်နဲ့ ဦးလေးချစ်က ပျော်နေပေမယ့် မိုးဆိုတဲ့ကောင်လေး တစ်ယောက် ရဲ့ ရင်ထဲမှာတော့ ... ။

အခန်း ( ၃ )

"ဟောကောင် မိုး ..."

"ဘာလဲဗျ ..."

"ငါ ... ငါ ... မင်းအကြောင်းတွေကို စဉ်းစားနေတာကွ"

"ဟင် ... ဦးလေးချစ်က ကျွန်တော့်အကြောင်းကိုဘာတွေ စဉ်းစားနေတာလဲ"

"မင်းဟာ ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီးတော့ ဒီလို အချက်အပြုတ်နဲ့အိမ်မှုကိစ္စတွေ ကျွမ်းကျင်နိုင်နင်းနေလို့ ငါအံ့သြ နေတာ"

"ဟာဗျာ ... ဦးလေးချစ်ကလည်း အိမ်မှုကိစ္စဆိုတဲ့အရာတွေ ကို မိန်းကလေးတွေပဲ နိုင်နင်းရမယ်လို့ ဦးလေးချစ်ကို ဘယ်သူ ပြောလဲ"

"ဟောကောင် တစ်ရာမှာတစ်ယောက်အရမ်းရှားလို့ မင်းကို ငါပြောနေတာပေါ့ကွ၊ မင်းပုံစံလေးက တခြားယောကျ်ားလေးတွေ နဲ့မှ တူမှမတူတာ ... ညစာအတွက် မင်းစီစဉ်ချက်ပြုတ်ထားတာ တကယ့်အဆင့်အတန်းမြင့်တဲ့ စါရင့်စားဖိုမှူးအတိုင်းပဲ ... ဟင်းပွဲ တွေပြင်ထားတာလည်း တကယ်အထက်တန်းကျတယ်၊ မင်းသခင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ရတော့ကောင် မင်းကိုလက်များခါသွားမှာသေချာတယ်၊ ပြောစမ်းဟေ့ကောင် ... ဒါတွေ ဒီလိုလုပ်တတ်နေအောင် မင်းကိုဘယ်သူသင်ပေးခဲ့တာလဲ ...”

“ဆုံးသွားတဲ့ ကျွန်တော့်အပေါ် အပျိုကြီးသင်ပေးတာပေါ့ဗျ”

ဒါကိုတော့ နှုတ်ခမ်းလေးတွန့်ကာပြုံးရင်း မိုးကဖြေမိသည်။

ခုလောလောဆယ်မှာတော့ ရေမိုးချိုးပြီး ဦးမင်းသခင်အပေါ်ထပ်ကဆင်းမလာခင် ထမင်းစားခန်းထဲမှာ မိုးနဲ့ဦးလေးချစ်က ညစာထမင်းဝိုင်းအတွက် ပြင်ဆင်နေကြတာလေ။

“ဒါဆို ဆုံးသွားတဲ့ မင်းအဒေါ်အပျိုကြီးက အိမ်တောင်ထိန်းသိမ်းတဲ့နေရာမှာ အရမ်းကျွမ်းကျင်လို့ ဒီအမွေကို မင်းရလိုက်တာနေမှာပေါ့ကွ”

“ဒါပေါ့ ဦးလေးချစ်ရာ ... အဒေါ်အပျိုကြီးလည်းဆုံးသွားရော ကျွန်တော်နေခဲ့တဲ့အိမ်ကြီးကို အဒေါ်အပျိုကြီးရဲ့ ညီအစ်ကိုမောင်နှမအရင်းအချာတွေက အမွေဆိုင်အိမ်ဆိုပြီး ချိတ်ပိတ်လိုက်လို့ ကျွန်တော်တစ်ယောက်တည်း ရန်ကုန်ကိုထွက်လာခဲ့ရတာ၊ ဦးလေးချစ်နဲ့သာမတွေ့ရင် ကျွန်တော့်ဘဝက ရွှေတိဂုံဘုရားက ဇရပ်မှာအိပ်ရမလား၊ ဘူတာကြီးပလက်ဖောင်းမှာ အိပ်ရမလား တစ်ခုခုတော့ တစ်ခုခုပဲ ...”

“ဟေ့ကောင် ငါကလည်း လူတဲခတ်တတ်ပါဘယ်ကွ၊ မင်းကိုကြည့်လိုက်တာနဲ့ ရိုးရိုးသားသားလေးနဲ့ မင်းဒုက္ခရောက်နေမှန်းသိလို့ တမင်ခေါ်ထားလိုက်တာ၊ အခု ... မင်းသခင်ကပါ မင်းကိုသဘောကျသွားတယ်ဆိုတော့ မင်းအတွက် လုံခြုံစိတ်ချရတဲ့နေရာမှာ ခိုနားခွင့်လေးရသွားတာပေါ့”

“ကျေးဇူးတင်ပါတယ် ဦးလေးချစ်ရာ၊ ဦးလေးချစ်ကျေးဇူး





ကို ကျွန်တော် ဘယ်တော့မှမမေ့ပါဘူး။ ညအိပ်ယာဝင်ရင်လည်း ဦးလေးချစ်ကိုပါ ကန်တော့ပြီးမှ ကျွန်တော် အိပ်ပါ့မယ်”

“အောင်မယ် ... မင်းက ငါ့ကိုကန်တော့ပြီးမှ အိပ်မယ်ဆိုတော့ မင်းသခင်ကိုမင်းက မေ့ထားတဲ့သဘောလား၊ ပြောစမ်းဟေ့ကောင် ...”

“ဟာ ... မမေ့ပါဘူးဗျ ... ဦးမင်းသခင်ကိုလည်း ကျွန်တော်ကန်တော့ပြီးမှ အိပ်မှာပေါ့ ... ဦးလေးချစ်ရော ဦးမင်းသခင်ပါ ကျွန်တော့် ကျေးဇူးရှင်တွေပဲဥစ္စာ၊ ဒါ ... ဒါပေမယ့်ဗျာ ဦး ... ဦးမင်းသခင်က ...”

ပြုံးနေတဲ့ မိုးမျက်နှာလေး ရုတ်တရက် ညှိုးသွားတာကိုတော့ ဦးချစ်စရာ နားမလည်နိုင်။ ဒီကောင် ဧည့်ခန်းထဲက မင်းသခင်ရဲ့ ဓာတ်ပုံကြီးကို မော့ကြည့်လိုက်တုန်းကလည်း ဒီကောင့်နှုတ်ခမ်းဒေါင့်စွန်းလေး ဟွန့်ခနဲ မဲ့သွားတာကို အမှတ်တမဲ့လေး ဦးချစ်စရာ မြင်လိုက်ရသေးတာလေ။

“ဟေ့ကောင် ... မင်းသခင် ဘာဖြစ်လဲ၊ မင်းသခင်နဲ့ပတ်သက်ပြီး မင်းရင်ထဲမှာ ခံစားချက်တစ်ခုခုရှိနေလို့လား”

ဦးလေးချစ်မေးတာကို မိုးဘယ်လိုဖြေရမလဲ။

မိုး ... ရင်နင့်နင့်လေးနဲ့ပဲ ပြုံးမိသည်။

“မရှိပါဘူး၊ ဦးလေးချစ်ရာ ... ဦးမင်းသခင်ရဲ့ဘဝနဲ့ ကျွန်တော့်ဘဝက မိုးနဲ့မြေလို ကွာခြားနေလို့ ကျွန်တော် စိတ်မကောင်းဖြစ်သွားတာပါ ... ဦးလေးချစ်ကို အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် ကျွန်တော်က ဦးမင်းသခင်လို အရမ်းချမ်းသာချင်တာဗျ”

“ယော ... မိုး ... မင်းက ချမ်းသာချင်တယ် ဟုတ်လား”

“ဟာ ... ချမ်းသာချင်တာပေါ့ ဦးလေးချစ်ရာ”

မိုးဒီလိုပြောတော့လည်း ဦးလေးချစ် စိတ်မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးရာ မင်းသခင်လို ချမ်းသာချင်ရင် မင်းသခင်လို အလုပ်ကို ကြိုးစားပြီးတော့လုပ်လေကွာ၊ မင်းသခင်ဆိုတာက ဆယ်တန်းအောင်ပြီးကတည်းက ကုမ္ပဏီစီးပွားရေးလောကထဲကို ခြေစုံပစ်ဝင်သွားခဲ့တာလေ ... မင်းလည်း စီးပွားရေးလုပ်တဲ့ပညာကို မင်းသခင်ဆီက သင်ပေါ့ကွ"

"ဟာ ... ဦးလေးချစ်ကလဲ ကျွန်တော်က တစ်နေ့တစ်နေ့ ဒီခြံထဲမှာ ချက်ပြုတ်သန့်ရှင်းရေးပဲလုပ်နေရမှာ၊ ဦးမင်းသခင်လို သူဌေးကြီးဖြစ်အောင် ဘယ်လိုလုပ်နိုင်မှာလဲ"

"အောင်မယ် ... မင်းသခင်ကလား၊ မင်းကိုခြံထဲမှာ အမြဲထားမှာ၊ သူ့ကုမ္ပဏီကိုစွန့်ခရီးထွက်ရင်တောင် သူ့ဘော်ဒီဂတ်အဖြစ်နဲ့ မင်းကိုခေါ်သွားမယ်ပြောနေတာ"

"ဟာ ... အဲဒါ ... ဦးလေးချစ်တကယ်ပြောတာ ..."

"ဟကောင်ရ ... အဲဒါ ငါတကယ်ပြောတာပေါ့ကွ၊ မင်းလို ရုပ်ရည်သန့်သန့်လေးနဲ့ ချက်ချက်ချာချာ လုပ်တတ်ပြောတတ်တဲ့ကောင်ကို မင်းသခင်က ခေါ်မသွားဘဲနေပါ့မလား၊ အခုလည်း ... မင်းကိုတစ်ခါတည်းတန်းပြီး ခြံထဲမှာလက်ခံလိုက်တာ၊ မင်းပုံစံလေးကို အရမ်းသဘောကျသွားလို့ လက်ခံလိုက်တာ၊ သူသဘောအကျဆုံးက သူလိုလူတစ်ယောက်ကိုတောင် ဂျစ်တစ်ဘာဘာလေးနဲ့မင်းက မဟုတ်မခံ ပြန်ပြောလို့တဲ့၊ အရင်ကောင်တွေ အဲလိုပြောကြည့်စမ်းပါလား ... မင်းသခင်က လှည့်တောင်မကြည့်တော့ဘဲ ချာခနဲလှည့်ထွက်သွားမှာ၊ ဟွန်း ... အခု မင်းက အရမ်းကံကောင်းသွားတယ်မှတ်"

"ကျွန်တော်က မိုးလေ ... ကျွန်တော့်မှာ ချစ်မွေးပါပြီသား"

"ဟား ... ဟား ... မင်းမှာ အဲဒီအမွေးရှိရင် ငါ့ကိုတစ်ပင်လောက်ဆွဲနုတ်ပေးစမ်းပါကွာ၊ ငါ ... ငါလည်း မင်းလိုအချစ်ခံချင်





လို့ပါ ... ဟား ... ဟား ..."

ဦးချစ်ရော ရယ်နေတာ မဆုံးတော့။

"ဟော ..."

ဦးမင်းသခင် ဆင်းလာပြီ။

ပုံစံကတော့ မိုက်သလားမမေးနဲ့။

ဒါကိုလည်း မိုးက ကြာကြာစိုက်မကြည့်ရဲပြန်ပါ။

မျက်တောင်လေးပင့်ကာ အမှတ်တမဲ့ဟန်လေးနှင့် တစ်ချက်ပဲကြည့်လိုက်ပြီး မီးဖိုခန်းအပေါက်ဝဘက်ကို မျက်နှာလေးကပျာကယာလှည့်လိုက်ရသည်။ ဒီလိုလှည့်လိုက်ပေမယ့် မိုးမျက်ဝန်းထဲကို စွဲဆင်ပါလာခဲ့တာ ဦးမင်းသခင်ရဲ့ တည်တင်းချောမွေ့သော မျက်နှာထားလေးနဲ့ တောင့်တင်းမြင့်မားသော ကိုယ်ဟန်အနေအထားပုံရိပ်ကလေးပါပဲ။

"တဝါးဝါးတဟားဟားနဲ့ ခင်ဗျားတို့နှစ်ယောက်ထဲ ဘာတွေသဘောကျပြီး ဒီလောက်တောင်ရယ်နေကြတာလဲ ဦးချစ်ရာ"

"မိုးဆိုတဲ့ ဟိုကောင်လေကွာ ..."

"ဗျာ ... မိုးဘာဖြစ်လို့လဲ"

"သူဖြစ်ချင်တာ မင်းလိုသူဌေးကြီး ဖြစ်ချင်တာတဲ့"

"ဟာ ... ဖြစ်ချင်ရင် ကျွန်တော့်လိုကြိုးစားလေ ..."

မင်းသခင်က မိုးကိုပြုံးကြည့်ရင်းပြောသည်။ မိုးကတော့ သိတယ်မို့လား။ ဦးမင်းသခင်က ပြုံးကြည့်ရင်းလှမ်းပြောတာ ကြားလိုက်ပေမယ့် မသိဟန်ဆောင်ကာ ထမင်းပွဲကြီးကိုပဲ လိုလေသေးမရှိအောင် ပြင်ဆင်နေလိုက်သည်။

"ဟေ့ကောင်မိုး ... ငါပြောတာ မင်းကြားလား"

"ကြားပါတယ်ဗျ"

ခုတော့ မိုးက ရုပ်အကျီလက်ရှည်အကွက်စိပ် မရမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com



နုနုလေးနဲ့ အောက်မှာကတော့ ဒူးဖုံးဘောင်းဘီ တိုတိုပွပွကြီးနဲ့ပေါ့။

"အေး ... ငါကလည်း မင်းရောက်လာလို့သဘောကျနေတာ မင်းအရည်အချင်းကို တစ်ပတ်လောက်နေပြီး အသေအချာစစ်ဆေးပြီးတာနဲ့ ငါ့ရဲ့ အနီးကပ်လူယုံတော် ဘော်ဒီဂတ်မင်းလုပ်ရမယ်"

"ဗျာ"

"အဲဒါမှ သူဌေးဖြစ်အောင်လုပ်တဲ့နည်းတွေ မင်းသိလာမှာလေကွာ ဟား ... ဟား ..."

ခေါင်းလေးမော့ကာ တဟားဟားအော်ရယ်ရင်း ထမင်းစားပွဲဝိုင်းကြီးမှာ မင်းသခင်က ဝင်ထိုင်သည်။

"ဟာ ... ဟော့ကောင်မိုး ..."

"ဗျာ ... သူဌေးခင်း ..."

"ဒါ ... ဒါတွေအားလုံး မင်းချက်ထားတာလား"

ဟင်းပွဲတွေကိုကြည့်ကာ မင်းသခင် မျက်တောင် မခတ်နိုင်။ မွှေးကြိုင်နေတဲ့ဟင်းနံ့တွေကြောင့် ဗိုက်တွေဆာလာကာ တဂွီဂွီတောင်ဖြစ်ချင်လာ၏။

"ဟာ ... အဲဒါတွေအားလုံး ကျွန်တော်ချက်ထားတာလေ ဘာဖြစ်လို့လဲ ... သူဌေးမင်း၊ မကြိုက်တာတွေပါနေလို့လား"

"မင်း ... မင်း ... တကယ်ချက်တတ်တာပဲ"

"ချေးတော့မများနဲ့သူဌေးမင်းရာ ... ဒီနေ့မှစပြီး ချက်ရတာဆိုတော့ လိုတာပိုတာ ပေါ့တာငန်တာ နည်းနည်းလေးတော့ ရှိချင်ရှိမှာပေါ့"

"ဟော့ကောင် ... ငါချေးများလို့ပြောနေတာ မဟုတ်ဘူးကွ၊ မင်းချက်ထားတဲ့လက်ရာက အရမ်းအဆင့်မြင့်နေလို့ ငါအံ့သြနေတာ"

"ကြိုက်ရင်ဝယ်ထား ချေးမများဘူးလေ သူဌေးမင်းရဲ့"





"ဘာ ... ဘာပြောတယ်ကွ ..."

"ပြေပြေလည်လည်ပြောပြီးနိုင်းရင် ဒီခြံမှာ တစ်သက်လုံးတောင် နေသွားလို့ရတယ်ဗျ ..."

"အောင်မာ ... မင်းက ..."

"ဟား ... ဟား ..."

မိုးကိုကြည့်ကာ ဦးချစ်စရာက ရယ်ပါလေပြီ။

"အဲဒါကြောင့် မင်းကိုငါပြောတာပေါ့ မင်းသခင်ရဲ့ ဒီကောင်ချက်ပြုတ်တဲ့လက်ရာက အဆင့်အတန်းအရမ်းမြင့်ပါတယ်လို့ ... ဟော့ကောင် ... လာ ... မင်းလည်းတစ်ခါတည်းဝင်စား"

ဦးချစ်စရာခေါ်တော့ မင်းသခင်ကလည်း မနေနိုင်။

"ဟုတ်တယ်မိုး ... တို့အားလုံးအတူတူပျော်ပျော်ပါးပါး စားလိုက်ရအောင်၊ လာ ... ငါ့ဘေးကခုံမှာ ခင်းလာထိုင် ဟုတ်ပြီလား"

"မထိုင်ပါဘူး ကျွန်တော်က ဒီခြံက အလုပ်သမား ..."

မိုးကြောက်ပြီးတော့ ခေါင်းကလေးကိုပဲ ခွတ်ခါလိုက်ရ၏။ စားလည်းမစားပါရစေနဲ့ ဘေးချင်းကပ်ပြီးတော့လည်း ဝင်မထိုင်ပါရစေနဲ့။

"ဟော ... ဘာပြောတယ်ကွ"

"ကျွန်တော်ပြောတာ ရှင်းရှင်းလေးပြောလိုက်တာလေ သူဌေးမင်း ... အလုပ်သမားဆိုတာ ကိုယ့်တာဝန်ကိုယ်ကျေပွန်မှကောင်းမှာ၊ ပြီးတော့ ... ကိုယ့်အဆင့်အတန်းကိုလည်း ကိုယ်သိဖို့လိုတယ်၊ သူဌေးခင်းနဲ့ဦးလေးချစ်ပဲ တတောပြဲ စားကြပါ"

မိုးကတော့ တည်တင်းတဲ့မျက်နှာထားကလေးနဲ့ လက်ကလေးနောက်ပစ်ရင်း ထမင်းစားပွဲကြီးဘေးမှာ သည်အတိုင်းပဲရပ်နေလိုက်သည်။

"ဟော့ကောင် ... မင်းဘာမှ ကြီးကြီးကျယ်ကျယ်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောမနေနဲ့၊ မင်းကို မိသားစုရဲ့ အတွင်းလူတစ်ယောက်လို သဘောထားလို့ခေါ်နေတာ ... ဒီတိုက်နဲ့ဒီခြံကြီးထဲမှာ ငါပေးတဲ့ အမိန့်ကို မင်းနာခံရမယ် ဒါပဲ ... "

"ဝမ်းနည်းပါတယ် သူဌေးမင်း ... "

"ဟင် ... "

ဒီကောင် ဘယ်လိုကောင်လဲ။

သူပြောနေတာကိုလည်း တစ်ချက်လေးတောင် ဂရုစိုက်ပုံမရ။

"ကျွန်တော်က ဒီခြံက အလုပ်သမားပါလို့ သူဌေးမင်းကို ဘယ်နှစ်ခါပြောရမလဲ ... အလုပ်သမားဆိုတာ ကိုယ့်စည်းကမ်းနဲ့ကိုယ်နေရတာ၊ သူဌေးမင်းသဘောကောင်းနေတာက အလုပ်သမားကို စည်းကမ်းဖောက်သလိုဖြစ်နေတယ်၊ သူဌေးမင်း လိုက်လျောတာကို အခွင့်ကောင်းယူမိရင် တဖြည်းဖြည်းနဲ့အလုပ်သမားက ကမ်းတတ်လာတော့မယ်၊ တစ်ခုပြီးတစ်ခု ... အမှားတွေ ဆက်တိုက်ကျူးလွန်လာတော့မယ်၊ နောက်ဆုံးတစ်နေ့ကျ အဲဒီအလုပ်သမားကို သူဌေးမင်းတို့ကပဲ ကန်ထုတ်လိုက်မှာ၊ အဲဒီမှာ ဘယ်သူနစ်နာမလဲ၊ ကျွန်တော်တို့လို အလုပ်သမားပဲ နစ်နာတာ ... "

"ဟော့ကောင် ... မင်းပါးစပ်ပိတ်ထားလိုက်တော့ ... "

မင်းသခင်အော်ရင်း နှုတ်ခမ်းတွေကိုပါ မဲ့ပစ်လိုက်သည်။

"မိုး ... မိုးပြောတာကို မင်းစိတ်မဆိုးနဲ့လေကွာ မင်းသခင် သူက အလုပ်ရှင်နဲ့အလုပ်သမား တစ်နေ့ကျရင် ပြဿနာမဖြစ်အောင် ပြောနေတာ ... ဒီကောင်ပြောတာအမှန်ပဲ ကျွန်တော်မှာလည်း သဘောကောင်းကောင်းနဲ့ မင်းမျက်နှာပေး အလိုလိုက်လို့ မင်းနဲ့ အလုပ်သမားတွေ ခဏခဏ ပြဿနာတက်တာ မင်းမမေ့လိုက်နဲ့လေ"





"အဲဒါ ... ကျွန်တော်သိပါတယ် ဦးရှစ်ဇရာရယ် ... ဒီကောင်ပြောတာ လေရှည်နေလို့၊ ဒီကောင့်ပါးစပ်ကို ပိတ်ခိုင်းလိုက်တာ"

"ကျွန်တော် လေရှည်တာမဟုတ်ဘူး သူဌေးမင်း ... "

"ကြည့်စမ်း ... ပြောရင်းနဲ့တောင် မင်းက ထပ်ရှည်နေပြန်ပြီ"

မျက်တောင်တွေ ပင့်ကော့ကာ မင်းသခင် ဒီကောင့်မျက်နှာကိုပဲ ခပ်စူးစူးလေးစိုက်ကြည့်မိသည်။ ဟွန်း ... လူကိုကြည့်တော့ ပျော့တီးပျော့ဖတ်လေးနဲ့ ပိုးဟပ်ဖြူလေးလို ဖြစ်နေတဲ့ကောင်က ပြောလိုက်ရင် စကားကြီးစကားကျယ်နဲ့။

အကာယ်မလွှယ်တဲ့ကောင် ...

ကိုယ်ဒီလောက် ဟောက်နေတာတောင် ...

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ထိမထင်သလိုရပ်နေတာ ကြည့်ပါလား။

ကိုယ်ကလည်းကိုယ်ပါ။ ဒီမိုးဆိုတဲ့ကောင်ကို စတွေ့လိုက်ရကတည်းက စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်းမသိ။ ရှေးရေစက်ကြောင့်ပဲ ဒီကောင့်ကို ခင်တွယ်နေမိသလိုလို ဘာလိုလို အကြောင်းကလည်း ဆာသလားမမေးနဲ့။

ကိုယ့်ကိုယ်ပင် မဟုတ်မခံ ပြန်ပြောနေတဲ့မိုး။

ဒါပေမယ့် ... ချက်ထားတဲ့ဟင်းလက်ရာတွေကတော့ ဒီကောင်ချက်တာမှ ဟုတ်ရဲ့လားဆိုတာ တွေးကြည့်ရင်တောင် ဘယ်လိုမှ ယုံနိုင်စရာအကြောင်းမရှိတာကလည်း အံ့ဩဖို့ကောင်းနေခဲ့သည်။

"ဒီမှာ ... အခုကတည်းက မင်းကိုငါကြိုပြောထားမယ်သိလားမိုး ... ငါက ကျောက်မျက်ရတနာတူးဖော် ရောင်းဝယ်ရေးကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာတစ်ယောက်ဆိုတာ မင်းခေါင်းထဲမှာ စွဲနေအောင်မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... မှတ်ထားပါမယ်"

"ငါ့လက်အောက်မှာ ဝန်ထမ်းကာပဲ အယောက်သုံးရာကျော် ရှိတယ်"

"ဟုတ်ကဲ့"

"ငါပြောရင် တစ်ခွန်းပဲ ..."

"ဗျာ ..."

"ဟေ့ကောင် ... ငါဘာပြောပြော ငါ့ကိုဘယ်သူမှ ပြန်မပြောရဲဘူးလို့ပြောတာကွ နားလည်လား"

"ဟာ ... အဲဒါ သူဌေးဆိုတော့ ဘယ်သူက ပြန်ပြောရဲမှာလဲ၊ ကျွန်တော်ကတော့ ပြုတ်ချင်လည်းပြုတ် မပြုတ်ချင်လည်းနေ မဟုတ်ရင်တော့ ပြန်ပြောမှာပဲ"

"ကြည့်စမ်း ..."

"ကျွန်တော် အခု ဒီခြံထဲမှာ အလုပ်လုပ်ဖို့ဆုံးဖြတ်လိုက်တာ သူဌေးမင်းကို သနားလို့ ဆုံးဖြတ်လိုက်တာ ..."

"အောင်မယ် ... အောင်မယ် ..."

"ပြောတော့ ကုဋေကြွယ်ပိုင်ရှင် ဓန်နေကျင်းဒါရိုက်တာ သူဌေးမင်းတဲ့ တိုက်နဲ့ခြံကြီးက အပြင်ကကြည့်ရင်တော့ လှပါရဲ့၊ ဒါပေမယ့် အထဲမှာ ကြွက်သိုက်ဖြစ်နေတာက ဒီခြံမှာနေတဲ့သူဌေးမင်းရဲ့ဘဝ ဘယ်လောက်သနားဖို့ကောင်းနေလဲဆိုတာ ပြနေတာ ..."

"ဦးချစ်စရာ ဒီကောင်ပြောနေတာ ခင်ဗျားကြားတယ်နော်"

"မင်းသခင်ရာ ... ဒီကောင်ပြောရင်လည်း ငါတို့ဘဝက ခံရမယ့်ဘဝကိုရောက်နေတဲ့ဥစ္စာ ... မင်းသိတဲ့အတိုင်း ငါကလည်း တစ်ယောက်တည်းဆိုတော့ ချက်ရပြုတ်ရ ဈေးသွားရနဲ့ တစ်ခြံလုံးကို သန့်ရှင်းရေးမလုပ်နိုင်တာ ကြာပြီလေ ..."

"ကဲ ... ဈေးဈေးရှင် ကျွန်တော်မျိုးတို့နှစ်ယောက်ကို မိချီး





ဖျစ်ချိုးနဲ့ဘာတွေဝေဖန်ရှုံ့ချချင်သေးသလဲဆိုတာ ပြောပါဦး ... ဟွန်း ... ဟွန်း ..."

မင်းသခင် မခံစားနိုင်တော့လို့ နှုတ်ခမ်းလေးမဲ့ပြီးပြောလိုက်မိတာပါ။ ဒီလိုပြောလို့ မိုးဆိုတဲ့ကောင်စုတ်လေးက ကျွန့်သွားမယ် ထင်နေလို့လား။ ဝေးပါသေးရဲ့ ကိုယ်ကနှုတ်ခမ်းလေးမဲ့လိုက်သလို သူကလည်း ဟန်ပါပါလေးနဲ့ ပခုံးလေးကို ဆတ်ခနဲ ကျွန့်လိုက်သည်။

"ကျွန်တော် ဝေဖန်ရှုံ့ချနေတာ မဟုတ်ပါဘူး သူဌေးမင်း။ မြင်ရတွေ့ရတာတွေအားလုံး စိတ်မချမ်းသာလို့ သူဌေးမင်းကို တင်ပြနေတာပါ"

ပြောလိုက်ရင်လည်း သူဌေးမင်း ... သူဌေးမင်းနဲ့။

သူဌေးမင်းဆိုတဲ့ အသုံးအနှုန်းကို ပါးစပ်ဖျားက မချ။

"ဟေ့ကောင် ... မင်း ငါ့ကို သူဌေးမင်းမခေါ်နဲ့ ..."

"ဟဲ ... ဟဲ မရတော့လို့ပါ သူဌေးမင်း ... ဒီလိုမျိုးလေးခေါ်ရတာ ပါးစပ်ထဲမှာခေါ်လို့ကောင်းတယ်ထင်လို့ ... စားနော် သူဌေးမင်း ဒီငါးကင်ကလေးကို အနှစ်ကလေးတွေဖယ်ပြီး အသားလေးကို မြည်းကြည့်ပါဦး ..."

တွေ့လား ...

ပြုံးလိုက်တော့မှ မျက်နှာလေးက ပိုပြီးတော့တောင် ချစ်ဖို့ကောင်းသွားသေးတဲ့ကောင်။ ကြည့်စမ်း ... ပါးချိုင့်ခွက်လေးနှစ်ခုတောင် ပါးလေးနှစ်ဖက်မှာပါလိုက်သေး။

"ကောင်းပါတယ်ကွ ..."

မင်းသခင် တစ္ဆတ်ခွက်နဲ့စားပစ်လိုက်တာ ထမင်းတွေရော ဟင်းတွေပါ ပြောင်သလောက်ဖြစ်သွား၏။ ဦးချစ်စရာဆို တရှုးရှူး တရှဲရှဲနှင့် ထမင်းလိုက်ပွဲထည့်တာပဲ သုံးခါ။ ဒီလို အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက်စားနေတာကိုကြည့်ပြီး မိုးကတော့ ကျေနပ်ပီတိ လေးနဲ့ပေါ့။

စားပြီးတော့မှ အပေါ်ထပ်ဝရန်တာမှာ လေးညှင်းခံဖို့တက် ခဲ့တော့ ဦးချစ်စရာကလည်း သူ့နောက်မှာပါလာသည်။

"မင်းသခင် ..."

"ဗျာ ... ဦးချစ်စရာ ခင်ဗျား ဘာပြောချင်လို့လဲ ..."

"မိုးလေ ... မိုးဆိုတဲ့ကောင်လေးအကြောင်းကို ကျွန်တော် ပြောချင်လို့ ..."

"ဟင် ... မိုးဘာဖြစ်လို့လဲ"

"ဒီကောင့်ပုံစံလေးက နည်းနည်းလေးထူးဆန်းနေသလား လို့"

"ဗျာ ... ဘာတွေထူးဆန်းနေတာလဲ ..."

"ယောက်ျားလေးဖြစ်ပြီး အိမ်မှုကိစ္စထိန်းသိမ်းတာ အရမ်း ကျွမ်းကျင်နေလို့ ငါအံ့ဩနေတာ ... မင်းတစ်ခုပဲ စဉ်းစားကြည့်စမ်း သံပုရာသီးကိုညှစ်ပြီး ကြက်သွန်အဖြူအနီရှာတ်သီးစိမ်းတောင့်လေး နဲ့ ဝက်သားတုတ်ထိုး အချဉ်ရေစပ်သွားတာ လက်ရာကတော်တော် အထက်တန်းကျတယ်၊ ဝက်သားတုတ်ထိုးလုပ်သွားတာလည်း သကြားနပ်ရေနဲ့ ရှယ်ပေါင်းပြသွားတာ ... အရင်တို့ဝယ်စားနေကြ ဝက်သားတုတ်ထိုးလက်ရာနဲ့ တခြားစီပဲ"

"ဟုတ် ... ဟုတ်တယ်နော် ဦးချစ်စရာ"

"ဒီကောင် ... ဒီကောင် ... ယောက်ျားလေးအစစ်မှဟုတ်ရဲ့ လား ..."

"ဟား ... ဟား ..."

ဒါကိုတော့ မင်းသခင် ရယ်မိပါသည်။

"ငါ ... ငါ ဒီကောင့်ကို တစိမ့်စိမ့်စိုက်ကြည့်ရင်းနဲ့ မသင်္ကာ





ဖြစ်လာလို့ မင်းကို ငါလာပြောတာနော် မင်းသခင် ... အဲဒါ မင်း ဘယ်လိုမြင်လဲ ..."

မင်းသခင်က အရယ်ကိုမရပ်သေးဘဲ ဝရန်တာလက်တန်း ပေါ် လက်နှစ်ဖက်ထောက်ကာ ...

"ဦးချစ်စရာရယ် ဒီကောင့်ပုံစံလေးက နည်းနည်းလေးနွဲ့နေ လို့ ခင်ဗျားစိတ်ထဲမှာ မသင်္ကာဖြစ်နေတာပါ။ တော်တော်ရှုံ မိန်းက လေးတစ်ယောက်က တစ်ခြံလုံးရှုပ်ပွနေတဲ့အမှိုက်တွေကို တစ် ယောက်တည်း ဘယ်လိုလုပ်ရှင်းနိုင်မှာလဲ ... ဒီကောင်ယောက်ျား လေးပါ။ ယောက်ျားလေးထဲမှာမှ မိန်းမချောချောတဲ့ယောက်ျား လေး ... ကျွန်တော်သိတယ် ... ခင်ဗျား သံသယမဖြစ်နဲ့ ..."

မင်းသခင် ဒီလိုမပြောရင် ဘယ်လိုပြောရမလဲ။ ဦးချစ်စရာ အခုမှ စိတ်အေးသွားသည်။

"အေးပါ ... မင်းသခင်ရာ ... မင်းယုံကြည်စိတ်ချတယ်ဆို လည်းပြီးတာပါပဲ ... ငါကလည်း ဒီကောင့်ကိုခင်ပါတယ်၊ ဒီကောင် က ဒုက္ခရောက်လာတယ်ဆိုပေမယ့် နေတာထိုင်တာကတော့ တကယ်အဆင့်အတန်းမြင့်တယ်သိလား ... အခုလည်း တို့စားတဲ့ဆုံ လည်ထမင်းဝိုင်းကြီးမှာ သူထိုင်မစားဘဲ စားပွဲဝိုင်းအပုလေးမှာ သူ တစ်ယောက်တည်းထိုင်စားနေတာ သူနေရမယ့်နေရာကိုသိသလို၊ စည်းကမ်းလည်းရှိတယ် ဒီကောင် မဆိုးဘူး ..."

"ဟာ ... ဦးချစ်စရာ ... အခုမှ သတိရတယ်၊ ဒီကောင် နေ ရမယ့်အခန်းကို စီစဉ်ပေးလိုက်ဦးလေ ... လိုတာရှိရင်လည်း လိုတဲ့ ပစ္စည်းတွေကို ခင်ဗျား ထုတ်ပေးလိုက် ..."

"သိပါတယ် ... မင်းသခင်ရာ ငါကလည်း အဲဒါတွေစီစဉ် ပေးချင်လို့ အပေါ်ထပ်ကိုတက်လိုက်တာပါ ... ငါ့မင်းအခန်းနဲ့ကပ် လျက်က အခန်းကိုပဲ ပြင်ပေးလိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဗျာ ... လှပ် ... "

ဦးချစ်စရာ အခန်းကိုဖွင့်ပြီး မိုးကိုခေါ်ပြလိုက်တော့ ...

"ဟာ ... ဦးလေးချစ် ကျွန်တော် ဒီအခန်းမှာ နေရမှာ"

အကောင်းစားမွေ့ယာနှင့် အကောင်းစားခုတင်ကြီးကို ကြည့်ပြီး အိပ်ရမှာတောင် မိုးရင်တွေတုန်သွားသည်၊

ပြောရရင် အိမ်အလုပ်သမားတစ်ယောက်နေရမယ့်အခန်း လုံးဝအပ်စပ်မှုမရှိတဲ့အခန်း။ အခန်းကြီးက အဲကွန်းနဲ့ဘာနဲ့ တီဗွီ အပေါ်စက် အောက်စက်နဲ့။

"ဟေ့ကောင်မိုး ... မင်းချေးမများနဲ့၊ မင်းသခင်က မင်းကို လွတ်လွတ်လပ်လပ်လေး နေပါစေတော့ဆိုတဲ့စေတနာနဲ့ ဒီအခန်း မှာ တမင်ပေးအိပ်တာ ညရေးညတာကာကအစ အပေါ်ထပ်မှာ သူ့ အဖော်ရအောင်လို့တဲ့။

"အဖော် ... ဟုတ်လား ... "

"အေးလေကွာ ... မင်းသခင်က ဘာပဲလုပ်လုပ်၊ သူ့ဘေး နားမှာ သူစိတ်ချရတဲ့ အဖော်တစ်ယောက်ယောက်ရှိနေမှ အလုပ် လုပ်တတ်တာ ဦးလေးချစ်ပြောချင်တာက သူ့အကြိုက်လေးကို လိုက်ပြီးတော့ အဆင်ပြေအောင် မင်းပေါင်းပါကွာ ... မင်းလည်း မှီခိုစရာမရှိတဲ့ဘဝနဲ့ ဒီလောက်ဒုက္ခရောက်လာတဲ့ဥစ္စာ ... "

"ဟွန်း ... ဘယ်ဘတ်နိုင်မလဲဗျာ၊ ကျွန်တော်ကလည်း ဒီခြံ ထဲကို ရောက်လာပြီဆိုတော့ သူဘာပဲခိုင်းခိုင်း ကျွန်တော်လုပ်ပေး ရတော့မှာပေါ့၊ တစ်နေ့ကျမှ အဲဒီလူပျိုကြီး မိန်းမချောချောရသွားလို့ ဟေ့ကောင် ... ခေါင်းအပေါ်ထပ်မှာ အိပ်စရာမလိုတော့ဘူး၊ ကျောင်း တော့လို့ပြောပြီး ကန်ချရင် ကျွန်တော်နဲ့တွေ့ပြီသာမှတ် ... ဦးလေး ချစ်၊ မယုံရင် စောင့်ကြည့်လိုက် ... အဲဒီလိုလုပ်လို့ကတော့ သူ့ယူ မယ့်မိန်းမတွေအားလုံးကို ကတိုးကတိုက်လုပ်ပြီး နှောက်တာနေ





လိုက်ခွဲပစ်မယ်"

"ဟား ... ဟား ... မင်းသူဌေးလေး မိန်းမယူမှာ၊ သူက လူလည်း မိန်းမတွေကို အထင်မကြီးသလို သူ့ရဲ့တစ်ဦးတည်းသော ညီလေး လင်းမြတ်ထက်က ကောင်မလေးတစ်ယောက်ကို အတင်း ခိုးပြေးတော့လည်း မင်းရဲ့သူဌေးမင်းက အတင်းလိုက်ခွဲခဲ့တာ"

"ဗျာ ... "

မိုးတစ်ကိုယ်လုံးတုန်လျက် ရင်ထဲမှာနာကျင်သွားအောင် ခံစားလိုက်ရတဲ့စကား ... "

"သူဌေး ... သူဌေးမင်းက သူ့ညီလေးမိန်းမခိုးပြေးတာကို တောင် အတင်းလိုက်ခွဲခဲ့တာ ဟုတ်လား ... ကျွန်တော် ... ကျွန် တော် ဦးလေးချစ်ပြောတာနဲ့ ဦးမင်းသခင်ကို ကြောက်တောင် ကြောက်သွားပြီဗျာ ... သူများတွေကချစ်လို့ ခိုးပြေးတာကို ဦးမင်း သခင်က လိုက်ခွဲရလားဟင် ဦးလေးချစ် ... ဒါ ... ဒါ ဦးမင်းသခင် နှလုံးသားမရှိတာ"

"ဟာ ... မိုးရာ မင်းကိုငါလွှတ်ခနဲပြောလိုက်မိတာ မှားသွား ပြီတောင်ထင်တယ်ကွာ၊ မင်း ... မင်း ... ကိုယ်သိရင် ကိုယ့်ဝမ်းထဲ မှာပဲ ဒီကိစ္စကိုထားနော်၊ မင်းသခင်ကိုသွားမမေးနဲ့၊ မင်းသခင်က ဒီကိစ္စတွေမေးရင် မကြိုက်ဘူး ... ဟေ့ကောင်မိုး ... ငါပြောတာ မင်းကြားတယ်နော်"

"ဟွန်း ... ကြားပါတယ်ဗျာ ကြားပါတယ်"

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ မိုးက ပြန်ဖြေမိသည်။

မလွယ်ပါလား ဦးမင်းသခင်ရယ်။

ခင်ဗျားကြောင့် အပြစ်မဲ့တဲ့ချစ်သူတွေ ဘယ်လောက်ကြေကွဲ ခံစားရမလဲဆိုတာ ခင်ဗျားတွေးရော တွေးမိရဲ့လားဟင်။

ဒါနဲ့တောင် ခင်ဗျားဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ရွှေခြေနင်းနဲ့စကြာယဉ် ကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက်တာကြီးတဲ့။

ခင်ဗျား ... ခင်ဗျား ... တော်တော်ရက်စက်တဲ့လူ။

ကိုယ်ချင်းစာ ညှာတာတတ်တဲ့နှလုံးသား လုံးဝမရှိတဲ့သူ။

ဟွန်း ...

"ဟေ့ကောင်မိုး ... နှုတ်ခမ်းလေးမဲ့ပြီး မင်းပြုံးနေနဲ့နော်၊ မင်းသခင်နဲ့တွေ့ရင် အပိုစကားတွေလျှောက်ပြောပြီး ခင်းမေးမနေနဲ့ ... အေး နောက်တစ်ခုလည်း မင်းကိုထပ်ပြီးတော့ မှာရဦးမယ်။ မင်းသခင်မှာ အရမ်းချစ်ဖို့ကောင်းတဲ့ ညီမလေးတစ်ယောက်ရှိတယ် မတော်တဆ အဲဒီကောင်မလေး ဒီခြံထဲကိုလာလည်ရင် မင်းအရောမဝင်နဲ့၊ အရောဝင်မိတာနဲ့ သူ့ညီမလေးကိုအရှုတ်ပြီး မြောင်းထဲကို မင်းဘဝဖောက်ထိုးဆင်းသွားရလိမ့်မယ်"

"ဗျာ ..."

ကြည့်စမ်း ဦးမင်းသခင်မှာ အရမ်းချစ်ဖို့ကောင်းတဲ့ ညီမလေးတစ်ယောက်လည်းရှိသေးသတဲ့။ မိုးမသိချင်ဟန်ဆောင်ပြီး ပြန်မမေးလိုက်မိပေမယ့် မိုးနှုတ်ခမ်းလေးကတော့ ခပ်မဲ့မဲ့လေးပြုံးရင်းကွေးကွေးလေးချိတ်လို့ပေါ့။

---

အခန်း ( ၄ )

"မိုး ... ဟေ့ကောင် ..."

"ဗျာ ... သူဌေးမင်း ..."

"ငါ့အနားကို ခဏလောက်လာပါဦးကွ ..."

စာဖတ်ခန်းကျယ်ကြီးထဲမှာ ကြက်မွေးတံမြက်စည်းလေးတစ်ချောင်းနဲ့ ဖုန်ခါသန့်ရှင်းရေးလုပ်ပြီး စာအုပ်တွေကို ညီညီညာညာလေးဖြစ်အောင် စီထပ်ပေးနေတုန်း ဦးမင်းသခင်က မိုးကိုလှမ်းခေါ်လိုက်တာဖြစ်သည်၊

"ဟုတ် ... လာပါပြီ ... သူဌေးမင်း ..."

ကြက်မွေးတံမြက်စည်းလေးကိုပစ်ချကာ ဦးမင်းသခင်ရှေ့မှာ မိုးတောင့်တောင့်လေးရပ်မိ၏။

"ဟာ ... ဟေ့ကောင် ဒီခုံမှာဝင်ထိုင်လေ ..."

"သူဌေးမင်း ဘာခိုင်းမလို့လဲဗျ ..."

"ဟေ့ကောင် ငါခေါ်တာ မင်းကို ခိုင်းမလို့ခေါ်တာ မဟုတ်ဘူး ... ဒီကွန်ပျူတာထဲကဟာတွေ ပြမလို့ခေါ်တာ"

"ဘာတွေလဲ ..."

မိုးမဝံ့မရဲလေးနဲ့ပဲ ဦးမင်းသခင်ရဲ့ဘေးမှာ ဝင်ထိုင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးမင်းသခင်က စာဖတ်ခန်းထဲက ကွန်ပျူတာရှေ့မှာ တစ်ယောက်တည်းထိုင်ပြီး အလုပ်လုပ်နေတာလေ။

"ဒီမှာတွေ့လား … ကွန်ပျူတာထဲမှာ ငါထည့်ထားတဲ့ ဓာတ်ပုံတွေ …"

"ဗျာ"

မိုးက ယောင်တောင်ပေါင်တောင်လေးနဲ့ပဲ ကွန်ပျူတာ ဖန်သားပြင်ပေါ်ကိုကြည့်လိုက်တော့ ကုမ္ပဏီ အဆောက်အဦ ဓာတ်ပုံကြီးကို တွေ့လိုက်ရသည်။

"ဒါ … ဒါ … သူဌေးမင်းပိုင်တဲ့ ကုမ္ပဏီဖွင့်ထားတဲ့ တိုက်ကြီးလား"

"ဒါပေါ့ကွ"

"ဟွန်း … မိုက်တယ်နော် သူဌေးမင်း ရှယ်ပဲ …"

ကုမ္ပဏီအဆောက်အဦကြီးကိုကြည့်ပြီး မိုးမျက်တောင်မခတ်နိုင်။ အနက်ရောင်နေကာမှန်ချပ်ကြီးတွေက အဆောက်အဦကြီးတစ်ခုလုံးကို အပြည့်ဖုံးထားသလို ကုမ္ပဏီရှေ့က ကားပါကင်ကွက်လပ်ကျယ်မှာလည်း အကောင်းစား အိစက်နေတဲ့ ရောင်စုံကားတွေ စီတန်းရပ်ထားတာကို တွေ့လိုက်ရသည်။

"ဒီမှာ နောက်တစ်ပုံကြည့်လိုက် …"

"ဟာ … သူဌေးမင်း လူတွေအများကြီးပဲ အဲဒါဘာလုပ်နေတာလဲ …"

"ကုမ္ပဏီ အစည်းအဝေးလုပ်နေတာလေကွာ"

"ရှယ်ပဲနော် … သူဌေးမင်း စားပွဲရှည်ကြီးရဲ့အလယ်ထိပ်တည့်တည့်ကနေ မတ်တတ်ရပ်ပြီး စကားပြောနေတဲ့ သူဌေးမင်းဒီဇိုင်းက လုံးဝလန်းတယ်"

"ဟား … ဟား … မင်း ငါ့ကို မြှောက်နဲ့နော်"





"ဟာ … မမြှောက်ပါဘူး၊ ကျွန်တော်က သူဌေးမင်းကို အမှန်အတိုင်းပြောနေတာ သူဌေးမင်းရဲ့ဒီဇိုင်းက တကယ့် ဂျန်းတဲ့ မန်းဒီဇိုင်း … ရိုက်ထားတဲ့ ကင်မရာကကောင်းတော့ မျက်ခုံးမွေး တန်းကြီးနှင့်ခုတာ နှက်မှောင်ထူပိန်းပြီးတော့ ထိဆက်နေအောင် စိမ်းနေတာကအစ အကုန်မြင်နေရတယ်"

"အောင်မယ် … အောင်မယ် …"

မင်းသခင်က သဘောကျနေ၏။

တကယ်လည်း သူဌေးမင်းက ချောတာပါ။ ညနေက ခြံထဲကို သူဌေးမင်းကားရပ်လိုက်တာနဲ့ ပန်းချုံတွေကြားကနေ မိုးချောင်းကြည့်ခဲ့တာလေ၊ မြင့်မားတဲ့အရပ်၊ တည်တင်းတဲ့မျက်နှာထားနဲ့ အသားအရေည်ကအစ ဝင်းနှစ်ပြီးချောတာမို့ ဒါ … ဦးမင်းသခင်ဆိုတဲ့ လူကြီးပဲဖြစ်ရမယ်ဆိုတာ မိုးစိတ်ထဲက ထင်ထားပြီးသားပါ။

"ဟား … ဟား … ငါတကယ်ချောတာ ဟုတ်တယ်နော် ဟုတ်ကောင် …"

"ဟား … တကယ်ချောလို့ချောတယ် ပြောတာပေါ့ဗျ"

"ကဲကွာ … ဒါဆိုရင် နောက်တစ်ပုံကို ကြည့်လိုက်"

"ဟင်"

ကွန်ပျူတာ ဖန်သားပြင်ပေါ်ကိုတက်လာတာ အရမ်းချောတဲ့ကောင်မလေးတစ်ယောက်။

"အဲဒါ ဘယ်သူလဲဆိုတာ မင်းသိလား"

"ဟင့်အင်း … ကျွန်တော် ဘယ်လိုလုပ်သိမှာလဲ"

"ငါနဲ့လက်ထပ်ပေးစားမယ်ဆိုပြီး နှစ်ဖက်မိဘတွေ သဘောတူထားတဲ့ကောင်မလေးလေ … သူ့နာမည်က ချစ်ခြင်းပိုင်တဲ့"

"ဗျာ … သူဌေး … သူဌေးမင်းမှာ လက်ထပ်ရမယ့်သူ[illegible]ယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ... "

"ရှိတာပေါ့ကွ ... ဒါကို အခုမှပြချင်လို့ မင်းကိုခေါ်လိုက်တာ ဘာယ်လိုလဲ ... ချစ်ခြင်းပြိုင်ရဲ့ ဒီနိုင်းကနေရာ မင်းပြောသလို လန်းရဲ့လား"

"လန်း ... လန်းပါတယ်ဗျ"

"သူတို့မိဘတွေက ငါတို့လိုပဲ ကျောက်ချက်ရေကနာကုန္တာ ဖွင့်ထားတာလေ ... ပြောရရင် ချစ်ခြင်းပြိုင်တို့မိသားစုတွေအားလုံးက မိုးကုတ်သူ မိုးကုတ်သား။ မိုးကုတ်သွေးအစစ်တွေပေါ့။ ချမ်းသာတာလည်း ခေတ်အဆက်ဆက် ချမ်းသာလာခဲ့ကြတာ"

"ဟွန်း ... ဒါဆို သူဌေးမင်းဟာ ချစ်ခြင်းပြိုင်ကိုလက်ထပ်မယ်ပေါ့"

"ဒါပေါ့ကွ"

"သူဌေးမင်း သူ့ကိုချစ်လို့လား"

"အချစ် ... ဟုတ်လား ... ဟား ... ဟား ... "

"ဗျာ ... သူဌေးမင်း ဘာဖြစ်လို့ရယ်တာလဲ"

မိုး ဖျတ်ခနဲလှည့်ကာ ဦးမင်းသခင်ကို မေးမိသည်။

"ငါ မချစ်တတ်လို့ရယ်တာပေါ့ကွ၊ မင်းသိအောင် အမှန်အတိုင်းဝန်ခံရရင် ငါဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဘူး။ ငါ့ကိုရင်ခုန်အောင် ညှို့ယူနိုင်တဲ့ မိန်းကလေးလည်း ကမ္ဘာပေါ်မှာ မရှိသေးဘူး"

"ဟွန်း ... အဲဒါ သူဌေးမင်းက မိန်းကလေးတွေကို အထင်သေးတဲ့စိတ်နဲ့ အသည်းမာနေလို့ဖြစ်မှာပေါ့ ... သူဌေးမင်း မဆိုက်သေးပါဘူး၊ ကျွန်တော်က အသည်းမာရင် အသေမှန်းတယ်ဗျ"

"ဟား ... ဟား ... "

မိုးကိုကြည့်ကာ မင်းသခင်တဟားဟားနဲ့ရယ်လို့မဆုံး။

"မိုးရာ ... မင်းငါ့ကိုအထင်မသေးစမ်းပါနဲ့ကွ၊ ငါ့မှာလည်း





နှလုံးသားရှိပါတယ် ... ချစ်ခြင်းပြိုင်ဆိုတာ နှစ်ဖက်မိဘချင်း သဘောတူထားလို့သာ ငါခေါင်းညိတ်ထားခဲ့ရပေမယ့် ငါတကယ်လက်ထပ်ရမယ့် ကောင်မလေးတစ်ယောက် ငါ့မှာရှိထားတယ်ဆိုရင် မင်းယုံနိုင်မလားမိုး ... "

"ဗျာ ... သူဌေး ... သူဌေးမင်းမှာ သူဌေးမင်းတကယ်လက်ထပ်ချင်တဲ့ ကောင်မလေးတစ်ယောက်ရှိတယ်ဟုတ်လား ... ဒါဒါဆို ... သူဌေးမင်းမှာ နှလုံးသားရှိတာပေါ့"

မိုး တအံ့တသြလေးနဲ့ ဦးမင်းသခင်မျက်ဝန်းတွေကို ပထမဆုံးအကြိမ် မျက်တောင်မခတ်ဘဲ စိုက်ကြည့်လိုက်မိသည်။ ဘယ်ဆိုးလို့လဲ ... ဒီလိုအသည်းမာတဲ့ သူများချစ်သူကို အတင်းလိုက်ခွဲခဲ့တဲ့ လူကြီးတစ်ယောက်မှာ သူလက်ထပ်ချင်တဲ့မိန်းကလေးတစ်ယောက်လည်း ရှိသေးသတဲ့။ အံ့ဩယ်သုတပဲ။

"ဟားဟား ... ငါပြောလိုက်လို့ မင်းအံ့သြသွားပြီလားဟင်မိုး ... ငါ့ဘဝမှာ လက်ထပ်ဖို့ခေါင်းညိတ်သဘောတူထားတာတစ်ယောက် ... ငါတကယ်လက်ထပ်ချင်တာက တစ်ယောက်ဖြစ်နေလို့ ငါခေါင်းစားနေတာလေကွာ"

ဦးမင်းသခင်ရယ်၏။

ဒီဘဝမှာ ခင်ဗျားချစ်တဲ့လူရော မချစ်တဲ့လူရော ခင်ဗျားဘယ်တော့မှ လက်ထပ်ယူဖို့ဆိုတာ မစဉ်းစားပါနဲ့တော့ဗျာ ... ခင်ဗျားက သူများတွေရဲ့ ချစ်ခြင်းတွေကို လိုက်ခွဲခဲ့တာမို့လား အဲဒီအတွက် ခင်ဗျားဝဋ်ပြန်လည်ရမှာလေ ... ဦးမင်းသခင်ရဲ့ ... ။

"ဟေ့ကောင် ... မင်းဘာတွေစဉ်းစားနေတာလဲ၊ ငါ ... ငါပြောနေတဲ့စကားတွေကိုရော မင်းကြားရဲ့လားဟင်မိုး ... "

"ဟာ ... ကြားပါတယ်ဗျ ... "

"ငါစိတ်ညစ်တယ်ကွာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … ဘာစိတ်ညစ်စရာရှိလဲ သူဌေးမင်းရာ၊ ဘယ်သူ့ကိုမှ သူဌေးမင်းလက်မထပ်တာအကောင်းဆုံးပဲ မိန်းမတွေ အလကား အလကား …"

နှုတ်ခမ်းလေးမဲ့ လက်ကလေးခါပြောနေတဲ့ မိုးကို စိုက်ကြည့်ရင်း မင်းသခင် သက်ပြင်းချသည်။ ဘယ်လိုလဲဟင်မိုး … ငါ မိန်းမတစ်ယောက်နဲ့လက်ထပ်မှာကို မင်းဘာလို့ နှုတ်ခမ်းလေးစူပြီး ကဲ့ရဲ့ရှုံ့ချနေတာလဲ။

"ဟွန်း … ကျွန်တော့်ကို စိုက်ကြည့်မနေနဲ့နော် သူဌေးမင်း၊ ကျွန်တော်က မိန်းမဆိုရင် ဘယ်မိန်းမကိုမှ အထင်ကြီးလို့ လူပျိုကြီးပဲ လုပ်တော့မယ်လို့ စဉ်းစားထားတာ … သူဌေးမင်းလည်း ကျွန်တော့်လိုပဲနေ …"

"မနေနိုင်လို့ ပြောနေတာပေါ့ကွ"

ဒီကောင် ဘယ်လိုကောင်လဲ။

သူ မိန်းမယူမှာကိုပဲ ခပ်တည်တည်နဲ့ကန့်ကွက်နေပါလား။ ပြဿနာပဲ။ သူလှမ်းကြည့်လိုက်တော့လည်း ဒီကောင်မျက်နှာပျက်နေသည်။ ကွန်ပျူတာဖန်သားပြင်ထဲက ချစ်ခြင်းပြိုင်ရဲ့ ဓာတ်ပုံကိုပဲ အမုန်းတွေနဲ့ မဲ့မဲ့ရွဲ့ရွဲ့လေး စိုက်ကြည့်နေသလိုလို။

"ဟွန်း … မိန်းမတွေများ ဘာအထင်ကြီးစရာရှိလို့လဲ သူဌေးမင်း … အခုပဲ သူဌေးမင်း စဉ်းစားကြည့် … လူပျိုကြီးဘဝနဲ့ သူဌေးမင်းတစ်ယောက်တည်းနေရတာ ဘယ်လောက်လွတ်လပ်လဲ … ဘယ်နေရာသွားမလဲ၊ ဘယ်နေရာစားမလဲ၊ ကြိုက်တဲ့နေရာကိုသွားပြီး ကြိုက်တဲ့နေရာမှာစားရုံပဲ၊ မိန်းမယူလိုက်တာနဲ့ သူတို့ပေးသမျှ အမိန့်ကို သူဌေးမင်းနာခံရတော့မှာ သူတို့ခိုင်းသမျှအလုပ်တွေကို လည်း သူဌေးမင်း အကုန်လုပ်ရတော့မှာ"

"ဟင် … ဘာလဲဟေ့ကောင် … ငါမိန်းမယူမှာကို မင်းက





မကျေနပ်လို့ကန့်ကွက်နေတာလား။ မင်းကိုကြည့်ရတာ ငါမိန်းမယူမှာကို ကြောက်နေသလိုလို ဘာလိုဖြစ်နေရတာလဲ၊ ဒီလောက်မိုက်တဲ့ ချစ်ခြင်းပြိုင်ကို လူကိုင်းက ဝဲလ်ကမ်းဖြစ်နေတာကွ နားလည်လား"

အသံမာမာ မျက်နှာထားတင်းတင်းနဲ့ မိုးကို မင်းသခင် ဟောက်မိသည်။ ဒါလည်း မိုးက နောက်ဆုတ်မသွား။

"မိုက်တယ်ဆိုတာ ဘာကိုမိုက်တယ်လို့ သူဌေးမင်းက ပြောချင်နေတာလဲ၊ Body Structure ကို မိုက်တယ်လို့ပြောတာလား၊ ချစ်ခြင်းပြိုင်ဆိုတဲ့ အဲဒီမမ ချမ်းသာတာကို မိုက်တယ်ပြောတာလား၊ ဟဲ … သူဌေးမင်း ကျွန်တော့်ကိုပြော ဘယ်ဟာကိုကြည့်ပြီးမိုက်တယ်လို့ သူဌေးမင်းက ဘိုဆိုပ်ကပ်နေတာလဲ"

"ဟေ့ကောင် … ငါပြောတာအကုန်ပါတယ်လေကွာ၊ ချစ်တာမချစ်တာ ငါ့အတွက်အဓိက မဟုတ်ပေမယ့် နှစ်ဖက်မိဘခြင်းရော၊ ငါနဲ့ချစ်ခြင်းပြိုင်ဘပါ ပတ်သက်ခဲ့တာ ကြာပြီဆိုတော့ အခုချိန်ကျမှ ငါ့ဘက်က ငြင်းလိုက်လို့ဘယ်လိုလုပ်ကောင်းတော့မှာလဲ"

"ဟင် … ဦးလေးချစ်ပြောတော့ သူဌေးမင်းက မိန်းမဆိုရင် ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူးဆို သူတို့နဲ့ပတ်သက်ဖို့ လုံးဝ မကြိုးစားဘဲ ခပ်ကင်းကင်းပဲနေခဲ့တာဆို အခုမှ ဘယ်လိုဖြစ်လို့ မိန်းမယူချင်စိတ်ပေါက်လာရတာလဲ"

မိုး … နှုတ်ခမ်းလေးမဲ့ရွဲ့ကြည့်ကာ အပြတ်ပဲမေးမိသည်။

"မိုးရာ … ငါပြောနေတာကို မင်းခုထိ သဘောမပေါက်သေးဘူးနဲ့တူတယ်၊ ငါလည်း ငါ့ဘဝတစ်လျှောက်လုံးမှာ ဘယ်လိုမိန်းမမျိုးကိုမှ ချစ်ခဲ့တာမဟုတ်ဘူးလေကွာ၊ မာနနဲ့ပဲ တစ်သက်လုံး ကိန်းခန်းကြီးကြီးနေလာခဲ့တာ … ဒါပေမယ့်ကွာ … ချစ်ခြင်းပြိုင်ကျတော့ မိဘတွေကလည်း နှစ်အိမ်မှတစ်အိမ်ခင်ကြ … ချစ်ခြင်းပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ငါကလည်း လုပ်ငန်းတွေလုပ်တာ ဘုကြွဆိုတော့ လက်ထပ်ဖို့ အဆင့်အထိ လူကြီးတွေက စီစဉ်လိုက်ကြတာ၊ ကဲ ... ငါဘယ်လို ရှောင်လို့လွှတ်တော့မှာလဲ"

"ကဲ ... ဒါဆို သူဌေးမင်း လက်ထပ်ချင်တဲ့တစ်ယောက်ကျ တော့ ဘယ်ကလဲ ..."

"ထားလိုက်ပါတော့ကွာ ... ဒီကိစ္စက ဖြေစ်နိုင်လို့ မင်းကို ငါမပြောချင်တော့ပါဘူး။ အရေးကြီးတာ ချစ်ခြင်းပြိုင်နဲ့ကိစ္စပဲ ..."

"စားတယ် သူဌေးမင်းရာ ..."

မိုးမျက်နှာလေးလွှဲပြီး ခေါင်းပေါ်က ဆံပင်တိုတွေကို ဆွဲဖွ သည်။

"ကဲ ... ပြော ... သူဌေးမင်း ... အဲဒီကိစ္စအတွက် သူဌေးမင်း က ကျွန်တော့်ကို ဘယ်လိုအကြံပေးစေချင်တာလဲ"

"ဟွန်း ... မင်းက မှန်တာပြောတတ်တဲ့ကောင်လေကွာ၊ ငါ့လက်အောက်က ဝန်ထမ်းတွေကိုသွားမေးရင် အကုန်လုံးက ငါ့ကို အပြတ်ဟားပြီး ဝိုင်းထောက်ခံနေကြမှာ ... ဒါကြောင့်မို့ ဒီကွန်ပျူတာ ရှေ့ကိုခေါ်ပြီး မင်းကိုငါမေးနေတာ ဘယ်လိုလဲ ... ချစ်ခြင်းပြိုင် ကို ငါလက်ထပ်လိုက်ရင် ကောင်းမလား ... အပြတ်ဖြင်းလိုက်ရင် ကောင်းမလား"

"အပြတ်ဖြင်းလိုက် ..."

မိုးတစ်ခွန်းပဲ ဖြေချသည်။

"ဘာ ... ဘာပြောတယ်"

"ဘယ်မိန်းမကိုမှ လက်မထပ်ဘဲ သူဌေးမင်း ဒီအတိုင်းနေ"

"ဟား ... ဟား ..."

မင်းသခင် ယောင်တောင်ပေါင်တောင်နဲ့ တဟားဟားအော် ရယ်ရင်း မိုးရဲ့ပခုံးလေးနှစ်ဖက်ကို တအားဆွဲဖက်လိုက်တော့ မိုး





မျက်တောင်တွေကော့တက်ကာ တစ်ကိုယ်လုံး အေးစက်သွား သည်။ မသိမသာလေးနဲ့ ဦးမင်းသခင်ရဲ့လက်တွေကို ဖြေချပစ်ရ၏။

"ဟာ ... သူဌေးမင်း ... ကျွန်တော့်ကိုမဖက်ပါနဲ့ဗျ"

"ဟား ... ဟား ... ယောကျ်ားချင်းဖက်တာ တီကိုဆားနဲ့ တို့သလို တွန့်သွားရလားကွ ... မင်း ... မင်းပြောတာကို သဘော ကျလို့ ငါတဟားဟားနဲ့ အော်ရယ်လိုက်တာ၊ ဟား ... ဟား ... မင်းကမယူနဲ့ဆိုလည်း မယူမိအောင် ငါနေရတော့မှာပေါ့မိုးရာ၊ ချစ် ခြင်းပြိုင်သာသိရင် မင်းကိုမုန်းတော့မှာပဲ ... မင်းမလွယ်ဘူးသိလား ဟောကောင် ... မင်းမလွယ်ဘူး။ ကြာရင် ... မင်းနဲ့ပေါင်းမိတာ ငါပါ ခုက္ခရောက်တော့မယ်ထင်တယ် ဟား ... ဟား ..."

ဟွန်း ... ခင်ဗျားပြောတာ သိပ်သေချာတာပေါ့ ဦးမင်းသခင် ခင်ဗျားကိုယ်တိုင်လည်း ခင်ဗျားညီလေး လင်းမြတ်ထက်က တောင်မလေးတစ်ယောက်ကို ခိုးပြေးခဲ့တာကို အတင်းလိုက်ခွဲခဲ့ တာလေ။ ဒါကြောင့်မို့ ... ခင်ဗျားဖင်လည်အောင် ခင်ဗျားယူမယ့် မိန်းမတွေနဲ့ မကွဲကွဲအောင် ကျွန်တော် လိုက်ခွဲပြမယ်။

ခင်ဗျားကို ကျွန်တော် မကျေနပ်ဆုံးအချက်က အဲဒါပဲ။

ခင်ဗျားဗျာ ...

တစ်ယောက်ကိုတစ်ယောက် အသည်းနှင့်အောင်ချစ်လို့ ခိုး ပြေးခဲ့တာကို နောက်ကနေ အတင်းလိုက်ပြီးတော့ ခင်ဗျား ခွဲစရာ လား။ ခင်ဗျားကြောင့် အပြစ်မဲ့တဲ့ ချစ်သူနှစ်ယောက် ဘယ်လောက် ထိ ခံစားသွားရမယ်လို့ ခင်ဗျားထင်လဲ။

ခင်ဗျား လုံးဝကိုယ်ချင်းမစာတတ်တဲ့လူ။

ချစ်တတ်တဲ့ နှလုံးသားမရှိဘဲ အသည်းမပါ ခံစားချက်မပါ နဲ့ ချစ်သူနှစ်ယောက်ကို ဒုက္ခပေးခဲ့တဲ့သူ။ တို့ချစ်ခြင်းကို ကွင်းအောင် တစေ၊ အမြဲမွှေတဲ့၊ သက်ကြားရယ်ပြုံ၊ ဂုံးမအို၊ ရေလိုခမ်းခြောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



စေသာဆိုပြီးတော့ ခင်ဗျားကို ကျိန်စာတိုက်ရမလို ဖြစ်နေပြီလေ ဦးမင်းသခင်ရဲ့။

ခင်ဗျား အလှည့်ကျမှ ...

ခင်ဗျားလိုချင်တဲ့ မိန်းမတွေကို နှလုံးသားဆန္ဒမပါဘဲ အိတ်ထဲကောက်ထည့်ချင်လို့မရလား ဦးမင်းသခင်ရယ်။

"ဟွန်း ... မရယ်နဲ့လေ သူဌေးမင်းရဲ့ ... ကျွန်တော် သူဌေးမင်းကို တကယ်ပြောနေတာ သူဌေးမင်း လုံးဝမိန်းမယူနဲ့၊ ရည်းစားရှိရင်လည်း အဲဒီရည်းစားကို ဖြတ်ပစ်လိုက်"

"အောင်မလေးကွာ"

"ကဲ ... ဒါပဲမို့လား သူဌေးမင်း ... ဒါပဲဆိုရင်လည်း ကျွန်တော်အလုပ်တွေ လက်စသတ်အောင် လုပ်လိုက်ဦးမယ်"

ပြောလည်းပြော၊ မိုးထလည်း ထရပ်သည်။

ဦးမင်းသခင်ရဲ့ မျက်ဝန်းတွေကို သူနဲ့ပြိုင်ပြီးတော့လည်း မိုးမကြည့်ချင်တော့ပါဘူး။ သန့်ရှင်းရေးလုပ်လက်စ စာအုပ်ဗီဒိုကြီး အနားကိုပဲ မိုးက သွားလိုက်၏။

"ဟာ ... ဟေ့ကောင် ... ဒီမှာ မပြီးသေးဘူးလေကွာ"

ဦးမင်းသရဲ့အော်သံကြောင့် မျက်မှောင်လေးတွန့်ကျုံ့ကာ နောက်ကို မိုးပြန်လှည့်ကြည့်မိသည်။

"ဗျာ ... သူဌေးမင်း ... ဘာကျန်သေးလို့လဲ"

"ဒီမှာ ပြစရာ ဓာတ်ပုံတွေအများကြီးကျန်သေးတယ်ကွ"

"ကျွန်တော် ... ကျွန်တော် မကြည့်ချင်တော့ပါဘူး သူဌေးမင်းရာ ... မိန်းမဓာတ်ပုံတွေကြည့်ရတာ အာရုံနောက်လို့ပါ၊ ဒီမှာ ကြွက်သိုက်လိုဖြစ်နေတဲ့ စာအုပ်စင်ကြီးကို မအိပ်ခင် အရင်ရှင်းရဦးမှာ၊ ပြီးတာနဲ့ ဗီဒိုကြီးတစ်ခုလုံး ပြောင်လက်သွားအောင် တိုက်ရဦးမှာလေ"





"ဟွန်း ..."

တွေ့လား ...

မိုးမကြည့်ချင်တော့ဘူးဆိုတာနဲ့ ကွန်ပျူတာကို ဦးမင်းသခင်က ပိတ်ချလိုက်ပြီးတော့မှ လက်မြှောက်ခါးဆန့်ကာ မိုးနဲ့အနီးဆုံးမှာ လာရပ်သည်။

"ငါလေ အမှန်အတိုင်းပြောရရင် ညနေစောင်းကတည်းက မင်းရဲ့လှုပ်ရှားမှုတွေကို သတိထားစောင့်ကြည့်နေခဲ့တာ သိလား မင်းလုပ်တာကိုင်တာ နေတာထိုင်တာ ပြောတာဆိုတာလေးတွေကိုလည်း ငါသဘောကျမိတယ်၊ မင်းသာ မိန်းကလေးတစ်ယောက်ဆိုရင် ငါအရမ်းချစ်မိသွားမှာတောင် သေချာတယ်"

"ဟာ ... သူဌေးမင်း ဘာတွေလျှောက်ပြောနေတာလဲ"

"ဟေ့ကောင် ... အဲဒါ ငါတကယ်ပြောနေတာကွ"

မိုးကိုလည်း သူဌေးမင်း လှည့်မကြည့်ပါ။

မိုးကလည်း သူ့ရှေ့မှာ ဘယ်လိုရပ်နေရမှန်းမသိတော့။ မိုးထူထူပူပူကြီးဖြစ်ကာ ကြွက်မွေးတံမြက်စည်းကိုပဲ ကိုင်ရတော့မလိုလို ဖုန်သုတ်အဝတ်ပဲဆွဲယူရတော့မလိုလိုနဲ့၊ မိုး အယောင်ယောင်အမှားမှားတွေတောင် ဖြစ်ကုန်သည်။

သူဌေးမင်းရာ ခင်ဗျား ကျွန်တော့်ကို ဒီလိုပြောစရာလား။

"သူဌေး ... သူဌေးမင်းနော် ကျွန်တော် မိန်းကလေး မဟုတ်ဘူးလို့ သူဌေးမင်းကို ပြောထားတယ်နော် ..."

မိုး ထူပူနေတာ သူ့ကိုလှည့်တောင်မကြည့်ရဲ။

"ဟား ... ဟား ... ငါ ... ငါ မင်းကို အလကားစနေတာပါ မိုးရာ ... မင်းကယောကျ်ားလေးဖြစ်ပြီးတော့ ဒီလောက်ရှက်တတ်ရတယ်လို့၊ ဟွန်း ... မင်းမကြိုက်ရင်လည်း ငါမစပါဘူးကွ၊ ကဲ မင်းလည်းလုပ်စရာရှိတာလုပ်၊ ငါလည်း ဝရန်တာထွက်ပြီး ဆေးမင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ငေးကြည့်လိုက်ဦးမယ်၊ ဟား ... ဆောင်းတွင်းရောက်လာလို့လားမသိဘူး ... တော်တော်အေးလာတယ်ကွ"

ဦးမင်းသခင်က ပြောလည်းပြော၊ စာဖတ်ခန်းနှင့်ဘပ်လျှက်မှာရှိနေသည့် ဝရန်တာဘက်ဆီသို့ တစ်ယောက်တည်းထွက်သွားသည်။ ခြေသံကြားပေမယ့် မိုးတမင်လှည့်မကြည့်ဘဲ နေလိုက်တာ ရင်တွေတုန်နေလို့။

"ဟာ ... ဟေ့ကောင် ဒီမှာလာကြည့်စမ်း"

တွေ့လား ... မိုးကိုပဲ အသံကျယ်ကြီးနဲ့ အော်ခေါ်နေပြန်ပြီ။

"ဘာလဲဗျာ ... ဘာလဲဗျာ ..."

မိုးဆောင့်ဆောင့်အောင့်အောင့်လေး ပြန်ထူးလိုက်မိသလို နှုတ်ခမ်းလေး စုချွန်သွားတာလေးကိုလည်း ဦးမင်းသခင် မမြင်လိုက် လို့သာပေါ့။ မြင်လိုက်ရင်တော့ တအံ့တသြလေးနဲ့ မျက်လုံးလေး ဝိုင်းပြီး ကြည့်နေတော့မှာလေ။

"ဟေ့ကောင် အခန်းထဲကနေ ဘာလဲဗျာမနေနဲ့၊ အရှမ်းလှနေတဲ့ မိုးကောင်းကင်ကြီးကို ခဏလောက် မင်းထွက်ကြည့်လိုက်ဦး ..."

"သူဌေးမင်းရာ ... သူဌေးမင်းအခုမှ ဘာလို့ဒီလောက်တောင် ကဗျာဆန်နေရတာလဲ အရှမ်းလှနေတဲ့ မိုးကောင်းကင်ကြီးက ကျွန်တော်တို့နဲ့ ဆိုင်လို့လား ..."

"ဟေ့ကောင် ... ဆိုင်လို့ခေါ်တာပေါ့ကွ"

"ကဲ ... ဘယ်လိုဆိုင်လည်းဆိုတာ ကျွန်တော့်ကိုပြောပါဦး"

ဝရန်တာကို မိုးထွက်လိုက်ရပေမယ့် အတူပခုံးချင်းယှဉ်ကာရပ်တာမျိုးမဟုတ်ဘဲ သူဌေးမင်းက ဟိုဘက်ဝရန်တာထိပ်၊ မိုးက ဒီဘက် ဝရန်တာထိပ်မှာ ဖြစ်နေသည်၊





ပြီးတော့လည်း မိုးက ကောင်းကင်ပေါ်မှာ [illegible] သည့် လမင်းကြီးကိုပဲ မော့ကြည့်လိုက်၏။

တကယ်လည်း ကောင်းကင်ပေါ်မှာ လမင်းကြီး[illegible] စက်တောက်ပလှခတတ်ဖြစ်နေသည်၊ တလက်လက်[illegible] သည့် ကြယ်စင်တွေကလည်း လမင်းကြီးနဲ့[illegible] ပူဆစ်တုတ် ခစားနေကြ၏။

ဒါကိုမော့ကြည့်ရင်း မိုးရင်ထဲမှာ တစ်မျိုးလေး[illegible] သည်။

"ဟိုမှာလေ ... ခင်းမတွေ့ဘူးလား၊ တလက်လက်တောက်နေတဲ့ကြယ်လေးတွေနဲ့ လမင်းကြီးပတာရနေတာ၊ ရင်ထဲမှာ ဘယ်လောက်ကြည့်နူးဖို့ကောင်းလဲ ငါ့ဘဝမှာလည်း ငါ့ကို ဝန်းရံပေးမယ့် အတောက်ပဆုံး ကြယ်လေးတစ်စင်းရှိနေမှ ဖြစ်တော့မှာ"

"ဗျာ"

ဦးမင်းသခင် ဘာတို့ရည်ရွယ်ပြီးပြောလိုက်တာလဲ။

ချစ်တတ်လွမ်းတတ် ခံစားတတ်တဲ့အသည်းနှလုံးမရှိဘူးလို့ ထင်ခဲ့ရတဲ့ လူကြီးတစ်ယောက်က အခုတော့လည်း နုဖတ်နေအောင် ခံစားတတ်နေပြန်ပါရောလား။

"ဟွန်း ..."

ဒါကိုတော့ မိုးနှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

ပြီးတော့ ... ဦးမင်းသခင်ကြားအောင် ပြန်ပြောလိုက်မိ၏။

"သူဌေးမင်းရာ ... သူဌေးမင်းက ဒီလိုပြောရအောင် နူးညံ့သိမ်မွေ့တဲ့နှလုံးသားတွေ သူဌေးမင်းမှာ ပိုင်ဆိုင်ထားလို့လား"

"ဟေ ... ငါ့မှာ နူးညံ့သိမ်မွေ့တဲ့နှလုံးသားတွေ မရှိဘူးလို့ မင်းကိုဘယ်သူပြောလဲ"

"ဟွန်း ... ဘယ်သူပြောရမှာလဲ ခြံထဲကအမှိုက်တွေ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြုံးနေတုန်းက ဟိုဘက်ခြံက ဝဖိုင့်ဖိုင့်အန်တီကြီးက ကျွန်တော့်ကိုပြောလို့ ကျွန်တော်သိလိုက်တာလေ၊ မင်းတို့ရဲ့ခြံပိုင်ရှင် သူဌေးမင်းက ကိုယ်ချင်းစာတတ်တဲ့ နှလုံးသားမရှိတဲ့ သူဌေးမင်းတဲ့”

“ဟော ... ငါ့ကို ဒီလိုပဲပြောတယ်”

ဦးမင်းသခင် ခေါ်ငွသွားကာ အသံတောင် တုန်အက်သွား၏။

“ပြောတာပေါ့ဗျ ... အရင်တုန်းက သူဌေးမင်းတို့ခြံဘက်မှာ သူဌေးမင်းမွေးထားတဲ့ အဖိုးတန်အကောင်းစားအဲလ်ဆေးရှင်း ခွေး ထီးကြီးတစ်ကောင် ရှိတယ်ဆို”

“ဟာ ... ရှိတယ်လေ ... ဗရန်ကီဆိုတဲ့ခွေးကြီး အဲဒါ ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ ... သူဌေးမင်းရဲ့ ဗရန်ကီဆိုတဲ့ အယ်ဆေးရှင်း ခွေးကြီးက အဲဒီအန်တီဝကြီးခြံထဲက ဘာမှအပိုးမတန်တဲ့ လမ်းဘေးခွေးမ အိတုံလေးကို မျက်နှာလေးနမ်းလိုက်၊ လည်ပင်းလေး နမ်းလိုက်နဲ့ တအိအိနဲ့ပြီတီတီသုပ်နေလို့ သူဌေးမင်းက ကိုယ်နဲ့ အဆင့်မတူဘဲ လမ်းဘေးခွေးမလေးကို ဒီလိုအရောဝင် လာပတ် သက်ရမလားဆိုပြီး တုတ်နဲ့လိုက်ရိုက်တာ၊ သူဌေးမင်းတို့ကြောက်လို့ နှစ်ကောင်အတူတူ ထွက်ပြေးရင်း လမ်းပေါ်မှာ ကားတိုက်ခံရလို့ ပွဲချင်းပြီး သေခဲ့ရတယ်ဆို ...”

“ဘာ ... ဘာပြောတယ်မိုး ...”

မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ စကားတွေကြောင့် လူတစ်ကိုယ်လုံး ပြန်းခနဲတုန်ကာ မျက်နှာတစ်ခုလုံးပါ နွေးခနဲဖြစ်သွားသည်။ မိုးမျက်နှာလေးကိုလည်း သွေးဖျက်ချောက်ချားသွားသည့် အကြည့်တွေနှင့် မင်းသခင် နာခနဲလှည့်ကြည့်မိလျက်သား ဖြစ်သွားသည်။





ဒါကိုလည်း မိုးက ခပ်တည်တည်ပဲပြုံးကာ ...

“ဘာသဲဟင် သူဌေးမင်း ... ဟိုဘက်ခြံက အန်တီကြီးက ဒီကိစ္စကိုပြောလိုက်လို့ သူဌေးမင်းအရမ်းအံ့သြသွားလို့လား၊ ဟွန်း မအံ့သြပါနဲ့ သူဌေးမင်းရယ် ... အဆင့်အတန်းခွဲတဲ့စိတ်ကြောင့် သူဌေးမင်းက လိုက်ရိုက်ခဲ့တာကိုး၊ ဖရန်ကီနဲ့လမ်းဘေး ခွေးမလေး က ကြောက်ကြောက်နဲ့ထွက်ပြေးရင်း ... လမ်းမကြီးပေါ်မှာ နှစ်ကောင်အတူတူ ကားတိုက်ခံရလို့ ပွဲချင်းပြီး သေခဲ့ကြရတာဟာ သူဌေးမင်းရဲ့ ဂုဏ်ပကာသနမက်တဲ့စိတ်ကြောင့်ပါပဲ ... ဒီလို ခံစား ချက်မဲ့တဲ့ သူဌေးမင်းက ကြယ်တွေ လတွေကိုကြည့်ပြီး နူးညံ့သိမ် မွေ့တဲ့နှလုံး သားကို ပိုင်ထားခဲ့ရသတဲ့လားဗျာ ... ဟား ... ဟား”

မိုးလက်ပိုက်ရင်း ကိုယ်ကလေးကိုင်းကာ အော်ရယ်ချတော့ ဦးမင်းသခင်က အသားတွေ တဆတ်ဆတ်တုန်လျှက် ... မျက်နှာ တစ်ခုလုံး စိုရဲနီမြန်းကာ ဒေါသတကြီး မိုးဘက်လှည့်လာသည်။

“ဟေ့ကောင် ... မင်း ... မင်း ငါ့ကို ဘယ်လိုပြောလိုက်တာလဲဟင် မိုး ...”

“ဒါ ... ကျွန်တော်ပြောတာ မဟုတ်ဘူးလေ ... သူဌေးမင်းရဲ့ ဘေးခြံက သူဌေးမင်းအကြောင်းကို သိထားတဲ့အန်တီကြီးပြော တာကို ကျွန်တော်က သူဌေးမင်းနားလည်အောင် ပြောပြနေတာ၊ သူဌေးမင်းမငြင်းပါနဲ့ ... ဒီအဖြစ်အပျက်ကြီးကို ဖုံးကွယ်ထားဖို့လည်း သူဌေးမင်း မကြိုးစားပါနဲ့ ...”

“တောက် ... မင်းဆက်မပြောနဲ့တော့မိုး ... ငါ့ဘဝမှာ ငါ ပြန်မကြားချင်ဆုံးက အဲဒီအဖြစ်အပျက်တွေပဲ၊ ဒီအကြောင်းနောက် တစ်ခါ မင်းထပ်ပြောရင် မင်းကိုငါ အလုပ်ထုတ်ပစ်မယ်”

“ဟွန်း ...”

ခင်ဗျား မကျေနပ်လို့ အလုပ်ထုတ်ပစ်မယ်ဆိုရင် ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသခင်။ မိုးနှုတ်ခမ်းလေးမဲ့ကာပြုံးရင်း ... နာကျင်စွာပဲ ရယ်လိုက်မိသည်။ ဒီလိုရယ်လိုက်တော့လည်း ဦးမင်းသခင် မိုးကိုစိုက်ကြည့်နေတာ တဖျတ်ဖျတ်လက်တောက်သော မျက်ဝန်းကလေးတွေနှင့် မိုးမနေတတ်တော့ ... မိုးကောင်းကင်ကြီးဆီကိုပဲ မျက်နှာလေးမော့မိသည်။

တကယ်လည်း ကောင်းကင်ကြီးပေါ်မှာ ဝိုင်းစက်လုနီးပါး။ လမင်းကြီးက လှောင်ပြောင်ရယ်မောရိပ်ကလေးတွေနှင့် မိုးတို့နှစ်ယောက်ကိုပဲ ငုံ့ကြည့်နေခဲ့သလိုလို။

"ဟော့ကောင် ငါပြောတာ မင်းကြားလား ..."

"ကြားပါတယ် သူဌေးမင်းရာ ... သူဌေးမင်း မကြိုက်ရင်လည်း ဒီအကြောင်းကို နောက်ဘယ်တော့မှ မပြောတော့ပါဘူး။ ကဲ ... သူဌေးမင်းလည်း အိပ်တော့ ... ကျွန်တော်လည်း အိပ်တော့မယ် ..."

"ဟာ ... ဟော့ကောင် မင်းမသွားနဲ့ဦးလေ ..."

လှည့်ထွက်တော့မလို့ ခြေလှမ်းပြင်လိုက်တဲ့မိုးကို ဦးမင်းသခင် လှမ်းတားလိုက်တာ တကယ့်ကို အသည်းအသန်လေးပါ။

"ဒီ ... ဒီည ငါမင်းကို ပြောချင်တာတစ်ခုပဲ ရှိတယ်သိလား ဟော့ကောင် ... အချစ်ဆိုတာကို ငါ့ဘဝပုံရိပ်တွေထဲမှာ ဒီနေ့အထိ ရှာလို့မတွေ့ခဲ့သေးပေမယ့် တစ်နေ့နေ့မှာ ရှာလို့တွေ့သွားမယ်ဆိုတာ ငါယုံကြည်တယ်၊ ခုနေတော့ ... ပတ်ဝန်းကျင်ပြောတာတွေနဲ့ မင်းငါ့ကို အသင့်သေးထားလိုက်ဦးပေါ့ ... ဟုတ်တယ် မင်းပြောခဲ့သလိုပဲ ဖရုန်ကီနဲ့ လမ်းဘေးခွေးမလေးကို ငါအဆင့်အတန်းခွဲခဲ့တယ် ငါ့မျက်စိအောက်မှာတင် အသေဆိုးနဲ့သူတို့သေခဲ့ရတာကို ငါ့ဘဝမှာ ဘယ်တော့မှမမေ့နိုင်အောင် ငါခံစားခဲ့ရတယ် ... ဒါ့ထက်ပိုဆိုးတာက ငါသိပ်ချစ်တဲ့ ငါ့ညီလေး လင်းမြတ်ထက်ကိုလည်း ငါကိုယ်တိုင်





ငါကိုယ်တိုင် ..."

"ဘုရားရေ ..."

မိုးစိတ်ထဲက ကြိတ်ကာ ဘုရားတလိုက်မိပြီ။

လင်းမြတ်ထက်တဲ့။ လင်းမြတ်ထက် ဘာဖြစ်သလဲဟင် ဦးမင်းသခင်၊ ခင်ဗျားညီ လင်းမြတ်ထက်နဲ့ပတ်သက်သမျှတွေ ကျွန်တော့်ကို ရင်ဖွင့်ပါဦး ... လင်းမြတ်ထက်နဲ့ ပတ်သက်ခံစားခဲ့ရသမျှတွေ ကျွန်တော့် နားနဲ့ဆတ်ဆတ် ခင်ဗျားဆီက ကြားပါရစေ။

လင်းမြတ်ထက်ဆိုတာ ...

ပြင်ဦးလွင် နှစ်ဆယ့်တစ်မိုင်အဆင်းလမ်းမှာ ချောက်ထဲကို ကားမြုတ်ကျပြီး ချစ်သူနဲ့အတူတူ နှစ်လောင်းပြိုင်သေခဲ့ရတဲ့ လင်းမြတ်ထက်ကို ခင်ဗျားပြောနေတာလား။

"ခင်ဗျား ... ခင်ဗျား ဆက်ပြောလေ ... သူဌေးမင်း ... လင်းမြတ်ထက်ဆိုတာ ဘယ်သူလဲ ... လင်းမြတ်ထက်အကြောင်းကို ကျွန်တော်စိတ်ဝင်စားတယ်၊ လင်းမြတ်ထက်ကို ခင်ဗျားကိုယ်တိုင် ဘာလုပ်ပစ်လိုက်တာလဲ"

"တော်ပြီ ... ဟော့ကောင် ... မင်းပါးစပ်ကို ပိတ်ထားလိုက်တော့ ... ဒီအကြောင်း မင်းငါ့ကိုဘာမှဆက်မမေးနဲ့တော့"

"ဗျာ ..."

မိုးမျက်ဝန်းလေးတွေ နာကျင်ရိဝေလျှက် ... ။

ဦးမင်းသခင်ကိုယ်တိုင် ...

အစဖော်ပြောတုန်းက ပြောခဲ့ပြီးမှ မင်းပါးစပ်ကို ပိတ်ထားလိုက်တော့တဲ့လား ဦးမင်းသခင်ရယ် ... ခင်ဗျားသိပ်ရယ်ရတဲ့လူပဲ။

ခင်ဗျား သိပ်ရယ်ရတဲ့လူပဲဗျာ ... ဟား ... ဟား ... ။

"မင်း ... မင်း ဘယ်လိုကောင်လဲဆိုတာ ငါစဉ်းစားလို့တောင် မရတော့ဘူး။ ဆရာလုပ်သလိုလို အကြံပေးသလိုလိုနဲ့ ငါ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို ထွင်းဖောက်ကြည့်ဖို့ မင်းဘယ်တော့မှ မကြိုးစားနဲ့ သိလားမိုး ... နောက်ဆိုရင် ငါပြောချင်တဲ့စကားပဲ မင်းနားထောင် မစပ်စုနဲ့၊ ငါမပြောချင်တာကို လာမမေးနဲ့ ... သွား ... ဟော့ကောင် သွား ... သွား ... ငါ့အနားကနေ မင်းအခုထွက်သွားတော့"

"ဟွန်း ... ကျွန်တော်ကလည်း သူဌေးမင်းဘဝကို စိတ်မဝင်စားပါဘူး၊ ဒီကောင်းကောင်းကြီးပေါ်က လခင်းနဲ့ကြယ်စင်တွေကိုလည်း သူဌေးမင်းခေါ်ပြလို့ ကျွန်တော်ထွက်ကြည့်နေရတာပါ၊ နောက်တစ်ခါကျရင် ကွန့်မြူးတာထဲက ခေတ်ပုံတွေထုတ်ပြပြီး မိန်းမပယူသင့် မယူသင့်လည်း ကျွန်တော့်ကို လာမတိုင်ပင်နဲ့၊ သူဌေးမင်းဟာ သူဌေးမင်း တစ်ယောက်ကလို့ ဆယ်ယောက်ပြူးကြီးပဲ တစ်ခါတည်းယူ ... ယူ ... ကျွန်တော်က သူဌေးမင်းဘဝကို ဘယ်လိုမှ စွက်ဖက်ထိပါးခွင့်မရှိတဲ့ ဒီခြံက အလုပ်သမား"

"ဟော့ကောင် မင်းပါးစပ်ကို ပိတ်ထားလို့ ငါပြောနေတယ်နော်"

"ရတယ် ... ကျွန်တော် သွားအိပ်တော့မယ်"

မိုးဘာမှစဉ်းစားမနေတော့ဘဲ အခန်းတံခါးပိတ်ကာ အိပ်ရာလေးပေါ်မှာ တခါတည်း အိပ်ချလိုက်သည်၊ စောင်ကို ခေါင်းအထိရောက်အောင် ဆွဲခြုံလိုက်ပေမယ့် မိုးမျက်ဝန်းထဲ မြင်လိုက်ရတာက ဦးမင်းသခင်ရဲ့ ကြေကွဲနက်ရှိုင်းလှသော မျက်ဝန်းတွေ။

ဒီလူကြီးကပဲ ပြောသေးရဲ့။

အချစ်ကို ရှာတွေ့အောင် သူကပဲ ကြိုးစားဦးမတဲ့။

ဟွန်း ... တွေ့ပါလိမ့်မယ် အားကြီးကြီး။

စောင်လေးကွယ်ပြီး မိုးရယ်နေမိတာ နာကျင်ခြင်းများစွာနဲ့။

အခန်း ( ၅ )

"ဟား ... ဟား ... အဲဒါကြောင့် သူ့အကြိုက်လေးကိုလိုက်ပြီး မင်းကိုပေါင်းပါလို့ ငါပြောခဲ့တာလေ မိုးရဲ့ ... ခုတော့ မင်းသွားစပ်စုတာနဲ့ သူဟောက်ထုတ်တာကို မင်းခံလိုက်ရပြီမို့လား ကောင်းတယ် ... အဲဒါ ဘေးခြံက ဟိုအစတင်းပြောတဲ့မိန်းမကြီးဆီမှာ မင်းသွားစပ်စုလို့ မောင်းထုတ်ခံရတာ ... နောက်ဆိုရင် ဒီခြံထဲကပါ မင်းထွက်သွားရလိမ့်မယ်"

"ဟွန်း ... ထွက်သွားဆိုလည်း ကျွန်တော်က မနေပါဘူး၊ မနက်ကလည်း သောက်ပါစေတော့ဆိုတဲ့စေတနာလေးနဲ့ ဘရာဇီးကော်ဖီမွှေးမွှေးလေးကို သွားပို့တာ ကျွန်တော့်ကိုမျက်စောင်းကြီးလှမ်းထိုးပြီး ရူးရူးကြီး စိုက်ကြည့်တာယ်လေ ... ဘယ်ရမလဲ ... ကျွန်တော်ကလည်း သူ့လိုပဲ မျက်စောင်းကို ကော့နေအောင်ထိုးပြီး နှုတ်ခမ်းကိုပါ ရှုံ့ပြလိုက်တယ်"

"ဟား ... ဟား ..."

ကော်ဖီတွေ ဝိုင်းလိုးပေးရင်း ဦးချစ်ရောအော်ရယ်နေတာ အသံကျယ်ကြီးနဲ့ပါ၊ မိုးကိုခပ်တည်တည်ကြီးနဲ့ မျက်စောင်းကြီးထိုးပြီး ကြည့်နေခဲ့တာကိုတော့ မိုးမကျေနပ်ပါဘူး။ သို့သော် မိုးကိုယ်မိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ အံ့ဩရတာက နလုံးသားမရှိတဲ့ ဦးမင်းသခင်ဆိုတဲ့လူကြီးကို မိုးဘာကြောင့်များ သံယောဇဉ်တွယ်မိသလိုလို ဖြစ်သွားခဲ့ရတာလဲ။

"ဟား ... ဟား ... ကြာရင် ခင်းနဲ့မင်းသခင် ပြဿနာတက်တော့မယ်သိလားဒီး ... မင်းကလည်း မဟုတ်မခံဂျစ်တာစ်တစ်နဲ့ ပက်ခနဲ ပက်ခနဲ ပြန်ပြောတတ်တဲ့ကောင် ... မင်းသခင်ကလည်း တစ်သက်လုံး ကိန်းခန်းကြီးကြီးနဲ့ ... ကုမ္ပဏီမန်နေးဂျင်းလုပ်လာတဲ့ကောင်ဆိုတော့ ကြာတာနဲ့ မင်းတို့နှစ်ယောက် ရိုက်ပွဲကြီးတွေ ဖြစ်ကုန်တော့မှာ"

"ကလင် ... ကလင် ..."

"ချွမ်း ... ချွမ်း ..."

"ဟော ... ဟော့ကောင် မင်းသခင်အပေါ်ထပ်ကနေ ဘဲလ်တီးပြီး လှမ်းခေါ်နေပြီ၊ သွား ... သွား ... မင်းပဲသွားလိုက်"

ဘဲလ်သံကြားတော့ ဦးချစ်စရာ ပျာယာခတ်သွားသည်။

မိုး ကပျာကယာလက်ဆေးကာ အပေါ်ထပ်ကို ပြေးတက်သွားတော့ ဦးမင်းသခင်က ရေချိုးခန်းအဝမှာ သည်အတိုင်းကြီးမတ်တတ်ရပ်နေဘာလေ ဘယ်လိုဖြစ်တာလဲ။

အပြင်လည်းမထွက်။ အထဲလည်းမဝင်။

အဝမှာ သည်အတိုင်းကြီးရပ်လို့။

"ဟာ ... သူဌေးမင်း ဘာခိုင်းဖို့ခေါ်တာလဲ"

"ဟော့ကောင် ... သဘက်တစ်ထည်ယူလာပြီး ငါ့ကိုရေမြန်မြန်လာသုတ်ပေးစမ်း ... ငါ ... ငါ ... ရေချိုးရင်း ခေါင်းတွေမူးသွားလို့ ..."

"ဗျာ ..."





မိုးကပဲ သူ့တစ်ကိုယ်လုံးကို ရေသုတ်ပေးရဦးမတဲ့။

သေပြီဆရာပဲ။

မိုးရင်တုန်တုန်နဲ့ပဲ အခန်းထဲက သဘက်အသစ်တစ်ထည် ပြေးယူကာ သူ့တစ်ကိုယ်လုံးကို ရေသုတ်ပေးရသည်။

"ဟာ ... ဟော့ကောင် ခေါင်းကိုအရင်သုတ်လေ ... ဘယ်နှယ့် ကျောကုန်းကိုချည်း စွတ်သုတ်နေတာလဲ၊ လာ ... လာ ... ငါ့ရှေ့က ရပ်ပြီးခေါင်းနဲ့မျက်နှာကို အရင်သုတ် ..."

အဲဒါမှ ပိုဆိုးတော့မှာ။

ကိုယ့်အရပ်အလေးနဲ့ သူ့အရပ်မြင့်မြင့်ကြီးရဲ့ ခေါင်းပေါ်က ဆံပင်တွေကို ဘယ်လိုလှမ်းသုတ်ရမှာလဲ၊ ခြေဖျားလေးထောက်ပြီး သုတ်ပြန်ရင်လည်း ကိုယ်က သူ့ရင်ခွင်ကျယ်ကြီးထဲကို လဲပြိုကျချင်ကျသွားမှာ။

"ဟာ ... ကျွန်တော့်အရပ်နဲ့ဘယ်လိုလှမ်းသုတ်လို့မှီမလဲ၊ သုတ်စေချင်ရင် ခေါင်းငုံ့ပေး၊ ဟာ ... ဟာ ... ကျွန်တော်မျက်နှာနဲ့ထိတော့မယ်နော် ... ဒုက္ခပါပဲ"

"ဟော့ကောင် ... ယောကျ်ားအချင်းချင်း အသားလေးထိတာ ဆန်းသလား ... မင်းအဖြစ်သည်းမနေနဲ့၊ ဒီမှာ ခေါင်းတွေမူးနေလို့ လူတောင် ယိုင်ခွေ ယိုင်ခွေဖြစ်ချင်နေပြီး ခြေဖျားထောက်ပြီး မြန်မြန်သုတ် ..."

မိုး ... မွှေးပွသဘက်ကြီးတကိုင်ကိုင်နဲ့ ခြေဖျားလေးထောက် ခါးကလေးကော့ကာ သူ့ခေါင်းပေါ်က ရေစိုဆံပင်တွေကို ပွတ်သုတ်ပေးတော့ ကိုယ့်အရှိန်ကိုလည်း ကိုယ်ကမထိန်းနိုင်။ ပိုဆိုးတာက သူ့တစ်ကိုယ်လုံးမှာ စွဲကပ်ကျန်ခဲ့သည့် SATRK အကောင်းစားဆပ်ပြာမွှေးနံ့က သူ့ကိုယ်စိမူးသွားအောင် ဆွဲဆောင်နေတာကို မခံရပ်နိုင်ခဲ့ဖြစ်နေတာက ပိုဆိုးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ခေါင်းကြီးကို အရမ်းငုံ့မထားနဲ့လေ သူဌေးမင်း၊ ဒီ ... ဒီမှာ ကျွန်တော်ရင်ဘတ်နဲ့ ထိတော့မယ်ဗျ"

"ဟော့ကောင် ... ခင်းသုတ်မှာသာသုတ် ... စကားမများနဲ့"

ရေချိုးခန်းဝမှာ နှစ်ယောက်သား ပူးကပ်ထိတွေ့တော့မလို ဖြစ်နေတာက ခေါင်းကိုသုတ်နေတဲ့အချိန်မှာတစ်ခါ၊ ပခုံးနဲ့မျက်နှာ ရင်ဘတ်တွေကို သုတ်နေတဲ့အချိန်မှာတစ်ခါ။ မိုးမှာလည်း အသား ချင်းမထိအောင် ရှောင်ရတာမလွယ်ပါ။

"ဟာ ... မိုးရှာ ... ငါ့အရမ်းမူးလာပြီကွာ ..."

"ဟင် ..."

မိုးဆတ်ခနဲ လန့်ဘုန်သွားတာ သူနဲ့မိုးမျက်နှာချင်းဆိုင်ရပ် ရင်း မိုးပခုံးလေးနှစ်ဖက်ကို သူလှမ်းပြီးတော့ မပြောမဆို ဆုပ်ဖက် လိုက်ချိန်မှာဖြစ်သည်။ ရှောင်လို့မရတော့တာမို့ ဒီလို တင်းကြပ် နေအောင် ဆုပ်ဖက်လိုက်ချိန်မှာ ယိုင်လုလုသူ့ကိုယ်ကြီးကပါ မိုး ခန္ဓာကိုယ်လေးပေါ်ကို ပြိုကျတော့မလို ဖြစ်လာခဲ့တာပင်။

"ဟာ ... သွားပါပြီ သူဌေးမင်းရယ် ... ဒါ ... ဒါ ... ညက သူဌေးမင်းတစ်ညလုံး မအိပ်ဘဲ ဝရန်တာမှာရပ်နေလို့ ရုတ်တရက် သွေးပေါင်ကျသွားတာပဲနေမှာ၊ ရတယ် ... ရတယ် ... သူဌေးမင်း အားမနာနဲ့ ... ကျွန်တော့်ပခုံးကို ဖက်ထား ... ကျွန်တော် ... ကျွန်တော် ... သူဌေးမင်းခါးကိုဖက်ပြီး အိပ်ရာပေါ်လိုက်ပို့ပေးမယ်"

သူဌေးမင်း ရုတ်တရက်လဲသွားမှာစိုးလို့ သူ့ခါးကိုပါ မိုးလက် ကလေးတစ်ဖက်နဲ့ ခပ်တင်းတင်းလေး ဆုပ်ဖက်ထိန်းကိုင်ထား လိုက်ရပြီ။

"အဟင်း ... ဟင်း ... ဟင်း ... ခုတင်ပေါ်မှာ ခဏလေးမှိန်း နေလိုက်နော် သူဌေးမင်း ... ကျွန်တော် သူဌေးမင်းကို ပရုက်ဆီ တိုင်းပေးမယ်၊ ဟာ ... ဟာ ... ကျွန်တော့်ပခုံးကို ဖက်မထားနဲ့





တော့လေ ... လွှတ် ... လွှတ်ပါ သူဌေးမင်းရဲ့ ... အို ..."

သွားပါပြီ။

ခုတင်ပေါ်ကို လှမ်းအတင်မှာ ရင်ချင်းပူးကပ်စွာ ထိသွားခဲ့ ပြီး နှုတ်ခမ်းချင်းနီးသွားရတဲ့အဖြစ်ကို မိုးဘယ်လိုလုပ် ရှောင်လွှဲလို့ ရတော့မှာလဲ။

"ဟင် ... ကိုကို ဘာဖြစ်လို့လဲ ..."

နောက်ကနေ ရုတ်တရက်ပေါ်လာတဲ့အသံက မိုးနားထဲမှာ စူးနေတဲ့အသံ။ ဦးမင်းသခင်ရဲ့လက်တွေကို ဖြေချလိုက်ပြီး မိုး နောက်ကို ချာခနဲ လှည့်ကြည့်လိုက်တော့ အလန်းဒီဇိုင်း အလန်း စားနဲ့ ခေတ်မှီအဝတ်အစားတွေဝတ်ပြီး အခန်းထဲကို ခပ်သွက် သွက်ပြေးဝင်လာနေတဲ့ မိန်းမတစ်ယောက်။

"ဟိတ် ... ကောင်လေး ... ကိုကို ဘာဖြစ်တာလဲလို့ မင်းကို မေးနေတယ်လေ"

ထိုမိန်းမရဲ့မျက်ဝန်းတွေထဲမှာ မိုးကိုလည်း စူးစမ်းစွာ တစ် ကိုယ်လုံး ကြည့်လိုက်သလို ဦးမင်းသခင်အတွက်ကိုလည်း စိုးရိမ် ခြင်းတွေများစွာနဲ့။

"ဟို ... ဟိုလေ ... ဟို ... သူဌေး ... သူဌေးမင်း ရေချိုးရင်း ခေါင်းမူးသွားတယ်ဆိုလို့ ကျွန်တော် ... ကျွန်တော် ပြုစုပေးနေတာ ပါ အခုလည်း ... သူဌေးမင်းကို သွေးပေါင်ချိန်ပေးမလို့ပါ"

"နေပါဦး ... အရင်က မင်းကို ဒီခြံမှာ မတွေ့ဖူးပါဘူး"

"ကျွန်တော် ... ကျွန်တော်က မနေ့ကမှ ဒီခြံမှာ ခန့်လိုက် တဲ့ အလုပ်သမားအသစ်ပါမမ ... ကျွန်တော့်နာမည်က မိုးပါ"

"မိုး ... ဟုတ်လား ..."

"ချစ် ... ချစ်ခြင်းပြိုင် ..."

"ဟင် ... ကိုကို ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသခင် လှမ်းခေါ်လိုက်တော့မှ …

မမချစ်ခြင်းပြိုင်က ဦးမင်းသခင်ဘက်ကို လှည့်သွားသည်။

"ကိုကို သွေးပေါင်ကျလို့ဆို … ဘယ်လိုဖြစ်တာလဲကိုကိုရယ် စိတ်ပူလိုက်တာ … မနေ့က တောင် ကိုကိုအကောင်းကြီးရှိသေးတဲ့ ဥစ္စာကို …"

မိုး သဘောပေါက်ပါပြီ။

ဦးမင်းသခင် နားကို အနုရောက်လာတာ ဦးမင်းသခင် လက်ထပ်ရမယ်ဆိုတဲ့ … ချစ်ခြင်းပြိုင်ဆိုတဲ့မမပေါ့၊ အခုမှ … ကွန်ပျူတာဓာတ်ပုံမှတ်တမ်းထဲမှာ တွေ့လိုက်ရသည့် ခေတ်ဆန်ဆန် မျက်နှာကခံနကို မိုးပြန်မှတ်မိသွားသည်။

ဘယ်ဆိုးလို့လဲ …

ဦးမင်းသခင်ကို ခေါ်တာတောင် ကိုကိုတဲ့။

တော်တော်လည်း ရင်းနှီးနေပါလား။

မိုးတစ်ယောက်တည်း နှုတ်ခမ်းလေးမဲ့ကာ ပြုံးရင်း … သွေးပေါင်ချိန်စက်ကို မှီစီဒိုကြီးထဲက သွားထုတ်သည်။ ထုတ်ပြီးတော့မှ သွေးပေါင်ချိန်စက်ကို ကိုင်ကာ နောက်မှ ခပ်ရိုရို့လေးပဲ ရပ်နေလိုက်မိ၏။

"ဟုတ်တယ် ချစ်ရာ … ကိုကို ညက အစွေးတွေများပြီး တော်တော်နဲ့အိပ်မပျော်လို့ သွေးပေါင်ကျပြီး ခေါင်းမူးသွားတာ ဖြစ်မယ်ထင်တယ် … ညကလည်း စားကောင်းကောင်းနဲ့ ငါးကင်တွေရော ဝက်သားတုတ်ထိုးတွေပါ စားလိုက်မိသေးတယ်လေ"

"ဟယ် … ကိုကိုရယ် ကြည့်စမ်း … အဲဒါတွေ ဒီလောက်စားထားမှတော့ သွေးတွေတိုးပြီး ဦးနှောက်ကြောပြတ်မသွားတာဘဲ ကံကောင်း … အခုလည်း … သွေးကျတာမဟုတ်ဘဲ သွေးတိုးတာဖြစ်နေရင် ဘယ်လိုလုပ်မလဲကိုကိုရဲ့ … ခုက္ကပါပဲ … ဟဲ့ … ဟို





ကောင်လေး … ပေးစမ်း … မင်းလက်ထဲက သွေးပေါင်ချိန်စက်ကို"

"ရှာယ်မမ … မမဖယ်လိုက်ပါ … ကျွန်တော်ပဲတိုင်းမယ်"

"အောင်မယ် … မင်းက ဘယ်လောက်နားလည်လို့ တိုင်းချင်ရတာလဲ၊ ပေး … ပေး … မင်းတိုင်းစရာမလိုဘူး ကို့ပဲတိုင်းမယ်"

"ရတယ် … ကျွန်တော်က ဒီအိမ်ရဲ့အလုပ်သမား ကျွန်တော်မှာ တာဝန်ရှိတယ်"

"ဟယ် … ကြည့်စမ်း … မင်းစကားပြောတာ မာရေကြောရေလေးနဲ့ပါလားဟင်၊ ကြည့်ပါဦး … ပုံစံလေးကြည့်တော့ နွဲ့တဲ့တဲ့လေးနဲ့ မျက်နှာထားက တော်တော်မာနေပါလား"

ဒီလိုဖြစ်နေတော့လည်း မင်းသခင်မနေသာ။

"ဟော့ကောင်မိုး … အောက်ထပ်မှာပဲ မင်းလုပ်စရာရှိတာ သွားလုပ်တော့ … ဒါ … မင်းကိုငါပြောထားတဲ့ ချစ်ခြင်းပြိုင်"

"ဟွန်း … ရပါတယ် သူဌေးမင်းပေးတဲ့အမိန့်ကိုပဲ ကျွန်တော် နာခံမယ် … သူဌေးမင်းက သွားဆိုရင်-ကျွန်တော်သွားမယ်"

သွေးပေါင်ချိန်စက်ကို ခုတင်ခေါင်းရင်းမှာ ထားပေးခဲ့ပြီး မိုးရှာခနဲလှည့်ထွက်သွားတော့ မမချစ်ခြင်းပြိုင်က နှုတ်ခမ်းလေးမဲ့လျှက်။

"ဘယ် … ဘယ်လို ကောင်လေးကို အလုပ်ခန့်ထားလိုက်တာလဲဟင်ကိုကို … ပုံစံလေးက ယောကျ်ားလေးတောင်ဟုတ်ရဲ့လား"

အောင့်သက်သက်လေးနဲ့ ကျန်ခဲ့ရတာမို့ ဒီကောင်လေးကို မြင်မြင်ချင်း ချစ်ခြင်းပြိုင် စိတ်ထဲမှာ မုန်းသလိုတောင်ဖြစ်သွားရ၏။

"ချစ်ကလည်းကွာ … မိုးက ယောကျ်ားလေးပါ၊ ဒီကောင်ဟင်းချက်တဲ့လက်ရာက အရမ်းကောင်းလို့ အိမ်မှာလည်း ကူဖော်လောင်ဖက်ရအောင် ကိုကိုခန့်ထားလိုက်တာ၊ ကဲပါကွာ … အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



တွေ အရေးမကြီးပါဘူး၊ ကိုကိုကို သွေးပေါင်ချိန်ပေး ...”

ချစ်ခြင်းပြိုင် ကိုကိုပြောလို့ စိတ်လျှော့လိုက်ပေမယ့် ... ဒီကောင်လေးရဲ့ မာကြောကြောပုံစံလေးက မျက်လုံးထဲကမထွက်။

မိုးတဲ့။

ဒီလိုဝင်းနှစ်နေတဲ့ အသားအရည်ပိုင်ရှင်လေးက ကိုကိုအသစ်ခန့်လိုက်တဲ့ အိမ်အကူ ဒသမင်းချက် ကောင်လေးတဲ့လား။ ကိုကိုပြောလို့သာ ယုံလိုက်ရပေမယ့် သူ့မကတော့ ဒါကို သိပ်လက်မခံချင်ပါ။ ဦးချစ်စရာနဲ့တွေ့မှ ဒီကောင်လေးအကြောင်းကိုမေးရမယ်။ ဟွန်း ... ခုတော့ နေလိုက်ဦး။

“ဟော့ကောင်မိုး ...”

“ဘာလဲ ဦးလေးချစ်ရာ ...”

“မင်းမျက်နှာလေးကိုကြည့်ရတာ စူတင်းနေသလိုပဲ ... ဘာလဲ အပေါ်မှာ ချစ်ခြင်းပြိုင်နဲ့တွေ့ပြီး မင်းပြဿနာတက်လာတာလား”

မိုးမဖြေချင်ပါ။

ကိုယ့်ဟာကိုယ်ပဲ ချက်စရာရှိတာချက်ဖို့ အသားတွေကို စကိုင်သည်။ ဦးချစ်စရာက မိုးမျက်နှာလေးကိုပဲ မသိမသာ အကဲခတ်ကြည့်နေ၏။ ဒီကောင်အပေါ်မှာ ဘာတွေဖြစ်လာလို့ မျက်နှာထားလေးတင်းနေရတာလဲဆိုတာလည်း ဦးချစ်စရာ အရမ်းသိချင်နေသည်။

“ဟော့ကောင် ... မင်းဖြစ်လာတာ ငါသိတယ်နော်”

“ဟာ ... ဦးလေးချစ်ရာ ... ဦးလေးချစ် ဘာတွေပြောနေတာလဲ ကျွန်တော့်မျက်နှာ ဘယ်မှာဆူတင်းနေလို့လဲ ... ဒီဆိတ်သားခါးပတ်ကို ဘယ်လိုစတိုင်လ်လုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစားနေတာ”



“အောင်မယ် ... မင်းက ဘယ်လိုစတိုင်လ်လုပ်ချင်လို့လဲ”

“ဥရောပစတိုင်လ်လုပ်ရင်ကောင်းမလား အာရှစတိုင်လ်ပဲလုပ်ရမလားဆိုတာ စဉ်းစားနေတာဗျ ...”

“ဟော့ကောင် ... ဘာစတိုင်မှလုပ်မနေနဲ့၊ မိတ်အင်မြန်မာ၊ အခုချက်နေတာ မြန်မာပြည်မှာ ချက်နေတာ ... စားမှာလည်း မြန်မာတွေပဲစားမှာ ... အရေးကြီးတာ ချစ်ခြင်းပြိုင်နဲ့ မင်းဘယ်လိုဖြစ်လာသလဲဆိုတာပဲ ငါသိချင်တယ် ...”

“ကျွန်တော် အဖြတ်သားဆုံး ဖြေရမလား”

“ဖြေ ...”

“တွေ့လိုက်တာနဲ့ မုန်းတယ်”

“ဘာပြောတယ်”

လက်ထဲမှာကိုင်ထားတဲ့ ဓားတောင် လက်ထဲကလွတ်ကျသည်။

မျက်ခုံးဘန်းနှစ်ဖက်စလုံး စုကျုံ့တက်လာ မိုးဆိုတဲ့ကောင်ရဲ့ မျက်နှာကိုပဲ အံ့သက်မရှုနိုင်အောင် ငေးစိုက်ကြည့်မိသွား၏။

“ချစ် ... ချစ်ခြင်းပြိုင်ကို မင်းကမုန်းတယ် ဟုတ်လား ... မိုးရယ် ... မင်းတော့ ပြဿနာတက်တော့မှာပဲ၊ အဲဒါ ... အဲဒါ မင်း သခင်နဲ့ပေးစားဖို့ လူကြီးချင်း စေ့စပ်ထားတဲ့ကောင်မလေးကွ”

“ဟွန်း ... အဲဒါ ... ကျွန်တော်သိပါတယ် ဦးလေးချစ်ရဲ့၊ ညတုန်းက သူ့မွေးမင်း ကွန်ဖျူတာထဲကနေ ဓာတ်ပုံထုတ်ပြလို့ ကျွန်တော်သိတာ၊ သူ့မွေးမင်းကလည်း ကျွန်တော့်ကိုမေးတယ် ငါယူလိုက်ရင်ကောင်းမလားတဲ့ ...”

“ဟင် ... မင်းသခင်က မင်းကို ဒီကိစ္စတိုင်ပင်တယ်ဟုတ်လား။ ဒီလိုတိုင်ပင်တော့ မင်းဘယ်လိုဖြေလိုက်လဲ”

“မယူနဲ့လို့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မင်းသခင်ကို မင်းဒီအတိုင်း ဖြေလိုက်တယ်"

ဦးချစ်စရာ မျက်လုံးတွေ ပြူးသထက်ပြူးသွားရပြန်ပြီ။

"ဒုက္ခပါပဲ မိုးရယ် ... မင်းတော့ အလုပ်ပြုတ်မှာသေချာနေပြီ၊ ချစ်ခြင်းပြိုင်နဲ့မင်းသခင်က စီးပွားရေးမှာ လုပ်ငန်းတူပါတနာတွေကွ၊ ချစ်ခြင်းပြိုင်ကို ဘယ်သူမှ ထိလို့လည်းမရဘူး ဝေဖန်လို့လည်းမရဘူး၊ မင်းသခင်ကိုယ်တိုင် ဒီကောင်မလေးကို အလိုက်အထိုက်လေးဆက်ဆံနေရတာ၊ ဒါကို ... မင်းက မယုနဲ့ပြောလိုက်တော့ မင်းကို စက်ပြုတ်အောင် ဟိုက မတီးလိုက်ဘူးလား"

"ဟာ ... တီးလို့ရမလား၊ ကျွန်တော်က အမှန်အတိုင်းပြောတဲ့ဥစ္စာ ... ဒီမိန်းမ မျက်နှာက လူတိုင်းကိုဆရာလုပ်ပြီး အမိန့်ပေးချင်နေတဲ့မျက်နှာ၊ ဒီမိန်းကိုယူတာနဲ့ ကောနေအောင် ကိုယ့်သူဌေးမင်းပဲ ခံသွားရမှာ၊ အခုလည်း အပေါ်တက်လာပြီး ဟိုလူ့အမိန့်ပေး ဒီလူ့အမိန့်ပေးနဲ့ မုန်းတယ် ... တစ်စက်မှ ကြည့်လို့မရအောင်မုန်းတယ်၊ ဒါပဲ ... ဟွန်း ..."

နှုတ်ခမ်းလေးကိုပါ မိုးက မဲ့ပစ်လိုက်သည်။

"မိုးနော် ... ချစ်ခြင်းပြိုင်ကို မင်းမုန်းတာက အရေးမကြီးဘူး၊ အလုပ်ပြုတ်စရာရှိရင်မင်းပဲပြုတ်မှာ ... ချစ်ခြင်းပြိုင်က အရှိန်အဝါကြီးတယ်၊ အလုပ်ရှင်နဲ့အလုပ်သမား အဆင့်အတန်းလည်း တအားခွဲတယ်၊ ဒီနေ့ကစပြီး သံမှုဒွေဂါထာကို တစ်နေ့ အခေါက်သုံးရာလောက် မင်းရွတ်ထားတော့ ..."

"ရတယ် ... ဦးလေးချစ် ... ပြုတ်လည်း ကျွန်တော်ဂရုမစိုက်ဘူး ... လူချင်းအတူတူ ဒီလိုအခွင့်အတန်းခွဲခြားတာတွေကို ကျွန်တော် မုန်းတယ် ... ဦးလေးချစ်ကြောက်ရင် ဒီကိစ္စမှာ ဘေးဖယ်နေ၊ ချစ်ခြင်းပြိုင်ဆိုတဲ့မိန်းမကို ကျွန်တော်ပိုက်မယ်၊ ဦးမင်းသခင်နဲ့ မကွဲကွဲအောင် ကျွန်တော်လုပ်မယ်၊ သူတို့နှစ်ယောက် ဘယ်





တော့မှ မညားစေရဘူး ဦးလေးချစ်ရာ ..."

"ဟော ... မိုး ... မင်းဘယ်လိုပြောလိုက်တာလဲ ..."

"ဟွန်း ... အဲဒါ ကျွန်တော့်ရင်ထဲက အပီပြင်ဆုံးဆန္ဒကို ဦးလေးချစ်သိအောင် ထုတ်ပြောလိုက်တာလေ၊ သူတို့နှစ်ယောက်ကို ကွဲအောင်လုပ်ပြမယ်ဆိုရင် ဦးလေးချစ် ကျွန်တော့်ကို ဘာပေးမလဲ"

"မင်းကွာ ... မင်း ... မင်း ..."

ဦးချစ်စရာ မျက်လုံးပြူးကာ မိုးဆိုတဲ့ကောင်ရဲ့ မျက်နှာလေးကိုသာ စူးစိုက်ကာ ငေးကြည့်လိုက်မိတော့၏။

ဒီကောင် ဘာလို့ ဒီနှစ်ယောက်ကို ကွဲအောင်လုပ်ချင်နေရတာလဲ။ ပုံစံလေးနဲ့မျက်နှာထားလေးကလည်း တကယ်ကွဲအောင်လုပ်တော့မယ့်ပုံစံမျိုးလေးနှင့်ပါ၊ ပြီးတော့လည်း နှုတ်ခမ်းလေးမဲ့ကာ ဒီကောင်တစ်ယောက်တည်း ပြုံးနေ၏။

"ဟင် ..."

အသံကြားလို့ လှည့်ကြည့်လိုက်တော့ နောက်မှာ ချစ်ခြင်းပြိုင်။

"ကျွန်မ ... မကျေနပ်ဘူး ဦးလေးချစ် ..."

"ဟင် ... ဘယ်သူ့ကို မကျေနပ်တာလဲ"

ချစ်ခြင်းပြိုင်က ဖက်ဖူးစိမ်းနုရောင် လက်တစ်လုံးကြိုးဂါဝန်ရှည်နဲ့၊ မျက်နှာနှင့်မျက်ခွံတွေမှာ မိတ်ကပ်တွေ ဆေးတွေတင်ထားသလို၊ ကြက်သွေးရောင် နှုတ်ခမ်းနီဖျော့ဖျော့လေးကိုလည်း ဆိုးထား၏။

ဆံပင်ကိုလည်း နဖူးပြင်လေးကနေ နောက်လှန်ကာ သိမ်းထားတာဖြစ်ပြီး ဆံပင်ရှည်အချို့ကိုတော့ ခေါင်းစည်းပုဝါ လိမ္မော်ရောင်လေးနှင့် စည်းထားတာမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ချောမောဝင်းနှစ်နေသလို ဆွဲဆောင်အားပြင်းသော ခန္ဓာကိုယ်အချိုးအဆစ်ကိုလည်း ချစ်ခြင်းပြိုင်က ပိုင်ဆိုင်ထားသေး၏။

"ဟာ ... ဘယ်သူ့ကိုမကျေနပ်ရမှာလဲ ဦးလေးချစ်ရဲ့ ... ဦးလေးချစ်တို့အသစ်ခန့်ထားတဲ့ မိုးဆိုတဲ့ မျက်နှာကြောတင်းတင်း ဟိုကောင်လေးကိုပြောနေတာ"

"မိုး ... ဟုတ်လား ..."

ဦးချစ်စရာ ဆင်ထားတဲ့အတိုင်းပဲ။

ဒီပြဿနာက မီးတောက်တစ်ခုလို အရှိန်ပြင်းပြင်းနဲ့ရောက်လာတော့မယ်ဆိုတာ ချစ်ခြင်းပြိုင်ကတော့ ထုံးစံအတိုင်း မျက်နှာထားတင်းတင်းနဲ့ ခါးထောက်ရပ်ပြီး မိုးကြားအောင် တမင်လှမ်းပြောလိုက်တာ ဖြစ်သည်။

"မိုး ... ဘာဖြစ်လို့လဲ"

"ဟာ ... ဘာဖြစ်ရမှာလဲ ချစ်ခြင်းပြိုင်ကိုတောင် ပမာမခန့်နဲ့ ဒီကောင်ပြောပြီးဆင်းသွားတာ ပြောပါဦး ဦးလေးချစ် ... သာလယံဇရပ်မဟုတ်တဲ့ ဒီခြံမှာ ဒီလိုလူမျိုးတွေကို ဦးလေးချစ်တို့ ဆရာတပည့်နှစ်ယောက်ပေါင်းပြီး ခန့်ချင်တိုင်းခန့်မနေကြနဲ့။ ကိုကို အနားမှာလည်း ဒီလိုကောင်လေးမျိုးကို ချစ်ခြင်းပြိုင်မထားနိုင်ဘူး။ အခု ချက်ခြင်း ဒီမိုးဆိုတဲ့ကောင်ကို ဦးလေးချစ် အလုပ်ထုတ်လိုက်ပါ"

"ဗျာ ..."

ဦးလေးချစ် စိတ်ညစ်ညစ်နဲ့ ခေါင်းကုတ်လိုက်ရပြီ။

ဒါကို မိုးကလည်း ကြားပါသည်။ လောကကြီးမှာ မိုးအမုန်းဆုံးကလည်း ဒီလိုလေသံနဲ့ ဒီလိုမျက်နှာထားမျိုး ဒီလိုအထက်စီးတ နေ လာပြောရုံနဲ့ ခေါင်းငုံ့ခံပြီး မိုးထွက်သွားမယ်ထင်သလား။

"ချစ်ခြင်းပြိုင်ပြောတာ ကြားတယ်နော် ... ဦးလေးချစ်





သူ့အတွက် နှစ်နာကြေးဘယ်လောက်ပဲပေးရပေးရ ချစ်ခြင်းပြိုင်ပေးမယ်၊ သူလက်ရာ ဘယ်လောက်ကောင်းကောင်း ကိုကို့အတွက် ဟိုတယ်ကနေ တစ်နှစ်စာငွေပေးပြီး အော်ဒါမှာပေးထားလို့ရတယ်၊ လုပ်မနေနဲ့ ... ကိုကိုစားရတာ အဆင်မပြေရင် နိုင်ငံခြားပြန် စားဖိုမှူးအထိ ... ချစ်ခြင်းပြိုင်ခေါ်ပေးမယ်"

"ဟွန့် ..."

ဒီစကားကိုကြားတော့ ဆိတ်သားအိုးကိုကိုင်ရင်း မိုးနှုတ်ခမ်းလေးမဲ့သွားတာ အဆုံးထိ။ ဟင်းအိုးမွှေလက်စ ဇွန်းကိုပစ်ချရင်း မဲ့လက်စနှုတ်ခမ်းလေးနဲ့ ဒီအတိုင်း မိုးလှည့်သည်။

"ကျွန်တော် ... ခင်ဗျားကို ဘာပြောနေလို့လဲဟင်မမ"

"မင်း ... တို့ကို မခေါ်လို့မခေါ်နဲ့ ..."

ချစ်ခြင်းပြိုင်ကလည်း စွာပါသည်။

စွာတာမှ ခါးထောက်မဖြုတ်ဘဲ မျက်နှာလေးကို သိသာအောင်ပင် မော့ထားကာ စွာနေခဲ့တာပဲဖြစ်သည်။ မိုးက မခံရပ်နိုင်လို့ ဝင်ပါလာပြီဆိုတော့ ဦးချစ်စရာတစ်ယောက် ဟိုဘက်ကိုလှမ်းကြည့်လိုက် ... ဒီဘက်ကို လှမ်းကြည့်လိုက်နှင့် အလယ်ကနေ ဘာလုပ်ရမှန်းမသိအောင် တစ်ယောက်တည်း ပျာယာခတ်နေရပြီ။

မိုးကတော့ သိတယ်မှုလား။

"ဟွန်း ... ဘဝင်မမြင့်ပါနဲ့မမရာ ... ကျွန်တော်က ကိုယ့်မမအရွယ်မို့ မမလို့တလေးတစား ခေါ်ပေးနေတာပါ၊ မမတို့ချမ်းသာတာကို ကျွန်တော်သိပါတယ်၊ နိုင်ငံခြားပြန် စားဖိုမှူးအထိ မမခန့်ထားနိုင်တာကိုလည်း ကျွန်တော်နားလည်တယ်၊ တစ်ခုပဲ ... ကျွန်တော်တောင်းပန်ချင်တာက အဆင့်အတန်းခွဲခြားဆက်ဆံတာကိုတော့ ကျွန်တော်မုန်းတယ် ... အဲဒါပါပဲ"

ပြောပြီးတာနဲ့ မိုးဂရုမစိုက်သလို ကျောခိုင်းပြန်လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ဖို့ ဟင်းအိုးမွှေနှင်းကို ပြန်ကောက်ကိုင်သည်။

"ဟင် ... ကြည့်စမ်း ချစ်ခြင်းပြိုင်ကိုများ သူကပဲမှန်သတဲ့၊ ဒီကောင် ... ဒီကောင်လေးပြောတာ ဦးလေးချစ် ကြားတယ်နော်"

"ဟူး ... တူမကြီးရယ် ... မိုးဆိုတဲ့ကောင်လေးပြောတာကို ဦးလေးချစ်တောင်းပန်ပါတယ်၊ မိုးက မဟုတ်မခံစာဘ်ဘတ်ကြဲ ကောင်လေးဖြစ်နေလို့ပါ"

"ဟာ ... ဒီခြံနဲ့ဒီတိုက်မှာ သူကအလုပ်သမား၊ အလုပ်သမားက အလုပ်ရှင်ကို မာရေကြောရေ လာဆက်ဆံနေလို့ရလေား"

ဒီလိုပြောတော့ မိုးပြန်လှည့်လာပြန်ပြီ။

"မစ္စာနဲ့မရော ... မမစ္စာနေတာ ကြည့်လို့မကောင်းဘူး သိလား။ မမနှုတ်ခမ်းပေါ်က ဆန့်ကျင်ဘက်ယောက်ျားတွေကို ဆွဲဆောင်ညှို့ယူနိုင်စွမ်း တအားပြင်းတဲ့ Sexter brand တံဆိပ် ကြက်သွေးရောင် နှုတ်ခမ်းနီပျော့ပျော့လေးကို မမအားနာပါဦး"

"ဘာ ... ဘာပြောတယ်ကွ ... တို့ဆိုးထားတဲ့ နှုတ်ခမ်းနီ တံဆိပ်ကိုတောင် မင်းကသိနေတယ်ဟုတ်လား ... ဒီလို အဆင့်အတန်းမျိုးနဲ့ သူများခြံ သူများတိုက်မှာ ထမင်းဟင်းချက်နေရတဲ့ မင်းက ဒီတံဆိပ်နဲ့ကျာလတီကိုသိနေတာ၊ အံ့ဩဖို့တောင်ကောင်းလိုက်တာ ... မင်း ... မင်း ... ရိုးရိုးဝထမင်းချက် ကောင်လေးမှ ဟုတ်ရဲ့လားဟင်မိုး ... "

မိုးကိုစိုက်ကြည့်ပြီး ချစ်ခြင်းပြိုင်စိတ်ထဲမှာ တစ်မျိုးလေးဖြစ်လာတာတော့အမှန်ပါ။ ယောက်ျားလေးတွေထဲမှာမှ ဒီမိုးဆိုတဲ့ ကောင်လေးက ဘာကြောင့်ပိုချောသလိုဖြစ်နေတာလဲ၊ ဝတ်ထားတာလည်း ဒူးပုံးဘောင်းဘီရှည်အပွကို အဖြူရောင်ဗီတ်စကြီးခါးမှာ ပတ်လို့ ကြည့်ရတာ အင်တာနေရှင်နယ် စားဖိုမှူးစတိုင်လ်ပေါ့။





တစ်ခုပဲခက်နေတာ စကားပြောတာ နှုတ်ခမ်းလေးမဲ့မဲ့ပြီး တစ်ဖက်က မခံချင်အောင်ပြောနေတာ။

"ဟွန်း ... မမရော ... ကျွန်တော်က အဆင်မပြေသေးတဲ့ဘဝ အခက်အခဲတွေကြောင့် ဒီခြံပိုင်ရှင် သူဌေးမင်း ကျွေးတဲ့ထမင်းကိုစားပြီး ကျရာနေရာကနေ လုပ်ရှားကပြ အသုံးတော်ခံနေရတာပါ။ အပေါ်ထပ်မှာ မမကိုပြောခဲ့မိတာလည်း သူဌေးမင်းကို ပြုစုရမယ့် တာဝန်ရှိနေလို့ ပြောခဲ့မိတာပါ၊ ဒါကိုမကျေနပ်လို့ မမကျွန်တော့်ကို ကြိုက်သလိုပြောနိုင်ပေမယ့် ကျွန်တော့်ကို အလုပ်ထုတ်ပိုင်ခွင့်တော့ မမမှာ မရှိပါဘူး ... အကောင်းဆုံးက သူဌေးမင်းအနားကိုပဲ မမပြန်သွားလိုက်ပါ"

"ဟော့ ... ဒီမှာ ... ဒီမှာ ... "

ချစ်ခြင်းပြိုင်ကလည်း အရှုံးမပေးပါ။

ခြေလှမ်းတွေကို ခပ်ကြဲကြဲလှမ်းပြီး မိုးအနားထိ ချစ်ခြင်းပြိုင် ရောက်သွားသည်။

"မင်းတို့ကို ဘာမှဆရာလုပ်နေစရာမလိုဘူး သိလားမိုး"

ပခုံးချင်းတိုက်လုမတတ်ထိပြီးတော့ နှစ်ယောက်ဘေးချင်းယှဉ်ကာ ချစ်ခြင်းပြိုင်က သွားရပ်၏။ ဒီလိုရပ်တော့ မိုးကလည်း ဟိုဘက်ကိုရွှေ့မသွားဘဲ ဒီအတိုင်းပေခံသည်။

"ကျွန်တော် ဆရာလုပ်တာမဟုတ်ပါဘူး မရယ် ... မမကို စေတနာနဲ့ကျွန်တော်ပြောနေတာပါ ... ဟွန်း ... ကျွန်တော့်အနားတော့ သိပ်ကပ်နဲ့နော်မမ ... မက သိပ်လှတော့ အနားကပ်လာတာနဲ့ ကျွန်တော်ရင်တုန်တယ်"

"ဟယ် ... ကြည့်စမ်း ... မင်း ... မင်း၊ မင်းက တို့ကိုဒီလိုတောင် ပြောရဲတယ် ဟုတ်လား ... ကဲ ... အဲဒါ ... ပြောဦးကွာ၊ ပြောဦးကွာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း ... ဖြန်း ..."

"ဟာ ... မမ ..."

ရုပ်ရှင်ထဲကလိုမဟုတ်ဘဲ အပြင်မှာတကယ်ရိုက်ချလိုက်တာက ဘယ်ပြန်ညာပြန်နှစ်ချက်ဆင့်လျှက်၊ ပထမတော့ ... မိုး ကြောင်သွားသည်။ နောက်တော့ နာကျင်စွာ မိုးမျက်နှာလေး ပြုံးသွား၏။

ထိုအပြုံးလေးနဲ့ပဲ သိုင်သွားသော ကိုယ်ကလေးကိုတည့်တည့် ကာ မမချစ်ခြင်းပြိုင်ရဲ့ မျက်ဝန်းတွေကို ဟိုးအညှိတည့်ပဲ စိုက်ကြည့်ပစ်လိုက်သည်။

"အဟင်း ... ဘယ်ဆိုးလို့လဲ၊ မမက ပါးရိုက်တာ တော်တော်ကျွမ်းတာပဲ ... ကျွန်တော်ဆိုတဲ့မိုးကလည်း ဒီလိုမမမျိုးကိုပဲ တွေ့ချင်တာ ... ကဲ ... အဲဒါ ကျွန်တော့်ပါးကိုရိုက်တဲ့ မမအတွက် ကျွန်တော့်ရဲ့ အနမ်းလက်ဆောင် ..."

"ဟာ ... မိုးနော် ... မင်း ... မင်း ..."

"အွတ် ..."

"အွတ် ..."

ဟာ ... သေစမ်း ... ။

မိုးဆိုတဲ့ကောင် ခြေသွက်လက်သွက်နဲ့ ချစ်ခြင်းပြိုင်ရဲ့ ခါးကလေးကော့ထွက်သွားအောင် တအားသိမ်းကျုံးဖွေ့ဖက်ပစ်လိုက်ရင်း နှုတ်ခမ်းလေးနှစ်မွှာပေါ်ကို ကြမ်းတမ်းသော အနမ်းတွေ ရွာချပစ်လိုက်သည်။ ဒါကို ချစ်ခြင်းပြိုင် ရုန်းပေးမယ့် ရုန်းလို့မရ။ ဆံပင်တွေ ပြေကျကုန်သည်၊ ခေါင်းစည်းပုဝါလိမ္မော်ရောင်လေး ကြမ်းပြင်ပေါ် ပြုတ်ထွက်ကျသွား၏။

ရမလား ...

ဒီကလည်း မိုးလေ ...



"ဟား ... ဟား ... မမဆီက လက်ဆောင်ရလိုက်တဲ့ အနမ်းလေးက အရမ်းချိုတယ်ဗျာ၊ ဒါကြောင့်မို့ ... ကျွန်တော်အနားထိ ရောက်အောင်ကိုမလာနဲ့လို့ ကျွန်တော် သတိပေးခဲ့တာ၊ ခွင့်လွှတ်နော် မမ ... Sexter brand နှုတ်ခမ်းနီက တကယ်လန်းတယ် ဆိုတာ ကျွန်တော် ယုံလိုက်ပြီ"

သွားပါပြီ။

ချစ်ခြင်းပြိုင် အင့်ခနဲ တစ်ချက်ရှိုက်ကာ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ရင်းလှည့်ထွက်သွားတာ ဆံပင်တွေ ဖရိုဖရဲနဲ့။

"ဟေ့ကောင်မိုး ... မင်းဘယ်လိုလုပ်လိုက်တာလဲ၊ ဒါ ... ဒါ ... မင်းသခင်သိရင် မင်းပြဿနာအကြီးအကျယ်တက်တော့မှာ မင်းတကယ်အလုပ်ပြုတ်ပြီ ..."

"ဦးလေးချစ်မြင့်တဲ့အတိုင်း ကျွန်တော့်ကို ပါးရိုက်လို့ ဒဏ်တပ်လိုက်တာ၊ ဟွန်း ... သူများနမ်းပြီးသားကြီးကို သူဌေးမင်း လက်ထပ်ချင်လည်း လက်ထပ်လေ"

"ဟော ... မင်းဘယ်လို ပြောလိုက်တာလဲ"

ဦးချစ်စရာ မျက်လုံးပြူးသွားတာ မျက်ခုံးတွေ ကျုံ့တက်သွားတဲ့အထိပင်၊ ဟိုကျေးရှုးရှင်လေးကတော့ ဘာကိုမှ ဂရုမစိုက်တဲ့အတိုင်း မျက်နှာလေးမော့ကာ တဟားဟား အော်ရယ်လျှက်။ ဒီကောင် ဘာသဘောနဲ့ ဒီလိုပြောခဲ့ရတာလဲ။

သူများနမ်းပြီးသားကြီးကို လက်ထပ်ချင်လည်း လက်ထပ်လေတဲ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

"ဘာပြောတယ်မိုး ... မင်းက ချစ်ခြင်းပြိုင်ကို မုန်းတယ် ဟုတ်လား ... ဟား ... ဟား ... မင်း ... မင်းတကယ့်ကောင်ပဲ မိုး၊ ငါကတော့ ချစ်ခြင်းပြိုင်ကို မြင်တာနဲ့ မင်းသဘောကျသွားပြီ ထင်နေတာ"

"ဟွန်း ... ဘာလို့သဘောကျရမှာလဲ"

မိုး နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ဦးမင်းသခင်ရဲ့ခုတင်စောင်းကလေးမှာ ခြေနှစ်ဖက်ချိတ်ကာ ဝင်ထိုင်သည်။ ရင်ထဲမှာ တကယ်ရှိတဲ့ အတိုင်း မိုးပြောလိုက်တာပါ။ ဒါကို သူဌေးမင်း မကြိုက်လည်းနေလေ။ ကျွန်တော်ကတော့ သမိုင်းပေးတာဝန်အရ သူဌေးမင်း ဘယ်သူနဲ့ပဲလက်ထပ် လက်ထပ် လက်မထပ်ဖြစ်အောင် အတင်း ဖျက်စီးရမှာပဲ။

"ဒါ ... ဒါဆို ချစ်ခြင်းပြိုင်ကို မင်းတကယ်မုန်းတယ်ပေါ့"

"ဟာ ... သူဌေးမင်းရယ် ... မြင်လိုက်တာနဲ့တောင် မုန်းပါတယ်လို့ပြောနေတဲ့ဥစ္စာ၊ အခုလည်း ကျွန်တော့်ကို စကားပြောတာ ဂျစ်ကန်ကန်ပြောလို့ဆိုပြီး ကျွန်တော့်ပါးကို နှစ်ချက်ဆင့်ရိုက်သွားတယ်လေ"





"ဟာ ... ကြည့်စမ်း ..."

"ဘယ်ရမလဲ ... ကျွန်တော်ကလည်း အသားကုန်ဆွဲဖက်ပြီးတော့ နမ်းပစ်လိုက်တယ်"

"ဟော ..."

မင်းသခင် မျက်တောင်တွေကော့တက်သွားအောင် မျက်လုံးပြူးသွားသည်။

"မင်း ... မင်းက ... ချစ်ခြင်းပြိုင်ကို နမ်းပစ်လိုက်တယ် ဟုတ်လား"

"ကျွန်တော့်ပါးကို ဘလိုင်းကြီးရိုက်သွားတာ မခံချင်လို့ ကျွန်တော် နမ်းပစ်လိုက်တာပါ ... အဲဒါ ... သူဌေးမင်း မကျေနပ်ရင် ကျွန်တော့်ကို အလုပ်ထုတ်ပါ"

"ဟွန်း"

မင်းသခင် နှုတ်ခမ်းလေးမဲ့သွားတာလည်း အခုံးထိ။

"ငါ ... မင်းကို မပြောတော့ဘူးသိလား ဟေ့ကောင် ... ဒီနေ့ကစပြီး ဒီခြံမှာ မင်းကြိုက်တာလုပ်တော့ ငါမင်းကို လက်မြှောက်အရှုံးပေးထားလိုက်ပြီ"

"ဟာ ... အဲဒါ ... တကယ်နော်"

မိုးအံ့သြသွားကာ မျက်တောင်လေးကိုတောင် မခတ်နိုင်။

"ဒီ ... ဒီလိုကျတော့လည်း သူဌေးမင်းက သဘောကောင်းသားပဲ၊ ဘာလဲ ... မချစ်ခြင်းပြိုင် ကျွန်တော့်ကို ပါးရိုက်သွားတဲ့ကိစ္စမှာ ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ သူဌေးမင်းက ထင်ထားလို့လား၊ ဒါဆိုရင်တော့ ... သူဌေးမင်းမှာ ခံစားတတ်တဲ့နှလုံးသားရှိနေလို့ပဲဖြစ်ရမယ်၊ စဉ်းစားကြည့်ပါ သူဌေးမင်းရာ ... သူက အပေါ်ထပ်ကနေ ဆင်းလာပြီး မီးဖိုခန်းထဲမှာ ကျွန်တော့်ကို ပေါ်တင်လာရိုက်တာ ဒီမှာလေ ... ကျွန်တော့်ပါးနှစ်ဖက်စလုံး ရဲတွတ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



သူဌေးမင်း ကြည့်လိုက် …”

ဦးမင်းသခင်မြင်အောင် ပါးနှစ်ဖက်စလုံးကို ဟိုဘက်ဒီဘက် လှည့်ကာ မိုးကပြလိုက်သည်။ သူကတော့ နှုတ်ခမ်းတွေကိုတွန့်မဲ့လျက်။ မိုးကိုလည်း စိတ်ကုန်နေသည့် မျက်ဝန်းတွေနဲ့ မျက်တောင်မခတ်ဘဲ စိုက်ကြည့်သည်။

“တွေ့တယ်နော် … သူဌေးမင်း …”

“ဟွန်း … မင်းပါးလေးက တော်တော်လေး နုတာပဲ”

ဦးမင်းသခင်လေသံက ခပ်ငေါ့ငေါ့လေး ပြောလိုက်သလို။ မိုးမျက်နှာလေးကို ကဗျာကယာလေး ပြန်လှဲလိုက်ရ၏။

“မင်းပါးက ရိုက်ပစ်ဖို့မကောင်းဘူး၊ တစ်ခါတည်း ဖက်နမ်းပစ်ဖို့ပဲ ကောင်းတဲ့ ပါးဆိုတာရော မင်းသိရဲ့လားဟင်မိုး”

“ဟျာ … သူဌေးမင်းနော် …”

မိုးတစ်ကိုယ်လုံး တုပ္ပသွားကာ အသံတွေပါ တုန်သွားသည်။

“ခုတော့သွားပြီပေါ့ … ငါလက်ထပ်ရမယ့် မိန်းမတစ်ယောက်ကို မင်းက ဦးဦးဖျားဖျား နမ်းပစ်လိုက်ပြီပေါ့”

ဟက်ခနဲ ရယ်ချလိုက်ပေမယ့် ဦးမင်းသခင် ရင်ထဲမှာ ဘာခံစားချက်မှ မရှိခဲ့သလို မိုးမျက်နှာကို မကြည့်တော့ဘဲ ခုတင်ပေါ်က ထကာ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ဦးမင်းသခင် တစ်ယောက် တည်းသွားရပ်သည်။ ပြီးတော့မှ မှန်ထဲကနေ မြင်နေရသည့် မိုးကို မသိမသာ လှမ်းကြည့်သည်။

“ဟဲ … ဟောကောင် မင်းငါ့ကိုပြောစမ်း … ချစ်ခြင်းပြိုင်ကို မင်းဘာလို့ ဒီလိုနမ်းပစ်လိုက်ရတာလဲ၊ ငါလက်ထပ်ရမယ့် မိန်းမတစ် ယောက်ကို မင်းဒီလိုစော်ကားပစ်လိုက်တာကောင်းသလား”

“ကျွန်တော် … ကျွန်တော် … စိတ်မထိန်းနိုင်တော့လို့ နမ်း လိုက်မိတာပါ သူဌေးမင်းရာ … သူဌေးမင်းမကြိုက်ရင် နောက် ဘယ်





တော့မှ မနမ်းမိအောင် ကျွန်တော်စိတ်ထိန်းပါ့မယ် … အခုလည်း ထမင်းစားဖို့ ကျွန်တော်လာခေါ်တာပါ”

“ငါ … မစားချင်ဘူး ဟောကောင်”

မိုးမျက်နှာလေးကို တစ်ဖက်လှည့်ကာ ပြုံးလိုက်မိသည်။

“ညကလည်း တစ်ညလုံးမအိပ်ရလို့ ခေါင်းကကျ မင်း ကလည်း စောစောစီးစီးရောက်လာတဲ့အပြင် သည်ကို ပြဿနာရှာ၊ ရှေ့လျှောက် ဒီပြဿနာတွေကို ငါဘယ်လိုရှင်းရတော့မလဲဆိုတာ မင်းစဉ်းစားမိရဲ့လားဟောကောင် … ချစ်ခြင်းပြိုင်က ငါ့ကိုပါ စိတ် အနာကြီးနာသွားတော့မှာကွ”

“အဲဒါ ကောင်းတာပေါ့ သူဌေးမင်းရဲ့ …”

“ဘာပြောတယ် …”

မိုးဘက်ကို ချာခနဲနေအောင် ဦးမင်းသခင် ပြန်လှည့်လာပြီ။

“ဟာ … သူဌေးမင်းနော် ကျွန်တော့်ကို မျက်လုံးကြီးပြူးပြီး ကြည့်မနေနဲ့နော် … ကောင်းတယ်ဆိုတာ အဲဒီမိန်းမ စိတ်နာသွား တာကို ကောင်းတယ်လို့ပြောတာ ဒါမှ လုပ်ကြီးဘဝနဲ့ ပေါ့ပေါ့ပါး ပါး လွတ်လွတ်လပ်လပ်ကလေး သူဌေးမင်းနေသွားလို့ရမှာ … ဟဲ ဟဲ … အဲဒါ … အဲဒါ … သူဌေးမင်းအပေါ်မှာ ကျွန်တော်ထားတဲ့ စေတနာ …”

“ဟွန်း … ပြောလိုက်ရင်လည်း ဘာတစ်ခုကလေးမှ အချိုး မပြေတဲ့ကောင် ဒီမှာ … မင်းလုပ်သမျှကို ငါလက်ပိုက်ကြည့်နေ တယ်ဆိုတာ အကောင်းအောက်မေ့နေလို့လား … မင်းကိုယ်မင်း ဟုတ်လှပြီ တော်လှပြီထင်မနေနဲ့၊ လာ … ဒီမှာ ငါ့ကိုတက်နင်းပေး ဆက်ပြောလည်း ဆွဲပေး …”

“ဗျာ”

ပြောလည်းပြော ခုတင်ကြီးပေါ်မှာလည်း ဆန့်ဆန့်ကြီးလှဲ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချလိုက်ပြီ ဆိုးဘာမှတောင်နိုင်တော့ပါ။ သူ့လက်အောက်ကို ရောက်နေမှတော့ သူပြုသမျှ နုရတော့မှာပဲပေါ့။ ဟွန်း ... မိုးရင်တုန် ပန်းတုန်လေးနဲ့ကြည့်လိုက်တော့ ဦးမင်းသခင်ရဲ့ အရုပ်ကြီးက နည်းတဲ့အရုပ်ကြီးလား။ ကိုယ်လုံးကလည်း တောင့်ဖြောင့်သလားမမေး နဲ့။

"ကျွန်တော် ... ကျွန်တော် ဘယ်လိုနှင်းရမှာလဲ ..."

"နှင်း ... နှင်း ဟော့ကောင် ... မင်းကြိုက်သလိုနှင်း"

"ကျွတ် ..."

မိုး စိတ်ညစ်ညစ်နဲ့ ခေါင်းကလေးကို ကုတ်လိုက်မိ၏။

ခင်ဗျား ... ခင်ဗျား ဘယ်လိုလူကြီးလဲ ဦးမင်းသခင်ရာ။ ဒီခြံထဲမှာ ကျွန်တော် အလုပ်လာလျှောက်လိုက်မိတာ မှားပြီထင်တယ်။ ခင်ဗျားက ယောက်ျားလေးတစ်ယောက်လိုထင်ပြီး နှင်းခိုင်းတာမှန်ပေမယ့် ကျွန်တော်က ခင်ဗျားထင်သလို ယောက်ျားလေး တစ်ယောက်မှ မဟုတ်တဲ့ဟာ။ နလုံးသား လုံးဝမရှိတဲ့ခင်ဗျားကို လက်စင်တွေ တင်လျှော်ကြီးပေးချင်လို့ ဒီခြံထဲကို ယောက်ျားလေး ဟန်ဆောင်ပြီး ဝင်လာခဲ့ရတာ။

ခုတော့ သေပြီ။

မိုး ခေါင်းလေးကုတ်ပြီး ယောင်ယောင်မှားမှားနဲ့ သူ့ပေါင်တံကြီးပေါ်ကို တက်နှင်းချလိုက်တော့ ...

"အား ... အား ... ဟော့ကောင် ဘယ်နေရာကို တက်နှင်းတာလဲကွ ..."

"ဗျာ ..."

မိုး မျက်လုံးပြူးသွားသလို ရင်ထဲမှာပါ တုန်သွားသည်။ အောက်ကိုလည်း ကမန်းကတန်း ပြန်ဆင်းလိုက်ရ၏။

"ဆော ... ဆောရီးနော် သူဌေးမင်း ... သူဌေးမင်းက နှင်း





ခိုင်းလို့ ကျွန်တော် တက်နှင်းချလိုက်တာ၊ ဟဲ ... ဟဲ ... ခြေသလုံး ခြေသလုံးက စနှင်းမယ်နော် သူဌေးမင်း ..."

"နှင်းကွာ ... နှင်း ... နှင်း ..."

မိုး ခြေသလုံးပေါ်ကို အခုမှ ထိထိမိမိလေး ပြန်တက်ရသည်။

ဦးမင်းသခင်ကတော့ မျက်နှာလေးရှုံ့မဲ့လို့။ ပေါ်တော်လေးလည်း အီစလီဝေသွားပုံရသည်။ မိုးမှာလည်း ဟန်မပျက်နှင်းနေရပေမယ့် စိတ်ကဘယ်လိုလုံမှာလဲ နှင်းတော့လည်း အကိုင်မရှိတာမို့ မိုးကိုယ်လုံးလေးက ဟိုယိုင်ဒီယိုင်။

"ဟော့ကောင် ... ခြေသလုံးကို သေသေချာချာထိန်းပြီးနှင်းနော် ... ငါ့ကိုယ်ပေါ်ကိုလည်း မင်းလဲပြိုကျလာဦးမယ် ... အား အား ..."

မိုးအမြင်ကတ်ကတ်နဲ့ ဖနောင့်နဲ့အတင်းဖိကြိတ်တော့ ဦးမင်းသခင်က အောက်ကနေ တအားအား အော်နေသလို မျက်လုံးလေးစင်းကာလည်း တကျွတ်ကျွတ်နဲ့ စုတ်ကလေးသပ်နေသည်။

"ကျွတ် ... ကျွတ် ... မိုးရာ မင်းတကာယ်နှင်းတတ်တဲ့ကောင်ပဲ ... အား ... ရှီး ..."

နှင်းနေရတဲ့မိုးမှာလည်း မစားသာပါ။

အောက်ကို ငုံ့မကြည့်ရဲလို မျက်နှာလေးအပေါ်မော့ထားရပေမယ့် ခြေဖဝါးလေးဆီက အတွေ့အထိလေးကိုတော့ မိုးမသိချင်ဟန်ဆောင်နေလို့ရမလား။ ကိုယ်လုံးကိုယ်ပေါက်ကအစ တကယ်တောင့်ဖြောင့်လွန်းတဲ့ ဦးမင်းသခင်။

အသားအရည်ကအစ ဝင်းနှစ်လို့။

"ဟင်း ... ဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ညည်းညူသံလေးပေးပြီး ဦးမင်းသခင်က ခိုမ်ကျနေသလောက် မိုးမှာလည်း ဖြိုပျက်ဖြူဖျော့နေရတဲ့မျက်နှာလေးကိုထိန်းကာ ဦးမင်းသခင်ရဲ့ အိမ်ခန်းနံရံကြီးပေါ်မှာ ချိတ်ထားတဲ့ ပန်းချီကားကြီးတွေဆီကိုပဲ ငေးစိုက်ကာ ကြည့်နေလိုက်မိတော့၏။

"ဟော့ကောင် နှင်းလေ ... ခြေဖျားလေးတော့ သွားအောင်နာနာဖိစမ်း ..."

"အား ... အား ..."

"ကောင်းတယ် ... ကောင်းတယ် ..."

"အား ... ရှီး ..."

"ကောင်းလိုက်တာမိုးရာ ... တောင့်တင်းနေတဲ့အကြောတွေ ခုမှပြေသွားသလိုပဲ၊ ဖိ ... ဖိ နာနာဖိ၊ ဟင်း ... ဟင်း ... မိုက်တယ်ကွာ၊ မင်းကိုတော့ ငါအရမ်းချွဲသွားပြီ၊ နောက်တစ်ခါ ကမ်းခြေမှာသွားပြီးအနားယူရင် မင်းကိုပါ ငါခေါ်သွားမှဖြစ်တော့မယ်၊ ဟော့ကောင် ... ငါပြောတာ ကြားလား၊ ဟော့ကောင် ... ဟာ ... ကြည့်စမ်း ..."

နှင်းရင်းနဲ့မိုးငိုက်သွားတာ အော်နေတဲ့အသံက ကြားတစ်ချက် မကြားတစ်ချက်။

"ဟော့ကောင် ..."

"အင် ... ဟင် ... သူဌေးမင်း ..."

"မင်း ... မင်း ... ငိုက်ခနေနဲ့လေကွာ ပြဿနာပဲ ..."

"ကျွန်တော် ... ကျွန်တော် အရမ်းငိုက်သာနေပြီဗျ"

တကာယ်လည်း ငိုက်ထဲမှာ တင်ငိုဝိုနဲ့တောင် မြည်နေပြီ။

"ကဲ ... ငိုက်သာနေရင်လည်း ဆင်းတော့ကွာ၊ ဆက်မနှင်းနဲ့တော့"

"ဟဲ ... ဟဲ ... ကျွန်တော် နောက်မှ ဆက်နှင်းပေးမယ်





နော်"

"ဟဲ့ ... ဟဲ့ ... ဒါက ဘယ်လိုတွေဖြစ်နေကြတာလဲ၊ ကြည့်စမ်း ... တစ်ယောက်ကအောက်မှာ တစ်ယောက်ကအပေါ်မှာ"

"ဟာ ... မာမီ ..."

"ဘုရားရေ ..."

ကြည့်စမ်း ... မာမီတဲ့။

ဒါ ... ဒါ ... ဦးမင်းသခင်ရဲ့မာမီလား။

ဒီလိုစိန်တွေပြွတ်သီးနေအောင် တဖျတ်ဖျတ်ခါလက်နေတာ ဦးမင်းသခင်ရဲ့မာမီတဲ့လား။

"ဟိတ် ... ဟိတ်ကောင်လေး မင်းမသွားနဲ့ဦးနော် ... မင်းအဲဒီမှာ ရပ်နေစမ်း"

မိုးအောက်ထပ်ကို ဆင်းပြေးဖို့ ခုတင်ပေါ်ကနေ ဝုန်းခနဲခုန်ဆင်းလိုက်ပေမယ့် မိုးရဲ့လှုပ်ရှားမှုတွေက နောက်ကျသွားသည်။

"ဟုတ်တယ် မာမီ ... ဟုတ်တယ် ... ဟုတ်တယ် မမချစ်ခြင်းပြိုင်ပြောတဲ့ မိုးဆိုတဲ့ကောင်လေးက ဒီကောင်လေးပဲဖြစ်ရမယ်"

ဒါကိုတော့ မာမီ့နောက်မှာရပ်နေတဲ့ ညီမလေးအိမ့်ချစ်မှူးက မိုးကိုကြည့်ကာ အသံတစာစာလေးနဲ့လှမ်းအော်ပြောလိုက်တာပဲဖြစ်သည်။

မင်းသခင်ရဲ့ မာမီ ဒေါ်ခန့်ဝင့်ထယ်ကတော့ ...

ခါးတစ်ဖက်ထောက်ကာ နှုတ်ခမ်းလေးကို မဲ့ထားလျက်။

မိုးဆီကိုပဲ တန်းတန်းမတ်မတ် လျှောက်လာသည်။

ပြီးတော့ သူတို့အားလုံးကို လှည့်မကြည့်ဘဲ ဒီအတိုင်းလေးရပ်နေတဲ့ မိုးပခုံးစွန်းလေးတစ်ဖက်ကို ဒေါ်ခန့်ဝင့်ထယ်က အတင်းဆွဲလှည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ် ... ဒီမှာ မိုးဆိုတာ မင်းလား ..."

မိုးကိုယ်လေးယိုင်သွားပြီး မျက်နှာလေးကို လှည့်လိုက်ရ၏။

"ဟုတ် ... ဟုတ်ပါတယ် အန်တီ ... ကျွန်တော် မိုးပါ"

"မင်း ... မင်း ... ငါ့ချွေးမလောင်းလေးရဲ့ ပါးကို အတင်းနမ်းတယ်ဆို ..."

"ဗျာ ..."

"မင်း စော်ကားစရာလားဟင် ကောင်စုတ်လေး ... ဒီမြို့မှာ နေရတဲ့မင်းအဆင့်အတန်းနဲ့ ငါ့ချွေးမလောင်းကို မင်းဒီလိုစော်ကားစရာလား"

"ကျွန်တော် ... ကျွန်တော် ..."

ဦးမင်းသခင်ရဲ့မျက်နှာကို အားကိုးတကြီးလေး မိုးလှမ်းကြည့်မိတာ အဲဒါ မိုးမှားသလား။

"မဟုတ်ဘူးမာမီ ... ဒီကိစ္စကို မာမီမသိဘဲနဲ့ မိုးကိုစွဲချက်တင်မနေနဲ့၊ မာမို့ချွေးမလောင်းက မိုးကိုပြုသနာသွားရှာပြီး ပါးနှစ်ချက်ရိုက်သွားလို့ မိုးက မခံချင်စိတ်နဲ့ နမ်းပစ်လိုက်တာ"

"ဘာပြောတယ်"

ဒေါ်ခန့်ဝင့်ထယ် သားကိုအားမရတာလည်း အဲဒါပဲ။

ကိုယ်လက်ထပ်ရမယ့် ကိုယ့်ရဲ့ဇနီးလောင်းကို ဒီလိုဘာမဟုတ်တဲ့ ထမင်းချက်သန့်ရှင်းရေးအလုပ်သမားမိုးက မတန်မရာနမ်းခဲ့တာကိုတောင် မိုးဆိုတဲ့ကောင်လေးဘက်ကနေ ဒီကောင်ကာဆီး ကာဆီးလိုက်ပြောနေတာလေ။

"ဟုတ်တယ်မာမီ ... မိုးမှာ အပြစ်မရှိတာ ကျွန်တော်သိတယ်"

"မင်း ... မင်းက ဒီကောင်လေးဘက်က လိုက်တယ်ဟုတ်လား မင်းသခင် ..."





ဦးမင်းသခင် ခုတင်ပေါ်ကနေ ထလာပြီး မိုးပခုံးလေးကို လာဖက်သည်။

"မာမီရာ မိုးဘဝလေးက သနားဖို့ကောင်းလို့ ဒီခြံထဲမှာ ဦးချစ်စရာလည်း အဖော်ရအောင် ကျွန်တော်ခန့်ထားလိုက်တာပါ၊ ဒီကောင့်မှာ အဖေရော အမေရော ဆွေမျိုးတွေပါ တစ်ယောက်မှမရှိတော့လို့ အားလည်းကိုးရတာနဲ့ ကျွန်တော်ခေါ်ထားလိုက်တာ၊ မာမီနားလည်အောင် အရှင်းဆုံးပြောရမယ်ဆိုရင် ဒီကောင်ဟာနောက်ဆိုရင် ကျွန်တော်သွားလေရာ အိတ်ဆွဲပြီးလိုက်ရမယ့် ကျွန်တော့်ရဲ့ ကိုယ်ရေးအတွင်းရေးမှူး ဖြစ်တော့မှာ"

"ဟယ် ... ကြည့်စမ်း။ ဒီလို သူများသားပျိုသမီးပျိုကို ရှိုင်းရှိုင်းစိုင်းစိုင်း တုန့်ပြန်စော်ကားတတ်တဲ့ ကောင်လေးကိုတောင် မင်းက ကိုယ်ရေးအတွင်းရေးမှူး ခန့်ဦးမယ်ဟုတ်လား"

ပြုံးပျက်သွားသည့်မျက်နှာကိုပင် ဒေါ်ခန့်ဝင့်ထယ် ပြန်မြင်လို့မရ၊

အိမ့်ချစ်မှူးကလည်း မိုးမျက်နှာလေးကိုပဲ မျက်တောင်ရှည်တွေ ကော့စင်းနေအောင် ငေးကြည့်လျှက်။ မှူး အံ့သြနေတာက မိုးဆိုတဲ့ဒီကောင်လေးရဲ့ ဝင်းနှစ်ဖူးစင်နေတဲ့မျက်နှာလေးကိုပါ။ ယောကျ်ားလေးတစ်ယောက်ရဲ့ မျက်နှာလေးက ဘာဖြစ်လို့ဒီလောက်တောင် နုဖတ်အိစက်နေရတာလဲ၊ ခြေဆံလက်ဆံလေးတွေ ကြည့်တော့လည်း တကယ့်သွယ်သွယ်လေးမှ စင်းကော့ပြီးတော့တောင် အစက်အပြောက် ဘာစက်မှမရှိအောင် ရှင်းသန့်နေတာက အံ့သြဖို့ ကောင်းနေသည်။

"ဟုတ်တယ်မာမီ ... မိုးအရည်အချင်းကို သဘောကျလို့ ကျွန်တော်ခန့်မှာ ... ဒီကောင် အစစအရာရာ စိတ်ချရတဲ့ကောင်"

"မင်း ... မင်း စိတ်ထဲရှိတာတွေ လျှောက်လုပ်မနေနဲ့နော်



www.burmeseclassic.com

www.burmeseclassic.com



မင်းသခင် ... ဒီကောင်လေးကို ခန့်မယ်ဆိုရင် ချစ်ခြင်းပြိုင်က ခင်းကိုပါ ပြဿနာရှာတော့မှာ ... ဆာမီ ချစ်ခြင်းပြိုင်ကို ကြောက်တယ်၊ မင်းသိပါတယ် ... မာမီတို့ ဒီလိုစီးပွားတွေတက်လာအောင် ချစ်ခြင်းပြိုင်ရဲ့ မိဘတွေက ငွေအားရော လူအားပါ အကူအညီပေးခဲ့တာလေ၊ ဒါကို မင်းမေ့ထားလို့ရမလား ..."

"ကျွန်တော် သိပါတယ်မာမီရာ၊ သိလို့လည်း ချစ်ခြင်းပြိုင်ကို လက်ထပ်ပါမယ်လို့ လူကြီးစုံရာရှေ့မှာ ကျွန်တော်ခေါင်းညိတ်ထားတဲ့ဥစ္စာ၊ ဒီကောင့်ကို ကျွန်တော်ခန့်တာက ကျွန်တော့်အနားမှာ ဒီကောင့်ကို ထားချင်လို့၊ ကဲ ... မိုး ... မင်းလည်း လုပ်စရာရှိတာ သွားလုပ်တော့၊ ဒါ ... ငါ့မာမီ ဒေါ်ခန့်ဝင့်ထယ်တဲ့၊ မာမီ့နောက်မှာ ရပ်နေတာ ငါ့ညီမအငယ်ဆုံးလေး အိမ့်ချစ်မှူး ... မင်းမှတ်ထားလိုက်၊ ငါက ... အေးအေးချမ်းချမ်းနေချင်လို့ သူတို့နဲ့အတူမနေဘဲ ဒီမှာ ဦးချစ်စရာနဲ့ နှစ်ယောက်တည်းနေခဲ့တာ ..."

"ဟုတ် ... ကျွန်တော် မှတ်ထားပါ့မယ် သူဌေးမင်း ..."

"အောင်မလေးကွယ် ... ခေါ်တာတောင် သူဌေးမင်းတဲ့ ဟင်း ဟင်း ... ဘုန်းကြီးရှားနဲ့ လေ့လူးတော့ တွေ့ကြပြီပေါ့"

မိုးလှည့်ထွက်လာချိန်မှာ ခုန့်ပေါက်လိုက်လာသည့်စကားသံတွေက မိုးနှတ်ခမ်းလေးကို ဟွန့်ခနဲမဲ့သွားအောင် နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာလေ။ မိုးမျက်ဝန်းလေးထောင့်ကပ်တာ မသိမသာကြည့်လိုက်မိတာက အိမ့်ချစ်မှူးဆိုတဲ့ မိုးနဲ့ရွယ်တူကောင်မလေးကိုပါ။

ဟွန်း ... ဦးမင်းသခင်ရဲ့ ညီမလေးလို့မပြောရဘူး။

အီစက်နေအောင် ချောတဲ့ကောင်မလေးပဲ။

နာမည်လေးက အိမ့်ချစ်မှူးတဲ့လား။

ညေ်းစားလည်းများပြီး ဗျာလည်းဗျာမယ့်ပုံစံလေးပဲ။ နိုးကို





မသိမသာလေး နိုးနိုးကြည့်နေတာကောင် နှုတ်ခမ်းလေးက စုချွန်လို့။

ရှုပါတယ် ဦးမင်းသခင် ...

မိုးဆိုတာ အားလုံးကို စိမ်ခေါ်ရင်ဆိုင်ဖို့ ဦးမင်းသခင်ရဲ့ ခတ်ထားတဲ့ခြံစည်းရိုးထဲကို ချိုးဖောက်တိုးဝင်လာတာ။

မိုး ဂရုမစိုက်ပါဘူး။

နောက်ဆုံးတစ်နေ့မှာ သူများချစ်သူတွေကို အဟင်းလိုက်ခဲ့ခဲ့တဲ့ ဦးမင်းသခင်ကိုယ်တိုင် ဘယ်သူနဲ့မှ လက်ထပ်ခွင့်မရလိုက်ဘဲ ကျခုံးသွားရမယ့် ကျဆုံးမှုတွေကို မျက်ဝါးထင်ထင် တွေ့ချင်လို့လိုက်လာတာလေ။

နိုးဘာလုပ်မလဲဆိုတာ ဆက်ပြီးတော့ စောင့်ကြည့်လိုက်ဦးပေါ့ ဦးမင်းသခင်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"ရော ... ဒီအိတ်ကိုမင်းဆွဲ"

"ဟုတ်ပါပြီ"

"ဒီ ဗိုင်တွဲကြီးကိုလည်း မင်းကိုင် ..."

"ကိုင်ခဲ့မယ်လေ ... သူဌေးမင်း ... ပေး ... ပေး ..."

"ဒီ ဟန်းဗုန်းကို မင်းခါးကြားမှာချိတ် ..."

"အို ... ချိတ်လိုက်ပြီ"

"စကားတစ်လုံးမှ မပြောဘဲ ငါနောက်ကို မင်းလိုက်ခဲ့"

"လိုက်မယ် ... လိုက်မယ် ... ဟား ... ဟား ..."

ဒီလိုဝင်အောင်လိုက်တာ နံဘေးကနေ တစ်ချိန်လုံး မျက်တောင် မခတ်ဘဲရပ်နေကြည့်နေတဲ့ ဦးချစ်စရာက ဟားတိုက်ရယ်ရင်း ဝင်ပြောလိုက်တာပါ။ ဘယ်လောက်အတိုင်အဖောက် ညီနေတဲ့ဆရာ တပည့်နှစ်ယောက်လည်းဆိုတာ ...

ဒီလိုတောင့်ကျိုးတဲ့ အကောင်ဆိုးလေးကိုမှ မင်းသခင်က ကိုယ်ရေးအတွင်းရေးမှူး ခန့်လိုက်တာလေ။ ဆင်ထားပြင်ထားပေးတာလည်း ကြည့်လိုက်ဦး။ ဘွတ်နဲ့ရှုတ်နဲ့ အနောက်တိုင်းဝတ်စုံနဲ့ မင်းသခင် ဘာစိတ်ကူးနဲ့ဒီကောင့်ကို ကိုယ်ရေးအတွင်းရေးမှူးခန့်လိုက်သလဲဆိုတာလည်း တစ်ချိန်လုံး ဦးချစ်စရာ စဉ်းစားတာလည်း စဉ်းစားလို့မရ။





သူညီမလေးမှူးကလည်း ဦးချစ်စရာကိုပြောသွားသည်။

"ဦးလေးချစ်စရာ ... မှူးကိုကြီးကို ပြောထားဦး ... မိုးဆိုတဲ့ ဟိုကောင်လေးကို ကိုယ်ရေးအတွင်းရေးမှူးခန့်မလို့တဲ့ ..."

"ဟင် ... ဟုတ်လား ..."

ဦးချစ်စရာ ဘာအံ့တသြလေးနဲ့ မှူးပြောတာကို နားထောင်ရသည်။ မှူးအကြိုက်လေးဖြစ်အောင် ခေါင်းလေးတဆတ်ဆတ်ငြိမ်ကာ လက်ကလေးကိုပါ နောက်ပစ်ထားရ၏။

"ဘယ်ကရောက်လာမှန်းလည်းမသိ၊ ဘယ်မှာနေတဲ့ဟာလေးမှန်းလည်းမသိဘဲ ဒီလိုအရေးပေးတာ ... မှူးကတော့ မကြိုက်ပါဘူး။ မမချစ်ခြင်းမြိုင်ကို ခတန့်ခရာ စော်ကားလိုက်တာလည်း မှူး ဘာအားမုန်းတယ်"

"ဟွန်း ... မုန်းတယ်ဆိုပြီး မိုးကိုတော့ အပြစ်မရှိအပြစ်ရှာပါသွားမရိုက်နဲ့ဦးနော် ... မှူးကိုပါ အတင်းဖက်နမ်းသွားလို့ နောက်တစ်မှုထပ်တိုးနေဦးမယ်"

"အောင်မယ် ... မှူးကို အဲလိုလာလုပ်ကြည့်ပါလား။ ပါးပုတ်သွားအောင်တောင်ရိုက်ပစ်လိုက်ဦးမယ်၊ ဟွန်း ... မျက်နှာလေးကချောပေမယ့် ပုံစံလေးက ယောကျ်ားမပီသတာခက်တယ်၊ မှူးကတော့ ... မမချစ်ခြင်းမြိုင်ကို အဲလို လက်စင်ပေးလိုက်တာ၊ ကြည့်လို့မရလို့လိုက်လာတာ၊ အဲဒါကို ကိုကြီးက ဒီမိုးဆိုတဲ့ကောင်ဘက်ကရှေ့နေလိုက်ပြီး ကာကွယ်သွားတာလေ ... တွေ့မယ် ... တစ်နေ့ကျမှ အိမ့်ချစ်မှူးအကြောင်း ကောင်းကောင်းသိသွားအောင် လုပ်ပြလိုက်ဦးမယ်"

မျက်စောင်းလေး တခဲခဲနဲ့။

အခဲမကြေဘဲ အိမ့်ချစ်မှူး ပြန်သွားသည်။

ဟော ... ခုတော့ မင်းသဘော သူပြောထားတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံပြည့်ဆင်ပေးပြီး မိုးကို ကုမ္ပဏီရောက်အောင် ခေါ်သွားတော့မည်။

"မိုး ... ပော့ကောင် ... "

"ဗျာ ... ဦးလေးချစ် ... "

မသွားခင် မှာစရာရှိတာ ဦးချစ်စရာမှာနေ၏။

"မင်း ... မင်း ... ကုမ္ပဏီကို လိုက်သွားပြီး ထော်လော်ကန့်လန့်တွေ လုပ်မလာနဲ့နော်၊ မင်းသခင်ကို ကုမ္ပဏီမှာ ဘယ်သူမှ မော့ကြည့်ရဲတာ မဟုတ်ဘူး ... "

"ဟာ ... အဲဒါ ... ကျွန်တော် သိပါတယ်ဗျ"

"လူရှေ့သူရှေ့မှာလည်း ဆရာကြီးလိုလို သမ္မာကြီးလိုလိုနဲ့ မင်းသခင်ကို ဆရာသွားမလုပ်နဲ့နော် ... ကိုယ့်ဟာကိုယ် ခပ်တည်တည်နေ ကြားလား ... "

"စိတ်ချစမ်းပါ ဦးလေးချစ်ရာ ... ကျွန်တော် ဒီရာထူးကို လက်ခံလိုက်တာ တခြားကြောင့်လက်ခံလိုက်တာ မဟုတ်ဘူး ... ကောင်မလေးတွေ သူဌေးမင်းနားကပ်မှာစိုးလို့ လက်ခံလိုက်တာကဲ ... ကျွန်တော်သွားပြီ ဦးလေးချစ်ရေ ... တာ့တာ ... တာ့တာ"

မျက်လုံးလေးပြူးကာ လက်ကလေးထောင်ပြသွားလိုက်သေးရဲ့။

"မင်း ... အရမ်းပျော်နေလားမိုး ... "

ကားကို ကိုယ်တိုင်မောင်းရင်း ဦးမင်းသခင်က ပါးချိုင့်ခွက်လေးပေါ်အောင်ပြုံးကာ မေးသည်။

"ပျော်တာပေါ့ဗျ ... "

"ဘယ်လောက်ပျော်လဲ"

"အရမ်းပျော်တယ်လို့ပြောရမှာ စောသေးတယ်လေ ... သူဌေးမင်းရဲ့ ... ရတ်တရက်ကြီး ရာဘူးက ခုန်တက်သွားတာဆို





တော့ ဘယ်နေ့ပြန်ပြုတ်ကျမလဲဆိုတာ တွေးရင်းနဲ့ ရင်ခုန်နေရတာ ဘယ်လိုလုပ်အများကြီး ပျော်နိုင်ဦးမှာလဲ ... "

ပြောလိုက်ရပေမယ့် ဦးမင်းသခင်ကိုတော့ မိုးလှည့်မကြည့်ရဲပါ။

ကားလေးကတော့ လမ်းမကြီးပေါ်မှာ တရိပ်ရိပ်ပြေးနေသည်။ ကားကက်ဆက်လေးထဲက ဖွင့်ထားတဲ့သီချင်းကလည်း မိုးအရမ်းကြိုက်တဲ့သီချင်း ... ကိုရီးယားပေါ့ပ်အဆိုတော်အဖွဲ့ Girl Generation ရဲ့ Gee သီချင်းလေးက မြူးကြွသွက်လက်စွာ ပေါ်ထွက်လို့လာနေသည်။

သို့သော် ... ဒီသီချင်းလေးကို ကြိုက်တယ်လို့တော့ မိုးက မပြောရဲ။

"မိုး ... "

"ဗျာ ... သူဌေးမင်း ... "

"ငါလေ ... မင်းရောက်လာမှ ငါ့စိတ်တွေ ဘယ်လိုဖြစ်လာမှန်းမသိဘူး။ စိတ်ထဲမှာ တစ်မျိုးလေးဖြစ်ပြီး ပျော်နေသလိုလို ကုန်ခမ်းနေတဲ့အင်အားတွေ ငါ့ရင်ထဲကို ပြန်ရောက်လာနေသလိုလို ငါခံစားနေရတယ် ... မင်းကရော ငါ့လိုပဲ ခံစားနေရလား"

"ဟာ ... သူဌေးမင်းကလဲ ကျွန်တော်ရောက်လာတာ သူဌေးမင်းပျော်စရာလား ... ကျွန်တော်က အညတရလေးပါ၊ သူဌေးမင်းခြံထဲမှာ ခိုင်းချင်တာခိုင်းဖို့ခေါ်ထားတဲ့ ထမင်းချက်ကောင်လေ ... ဟွန်း ... ဒီကောင်လေးအတွက် သူဌေးမင်း ဘာမှ ခံစားမနေနဲ့ မေ့ထားလိုက် ... မေ့ထားလိုက် ... "

မိုးဘာမှမဖြစ်သလို လက်ကလေးခါပြပြီး ခပ်ပေါ့ပေါ့လေးပဲ ဖြေလိုက်သည်။ ဟုတ်တယ်လေ ... မိုးကြောင့် ဦးမင်းသခင် ပျော်နေရတယ်ဆိုတာ အဓိပ္ပာယ်မှမရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရင် မိုးကြောင့် ... ဦးမင်းသခင် ရှုးချင်စိတ်တွေ တောင်ပေါက်သွားရမှာ ... မကြာခင် ... ဦးမင်းသခင်ကို မိုးက ကောင်းကောင်းကြီး လက်စင်ပေးတော့မှာလေ။ ခုနေတော့ ... ဦးမင်းသခင် ပျော်ထားလိုက်ဦးပေါ့။

“ဟော့ကောင် ... မေ့ထားလို့မရလို့ မင်းကိုပြောနေတာပေါ့ကွ ... မင်းရောက်လာတာ ငါ့ဒိတ်တွေတောင် အလိုလိုလန်းလာတယ်၊ ဘာပဲပြောပြော ... မင်းငါ့ကိုတော့ အကြံပေးကွာ သိလားမိုး အဓိကအချက်ကတော့ ငါ့ရဲ့အချစ်ရေးနဲ့ အိမ်ထောင်ရေးပဲ ငါ့ဘယ်လိုမိန်းမမျိုးနဲ့ အိမ်ထောင်ပြုသင့်တယ်ဆိုတာ မင်းဆုံးဖြတ်ပေးကွာ”

“ကျွန်တော်ဆုံးဖြတ်ပေးရမယ်ဆိုရင် ဒီကမ္ဘာပေါ်မှာ သူဌေးမင်းလက်ထပ်ရမယ့် မိန်းမမျိုး ... ရှာလို့တွေ့မှာ မဟုတ်တော့ဘူး”

“ဟေ ... ဘာဖြစ်လို့လဲ”

“မိန်းမတွေက ကောင်းမှမကောင်းတာဗျ”

“ဟာ ... ဟော့ကောင် မင်းပြောတာ မဟုတ်သေးပါဘူး၊ မကောင်းရင်လည်း ဘာမကောင်းတာလဲဆိုတာ မင်းငါ့ကို သေသေချာချာထောက်ပြ၊ ဥပမာ ... ဟိုနေ့က မင်းတွေ့လိုက်တဲ့ ချစ်ခြင်းပြိုင်ကွာ ...”

“ဟွန်း ... အချောက်တိုက်ဘလိုင်းကြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့မိန်းမ ... အဲဒီမိန်းမကိုယူရင် သူဌေးမင်း ကောင့်နေအောင် ခံသွားရမှာ သေချာတယ်”

“ဟုတ် ... ဟုတ်လို့လားမိုးရာ”

ဦးမင်းသခင်က စိတ်မသက်မသာဖြစ်သွားပုံလေးနဲ့ မိုးကို လှမ်းကြည့်သည်။ တကယ်တော့ မိုးတာဝန်က သူတို့နှစ်ယောက် လက်မထပ်ဖြစ်အောင် အတင်းလိုက်ခွဲရမှာလေ။ ချစ်ခြင်းပြိုင် ကောင်းကောင်းမကောင်းကောင်း မိုးကတော့ တန့်ကွက်ရမှာပဲ။





“ကျွန်တော် ပြောတာမယုံရင် သူဌေးမင်း ယှဉ်ကြည့်လိုက်လေ”

“ဟွန်း ...”

ပြောရင်း နှုတ်ခမ်းလေးကိုပါ မိုးမဲ့ပစ်လိုက်သည်။

“မိုးရာ ... မင်းလုပ်တော ငါတကယ်ခေါင်းတွေနောက်လာပြီကွာ။ အခုဆိုရင် ... နှစ်ဖက်မိဘတွေက မင်္ဂလာရက်တောင် သတ်မှတ်ကြတော့မှာကွ ... ငါ ... ငါ ... ဘယ်ကို ထွက်ပြေးရင် ကောင်းမလဲဟင်မိုး ... ငါထွက်ပြေးရင် မင်းငါနဲ့လိုက်ခဲ့မလား”

“ဗျာ ... သူဌေးမင်း ထွက်ပြေးရင် ကျွန်တော်လိုက်ခဲ့ရမယ် ဟုတ်လား”

မိုးရင်တလေးတုန်ကာ ချက်လုံးပါ ပြူးသွားသည်။

“မင်း ... မင်း ... ငါ့နောက်ကို မလိုက်ချင်လို့လားဟင်မိုး၊ ငါလေ အမှန်အတိုင်းပြောရရင် မင်းနဲ့ပဲ နေချင်တယ်သိလားမိုးရာ မင်းနဲ့နေရတာ ငါတကယ်ပျော်လို့ပါကွာ ...”

“ဟာ ... မလုပ်ပါနဲ့ ...”

မိုးကြောက်ကြောက်နဲ့ ခေါင်းကလေး ခါငြင်းသည်။

ဦးမင်းသခင်ကို လှည့်မကြည့်ရဲအောင်လည်း ဖြစ်သွား၏။

“ဟေ ... ဘာမလုပ်ရမှာလဲ၊ မင်းက ယေယူနဲ့ဆိုလို့ ငါမယူတာလေ၊ ငါထွက်ပြေးရင် မင်းငါနဲ့လိုက်သင့်တာပေါ့ ...”

“သူဌေး ... သူဌေးမင်းက ဘယ်အထိထွက်ပြေးမှာလဲ”

“ဘယ်သူမှရှာလို့မတွေ့နိုင်တဲ့နေရာမှာ ငါတို့နှစ်ယောက် သွားပုန်းနေမယ်လေ ... မကောင်းဘူးလား။ ငါတို့နှစ်ယောက်က အေးအေးဆေးဆေးနေပ်နေရုံပဲ ... ဘယ်လောက်ပွတ်လဲ စဉ်းစားကြည့်စမ်း ...”

“အမလေး ... အဲလိုကြီးတော့ မဖွတ်ပါရစေနဲ့ ဟင်း ...”



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရတာ မိုး ... ဘယ်လောက် မျက်နှာပူနေရသလဲ မှတ်လဲ။

ဟန်ဆောင်နေရတာက ပိုဆိုးသေးသည်။

ဒီလိုနဲ့ပဲ ကုမ္ပဏီအဆောက်အဦကြီးရှိရာနေရာကို ရောက်သွားသည်။ ဦးမင်းသခင်ကား ထိုးရပ်လိုက်တာနှင့် ခပ်ချောချော ကောင်မလေးနှစ်ယောက်က ကားရှိရာကို ခပ်သွက်သွက်လေး ပြေးလာကြ၏။

နောက် ခါးလေးညွတ်ကာ ကားတံခါးကိုဖွင့်ပေးသည်။

"မောနင်း ... မန်နေးဂျင်း ..."

"မောနင်း ... မောနင်း ..."

"ဟော့ကောင် ... ဘာငိုင်နေတာလဲ ဆင်းလေ ..."

ကောင်မလေးတွေကို ငေးကြည့်နေတာနဲ့ မိုးကားပေါ်က ဆင်းဖို့တောင် သတိမရ။ ဦးမင်းသခင်အော်မှ ပြူးပြူးပျာပျာလေး နှင့် သတိဝင်လာကာ။

"ဆင်း ... ဆင်းမှာပါဗျ ..."

ဖိုင်ကိုလည်းကိုင်ရသည်။ အိတ်ကိုလည်း ဆွဲရသည်။

မျက်တောင်လေးကော့ကာလည်း ကုမ္ပဏီအဆောက်အဦကြီးကို မော့ကြည့်ရ၏။ ဘယ်ဆိုးလို့လဲ။ အဆောက်အဦကြီးက တော်တော်ခမ်းနားတာပဲ။

ဓာတ်ပုံထဲကလို အပြာရောင်မှန်ချပ်ကြီးတွေ အထပ်တိုင်းမှာ တပ်ထားတာက မော့ကြည့်လိုက်တာတောင် မိုးလည်ပင်းလေး ညောင်းသွား၏။

"ဟော့ကောင် ... မျက်နှာကို ခပ်တည်တည်ထားနော်"

"စိတ်ချစမ်းပါ သူဌေးမင်းရာ ..."

လမ်းမှာတွေ့သမျှလူတိုင်းက ဦးမင်းသခင် လျှောက်လာ





တာကို မြင်တာနဲ့ ဦးညွှတ်အရိုအသေပေးကြတာ အများကြီးပါ။ ပြီး သိသာတာက ဖိုင်ကလေးနဲ့အိတ်ကလေးဆွဲပြီး တည်တင်းနေတဲ့ မျက်နှာထားကလေးနဲ့လျှောက်လာနေတဲ့ မိုးကို မျက်ဝန်းလေးတွေ ဝေ့ဝေ့ကြည့်ပြီး စူးစမ်းသွားကြတာတွေက အများကြီး။

"ဟော့ကောင်း ... မင်းသတိထားမိလား"

"ဘာကို သတိထားမိရမှာလဲ သူဌေးမင်းရဲ့"

"မင်းကို စပ်စုပြီးကြည့်သွားတဲ့မျက်လုံးတွေ"

Lift ထဲကိုအဝင်မှာ မိုးဘက်ကို မျက်နှာလေးလှည့်ပြီး ဦးမင်းသခင်ကလှမ်းမေးလိုက်တာဖြစ်သည်။ မိုးကလည်း မိုးထက်အရပ်ပိုမြင့်နေသည့် ဦးမင်းသခင်ရဲ့မျက်ဝန်းတွေကို ခပ်တည်တည်လေး မျက်တောင်လေးကော့လျက် မော့ကြည့်ကာ ...

"ဟွန်း ... သိပါတယ်ဗျာ"

"ငါ့ဘဝမှာ ဒီအခွင့်အရေးကိုပေးတာ မင်းက ပထမဆုံးပဲ၊ အဲဒါရော မင်းသဘောပေါက်ရဲ့လားဟင်မိုး ..."

"ကျွန်တော် စိတ်မလုံဘူးဗျ"

"ဟာ ... ဘာဖြစ်လို့လဲ ..."

"သူဌေးမင်းရဲ့ ကုမ္ပဏီကြီးက အရမ်းကြီးကျယ်ခမ်းနားနေလို့"

"အခု ... ကုမ္ပဏီအစည်းအဝေးရှိတယ်လေ၊ ဒီအစည်းအဝေးကို ချစ်ခြင်းပြိုင်ကလည်း အထူးဧည့်သည်တော် တစ်ယောက်အနေနဲ့လာတက်မှာ၊ မင်းခပ်တည်တည်နဲ့ မသိချင်ဟန်ဆောင်နေနော်"

"ဗျာ ... မမချစ်ခြင်းပြိုင်လာတက်မယ် ဟုတ်လား"

မိုး ထိတ်ခနဲဖြစ်ကာ မျက်လုံးလေးပါ ပြူးသွားသည်။

ဟွန်း ... တက်လေ တက်ပေါ့ ဘာဖြစ်လဲ။ အရေးကြီးတာ ဒီနှစ်ယောက်ကို ကွဲကွဲအောင်ခွဲဖို့ပဲ။ အဲဒါ မိုးအတွက်အရမ်းအရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့ အခိုက်ကသမိုင်းပေးတာဝန်ပဲ။ ကိုလင်းမြတ်ထက်နဲ့ မမငွေလရိပ်ကို ဒီ ... ဦးမင်းသခင်ဆိုတဲ့လူကြီးနဲ့ မမချစ်ခြင်းပြိုင်တို့နှစ်ယောက်က မကွဲကွဲအောင် နောက်ကနေ အတင်းလိုက်ခွဲခဲ့တာလေ။

ကိုယ်ခံရမယ့်အလှည့်ကိုရောက်မှ နဲ့နေလို့ဖြစ်မလား။

မုန်းတယ် ...

နှစ်ယောက်စလုံးကို မိုးအရမ်းမုန်းတယ်။ မမငွေလရိပ်ရယ်။

"ဟော့ကောင် ... ငါပြောလိုက်တာနဲ့ မင်းမျက်နှာလေး မှိုင်သွားပြီလား"

"ဟာ ... မရှိုင်ပါဘူးဗျ ..."

"မမှိုင်ရင်လည်း ထွက်လိုက်တော့ ရှစ်လွှာရောက်နေပြီ"

"ဗျာ ..."

မြန်လိုက်တာ ရှစ်လွှာရောက်နေပြီတဲ့။

"ဟီ ..."

Lift တံခါးချပ်ကြီးက တီခနဲအသံတစ်ချက်ပေးပြီး ပွင့်သွားသည်။

"ယော ... မင်္ဂလာပါ ကိုကို ..."

"ဘုရားရေ ..."

Lift တံခါးဝမှာ အဆင်သင့်စောင့်နေတာ မမချစ်ခြင်းပြိုင်။ ပုံစံက လန်းသလားမမေးနဲ့။ Lift တံခါးပွင့်သွားတာနှင့် မမချစ်ခြင်းပြိုင်က လက်တစ်ဖက်ကို အဆင်သင့်ကမ်းပေးပြီးသား။

"ဟင် ... ချစ် ... ရောက်နေပြီလား ..."

ကြည့်ပါဦး ဦးမင်းသခင် ခေါ်လိုက်တာလည်းချစ်တဲ့။

ပြောလည်းပြော ... လက်ကလေးကိုကမ်းပေးရင်းလည်း အပြုံးနဲ့ မမချစ်ခြင်းပြိုင်ကို ဦးမင်းသခင်က နှုတ်ဆက်သည်။ သို့သော်





မမချစ်ခြင်းပြိုင်ရဲ့ မျက်ဝန်းလေးတွေ ရွေ့ရှားရောက်ရှိလာတာက မိုးရဲ့မျက်နှာလေးဆီကိုပဲ ဖြစ်၏။

မိုးကိုမြင်လိုက်တာနဲ့ မမချစ်ခြင်းပြိုင်ရဲ့မျက်နှာလေးက မိုးပြုံသလို ပြုံကျသွားသည်။

"ဟွန်း ... မင်းက ကိုကိုနဲ့တောင် ပါလာပြီပေါ့ ..."

"ကျွန်တော် မလိုက်ချင်ပါဘူး၊ သူဌေးမင်းက အတင်းခေါ်လို့"

ဦးမင်းသခင် မျက်လုံးကြီးပြူးပြတာ မိုးမြင်လိုက်ရသည်။ ဒါကြောင့်မို့ ... မိုးမျက်နှာလေးကို ငုံ့ချပစ်လိုက်ရတာ မမချစ်ခြင်းပြိုင်နဲ့ပြုံသနော ထပ်မတက်ချင်လို့ပါ။

"ဟော့ ... ဒီမှာ မလိုက်ချင်လည်း မင်းအခုပြန်လေ ... မိုးမင်းကိုမြင်ရတာ နေလို့မီးလို့ပူတယ် ရှင်းလား ... တို့ပြောတာ"

"ချစ်ရာ လာပါကွာ ... လူတွေကြားထဲမှာ မိုးကိုမပြောပါနဲ့"

"ဟာ ... မပြောလို့ရမလားကိုကိုရဲ့ ... ကိုကိုအနားမှာ ဒီကောင်လေးရှိနေတာ ချစ်လုံးဝမကြိုက်ဘူး ... ဒီကောင် အရမ်းမှုန်းတဲ့ကောင် ..."

မိုးနှုတ်ခမ်းလေးမဲ့ကာ ဂရုမစိုက်သလိုလေးတော့ ပြုံးမိသည်။

ရိုင်းတော့ဘာဖြစ်လဲ မမချစ်ခြင်းပြိုင်။ မိုးအရမ်းမုန်း အရမ်းနာကျင်ခဲ့လို့ ရိုင်းရတာလေ။ မမငွေလရိပ်အတွက် မိုးခံစားခဲ့ရတာတွေကို မိုးက မေ့ပစ်လိုက်ရမှာလား။

ဦးမင်းသခင် ဆွဲခေါ်လို့ပါသွားတာတောင် မမချစ်ခြင်းပြိုင်က နောက်ကိုလှည့်ကြည့် လှည့်ကြည့်နဲ့ ဦးမင်းသခင်နောက်ကို မိုးလိုက်လာတာလည်း တည်တင်းတဲ့မျက်နှာထားလေးနဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးခန်းမကြီးထဲမှာ ထိုင်တော့ ...

အထူးဧည့်သည်တွေကိုပေးထားတဲ့နေရာမှာ မမချစ်ခြင်းပြိုင်က ထိုင်သည်။ မိုးကတော့ ဦးမင်းသခင်နဲ့အနီးဆုံးနေရာလေးမှာ စားပွဲလေးတစ်လုံးနဲ့ သီးသန့်ထိုင်ခွင့်လေးရလိုက်၏။ ဆိုးနေတာက မမချစ်ခြင်းပြိုင်ဆီက မျက်စောင်းလေး ... ဝဲဝဲပြီးတော့ ရောက်လာခဲ့တာပင်၊ ဒီလိုရောက်လာတိုင်းလည်း မိုးနှုတ်ခမ်းလေးက ပြုံးပြုံးလေးနဲ့မှဲ့ခဲ့သွားတာ မမချစ်ခြင်းပြိုင်ကို အခံရခက်နေရတာပဲ မဟုတ်လား။

ဦးမင်းသခင်ကတော့ လက်ပြောင်တောက်ပနေသည့် ကျွန်းစားပွဲရှည်ကြီးထိပ်က ဆုံလည်ကုလားထိုင် အမြင့်ကြီးပေါ်မှာ တခမ်းတနားနေရာယူထားသည်။ အစည်းအဝေးခန်းမကြီးရဲ့အပြင်အဆင်က ခမ်းနားသလို ပို့ပြီးတော့ ခမ်းနားနေတာက ကုမ္ပဏီရဲ့မန်နေးဂျင်းဒါရိုက်တာ ဦးမင်းသခင်ရဲ့ အနောက်တိုင်းဝတ်စုံနက်ပြာ ရောင်ဝတ်ထားသည့် ဇကိုင်လေးနဲ့ပုံစံက ထင်းခန့်ဝင်းခန့်နေ အောင် ခမ်းနားနေခဲ့တာဖြစ်သည်။

နားပေါ်အောင်နှိုက်ကာ ညှပ်ထားသည့် ဆံပင်က ဘေးနှစ်ဖက်မှာ အပြောင်ရှင်းနေသလို ဆံပင်ကလည်း ခပ်ပါးပါးဆံပင်မို့ နဖူးပြင်ထိပ်မှာ ဆံပင်အချောင်တွေ ဖြာစင်းကျနေတာမရှိ။ ဝင်းနှစ်သော နဖူးပြင်က ဝါရွှေရောင်ပြေးနေသလို၊ ပိန်းပိတ်နက်မှောင်သောမျက်ခုံးဘန်းထူထူနှစ်ဖက်က စည်းချက်ညီညီလေး ပင့်တင်ထားတာမို့ ဝင်းထင်းသော မျက်နှာက ပို၍စိုပြေသွားသလို ဖြစ်နေခဲ့သည်။

အထူးခြားဆုံးက ...

ဦးမင်းသခင်ရဲ့ မျက်ဝန်းတွေနဲ့ နှုတ်ခမ်းတွေပါပဲ။

နှုတ်ခမ်းတွေက လေးကိုင်းလိုကွေးသွားတာမျိုးမဟုတ်ပေ





မယ့် နီတွေးလုံးချွန်ပြီး စိုအိနေတာက ဒေးပါးပါးလေးတစ်ထပ်ကို ဖျော့ဖျော့လေးတင်ထားသလို ဘယ်အချိန်ကြည့်ကြည့် ရှင်းသန့်နေခဲ့တာဖြစ်သည်။

မျက်ဝန်းတွေကတော့ ဘယ်လိုပြောမလဲ။

ခပ်စိတ်စိတ်လေး ကော့ကွေးကျနေသည့် မျက်တောင်ရှည်တွေကို ပိုင်ထားတာက မိန်းကလေးတွေ ငေးယူရလောက်သည့်အထိ ဆွဲဆောင်နိုင်အားကောင်းသည်။ ထိုမျက်တောင်ကွေးတွေရဲ့အောက်မှာ မျက်ဝန်းတွေက စိမ်းပြာနက်မှောင်နေသလို ရင်ဆိုင်ကြည့်မယ်ဆိုပြန်တော့လည်း ကြာကြာစိုက်ကြည့်ရန် ခက်ခဲသည့်မျက်ဝန်းတွေကိုအံတုမရှိအောင် ဦးမင်းသခင်က ပိုင်ဆိုင်ထားခဲ့တာဖြစ်သည်။

မိုးလှမ်းကြည့်လိုက်တော့ ...

အစည်းအဝေး အဖွင့်အမှာစကားပြောဖို့ ဦးမင်းသခင် ထရပ်လိုက်တာမြင်ရသည်။

အားလုံးရဲ့မျက်ဝန်းတွေက ဦးမင်းသခင်ဆီမှာ။

အစည်းအဝေးခန်းမကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားသည်။

မိုးကတော့ သီးသန့်စားပွဲလေးကနေ မေးလေးထောက်ကာ ဦးမင်းသခင်ရဲ့ မျက်နှာလေးကိုပဲ ငေးကြည့်လို့ပေါ့။

"အဟမ်း ... ဒီနေ့အစည်းအဝေးကိုကြွရောက်လာတဲ့အတွက် အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တွေကိုရော ကုမ္ပဏီကဝန်ထမ်းရှိပ္ပဂ္ဂိုလ်တွေကိုပါ မင်္ဂလာပါလို့ ကျွန်တော် ဦးစွာ ပထမနှုတ်ဆက်လိုပါတယ် ..."

ဦးမင်းသခင်ပြောနေတာ ပြုံးပြုံးလေးနဲ့ ချိုချိုသာသာလေးပြောနေတာဖြစ်သည်။ မိုး အံ့ဩနေတာက ဒီနေ့ကျမှ ဦးမင်းသခင်

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလောက်တောင် ခမ်းနားသွားခဲ့ရတာလဲ။ အရင်ရက်တွေတုန်းက ဦးမင်းသခင်ရဲ့ မျက်နှာကို ဒီလောက်အချိန်အကြာကြီးမှ စိုက်မကြည့်ခဲ့ဘူးတာလေ။ ကြည့်ပါဦး ... မျက်နှာထားကအစ ရယ်နေတဲ့ပုံစံလေးတာပါ ဘယ်ယောကျ်ားနဲ့မှမတူအောင် ဆွဲဆောင်မှုအပြည့်နဲ့ခမ်းနားတည်ကြည်နေတဲ့ ယောကျ်ားတစ်ယောက်ဟာ ရက်စက်တဲ့နှလုံးသားတွေနဲ့ ခံစားချက်မဲ့ခဲ့တဲ့ ယောကျ်ားတစ်ယောက်တဲ့လား။

ဦးမင်းသခင်ကို ငေးဗိုက်ကြည့်ရင်း မျက်ရည်စလေးတွေ ရစ်ဝိုင်းလာခဲ့ရတာ မိုးပါ။ ကြည့်ရင်း ... ကြည့်ရင်း ... ဦးမင်းသခင်ရဲ့ အရိပ်လေးက ပျောက်သွားပြီး မမငွေလရိပ်ရဲ့ပုံရိပ်လေးက အဝေးတစ်နေရာဆီကနေ အစည်းအဝေးခန်းမကြီးထဲကို ပြေးဝင်ရောက်ရှိလို့လာခဲ့ပြီ။

မမငွေလရိပ်က မြန်မာဆန်ဆန် အဖြူရောင်ဝမ်းဆက်လေးနဲ့။

ဦးမင်းသခင်ရှေ့မှာ ခါးထောက်ရင်ပြီး ကိုယ်ကလေးလှုပ်ခါနေအောင် ဆံပင်ရှည်တွေ တဖျတ်ဖျတ်ယမ်းခါနေအောင် ဟားတိုက်ရယ်နေလိုက်တာများ။

"ဟား ... ဟား ... ဟား ... "

"ရှင်ကတော့ ဂုဏ်သရေရှိ ညှို့ပရိသတ်တွေရှေ့မှာ တခမ်းတနားနဲ့ ရှင့်ကိုရှင် မန်နေးဂျင်းဒါရိုက်တာကြီးဆိုပြီး ကိန်းခန်းတွေကြီးနေတာပေါ့လေ၊ မန်နေးဂျင်းဒါရိုက်တာကြီး ဦးမင်းသခင်ရဲ့ ... ရှင်ဘယ်လောက်ပဲ ကိန်းခန်းတွေကြီးကြီး ရှင့်ကိုမမေ့နိုင်လို့ ရှင့်ရှေ့ကိုရောက်အောင် ကျွန်မပြန်လာခဲ့တာ၊ ဘာပဲပြောပြော ... ရှင်က ငွေလတို့ချစ်သူနှစ်ယောက်ကို မကွဲကွဲအောင် အတင်းလိုက်ခွဲခဲ့တဲ့ ရက်စက်သူကြီးတစ်ယောက်လေ၊ ရှင့်ကို အနာကြည်းဆုံးဖွဲ့





ချက်တင်ရမယ်ဆိုရင် ရှင်ဟာ ... ကိုယ်ချင်းစာသွားတာသနားစိတ်လုံးဝမရှိတဲ့သူ၊ အသည်းမပါ ခံစားချက်ပလာနတ္ထိနဲ့ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးခဲ့တဲ့လူ ... ရှင့်ကြောင့် ... ရှင့်ကြောင့်အပြစ်မဲ့တဲ့ချစ်သူနှစ်ဦးဟာ ရှင် ... နောက်ကနေ အသည်းအသန်လိုက်ခွဲလို့ ပြင်ဦးလွင်အဆင်း နှစ်ဆယ့်တစ်မိုင်မှာ ချစ်သူနှစ်ယောက် စီးလာတဲ့မြိုင်ကား အနီရဲရဲလေး ချောက်ထဲကိုပြုတ်ကျပြီး ငွေလတို့ချစ်သူနှစ်ယောက် ... နှစ်လောင်းပြိုင်သေခဲ့ရတယ်လေ၊ မန်နေးဂျင်းဒါရိုက်တာကြီးရဲ့ ... ဟား ... ဟား ... ဟား ... "

"ဟား ... ဟား ... ဟား ... "

"ကျွန်မတို့ချစ်သူနှစ်ယောက် ရုပ်ပျက်ဆင်းပျက်နဲ့ နှစ်ယောက်ပြိုင်အသေဆိုးနဲ့သေခဲ့ရသလို ရှင်လည်း ဘဝတိုင်း ဘဝတိုင်းမှာ ချစ်သူနဲ့အတူမပေါင်းရဘဲ ရှင်ချစ်တဲ့သူနဲ့နောက်ဆုံးတစ်နေ့မှာ ကျွန်မတို့လိုပဲ နှစ်လောင်းပြိုင်သေစေရမယ် ... "

"ရှင့်ကို ကျွန်မ ကျိန်စာတိုက်တယ် ... "

"ရှင့်ကို ကျွန်မ ကျိန်စာတိုက်တယ် သိရဲ့လား ... ဂုဏ်သရေရှိ မန်နေးဂျင်းဒါရိုက်တာကြီးရဲ့ ... ရှင် ... ရှင် ... ညှို့ပရိသတ်တွေကြားထဲမှာ ရှင့်ကိုယ်ရှင် အပြစ်မရှိသူတစ်ယောက်လို ဟန်ဆောင်မနေပါနဲ့ ... အခု ... ရှင်ရက်စက်ခဲ့တာတွေအားလုံးကို လက်စားချေဖို့ ... ကျွန်မရဲ့အချစ်ဆုံးညီမလေး မိုးလရိပ်က သူ့ကိုယ်သူယောကျ်ားလေးတစ်ယောက်ဟန်ဆောင်ပြီး ရှင့်နှလုံးသားတွေကိုစစ်ခင်းချေမှုဖို့ ရှင့်အနားကို ရောက်နေခဲ့ပြီလေ"

"တစ်နေ့မှာ ရှင်လည်း အသေဆိုးနဲ့သေရမယ်"

"ကျွန်မတို့ချစ်သူနှစ်ယောက်ကို အတင်းခွဲတုန်းက ရှင့်အတွေ့ လိုက်လာခဲ့တဲ့ ချစ်ခြင်းမြိုင်ဆိုတဲ့ မိန်းမကိုလည်း ကျွန်မအသေမှန်းတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ..."

ဘုရားရေ ... ကြည့်စမ်း ...

မြန်မာဆန်ဆန် အဖြူရောင်ဝမ်းဆက်လေးနဲ့ မမငွေလဒီပ်ဟာ ဦးမင်းသခင်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ အော်ဟစ်ပြောဆိုပြီးတာနဲ့ ခါးကလေးကော့ကာ ဟားတိုက်ရယ်မောရင်း အငွေ့ပုံသလိုဖြစ်ကာ ပျောက်ကွယ်သွားခဲ့ပြီ။

အစည်းအဝေးခန်းမကြီးထဲမှာ လေအေးပေးစက်တွေကနေ အအေးဓာတ်တွေ စိမ့်နေအောင်လွှတ်ထားပေမယ့် မိုးနဖူးပြင်လေးထက်မှာ ချွေးစက်တွေ စို့လာသလို ခံစားလိုက်ရ၏။

သည်တော့မှ မိုးအသိတွေ ပျက်ခနဲ ပြန်ဝင်လာသည်။

မျက်တောင်လေးကို ကပျာကယာပုတ်ကာ အစည်းအဝေးခန်းမကြီးတစ်ခုလုံးကိုကြည့်လိုက်တော့လည်း ဦးမင်းသခင်က နဂိုအတိုင်း နက်ပြာရောင်အနောက်တိုင်းဝတ်စုံလေးနဲ့ ရယ်ကာမောကာ အမှာစကားပြောနေဆဲ။

"ကုမ္ပဏီကြီးတစ်ခုလုံးရဲ့ ခမ်းနားကြီးကျယ်တဲ့အောင်မြင်မှုတွေအတွက် တာဝန်ရှိသူအားလုံးကိုလည်း ကျွန်တော် ကျေးဇူးအထူးတင်ပါတယ် ... အထူးသဖြင့် ... ကျွန်တော်ကျေးဇူးတင်ရမှာက ကျွန်တော်တို့ရဲ့ ရွှေခြေနင်းနဲ့စကြာယဉ်ကုမ္ပဏီကြီးကို ထိပ်တန်းအဆင့်ရှိတဲ့ ကုမ္ပဏီကြီးတစ်ခုဖြစ်လာအောင် ကုမ္ပဏီ တည်ထောင်ကာစ အချိန်ကတည်းက ငွေအားလူအား စေတနာမေတ္တာအား တွေနဲ့ပါ ထက်ထက်သန်သန်အကူအညီပေးခဲ့တဲ့ မိုးကောင်းကင် ကုမ္ပဏီကြီးရဲ့ ဂုဏ်ထူးဆောင် မန်နေးဂျင်းဒါရိုက်တာကြီး ဒေါ်ချစ်ခြင်းပြိုင်ဖြစ်တယ်ဆိုတာ ဒီအစည်းအဝေးကြီးကတဆင့် ဝမ်းမြောက်ဂုဏ်ယူစွာ အသိပေးကြေငြာလိုက်ပါတယ်ခင်ဗျာ"





"ဖြောင်း ... ဖြောင်း ..."

လက်ခုပ်သံတွေ စီနဲညံသွားအောင် ပေါ်ထွက်လာသည်။

မိုးကတော့ ... ဦးမင်းသခင် ပြောလိုက်ချိန်မှာ နှုတ်ခမ်းလေးမဲ့လျက် ...

လက်ခုပ်သံတွေ ငြိမ်သွားချိန်မှာ ဦးမင်းသခင်က ဆက်ပြောသည်။

"အခုတစ်ခါ ... ထပ်ပြီးတော့ ဒီအစည်းအဝေးကြီးကနေ အသိပေးကြေငြာလိုတာကတော့ ... ကျွန်တော်ရဲ့ အိမ်ထောင်ဘက်ရွေးချယ်ထားတဲ့ကိစ္စတစ်ခုပါပဲ ... ကျွန်တော်ဟာ ရှေ့လာမယ့် တစ်လအတွင်းမှာ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာဧည့်ခံပွဲကြီးတစ်ခုနဲ့အတူ လူကြီးမိဘတွေရဲ့ သဘောတူခွင့်ပြုချက်ကိုရယူပြီး ... ဒေါ်ချစ်ခြင်းပြိုင်နဲ့ လက်ထပ်ပေါင်းသင်းဖို့ ဆုံးဖြတ်လိုက်ပြီးဆိုတာပါပဲ ..."

"ဟာ ..."

"ဟင် ..."

မိုး ဒီစကားကိုတော့ နားကျင်သွားသည်။

နားထောင်လိုက်ရချိန်မှာ တစ်ကိုယ်လုံးလည်း အေးစက်သွား၏။

ဒီဆုံးဖြတ်ချက်ကို အစည်းအဝေးခန်းမကြီးထဲက ဧည့်သည်တွေနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေရှေ့မှာ ကြေငြာလိုက်တယ်ဆိုတာ မိုးကိုပါ တိုက်ရိုက်သိစေချင်လို့ ကြေငြာလိုက်တာလေ။ မိုး ... ဖျတ်ခနဲ မျက်ဝန်းလေးဝေ့ကာ မမချစ်ခြင်းပြိုင်ကို လှမ်းကြည့်လိုက်တော့ သူမဟာ ကျေနပ်ပီတိပြုံးကလေးနဲ့။

"ဒီမင်္ဂလာပွဲကိစ္စအဝဝအတွက် အထူးတာဝန်ယူပြီး စီစဉ်ပေးမှာကတော့ ကျွန်တော့်ညာဘက်ထောင့်စားပွဲမှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းထိုင်နေတဲ့ မိုးလို့ခေါ်တဲ့ ကျွန်တော့်ရဲ့ ကိုယ်ရေးအတွင်းရေးမှူးအသစ်က အစစအရာရာအောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးမှာဖြစ်တဲ့အကြောင်း အစီရင်ခံတင်ပြရင်းနဲ့ ကျွန်တော့်စကားကို ဒီမှာပဲ အဆုံးသတ်ခွင့်ပြုပါခင်ဗျား ... အားလုံးကို ကျေးဇူးတင်ပါတယ်"

"ဘုရားရေ ... ကြည့်စမ်း"

ဒီတစ်ခါလည်း ဒုတိယမြောက် မိုးဘုရားတလိုက်မိပြန်ပြီ။

မိုးကပဲ ဒီမင်္ဂလာပွဲကို အောင်မြင်အောင်စီစဉ်ဆောင်ရွက်ပေးရဦးမတဲ့။ သူဌေးမင်းရယ် ... ဒါ ... ဒါ ... သူဌေးမင်း မတရားပြောတာပဲ။ မိုးက ဒါမျိုးလုပ်မယ့်သူလား။ စဉ်းစားပါဦး ... မိုးနှုတ်ခမ်းလေးမဲ့နေတာက သူဌေးမင်းရဲ့ ရုံးခန်းကျယ်ကြီးထဲကို ရောက်သွားတဲ့အထိ မဲ့နေတဲ့နှုတ်ခမ်းလေးကို ပြန်ပြေချမပစ်နိုင်ဘဲ တောက်လျှောက် ဒီအတိုင်းပါလာခဲ့တာ ဖြစ်သည်။

ဦးမင်းသခင်က မခချစ်ခြင်းပြိုင်ကို ရုံးခန်းထဲအထိ လက်ဆွဲခေါ်လာခဲ့၏။

မိုးခေါင်းလေးငုံ့ထားတာ ဘာလုပ်ရမှန်းမသိ။ ကြည်နူးနေတဲ့သူတို့နှစ်ယောက်ရဲ့ရယ်သံတွေကို နားမထောင်ဘဲ လှည့်ထွက်သွားမယ်ဆိုရင် ဦးမင်းသခင်က အသံကျယ်ကြီးနဲ့ ဟော့ကောင်လို့ခေါ်ချင်ခေါ်နေမှာလေ။

"ကိုကိုရာ ... အစည်းအဝေးခန်းမကြီးထဲက လူကြီးတွေရှေ့မှာ မင်္ဂလာပွဲကိစ္စကို မပြောမဆို ရုတ်တရက်ကြီးကိုကိုကြေငြာလိုက်တာ ချစ်ဖြင့် တစ်ကိုယ်လုံးတောင် ထူပူသွားတယ် ... ကိုကို ဒီလိုကြေငြာလိုက်တော့ ကျေနပ်တဲ့လူတွေရော မကျေနပ်တဲ့လူတွေကပါ ချစ်ကို ဝိုင်းကြည့်နေကြတာလေ ..."

"ဟင် ... ဒီမင်္ဂလာပွဲကိစ္စကို ဘယ်သူကမကျေနပ်တာလဲ"





"ဟာ ... ဘယ်သူမကျေနပ်ရမှာလဲကိုကိုရဲ့ ... ချစ်တို့နှစ်ယောက် လက်ထပ်မှာကို မနာလိုတိုရှည်ဖြစ်နေတဲ့သူက နှုတ်ခမ်းမဲ့ပြီး ချစ်ကိုလှမ်းကြည့်နေတာလေ ... အဲဒီလူကို ချစ်မပြောတော့ဘူး ... ဟွန်း ..."

တွေ့လား ...

အဲဒါ မိုးကြားအောင် တမင်စောင်းပြောနေတာ။

"ဟော့ကောင် မိုး ..."

"ဗျာ ... သူဌေးမင်း ..."

"လူကြီးတွေရှေ့မှာ ခင်းလုပ်ရမယ့်အလုပ်တွေကို ငါတစ်ခါတည်းအသိပေးလိုက်ပြီနော် ... ငါတို့နှစ်ယောက်ရဲ့မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အစစအရာရာ အခမ်းနားဆုံးဖြစ်အောင် လိုလေသေးမရှိ ခင်းစီစဉ်ရမယ် ... မင်းက ငါ့ရဲ့ကိုယ်ရေးအတွင်းရေးမှူးဆိုတော့ ဆိုင်နားမှာ ခန်းဝှားတာ၊ ဖိတ်စာရိုက်တာ၊ ညစာစားပွဲကျင်းပဖို့ပြင်ဆင်တာတွေအားလုံး မင်းကိုငါအကုန်လွှဲတယ်၊ မင်းကြိုက်သလို စီစဉ် ဟုတ်ပြီလား ... ငါလိုချင်တာ မြန်မာပြည်မှာ ဘယ်သူနဲ့မှမတူတဲ့ အခမ်းနားဆုံးမင်္ဂလာပွဲတစ်ခုဖြစ်ဖို့ပဲ"

"ဆောရီးပဲ သူဌေးမင်း ..."

"ဟေ ..."

"အဲဒါတွေလုပ်ရမယ်ဆိုရင် ဒီနေ့ကစပြီး ကျွန်တော့်ကို အလုပ်ထွက်ခွင့်ပြုပါ"

"ဘာ ... ဘာပြောတယ်ကွ"

"ကျွန်တော် လုံးဝ မလုပ်နိုင်ဘူး"

"ကြည့်စမ်း ..."

ရင်ထဲကအမုန်းမီးတွေက ချစ်ခြင်းပြိုင်ရဲ့မျက်ဝန်းတွေအထိ ချက်ခြင်းကူးစက်သွားသည်။ အသားတွေပါ တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ကျ မိုးဘက်ကို ချာခနဲလှည့်ကာ မိုးဆိုတဲ့ထောင့်မကျိုး ကောင်လေးက အနောက်တိုင်းဝတ်စုံလေးရဲ့ လက်မောင်းစတွေကို ဆွဲဆန့်ကာ ဂရုမစိုက်သလိုလေး ခပ်မဲ့မဲ့ပြုံးနေတာ မြင်လိုက်ရ၏။

ခွာမြင့်ဖိနပ်သံလေး တခေါက်ခေါက်ပေးကာ မိုးဆီကိုတည့်တည့်လျှောက်သွားတော့ မိုးကလည်း ချစ်ခြင်းပြိုင်ကို မျက်တောင်လေးကော့နေအောင် စိုက်ကြည့်နေတာနှင့် တည့်တည့်ဆုံသွားသည်။

"မင်း … မင်း ဘာပြောတာလဲမိုး …"

"ကျွန်တော် ဘာပြောလို့လဲ"

ရပ်နေတာ ရင်ခြင်းအပ်လုနီးပါး …

ချစ်ခြင်းပြိုင်က နဖူးပေါ်က ဆံစတချို့ကို သပ်တင်ဖယ်ရှားပစ်လိုက်သလို တောက်တစ်ချက်ကိုပါ ခပ်ပြင်းပြင်းခေါက်ပစ်လိုက်၏။

"တောက် … မင်းတော်တော်လုပါးဝတဲ့ကောင် ကဲကွာ"

လက်တစ်ဖက်ကို လေထဲအားကုန်လွှဲကာ ရိုက်ချလိုက်ပေမယ့် မိုးက ကိုယ်ကလေးယိုင်ကာ ရှောင်ချလိုက်တာမို့ မိုးကိုလည်း ထိမသွားသလို ချစ်ခြင်းပြိုင်ရဲ့လေထဲက လက်ကိုသည်း မိုးက ချုပ်ကိုင်လိုက်မိလျက်သား ဖြစ်သွားသည်။

"ဟာ … ခင်ဗျား … ဘာလုပ်တာလဲဗျ …"

"လွှတ်နော် … မိုး … တို့လက်ကို … မင်းအခုလွှတ် …"

ချစ်ခြင်းပြိုင်က မိုးဆုပ်ကိုင်ထားတဲ့လက်ကို အတင်းပြန်ရုန်းဖို့ ကြိုးစားနေသည်။ လွတ်နေတဲ့လက်တစ်ဖက်နှင့် မိုးပခုံးနှင့်ရင်ဘတ်တွေကို တဖုန်းဖုန်း ထုရိုက်နေ၏။

"ဟာ … ချစ်ရာ … မင်းနဲ့ကတော့ ပြဿနာပဲကွာ"

နှစ်ယောက်ကြားထဲမှာ ဦးမင်းသခင် အတင်းဝင်ရပ်လိုက်





ပေးလို့ အခြေအနေက ဒီထက်ပိုကာ ရုတ်ရုတ်သည်းသည်းဖြစ်မသွားခဲ့တာ ဖြစ်သည်။

"ဟော့ကောင်မိုး … မင်းထွက်သွားတော့ …"

"ဗျာ … သူဌေးမင်း … ကျွန်တော် ဘယ်ကိုထွက်သွားရမှာလဲ"

"ဒီဘေးဆေးခန်းက လက်ထောက်မန်နေဂျာ ဒေါ်ပုလဲသွယ် အခန်းမှာ ခဏသွားထိုင်နေ ငါခေါ်မှဒီအခန်းထဲကို မင်းပြန်လာခဲ့"

"ဟုတ်ကဲ့ …"

ဒါ … ဦးမင်းသခင်ရဲ့ အဆုံးအဖြတ်ပဲ။ မိုးကတော့ ရင်ထဲမှာရှိတဲ့ ခံစားချက်အတိုင်းပြောလိုက်တာလေ။

သူတို့နှစ်ယောက် လက်ထပ်ဖို့ကိုတောင် မိုးကစီစဉ်ပေးရဦးမတဲ့။ မဖြစ်နိုင်လိုက်တာ။ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတဲ့ လောကသံသရာထဲမှာ အရှုံးသမားတွေဟာ တကျော့ပြန်နိုင်ခွင့်လေးတောင် မရှိသင့်တော့ဘူးတဲ့လား။

ခင်ဗျားပဲ ကိုယ်ချင်းစာကြည့်ပါ သူဌေးမင်းရာ …

ပြင်ဦးလွင် နှစ်ဆယ့်တစ်မိုင်အခင်းမှာ ခင်ဗျားတို့လက်ကနေ လွှတ်အောင်ထွက်ပြေးရင်း မိုးကိုသိပ်ချစ်သိပ်သံယောဇဉ်ကြီးခဲ့တဲ့ မမငွေလရိပ် ချောက်ထဲကို ကားပြုတ်ကျပြီး မရှုမလှသေခဲ့ရတာ … မိုး ဘယ်လိုလုပ်မေ့နိုင်မှာလဲ ဦးမင်းသခင်ရဲ့။

အခု … မိုးလိုက်လာတာလဲ … ချစ်သူနဲ့အတူတူ နှစ်လောင်းပြိုင် သေခဲ့ရတဲ့ မမငွေလရိပ်အတွက် … ဒါပေမယ့်ဗျာ … ခင်ဗျားက … ခင်ဗျားက … အခု … ကျွန်တော့်ရင်ထဲမှာ … ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"ဒါ ... မင်းရဲ့ရွေးချယ်ခွင့်မဟုတ်ဘူးလေမိုး ... ဒါ ... ငါ့ဘဝရဲ့ကိုယ်ပိုင်ရွေးချယ်ခွင့် ..."

"ကျွန်တော် ကန့်ကွက်နေတာ သူဌေးမင်းအတွက် ကန့်ကွက်နေတာ ထပ်ပြောမယ်ဗျာ ... သူဌေးမင်း မကြိုက်ရင်လည်းနေ ချစ်ခြင်းပြိုင်ကို ကျွန်တော်မုန်းတယ် ... ဒီမိန်းမကို လက်ထပ်မယ်ဆိုတဲ့စိတ်ကူးတွေကို သူဌေးမင်း မေ့လိုက်တော့ ..."

"ဘာပြောတယ်ကွ ..."

ဦးမင်းသခင် ခပ်ဆတ်ဆတ်လှုပ်ရှားလိုက်တော့ ... စားသောက်ဆိုင်စားပွဲပေါ်မှာ ဦးမင်းသခင်ငှဲ့ထည့်ထားသည့် အကောင်းစား ဝီစကီဖန်ခွက်လေးက လက်ဖျားလေးနှင့်တိုက်ကာ ဖျတ်ခနဲမှောက်ကျသွားသည်။

"မင်း ... မင်း ... ငါနဲ့ချစ်ခြင်းပြိုင်လက်ထပ်မှာကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ ကန့်ကွက်ဖို့ ကြိုးစားနေရတာလဲ ... ဟောကောင်မိုး ... ငါမေးတာကို မင်းဖြေစမ်း ... ခေါင်းငုံ့ပြီးမဖြေနဲ့၊ ငါမကြိုက်ဘူး၊ ငါ့မျက်လုံးတွေကို မင်းတည့်တည့်စိုက်ကြည့်ပြီးတော့ဖြေ ..."



သည်တော့မှ မိုးမျက်နှာလေးမော့လာသည်။

"ကျွန်တော်မုန်းလို့ ... ကန့်ကွက်နေတာလေ ... သူဌေးမင်းရဲ့ ..."

"မုန်းတယ် ... ဟုတ်လား ..."

လှုပ်ခတ်သွားသည့်အသံကို ဦးမင်းသခင် ဘယ်လိုမှထိန်းလို့မရ၊ မိုးမျက်နှာကို စိုက်ကြည့်ရင်း နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်မှာ မွန်းထင်းသွားရသည့် အရိပ်ကလေးက ခပ်မှဲ့မှဲ့အရိပ်ကွေးလေးတစ်ခုပဲဖြစ်သည်။

"မုန်းတာမှ ရင်ထဲမှာ ကူးခါးနေအောင်မုန်းတာ ... တစ်စက်မှလည်း ကြည့်လို့မရဘူး"

ဦးမင်းသခင်ရဲ့မျက်ဝန်းတွေကို တစ်ချက်စိုက်ကြည့်ပြီးတော့မှ မိုးကဖြေသည်၊ ဖြေပြီးတော့ ယောင်တောင်ပေါင်တောင်လေးနှင့် လိုလိုလိုဒီလိုလိုလုပ်တာ မျက်နှာလေးကို ပြန်လွှဲ၏။ ပြောရရင် ခြံထဲကို တန်းမပြန်သေးဘဲ ဒီ Resturant ထဲကို မိုးကို ဦးမင်းသခင်က ခေါ်ချလာတာလေ။

လိုက်ခဲ့ရပေမယ့် ကိုယ့်လိပ်ပြာ ကိုယ်မလုံသလိုဖြစ်နေတာ မိုးပဲဖြစ်သည်။ ဦးမင်းသခင်က မိုးမျက်ဝန်းတွေကို အသေအချာ စိုက်ကြည့်နေသ မိုးအနေခက်လေ ဖြစ်နေခဲ့၏။ ဘာသဘောနဲ့ဒီလို နေရာမျိုးကို ဦးမင်းသခင်က မိုးကိုခေါ်လာခဲ့သလဲဆိုတာလည်း မှန်းမှန်းဆဆ မိုးက မဝေခွဲနိုင်။

ပြီးတော့လည်း မိုးကို နှုတ်ခမ်းမဲ့မဲ့လေးနှင့်စိုက်ကြည့်လိုက် ခေါင်းလေးကိုခါလိုက်နှင့် ဦးမင်းသခင်က တစ်ချိန်လုံး ဒါပဲလုပ်နေသည်။

"ဟား ... မင်းလုပ်တာနဲ့ ငါအရမ်းစိတ်မာတက်ကျနေရပြီမိုးရာ ..."



www.burmeseclassic.com

www.burmeseclassic.com



မှာထားတဲ့အစားသောက်တွေကို ဦးမင်းသခင် မစားနိုင်တော့ပါ။ မိုးမှာလည်း စားနေရဘာ တို့ဂထာန်း ဆီတိဂဏန်း။

"ဟာ ... သူဌေးမင်းနော် သူဌေးမင်းသောက်တာ အရမ်းများနေပြီနော်"

မိုး သတိပေးတာလည်းမရ။

ယစ်မျှော်ရည်တွေကိုပဲ တစ်ခွက်ပြီးတစ်ခွက်ငှဲ့ထည့်ကာ ဦးမင်းသခင်က သောက်နေသည်။ ကြာတော့ စကားသံတွေကပါ ဦးမင်းသခင်က လေးလာ၏။

"ငါလေ ... ငါ ... ငါ မင်းကိုတကယ်သံသောစဉ်ဖြစ်နေမိပြီထင်တယ်မိုးရာ ... မင်းကိုအမှန်အတိုင်းငါဝန်ခံရမယ်ဆိုရင် ချစ်ခြင်းပြိုင်ကို ငါလက်ထပ်ဖို့သဘောတူလိုက်တာ ချစ်လို့မဟုတ်ပါဘူး မိုးရာ ... အဲဒါကိုတော့ မင်းငါ့ကို နားလည်ထားပေးစမ်းပါ"

"ဟွန်း ... ချစ်တာမဟုတ်ပေမယ့် ဂုဏ်ဓနတွေကို သူဌေးမင်း မက်နေတာလေ ... ဒီနေ့လက်ထောက်မန်နေဂျာ ဒေါ်မှုလဲ သွယ်က ကျွန်တော့်ကိုပြောလိုက်တယ်၊ ချစ်ခြင်းပြိုင် ချမ်းသာတာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် စားလို့မကုန်အောင် ချမ်းသာတယ်တဲ့၊ မြန်မာပြည်မှာရော နိုင်ငံခြားမှာပါ ပိုင်ဆိုင်တာတွေက အများကြီးတဲ့ ... ဒါကို မက်လို့ သူဌေးမင်းခေါင်းညိတ်သဘောတူခဲ့တာပဲ နေမှာ"

"ငါ ... ငါ ... မင်းအပြစ်တင်မယ်ဆိုရင်လည်း ခံရမယ့်ဘာကိုရောက်နေပါပြီမိုးရာ ... နောက် နောက်ပြန်ဆုတ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့လို့ မင်းကိုငါ ရင်ဖွင့်နေတာ၊ အခု ... နှစ်ဖက်မိဘတွေရွေးထားတာက ဒီဇင်ဘာ နှစ်ဆယ့်ငါးကိုရွေးထားတာ ..."

"ဗျာ ... ဒီဇင်ဘာ နှစ်ဆယ့်ငါး ဟုတ်လား ..."

ဒီရက်ဆိုရင်တော့ မိုးပိုလို့တောင် ရင်နာသွားရပြီ။





မမဌေးလရိပ်နဲ့သူချစ်သူ ကိုလင်းမြတ်ထက် နှစ်လောင်းပြိုင်သေခဲ့ရတာလည်း တိုက်တိုက်ဆိုင်ဆိုင် ဒီဇင်ဘာ နှစ်ဆယ့်ငါးပဲလေ ဒါကို ဘယ်သူမှ သတိမရနိုင်အောင် သူတို့ဘက်က ပြည်ဖုံးကားချပ်ခဲ့တဲ့သဘောလား။ မိုးနှုတ်ခမ်းလေးက အလိုလိုနေရင်းမဲ့သွားသည်။

"ဟွန်း ... ဒီဇင်ဘာ နှစ်ဆယ့်ငါးဆိုရင်တော့ မြန်မာပြည်မှာ နှင်းတွေအရမ်းဝေနေတဲ့အချိန်ပေါ့၊ ကောင်းပါတယ် ... အဲဒီရက်မှာ သူဌေးမင်းက မင်္ဂလာဆောင်မယ်ဆိုတော့ အိပ်မက်လှလှလေးတွေ သူဌေးမင်း မက်ခွင့်ရသွားပြီပေါ့ ..."

"ဟော့ကောင် ... မင်းငါ့ကို မရိနဲ့နော်"

"ရိတာမဟုတ်ပါဘူး သူဌေးမင်းရဲ့ ..."

"ဒီမှာ မင်းသဘောမတူလည်း ချစ်ခြင်းပြိုင်ကို ငါကလက်ထပ်ရတော့မှာ မင်းအပိုစကားတွေဘာမှလျှောက်ပြောမနေနဲ့ ဒီနေ့ကစပြီး ငါပြောတဲ့အတိုင်းစီစဉ် ငါပြောတာပဲမင်းလုပ် ... ငါ ဒါပဲ မင်းကိုပြောတော့မယ် ..."

"မကြောက်ပါနဲ့ သူဌေးမင်းရာ ... ကျွန်တော်က သူဌေးမင်း ခန့်ထားတဲ့အလုပ်သမားလေးတစ်ယောက်ပါ ... ကျွန်တော့်ကြောင့် သူဌေးမင်းရဲ့ မင်္ဂလာပွဲကြီး မပျက်စေရပါဘူး"

"ဟာ ... ဟော့ကောင် အဲဒါ မင်းတကယ်ပြောတာ"

"တကယ်ပြောတာပါဗျ"

"ဟား ... ဟား ... အဲလိုလုပ်စမ်းပါမိုးရာ၊ ငါက မင်းမကျေမနပ်ဖြစ်နေလို့ စိတ်ညစ်နေတာ ... ငါတို့နှစ်ယောက် မင်္ဂလာဆောင်ပြီးလို့ ဟန်းနီးမွန်းထွက်ရင် မင်းပါ ငါတို့နှစ်ယောက်ရဲ့ ဘော်ဒီဂတ်အဖြစ်နဲ့ လိုက်ခဲ့ရမယ်သိလား"

"ဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးပြုံးလိုက်တာလေးက ရင်နာစရာနဲ့။

"ဟော့ ... ငါအရမ်းမူးနေပြီ ထင်တယ်ကွာ"

"ဟာ ... သူဌေးမင်း ..."

ဦးမင်းသခင် ထရပ်လိုက်တာ ဒယီးဒယိုင် ဖြစ်နေပြီ၊

ကျသင့်ငွေကို ရှင်းပေးပြီး ဦးမင်းသခင်ကို မိုးကမျာကယာ ဝင်ဆွဲရသည်။ ဒီလိုဆွဲတော့လည်း မိုးကို ဦးမင်းသခင် ဖက်ထားတာက ပိုဆိုးသွား၏။

"ဟာ ... ဟာ ... အရမ်းမဖက်နဲ့လေ သူဌေးမင်း ..."

ဒုက္ခပါပဲ။

မိုးဘယ်လိုလုပ်ရမလဲ။

ဦးမင်းသခင်ဖက်ထားတာက မိုးရဲ့ခါးကလေးကနေ သိမ်းကျုံးဖက်ထားတာလေ။ ပြီးတော့လည်း သူ့ကိုယ်လုံးဖြောင့်ဖြောင့် တောင့်တောင့်ကြီးကို မိုးပခုံးစွန်းလေးမှာ ပစ်မှီထားလိုက်သေးရဲ့။

"ဟင်း ... ဟင်း ..."

မိုးတစ်သက်နဲ့တစ်ကိုယ် ယောကျ်ားတစ်ယောက်နဲ့ ... ဒီလောက် ပူးပူးကပ်ကပ်ဖြစ်ရတဲ့အထိ မနေခဲ့ဘူးတော့ ရင်ထဲမှာ ကတုန်ကယင်ဖြစ်ကာ မိုးနှုတ်ခမ်းလေးကပင် ဖြူရော်လို့သွားခဲ့ရသည်။ မိုးဘာမှ မတတ်နိုင်တော့ပါ။

"မိုးရာ ... ငါ ... ငါ ... မင်းကို အရမ်းခင်တယ်သိလားကွာ၊ မင်းရောက်လာတဲ့နေ့ကတည်းက ဘာကြောင့်မှန်းမသိဘဲ ပျော်ရွှင်နေခဲ့မိတဲ့ ငါ့ကိုယ်ငါလည်း အံ့ဩမိတယ်"

"ကျွန်တော် ... ကျွန်တော်ကလည်း သူဌေးမင်းကို ခင်ပါတယ်"

မိုးအသံတုန်တုန်လေးနဲ့ ပြန်ဖြေမိသည်။

မလွယ်ပါလား သူဌေးမင်းရယ်။

**မိုးလပြည့်စာပေ**



ခင်ဗျား ... ကျွန်တော့်ကို သံယောဇဉ်တွေ မပေးပါနဲ့။

ခုချိန်မှာ ခင်ဗျား ဘယ်လောက်အထွေကြီးတယ်၊ ခင်ဗျား ဘယ်လောက်တစ်ကိုယ်ကောင်းဆန်တယ်ဆိုတာ သိချင်လို့ ခင်ဗျားကို အနီးကပ်လေ့လာနေတာလေ။ ကျွန်တော် လက်ရှိအချိန်ထိ သိခဲ့ရသလောက်က ခင်ဗျားဟာ ပျော်ပျော်ရွှင်ရွှင်လေးနဲ့ အေးအေးချမ်းချမ်းလေး ကုမ္ပဏီကို ဦးဆောင်ဖြတ်သန်းနေတဲ့လူတစ်ယောက်ပဲ။

ကျွန်တော့်လို ထမင်းချက်သန့်ရှင်းရေးလာလုပ်တဲ့ အလုပ်သမားတစ်ယောက်ကိုခင်လို့ဆိုတဲ့ အကြောင်းပြချက်လေးတစ်ခုနဲ့ ခင်ဗျားရဲ့ကိုယ်ရေးအတွင်းရေးမှူးရာထူးကို ချက်ခြင်းတိုးပေးလိုက်တာက အဆင့်အတန်းမခွဲခြားတတ်တဲ့ ခင်ဗျားရဲ့ စရိုက်လက္ခဏာကို ပြနေတာလားဗျာ။

ကြာရင် ကျွန်တော် ခက်တော့မယ်ထင်ပါရဲ့။

ခုလည်း နှစ်ယောက်သား ပွဲဖက်မှီနွဲ့ရင်း ကားထဲကို ရောက်သွားသည်။

"ဟာ ... ဟော့ကောင်မိုး ... မင်း ... မင်းကားမောင်းတတ်တယ် ဟုတ်လား ..."

"သူဌေးမင်းရယ် ... သူဌေးမင်းက ဒီလောက်မူးနေတာ ... ကားမောင်းလို့ဖြစ်ပါတော့မလား၊ ဒါကြောင့်မို့ ... ဒရိုင်ဘာထိုင်ခုံမှာ တင်ပေးလိုက်တာ ..."

ခြံထဲရောက်အောင် မိုးပြန်မောင်းလာတော့ ဦးချစ်စရာ မျက်လုံးပြူးနေ၏။

ဦးမင်းသခင်ကားပေါ်ကဆင်းတော့ မိုးလိုက်တွဲရတာလည်း ပလဲလဲအငြိုပြိုဖြစ်ကာ ခုတင်ပေါ်ရောက်တဲ့အထိ မိုးပခုံးလေးကို ဖက်ထားတာ ဦးမင်းသခင်က မလွှတ်။

**မိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"လုပ် ... လုပ်ပါဦး ဦးလေးချစ်ရဲ့ ဒီမှာ ... ကျွန်တော်တစ်ယောက်တည်း မနိုင်တော့ဘူးဗျ၊ ဟာ ... အား ... ပြဿနာပဲဗျာ"

"ဟော့ကောင် မင်းအခုမှ ပြဿနာလုပ်မနေနဲ့ ... မင်းသခင်က ဒီလိုမူးနေအောင် ဘယ်တုန်းကမှသောက်ဖူးတာ မဟုတ်ဘူး၊ မင်းရောက်လာတော့မှ သူ့ရင်ထဲမှာ တစ်ခုခုခံစားနေရလို့ သောက်တာ၊ ဟွန်း ... ကိုယ်ရေးအတွင်းရေးမှူးလုပ်ပြီး ... မင်းသခင် ဒီလောက်သောက်တာကို မင်းတားပါတော့လား"

"ဟာ ... ဘားလို့မှမရတာဗျ"

မိုးမှာတော့ ပြုံပျက်သွားတဲ့ အကျီစတွေကို ပြန်ဆွဲတည့်ရ ဦးလေးချစ်ရှေ့မှာ ဣန္ဒြေဆယ်ရနဲ့ ဒါကိုလည်း မင်းသခင်က ကြားသွားသည်။

"ဦးချစ်စရာရယ် ... ခင်ဗျား ... ခင်ဗျား ... မိုးကိုအပြစ်မတင်ပါနဲ့ဗျာ၊ ဒီည ... ဒီည ... ကျွန်တော်ခံစားရလို့သောက်လိုက်တာပါ၊ မိုးမှာ အပြစ်မရှိပါဘူး"

"ဟွန်း ... ခင်ဗျားတို့ဆရာတပည့်နှစ်ယောက် တော်တော်အတွဲညီနေနော် ... ခုလည်း မင်းဟန်းဖုန်းကိုခေါ်တာမရလို့တဲ့၊ ချစ်ခြင်းပြိုင် ဒီခြံထဲက ဖုန်းကိုခေါ်တာ၊ ဆယ်ခါလောက်ရှိနေပြီ၊ အဲဒါ ... ဒီတစ်ခါထပ်ခေါ်ရင် ငါဘယ်လိုပြောလိုက်ရမလဲ ..."

"ဟာ ... ကျွန်တော့်ဖုန်းက ဖွင့်ထားတာပဲဗျ"

"ဟော့ကောင် ... မင်းဖုန်းက ငါခေါ်ကြည့်တာ စက်ပိတ်ထားတယ်တဲ့"

"ဟင် ... ဒါဆို ဘယ်သူပိတ်တာလဲ"

"ကျွန်တော် ပိတ်တာ ..."

"ဟေ ..."

ဦးချစ်စရာ မျက်လုံးပြူးပြန်ချေပြီ။





မိုးပိတ်တာတဲ့။ ဒီကောင် ဘာလို့ပိတ်တာလဲ။

"သူဌေးမင်းက တစ်ခွက်ပြီးတစ်ခွက် သောက်နေလို့ပိတ်ပစ်လိုက်တာလေ၊ ကုမ္ပဏီပိုင်ရှင်ကြီးက မူးနေတော့ စကားပြောတွေမှားကုန်မှာဒိုးလို့ ..."

ဒီကောင်ပြောတော့လည်း ဟုတ်သား။

"မိုးရာ ... ငါ ... ဒီညအရမ်းမူးသွားတယ်ကွာ၊ မင်း ... မင်း ... ဘယ်မှမသွားနဲ့နော် ... ဟော့ကောင် ငါ့အနားမှာပဲမင်းနေ"

ခုတင်ပေါ်မှာ ပက်လက်လန်လဲကျနေရာကနေ မိုးကြားအောင် ဦးမင်းသခင်က အော်နေသေး၏။

"မိုးရေ ... မင်းခဏနေလိုက်ဦးနော် ... ဒီကောင် အမူးပြေအောင် သံပုရာရည်ချဉ်ချဉ်လေးတစ်ခွက်လောက် ငါသွားဖျော်လိုက်ဦးမယ်"

"ကောင်းတယ်လေ ... ဦးလေးချစ် မြန်မြန်ဖျော်လိုက်"

ဦးလေးချစ်ကို လှမ်းအော်ပြောရင်း ဦးမင်းသခင်ဘက်ကို မိုးမျက်နှာလေးပြန်လှည့်လိုက်ရသည်၊ ဦးမင်းသခင်ကတော့ စင်းကော့ရှည်လျားတဲ့ မျက်တောင်ကြီးတွေကို ဖွဖွလေးဖိပိတ်ပြီး အကောင်းစားမွေ့ယာကြီးပေါ်မှာ မူးမူးနဲ့ကယောင်ကတမ်းတွေ ပြောနေ၏။

မိုး နားထောင်ကြည့်လိုက်တော့ ...

"မိုးရာ ... ငါ့မှာ နှလုံးသားမရှိဘူးလို့ မင်းမစွပ်စွဲပါနဲ့ကွာ"

"ငါ တောင်းပန်ပါတယ် ..."

"ငါဟာ သိပ်ချစ်တတ်တဲ့ကောင်ပါ ..."

"ငါ ချစ်တတ်ပါတယ် ..."

"မင်း ငါ့ကိုအထင်မလွဲပါနဲ့ ..."

"ဟင်း ... ဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို ခင်ဗျား ချစ်တတ်တာလဲ ဦးမင်းသခင်။

ခင်ဗျားကိုယ်ခင်ဗျား ချစ်တတ်တာလား။ ကျွန်တော်ကတော့ ခင်ဗျားပြောနေတာတွေကို ယုံလို့မရသေးလို့ စောင့်ကြည့်နေတာလေ။ ဒီနေ့အထိ မမငွေလင်းပ်နဲ့ ပတ်သက်ခဲ့သမျှစကားတွေ ခင်ဗျားနှုတ်ဖျားက ထွက်မလာသေးတာ အံ့ဩစရာပဲ။ ကျွန်တော်ကတော့ ဒီည ခင်ဗျားအိပ်ပျော်သွားတာနဲ့ ခင်ဗျား ကွန်ပျူတာထဲက Black File တွေကို ခိုးဖတ်ကြည့်ဖို့ စိတ်ကူးထားတယ်။

ဒါကြောင့်မို့ အရက်တွေ တစ်ခွက်ပြီးတစ်ခွက် ရှတ်သောက်နေတဲ့ ခင်ဗျားရဲ့ပေါက်ကွဲမှုတွေကို ကြိုးပြေပြီးတော့ လွှတ်ချပေးလိုက်တာ။

"ရော့ ... ယောကောင် ... ဒီမှာ သံပုရာရည် ဒါလေး ... ဝင်အောင် မင်းပဲစောင့်တိုက်လိုက်။ ငါအောက်ထပ်မှာ ဖုန်းလာနေလို့ ပြေးကိုင်လိုက်ဦးမယ်"

သံပုရာရည်ဖန်ခွက်ကလေးကို ချပေးပြီးတာနဲ့ ဦးချစ်စရာ ကပျာကယာပြန်ဆင်းသွား၏။ မိုး သံပုရာရည်ခွက်ကလေးကိုယူကာ ဦးမင်းသခင်နားကို တိုးကပ်သွားမိသည်။

ဦးမင်းသခင်ကတော့ ...

ကယောင်ကတန်းလေးနဲ့ ညည်းညူနေဆဲလေ။

"ဖရန်ကီရယ် ... ငါကြောင့် မင်းသေခဲ့ရတာ ငါဘယ်လိုလုပ်မေ့နိုင်မှာလဲကွာ၊ တကယ်တော့ ပိန်လိုမ်ချိန်နဲ့စပြုနေတဲ့ လမ်းပေါ်က ခွေးမလေးဆီက ရောဂါတွေမင်းကို ကူးစက်မှာစိုးတဲ့စေတနာတွေနဲ့ ငါမင်းတို့ရဲ့ချစ်ခြင်းတွေကို တားလိုက်မိတာ ဒါကိုတောင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလူတွေက ငါ့ကာအဆင့်အတန်းခွဲခြားတတ်တဲ့ ဂုဏ်ပကာသနမက်သူကြီးတဲ့လားကွာ ... ဟား ... ဟား"

"ဟား ... ဟား ... ဟား ..."





"သူဌေးမင်း ... သူဌေးမင်း ... ဒီမှာ ခဏလောက်ထပါဦးဗျ"

"ဟေ ..."

ဦးမင်းသခင် ပခုံးကို အတင်းလှုပ်ခေါ်တော့မှ ဖိုကပ်ပိတ်ထားတဲ့ မျက်တောင်ရှည်တွေပြန်ပွင့်လာသည်။ ပြူးပြူးပျာပျာဟန်ကလေးနဲ့လည်း မိုးကို မျက်လုံးလှန်ကာ မော့ကြည့်၏။

"သူဌေးမင်း ... သောက်တုန်းက ရှတ်သောက်ပြီး ... အခုမှ ကယောင်ကတမ်းတွေလျှောက်အော်မနေနဲ့၊ ဒီမှာ အမူးပြေသွားအောင် ဒီသံပုရာရည်လေးသောက်ဦး ... ထ ... ထ ... ကျွန်တော်ထူပေးမယ်"

မိုးလည်ပင်းအောက်ကနေပွေ့ဖက်ကာ သူ့ကိုယ်ကြီးကြွလာအောင် မပေးလိုက်ရသည်။

"အား ... သူဌေးမင်းကိုယ်ကြီးက နင့်လိုက်တာဗျာ"

"ငါ ... ငါ ... အမူးပြေနေပါပြီကွာ"

"ပြေတယ်မလုပ်နဲ့ ... ဒါလေးတော့ သူဌေးမင်းသောက်လိုက်"

အမူးပြေအောင် သံပုရာရည်လေးကို မိုးကိုယ်တိုင်ချော့တိုက်ရသည်။

"မင်းကို ငါ့ရဲ့ကိုယ်ရေးအတွင်းရေးမှူးခန့်လိုက်တာ အရမ်းမှန်နေပြီ ထင်တယ်နော် မိုး ..."

မိုးကတော့ မျက်တောင်လေးတွေကိုပဲ တဖျတ်ဖျတ်ပုတ်လျှက်။

သံပုရာရည်လေးတိုက်ပြီးတာနဲ့ မိုးသူ့ကို တစ်ယောက်တည်းထားခဲ့ကာ အောက်ထပ်ကိုပဲ ဆင်းလာခဲ့လိုက်သည်။ ဦးချစ်စရာကတော့ နောက်ဘက်မီးဖိုခန်းထဲမှာ တစ်ယောက်တည်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိုးဆင်းလာတာကိုမြင်တော့ ဦးချစ်စရာ မျက်လုံးပြူးကာ

"ဟာ ... ဟေ့ကောင် မင်းဘာလို့ဆင်းလာတာလဲ"

"သူဌေးမင်း အိပ်သွားပြီဗျ ..."

"ဟေ ... ဟုတ်လား ..."

"ကျွန်တော် ဦးလေးချစ်တစ်ယောက်တည်းဖြစ်နေမှာစိုးလို့ ဆင်းလာတာ"

"မင်း ... မင်း ကာမွှေကီးမှာ အဆင်ပြေရဲ့လားဟင် ဟေ့ကောင် ... ချစ်ခြင်းပြိုင်နဲ့ရော မင်းထပ်တွေ့ခဲ့သေးလား ..."

"ဟွန်း ... တွေ့ပါ ... တွေ့ပါ ..."

တွေ့တယ်ဆိုလို့ ဦးလေးချစ် မျက်တောင်တွေ ကော့တက်သွားသည်။

"ဟင် ... တွေ့တယ်ဟုတ်လား ... တွေ့တော့ ဘာဖြစ်လဲ"

"တွေ့တော့ ကွိုင်တွေပူပြီး ရှော့ခ်တွေဖြစ်ကုန်တာပေါ့ ဦးလေးချစ်ရ ..."

"ဟေ ... ဟုတ်လား ..."

မိုး ... ဦးလေးချစ်နားလည်အောင် ဖြစ်ကြောင်းရှယ်ကုန်စင်ကို နတ်သံနှောလို့ပါ တစ်လုံးမကျန် ရှင်းပြလိုက်သည်။

"မိုးရေ ... မင်းနဲ့ချစ်ခြင်းပြိုင်ကတော့ တကယ့်ကွိုင်ပဲကွာ၊ မင်းလုပ်တာနဲ့ ချစ်ခြင်းပြိုင်က မင်းကိုအရမ်းမုန်းသွားမှာ သေချာနေပြီ ... နောက်ဆိုရင် သူတို့ကိစ္စထဲမှာ မင်းဝင်မပါနဲ့၊ ချစ်ခြင်းပြိုင်က မင်းသခင်ကို မရရအောင်လက်ထပ်ယူမှာ၊ မင်းသဘောမတူလည်း သူတို့က ဒီပွဲကိုဘယ်သူဖျက်လို့မှ အပျက်ခံမှာမဟုတ်ဘူး"

"ဟာ ... ဦးလေးချစ်ကလည်း သူဌေးမင်းကမှ မမချစ်ခြင်းပြိုင်ကိုမချစ်တာ၊ မချစ်ဘဲယူရင် တစ်နေ့ကျ စိတ်ဆင်းရဲနေရမှာပေါ့၊ ကျွန်တော်ကတော့ သူတို့နှစ်ယောက်ကို မတွဲကွဲအောင် ခွဲမှာပဲ





အရေးကြီးတာ သူတို့နှစ်ယောက် မပေါင်းရရင်ပြီးရော ..."

"ကြည့်စမ်း ..."

မိုးကိုကြည့်ကာ ဦးချစ်စရာပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဒီကောင် ဘာသဘောနဲ့ ဒီလောက်တောင်ခွဲချင်နေရတာလဲ။

စဉ်းစားကြည့်တော့လည်း အဖြေကမတွေ့။ မင်းသခင်ကလည်း ဒီကောင့်ကို ဦးစားပေးလွန်းသည်။ ဘယ်သွားသွား ဘာလုပ်လုပ် ဒီကောင်မပါရင်မဖြစ်။ ခုလည်း စားသောက်ဆိုင်မှာ စားသောက်လာကြတာ တစ်ယောက်ကတော့ ရေချိန်လွန်ကာ အိပ်သွားပြီ၊

တစ်ယောက်ကတော့ သွက်နေ လန်းနေဆဲ။

"ဦးလေးချစ် ..."

"ဟေ ... ဘာလဲကွ ..."

"အပေါ်ထပ်မှာ သော့ပိတ်ထားတဲ့အခန်းကြီးက ဘယ်သူနေခဲ့တဲ့အခန်းကြီးလဲဗျ ... ချောင်းကြည့်ပေါက်ကလေးကနေ ကျွန်တော် ကြည့်လိုက်တော့ အသုံးအဆောင်ပစ္စည်းတွေ ပြန့်ကြဲနေပြီး အရင်က တစ်ယောက်ယောက်နေသွားခဲ့သလိုပဲ ..."

"တွေ့လား ... ကိုယ်နဲ့မဆိုင်တာကို မင်းစပ်စုနေပြန်ပြီ"

"ဟာ ... ဦးလေးချစ်ကလည်း ကျွန်တော်စပ်စုတာ မဟုတ်ပါဘူးဗျ ... စိတ်ဝင်စားပြီး သိချင်လို့မေးမိတာပါ ဦးလေးချစ် မပြောချင်လည်းနေပေါ့ ..."

"ဟေ့ကောင် မပြောချင်တာ တခြားကြောင့်မပြောချင်တာ မဟုတ်ဘူး ... အဟောင်းတွေအသစ်ဖြစ်လာရင် ခံစားရမှာစိုးလို့ မပြောချင်တာ ... ရှင်းပြီလား ... ဒီအခန်းမှာနေသွားတဲ့သူတစ်ယောက်အကြောင်းကို မင်းလည်းမသိချင်နဲ့ ငါလည်းမပြောဘူး၊ ဒီစကားကို အခုဒီမှာပဲရပ် ... ဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကိုမဲ့ပြီး ချက်လုံးကိုပါ ဦးလေးချစ် ပြုံးပြသည်။

မိုးကလည်း ရေခဲသေတ္တာထဲက ရေသန့်ဘူးအသစ်ကို ဖွင့်သောက်ကာ ...

"အမလေး ... ဦးချစ်မပြောလည်း ကျွန်တော်က သိပြီးသား အခန်းထဲမှာ ဂစ်တာနဲ့ ဗီးဘာရက်အတိုတွေ ပြန့်ကြဲနေတာမြင်တာနဲ့တင် ဦးမင်းသခင်ရဲ့အချစ်ဆုံးညီ လင်းမြတ်ထက်နေသွားတာ ဖေဒင်သွားမေးနေစရာတောင်မလိုဘူး"

"ဟေ့ကောင် ... တော်တော့နော် ... မင်းဆက်မပြောနဲ့တော့"

"ဟား ... ဟား ... ဦးလေးချစ်ကို ကျွန်တော် အလကားစတာပါ ဦးလေးချစ်ရာ ... ဦးလေးချစ်မပြောချင်ရင်လည်း ဒီအကြောင်းကို ကျွန်တော်ဆက်မမေးတော့ပါဘူး"

"အေး ... မေးရင်လည်း မင်းကိုဖက်ပုသွားအောင် ငါကထုတော့မှာ ... အရေးကြီးတာ ဒီအကြောင်းတွေ မင်းသခင်ကို မင်းလုံးဝသွားမမေးနဲ့ ..."

မိုး လှည့်ထွက်သွားတော့မှ ...

သက်ပြင်းလေးချရင်း ကျန်ခဲ့တာ ဦးလေးချစ်ပါ။

လင်းရယ် ... ဒီကောင်အစပြန်ဖော်နေတာနဲ့ ...

မင်းကိုတောင် ဦးလေးချစ်သတိရလာပြီကွာ။ ဘယ်ဘဝကိုပဲမင်းရောက်ရောက် မင်းချစ်တဲ့သူနဲ့ သက်ဆုံးတိုင် ပေါင်းနိုင်ပါစေလို့ ဦးလေးချစ် ဆုတောင်းပေးလိုက်ပါတယ်နော် လင်း ...။

ကောင်းရာသုဂတိကို လားပါစေလင်းရယ်။

အခန်း ( ၉ )

လင်း ... တဲ့လား။

မမငွေလရိပ်ရဲ့ချစ်သူ ကိုလင်းမြတ်ထက်ကို မိသားစုဝင်တွေ အားလုံးက လင်းလို့ပဲ တစ်လုံးတည်းခေါ်ခဲ့ကြတာတဲ့လေ။ မမငွေလရိပ်ခေါ်ခဲ့တာလည်း လင်းပဲတဲ့။ ပုသိမ်က ခြံကျယ်ကြီးထဲကို မမငွေလရိပ် ခဏပြန်လာခဲ့စဉ်က မိုးကိုရင်ဖွင့်ပြီး မမငွေလရိပ်ပြောသွားခဲ့တာ။

"မမစိတ်ညစ်တယ်မိုးရာ ... လင်းတို့ဘက်က တအားချမ်းသာတော့ မမနဲ့သဘောမတူဘူးဆိုပြီး သူတို့ဘက်က အတင်းလိုက်ခွဲနေကြတာ၊ လင်းကလည်း ... မမအပေါ်မှာ သစ္စာရှိတယ်၊ မမနဲ့ဘယ်နေရာမှာချိန်းချိန်း လင်းက မရောက်ရောက်အောင်လာတယ်"

"ဟင် ... ဒါဆို ... ကိုလင်းက မမကို အရမ်းချစ်တာပေါ့"

"ချစ်တာပေါ့ ညီမလေးရဲ့ ..."

"မမ ကံကောင်းတယ်နော်"

"ဟင် ... ဘာဖြစ်လို့လဲ ..."

"ကိုယ့်ကို ဂရုစိုက်ပြီးအရမ်းချစ်တဲ့ ချစ်သူတစ်ယောက်ကို မမရထားလို့ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မမ ဒီလိုခဏပြန်လာတိုင်းလည်း အိပ်ရာထဲမှာ ညီအစ်မနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖွဲ့ဖက်ထားရင်း တိုးတိုးလေး ရင်ဖွင့်ခဲ့ကြရတာ။

မိုးတို့မှာက မိဘတွေရှိတော့တာ မဟုတ်ဘူးလေ။

မမက ရန်ကုန်မှာ သင်တန်းတွေသွားတက် အလုပ်တွေသွားလုပ်ဆိုတော့ မိုးကို ပုသိမ်က ဆွေမျိုးမကင်းတဲ့ အဒေါ်အပျိုကြီးတစ်ယောက်ရဲ့အိမ်မှာထားခဲ့ရတာ ... ပြောရရင် ... အဲဒီအိမ်မှာ မိုးက လက်တိုလက်တောင်းပေါ့။ သူတို့နိုင်းတာလည်းလုပ် ကျောင်းကိုလည်းပြေးတက်နဲ့၊

မမကတော့ တကာယ်ကိုစွန့်စားသူကြီးပါ။

မခွဲချင်ခွဲချင်နှင့် တစ်ဦးတည်းသော ညီမလေးမိုးကို စပ်ရင်လည်းဆွေမျိုးတော်၊ မစပ်ရင်လည်းဆွေမျိုးမတော်တဲ့ အိမ်ခြံဝင်းကြီးထဲမှာ ထားခဲ့ရပေမယ့် စိတ်မချလို့ပြန်လာရတာလည်း တစ်လတစ်ခေါက်နီးပါးပင်။ သိပ်လည်းချစ်ခဲ့ကြတဲ့ ညီအစ်မနှစ်ယောက်။

“ငွေလရိပ်နော် နင်က နင့်ဘဝတက်လမ်းအတွက် နင့်ညီမမိုးလရိပ်ကို ငါ့အိမ်မှာထားခဲ့တာမှန်ပေမယ့် ငါကလည်းလူပိုတစ်ယောက်ကို အလကားကျွေးမထားနိုင်တော့ ကျောင်းမသွားခင်လည်း ခိုင်းရတယ်၊ ကျောင်းကပြန်လာရင်လည်း ခိုင်းရတယ်”

“အို ... ရတယ်လေ အန်တီယု ... ငွေလထားခဲ့တာလည်း အန်တီယုလည်းအဖော်ရအောင် လက်ဘိုလက်တောင်းလည်းခိုင်းလို့ရအောင်ထားခဲ့တာပါ၊ ငွေလကို ဘာမှအားမနာပါနဲ့”

အန်တီယုပြောရင်လည်း အားတုန့်အားနာနဲ့ နာခံခဲ့ရသလို ညီမလေးကိုကြည့်ပြီးတော့လည်း အန်တီယုကွယ်ရာမှာ မျက်ရည်ကျခဲ့ရတဲ့ ဒီညီအစ်မနှစ်ယောက်ရဲ့ ဇာတ်လမ်းလေးကို ဒီညီအစ်မနှစ်ယောက်ကပဲ သိနားလည်ခဲ့ရတာလေ။ ကျေးဇူးတင်နေရတာက





မိုးကို ဘယ်လိုပဲမညှာမတာခိုင်းခိုင်း အိပ်ချိန်လေးမှာ လုံလုံခြုံခြုံလေးအိပ်ခဲ့ရတာက မမငွေလရိပ်အတွက် စိတ်ဖြေစရာလေးတစ်ခုတော့ ဖြစ်ခဲ့သည်။

“ညီမလေးရယ် ညီမလေးကိုမြင်ရတာ မမဝမ်းနည်းလိုက်တာ ... ခေါင်းမိုးပေါက်တာတောင် မာလကာပင်ကိုင်းက တွယ်တက်ပြီး ခေါင်မိုးတက်ဖာနိုင်းတယ်ဆိုတော့ ပြုတ်ကျနေမှဖြင့် ညီမလေးရယ် ... မမ ရင်ကျိုးရချည့်ရဲ့ နောက်တစ်ခါတက်ရင် သတိထားတတ်နော် ညီမလေး ...”

ရင်မှာမဆန့်တော့သမျှ မျက်ရည်အဖြစ်သွန်ကျခဲ့ရတာတွေက ပြန်လာခဲ့သမျှ အခေါက်တိုင်းမှာ။ မိုးမှာတော့ ကျောင်းကပြန်လာတာနဲ့ လွယ်အိတ်ကိုပစ်ချ မီးဖိုချောင်ထဲတန်းဝင် ကျောင်းဝတ်စုံလေးကိုပင် မလဲနိုင်တော့ဘဲ လျှော်ရဖွတ်ရ ချက်ရပြုတ်ရနဲ့။

“အို ... ညီမလေး မလျှော်နဲ့ပေး ... ပေး ဒီအဝတ်တွေအားလုံး မမပဲလျှော်လိုက်မယ်”

“ဟာ ... မမက အခုမှ ရန်ကုန်ကနေ ပင်ပင်ပန်းပန်းပြန်လာရတဲ့ဥစ္စာ ... မိုးလုပ်နေကျအလုပ် မိုးပဲလုပ်မယ်”

“မိုးနော် ... မင်းကိုမပြောနေတယ် မင်းစာသွားကျက် ဒီနှစ် မင်းဆယ်တန်းအောင်မှဖြစ်မယ်၊ ဒီဘဝဆိုးကြီးထဲကနေ မမတို့ညီအစ်မနှစ်ယောက် အမြန်ဆုံးလွတ်မှဖြစ်တော့မှာ”

ရန်ကုန်ကနေ ပြန်လာတိုင်းလည်း မိုးကိုအားပေးရတာ မမမှာအမော။

“ညီမလေးရယ် ... မလွှဲသာလို့သာ မမထားခဲ့ရပေမယ့် ညီမလေးကို မမစိတ်မချပါဘူး၊ မမပေးတဲ့ပိုက်ဆံလေးကိုလည်း ဘာမှဝယ်မစားဘဲ ဒီအတိုင်းသိမ်းမထားနဲ့နော် ... ဗိုက်ဆာရင် ဝယ်စား အဝတ်မခံနဲ့ ... ဖိနပ်လေးဟောင်းနေရင်လည်း ဖိနပ်အသစ်



www.burmeseclassic.com

www.burmeseclassic.com



လေးဝယ်စီး ...”

မိုးမျက်နှာလေးကို မျက်တောင်မခတ်ဘဲ တစိမ့်စိမ့်ကြည့်ရင်း မမမှာနေတာက ဘယ်လိုမှ ဒီတ်ချလက်ချမထားနဲ့ရက်နိုင်သည့် စေတနာမျိုးတွေနှင့်။

ဒီလိုနဲ့ပဲ မိုးဆယ်တန်းကို အောင်သွားခဲ့သည်။

မိုး ပုသိမ်မှာ ကောလိပ်ဆက်တက်တော့ မမကလည်း ပုသိမ်နှင့်ရန်ကုန် ကူးလိုက်သန်းလိုက်နှင့် ဒီတစ်ခေါက်မှာတော့ မမက သူ့ချစ်သူ ကိုယ်လင်းမြတ်ထက်ရဲ့အကြောင်းတွေ တစ်လုံးမကျန် ဖွင့်ပြောလာခဲ့၏။

“မိုးရယ် ... မမလေ လင်း ... လင်းနဲ့ ခိုးရာလိုက်ပြေးရတော့မယ်ထင်တယ်၊ လင်း ... လင်းက သူ့အိမ်က သဘောတူရင်တူ မတူရင်နေ မမကို ကားနဲ့တင်ပြီးခိုးပြေးတော့မယ်တဲ့၊ မမ ... မမ ဘာလုပ်ရမလဲဟင် ညီမလေး ... ဒီလိုမှ ထွက်မပြေးရင် လင်းကို နိုင်ငံခြားရောက်အောင် သူ့တို့ပို့ကြတော့မယ် ညီမလေးရယ်”

“ဟင် ... မမ ဒါဆိုရင် မိုးဆီကို မမဘယ်လိုလုပ်ပြန်လာလို့ရတော့မှာလဲ ... မမတို့ချစ်သူနှစ်ယောက် ထွက်ပြေးမယ်ဆိုရင် မမတို့သွားတဲ့နောက်ကို မိုးပါလိုက်ခဲ့မယ်လေ မမရဲ့ ... တော်ကြာ မိုးဆီကို မမပြန်မလာရင် မမကိုလွမ်းပြီး မိုးရင်ကွဲနာကျပြီးသေရမှာ”

“အို ... ညီမလေးရယ် ... မပြောကောင်းမဆိုကောင်း ညီမလေးဆီကို မမဘာလို့ပြန်မလာရမှာလဲ မမလာမှာပေါ့ ... တစ်နေ့နေ့မှာ နောက်ဆုံးပေါ်ကားကြီးစီးပြီး မိုးကို မမပြန်လာခေါ်မယ်၊ ညီမလေးကတော့ ဒီအိမ်မှာ သူ့တို့ဘာခိုင်းခိုင်း အောင့်အည်းသည်းခံလုပ်ပြီးတော့ မမပြန်လာခေါ်မယ့်နေ့အထိ မိုးစောင့်နေနော်”

“မမ ... မမတို့ချစ်သူနှစ်ယောက်က ဘယ်အထိထွက်ပြေးမှာလဲဟင်၊ ဘယ်သူမှ ရှာလို့မတွေ့နိုင်တဲ့နေရာအထိ ထွက်ပြေးမှာ





လားမမရယ် ... မမပြောတာကိုမှားတောင်ပြီး မိုးရင်ထိတ်လိုက်တာ၊ ဒီ ... ဒီလိုထွက်ပြေးရအောင် ဘယ်သူတွေက မမတို့ချစ်သူနှစ်ယောက်ကို အတင်းလိုက်ခွဲနေလို့လဲ”

မိုးဘာ မသိတော့ အိပ်ရာထဲမှာ မမကို တင်းတင်းလေးပွေ့ဖက်ထားရင်း မေးမိ၍ မမက မိုးနှဖူးပြင်လေးကို ဖွဖွလေးနမ်းပြီးတော့မှ ဖြစ်ကြောင်းရယ်ကုန်စင် သူ့နှလုံးသားဓာတ်လမ်းကို ရှင်းပြသည်။

“ဘယ်သူတွေ ခွဲရမှာလဲ ညီမလေးရယ် ... ဦးမင်းသခင်ဆိုတဲ့ လင်းရဲ့ ကိုကိုကြီးကိုယ်တိုင်က မမနဲ့မတူမတန်ဘူးဆိုပြီး လင်းကို မျက်စေ့အောက်က အပျောက်မခံတော့ဘဲ မမနဲ့ကွဲအောင် အတင်းလိုက်ခွဲနေတာလေ”

“ဦး ... ဦးမင်းသခင် ဟုတ်လား”

မမကတော့ တကယ့်ကိုစွန့်စားသူကြီးပါ။

“ဟုတ်တယ် ညီမလေးရယ် ... အဲဒီ ဦးမင်းသခင်ဆိုတဲ့ လင်းရဲ့ကိုကိုကြီးက မမတို့နှစ်ယောက်ကို ရက်ရက်စက်စက် အတင်းလိုက်ခွဲနေတာ ဒီအတိုင်းခွဲတာ ခွဲလို့မရတော့ သူ့ညီကိုအပြင်မထွက်ရဘူးဆိုပြီး ခြံကြီးတစ်ခြံထဲမှာ ပိတ်လှောင်ထားလိုက်တယ်လေ”

“အို ... မမရယ် ကြည့်ပါဦး ... အဲဒီ ဦးမင်းသခင်ဆိုတဲ့လူကြီးက ရက်စက်လိုက်တာနော်၊ မမ ... မမကိုရော အဲဒီလူကြီးက လာပြောသေးလားဟင်”

“ပြောတာပေါ့ ညီမလေးရဲ့ ... ပြောတာမှ အထက်စီးက မရှင့်ရှင့်သီးသီးနဲ့ မမနောက်ဆုတ်သွားအောင် ပြောတာ ... နောက်ဆုံးပြောလို့မရတော့ ငွေအထုတ်လိုက်ချပေးပြီး မမကို နောက်ဆုတ်ခိုင်းတယ် ... မမကလည်း ဘယ်လိုလုပ်မလဲ၊ လင်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း တံခါးတွေ အထပ်ထပ်ပိတ် သော့တွေ အထပ်ထပ်ခတ်ထား တဲ့ကြားကနေ တိုက်ပေါ်ကနေ တွယ်ဆင်းခုန်ချပြီး မမငှားနေတဲ့ အဆောင်ကလေးဆီကို မရောက်ရောက်အောင် ပြေးလာတာ"

"ဘုရားရေ ... ကိုလင်းက မမကို အဲလောက်တောင်ချစ် တယ်"

မိုးမှာတော့ မျက်တောင်ရှည်လေးတွေ ပင့်ကော့လျှက်။

"ချစ်တာပေါ့ညီမလေးရယ် ... ဒါကြောင့်မို့လည်း လင်းကို မမက သနားနေတာ ... သူက ထွက်ပြေးပို့ခဏခဏခေါ်ပေမယ့် ညီမလေးကို ထားခဲ့ဖို့စိတ်မချလို့ မမက မလိုက်ခဲ့တာလေ ညီ မလေးရဲ့ ... အခုတော့ကွယ် ... လင်း ... လင်းခေါ်တဲ့နောက်ကို မမလိုက်ရတော့မယ် ... ဒါကြောင့်မို့ ဒီတစ်ခေါက် ပွဲသိမ်ကို မမ ပြန်လာတာ ညီမလေးကို နှုတ်ဆက်ချင်လို့ပြန်လာတာ"

"ရှင် ... မမ ညီမလေးကို နှုတ်ဆက်ချင်လို့ မမပြန်လာတာ"

မိုးမျက်ဝန်းကလေးတွေ ထိတ်လန့်စွာ ဝိုင်းစက်ခဲ့ရပြီ။

မမက မိုးကို နှုတ်ဆက်ချင်လို့တဲ့။

ခေါင်းအုံးလေးမှာ ရွဲနစ်နေအောင် မျက်ရည်တွေ အဆက် မပြတ်သွန်ချလိုက်မိတာ မိုးရယ်ပါ။

ဒီလိုသိပ်ချစ်တဲ့ ညီအစ်မနှစ်ယောက် တစ်ယောက်ပခုံးလေး ကို တစ်ယောက်ဖက်ရင်း မျက်ရည်ပြိုင်ဖြိုင် ကျခဲ့ရတဲ့အဖြစ်တွေကို ဘယ်သူတွေက သိနားလည်နိုင်မှာတဲ့လဲ။

မမအစိက ပြောသွားတာတွေက ...

လင်းရဲ့အသိုင်းအဝိုင်းကြီးတစ်ခုလုံးက မမကို အထင်သေး နှိမ်ချပြီး ဦးမင်းသခင်ဆိုတဲ့လူကြီးက ဦးဆောင်ပြီး ချစ်သူနှစ် ယောက်ကို အတင်းလိုက်ခွဲနေတဲ့အကြောင်း အဲဒီလူကြီးကို မမက အရမ်းမုန်းတဲ့အကြောင်း ... အမေ့နာကြည်းမိတဲ့အကြောင်းတွေ





မိုးဆီကို နောက်ဆုံးအခေါက်ရောက်လာခဲ့စဉ်က မမကိုယ်တိုင် မိုး ကိုရင်ဖွင့်ပြီး ပြောသွားခဲ့တာလေ။

ဟော ... မေပြန်သွားလို့ ဘာမှမကြာလိုက်တဲ့အချိန်လေး အတွင်းမှာ မမရဲ့သတင်းက မိုးဆီကို ရက်စက်စွာပြန်ရောက်လာ တော့တာ။

ပြင်ဦးလွင်ကအဆင်း နှစ်ဆယ့်တစ်မိုင်မှာ မမတို့စီးသွားတဲ့ ပြိုင်ကားအနီရဲရဲလေး ချောက်ထဲကိုပြုတ်ကျပြီး သူ့ချစ်သူနဲ့အတူတူ နှစ်လောင်းပြိုင်သေခဲ့ရတဲ့ သတင်းကို မမနေခဲ့တဲ့အဆောင်ကတစ် ဆင့် ပွဲသိမ်ကို ဖုန်းဝင်လာခဲ့တာလေ။

အဲဒီနေ့က အန်တီယုသောက်ဖို့ သံပုရာရည်ဖန်ခွက်လေးကို မိုးကကိုင်ပြီး နောက်ဖေးမီးဖိုခန်းထဲကနေ ဧည့်ခန်းကို ပြန်ထွက် အလာမှာ အန်တီယုက ဒီဖုန်းသတင်းကို ထိတ်ထိတ်ပြာပြာနဲ့ မိုး ကို လှမ်းပြောလိုက်တာ ...

"မိုးရေ ... မင်းမမ ငွေလရိပ်လေ မင်းမမ ငွေလရိပ် ..."

"ဟင် ... အန်တီယု မမဘာဖြစ်လို့လဲ ..."

"ပြင် ... ပြင်ဦးလွင်မှာ ကားမှောက်လို့ဆုံးပြီတဲ့"

"ဟာ ..."

မိုးတစ်ကိုယ်လုံး ဆောက်တည်ရာမဲ့ အေးစက်သွားခဲ့သလို မိုးအသည်းနှလုံးတွေဟာလည်း လက်ထဲကနေ ကြမ်းပြင်ပေါ်ကို ချွမ်းခနဲလွတ်ကျသွားတဲ့ သံပုရာရည် ဖန်ခွက်လေးရဲ့အကွဲအစ အပိုင်းပိုင်းတွေလို ...

"မမ ... မမဆုံးပြီ ဟုတ်လား အန်တီယု ..."

မိုးတစ်ကိုယ်လုံး ကျောက်ရုပ်လို ထုံထိုင်းအေးစက်သွားခဲ့ ပေမယ့် ပထမဆုံးလှုပ်ပြီးချက်ခြင်းပြိုကျလာတာ မိုးရဲ့မျက်ဝန်းလေး တောင့်နှစ်ဖက်စလုံးက တားဆီးလို့မရနိုင်တော့တဲ့ မျက်ရည်စက်



www.burmeseclassic.com

www.burmeseclassic.com



ပိုးပိုးပေါက်ပေါက်တွေပါပဲ။

ထိုနေ့က မိုးရဲ့မွေးလင့်ချက် အုတ်တံတိုင်းကြီးပြိုကျခဲ့သည်။

ထိုနေ့က မိုးရဲ့အိပ်မက်ကောင်းကင်ကြီး မြူနီးတိမ်တွေအောက်မှာ မှောင်အတိဖုံးခဲ့သည်။

နောက်တစ်နေ့မှာပဲ ကျွန်ုပ်တို့ ပလူပျံနေအောင် ပါလာခဲ့တဲ့ သတင်းစာတ်ပုံတွေက ချောက်ကမ္ဘာကြီးအောက်မှာ မီးဟုန်းဟုန်းတောက်အောင် စွဲလောင်နေခဲ့တဲ့ ဖြိုင်ကားအနီရဲရဲကလေး … ရှိုက်ငိုလို့ မရနိုင်တော့အောင် မိုးကို အသက်မဲ့စေခဲ့လျက်။

ခုတော့ … ခုတော့ …

အဆုံးမဲ့ နာကြည်းချက်တွေနဲ့ ယောက်ျားလေးတစ်ယောက် ဟန်ဆောင်ပြီး လက်စားချေဖို့လိုက်လာခဲ့ရတဲ့ မိုးဆိုတဲ့ကောင်လေး တစ်ယောက်က ဦးမင်းသခင်ဆိုတဲ့ လူကြီးတစ်ယောက်ရဲ့ စာကြည့်ခန်းထဲက ကွန်ပျူတာစားပွဲခုံလေးရှေ့မှာ တိတ်ဆိတ်စွာရပ်လျက် …

ဒါဟာလည်း မိုးသိချင်တဲ့အချက်အလက်တွေကို ကွန်ပျူတာ Black File ထဲကနေ ဦးမင်းသခင် အိပ်ပျော်နေခိုက်မှာ မိုးရှာကြည့်ချင်လို့ပါ။

မိုးခြေဖျားလေးထောက်ကာ ဦးမင်းသခင်ရဲ့ အိပ်ခန်းဝလေးနားကနေ အထဲကို ချောင်းကြည့်လိုက်တော့ … သောက်ထားတဲ့ ယမကာအရှိန်နဲ့ ဦးမင်းသခင်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့ပြီ။

နှုတ်ခမ်းလေးမဲ့ကာ မိုးပြန်လျှောက်လာခဲ့တာက …

ကွန်ပျူတာ ထားတဲ့စားပွဲလေးဆီကိုပါပဲ။

ကွန်ပျူတာ ပါဝါခလုတ်ကို ဖွင့်လိုက်စဉ်မှာ တီခနဲ မြည်သွားတဲ့အသံတစ်ခုက ကြောက်စေဖွယ်ကောင်းအောင် ကျယ်





လောင်သွားခဲ့သည့်အတိုင်း အခန်းထဲမှာ ပေါ်ထွက်သွားခဲ့၏။ မိုး ကတ်ကလေးပုကာ နှုတ်ခမ်းလေးကိုပါ ဖွဲ့လိုက်မိသေးသည်။

အရင်ဆုံး … File တွေကို တစ်ခုပြီးတစ်ခု မိုးဖွင့်ကြည့်မိ၏။

ဒီလိုဖွင့်ကြည့်နေစဉ်မှာ မိုးရဲ့ရင်ခုန်သံတွေဟာ ရင်ညွန့်လေး ထိမှာ တဒိတ်ဒိတ်တိုးလို့။ အရေးထဲမှာ ပေါ်လာတဲ့အကြောင်းအရာ တွေက ကုမ္ပဏီနဲ့ပတ်သက်နေတဲ့ မှတ်တမ်းမှတ်ရာတွေဖြစ်နေတာ မို့ မိုး … နောက် File တွေ တစ်ခုပြီးတစ်ခုကို ဖွင့်ကြည့်နေခိုက်

"ဟေ့ကောင် … မင်း … မင်း … ဒါဘာလုပ်တာလဲ"

သေစမ်း … သွားပြီ … ဦးမင်းသခင် အိပ်ရာကနိုးလာပြီ။

မိုးမျက်နှာပျက်ပျက်လေးနဲ့ပဲ ကပျာကယာ ထရပ်လိုက်ရ၏။

"ဟာ … သူဌေးမင်း … ကျွန်တော် … ကျွန်တော် …"

"ဒီ … ဒီကွန်ပျူတာကို ငါ့ဆီက ခွင့်ပြုချက်မတောင်းဘဲ မင်းဖွင့်ကြည့်စရာလားဟင်မိုး … ပြောစမ်း … ငါအိပ်ပျော်နေမှ ကွန်ပျူတာကို မင်းဘာဖြစ်လို့ တစ်ယောက်တည်း ဖွင့်ကြည့်နေ တာလဲ"

"ဟဲ … ဟဲ … ကျွန်တော် … ပြင်းလို့ …"

"တောက် … မင်းကွာ … သွား … သွား အောက်ထပ်မှာ စားစရာရှိလဲ အပေါ်ကိုယူလာခဲ့ ဒီမှာ … ငါဗိုက်ဆာပြီး နိုးလာတာကွ … ဟွန်း …"

မင်းသခင်ရဲ့ မျက်စောင်းလေးက မိုးမျက်နှာလေးပေါ်ဝဲသွား သည်။ ကြည့်ပါဦး … ဒီကောင် မအိပ်သေးဘဲ ကွန်ပျူတာရှေ့မှာ တစ်ယောက်တည်းလုပ်ချင်တိုင်းလုပ်နေတာ။ အတော်ပါပဲ … ဒီ ကောင် မအိပ်သေးရင် ဒီကောင်နဲ့စကားတွေထိုင်ပြောရမယ်။

မိုးပြန်တက်လာတော့ …



www.burmeseclassic.com

www.burmeseclassic.com



ထမင်းနဲ့စားသောက်စရာတချို့ ပါလာ၏။

စားဖတ်ခန်းထဲက လွတ်နေတဲ့စားပွဲလေးပေါ်မှာပဲ စားစရာတွေကို မိုးက သွက်သွက်လေးပြင်ပေးသည်။

"မိုး ..."

"ဗျာ ... သူဌေးမင်း ..."

"ငါအိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးလာတာကွ"

"ဗျာ ... သူဌေးမင်းက အိပ်မက်ဆိုးတွေမက်တယ် ဟုတ်လား"

"အေးကွာ ... အဖြူရောင်ဝမ်းဆက်လေးဝတ်ထားတဲ့ ကောင်မလေးတစ်ယောက်က ပိန်းပိတ်အောင်ကျနေတဲ့ နှင်းတွေကြားထဲကထွက်လာပြီး ငါ့ကိုနှုန်းတယ် ... ငါ့ကိုသတ်မယ်လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး လာပြောနေတာကွ"

"ဗျာ ..."

ကြည့်စမ်း ...

အဖြူရောင်ဝမ်းဆက်လေးနဲ့ ကောင်မလေးတစ်ယောက်တဲ့။

"ဟာ ... သူဌေးမင်းရယ် ... အဲဒါ သူဌေးမင်း တစ်ယောက်ယောက်ကို စိတ်ထဲစွဲသွားလို့ ကယောင်ကတမ်းမက်သွားတာပဲနေမှာပါ၊ နေ့လိုက်ပါ ... ရင်ထဲမှာလည်း မထားနဲ့၊ ခေါင်းထဲမှာလည်း စွဲမနေနဲ့ ... ဒီလိုအိပ်မက်မျိုးက မက်တတ်ပါတယ် ဟင်းဟင်း ..."

မိုးနှုတ်က ပြောလိုက်ရပေမယ့် ...

မိုးရင်ထဲမှာတော့ ...

အဲဒါ သူဌေးမင်းပြုခဲ့တဲ့ကံတွေက သူဌေးမင်းကိုပြန်ပြီးချောက်လှန့်နေတာလေ သူဌေးမင်းရဲ့ ... သူဌေးမင်းတွေ့လိုက်တဲ့





အိပ်မက်ထဲက အဖြူရောင်ဝမ်းဆက်လေးနဲ့အရိပ်ကလေးက မမငွေလရိပ်ကလွဲရင် တခြားဘယ်သူဖြစ်စရာ အကြောင်းရှိလို့လဲ။

"မဟုတ်သေးဘူးထင်တယ် မိုးရာ ..."

"ကဲပါ သူဌေးမင်းရာ ... သိပ်လည်းကြောက်မနေပါနဲ့ ... ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ဆိုးမစကားတစ်ခွန်းရှိတယ်မို့လား၊ ကိုယ်ဝစီကံ ကိုယ့်ဆီပြန် ကိုယ့်မနောကံ ကိုယ့်ဆီပြန်တဲ့ ..."

"ဘာ ... ဘာပြောတယ်ကွ"

ဦးမင်းသခင် မျက်နှာက ရဲတွတ်သွားပြီး ဆတ်ဆတ်ခါလည်းနာသွားပုံရ၏၊ မိုးမျက်နှာကိုမော့ကြည့်လိုက်တာက စိတ်လှုပ်ရှားသွား ဒေါသတကြီး ဟန်ကလေးနဲ့ပင်။

"ဒီမှာဟေ့ကောင် ... မင်းစကားပြောတာ ဆင်ခြင်ပြီးပြောစမ်း ... ကိုယ့်ဝစီကံ ကိုယ့်ဆီပြန်ရအောင် ငါက ဘာအမှားတွေကျူးလွန်ခဲ့လို့လဲ ... မင်း ... ငါ့ကို စွတ်စွတ်စွဲစွဲတွေ လာမပြောနဲ့၊ ငါအသက်ရှင်လာခဲ့တဲ့ ဘဝတစ်လျှောက်လုံးမှာ ငါ့လိပ်ပြာငါလုံတယ် သိလား ... ဟွန်း ..."

ဦးမင်းသခင် ဒီလိုပြောတော့လည်း မိုးက ရယ်ချင်လာသည်။

အိပ်မက်ဆိုးတွေ မက်တယ်ဆိုတာ။

လိပ်ပြာမလုံလို့ လိပ်ပြာချောက်တာလေ ဦးမင်းသခင်ရဲ့။

ကျွန်တော်ကတော့ ခင်ဗျားကို ဒီလိုပဲ စွတ်စွဲလိုက်ချင်တယ် မမငွေလရိပ်တို့ ချစ်သူနှစ်ယောက်ရဲ့နောက်ကို ခင်ဗျားက ကားတစ်စီးနဲ့နောက်က အတင်းလိုက်လာလို့ ပြင်ဦးလွင်ကနေ မနက်လင်းကားကြီးအချိန်မှာ မမငွေလရိပ်တို့ ချစ်သူနှစ်ယောက်ဟာ ပိုင်ကားစီးလေးနဲ့ သေလုမျှောပါးဆင်းပြေးခဲ့ရတယ် မဟုတ်လား။

အဲဒီမှာတင် ချောက်ထဲကို အရှိန်လွန်ပြုတ်ကျပြီး နှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်သေပွဲဝင်ခဲ့ရတာ။ ဒါကြောင့်မို့ ... ဒီလိုအိပ်မက်ဆိုးမျိုးတွေ ခင်ဗျားမက်နေတာ ... လုပ်မနေနဲ့ ... မိုးသိပ်ချစ်တဲ့မမကို အသေသတ်ခဲ့တဲ့ ခင်ဗျားဘဝမှာ တူညီတဲ့သက်ရောက်ခြင်းတွေ မကြာခင် ခင်ဗျား တွေးပိုက်ရတော့မယ်လေ ဦးမင်းသခင်ရဲ့ ...

"ဟာ ... ဟော့ကောင် ... နှုတ်ခမ်းလေးမဲ့ပြီး မင်းငါ့ကို စိုက်ကြည့်မနေနဲ့လေ ..."

ဦးမင်းသခင် ဖြတ်အော်လိုက်တော့မှ ပတ်ဝန်းကျင်ကို မိုး ပြန်သတိထားမိသွားသည်။

"ဟာ ... မကြည့်ပါဘူးဗျ ..."

"ဟွန်း ... မင်းဘာလို့ မကြည့်ရမှာလဲ ... နှုတ်ခမ်းလေးမဲ့ ပြီးတော့ မင်းငါ့ကို ကြည့်နေတာ ... ငါမြင်တယ် ဟော့ကောင် ... မင်း ငါ့ကို မလိမ်နဲ့ ..."

မိုး ရယ်ချင်ပါသည်။

မိုးဒီလိုကြည့်မိတာကိုတောင် မခံစားနိုင်လောက်အောင် ဦးမင်းသခင် တုန်လှုပ်ရလေသည်တဲ့လား။ မကျေမချမ်းနဲ့ပြောပြီး တော့လည်း ထမင်းကို တစ်ဇွန်းနှစ်ဇွန်းလောက် ဦးမင်းသခင်စား ကြည့်လိုက်သေး၏။

"ဟင် ... စားလေ ... သူဌေးမင်း ..."

"ဒါ ... မင်းချက်ထားတဲ့လက်ရာမှ မဟုတ်တာပဲကွ"

"ဟာ ... ကျွန်တော်က ဒီနေ့တစ်နေ့လုံး သူဌေးမင်းနောက်ကို လျှောက်လိုက်နေရတာလေ ဦးချစ်ဇရာက ကျွန်တော် မရှိလို့ ဝင်ချက်ထားတာ ကောင်းပါတယ် သူဌေးမင်းရာ ... ဒီကြက်ဖုံချက်ဟင်းခါးလေးဆိုရင် ငရုတ်ကောင်းနဲ့လေးမွှေးပြီး သောက်လို့ ကောင်းတာဗျ ... တဇွန်းလေးလောက်တော့ သူဌေးမင်း သောက် ကြည့်လိုက်စမ်းပါဦး"





"ငါ ... ငါ ... မသောက်ချင်တော့ဘူး ဟော့ကောင် ... မင်းနဲ့ငါနဲ့နှစ်ယောက်တည်း ခြံထဲဆင်းပြီး စကားပြောကြတာပဲ ကောင်းမယ်ထင်တယ် ... လာကွာ ... သွားမယ် ..."

"ဟာ ... သူဌေးမင်း ..."

လက်ကိုလည်းဆွဲ ပခုံးကိုလည်းဖက်နဲ့ ...

မိုးဘယ်လိုမှလည်း ရှောင်လို့မရနိုင်။

"မိုးရာ ... ငါ့အနားမှာနေရတာကို မင်းဘာလို့ ဒီလောက်တောင် ကြောက်နေရတာလဲ ... ဒီအချိန်ဆိုရင် ခြံထဲမှာ တိတ်ဆိတ်ငြိမ်သက်ပြီး သဘာဝပတ်ဝန်းကျင်လေကလေးတဖြူးဖြူးနဲ့ စကားထိုင်ပြောရတာကောင်းလို့ မင်းကိုခေါ်တာပါကွ ... လိုက်ခဲ့စမ်းပါကွာ"

"ဟာ ... လိုက်ဆိုလည်း လိုက်ခဲ့မယ်လေ သူဌေးမင်းရဲ့ ကျွန်တော် ... ကျွန်တော့်ပခုံးကိုတော့ မဖက်ပါနဲ့ဗျ ..."

မိုးရင်တုန်တုန်နဲ့ပဲ သူ့လက်တွေကိုဖြေချပြီး ရုန်းထွက်လိုက်ရသည်။

"ဟား ... ဟား ... မင်းကတော့ကွာ တကယ်ပဲ ... တကယ်ပဲ ..."

"ဟင်း ... ဟင်း ..."

တွေ့လား မိုးရင်တုန်နေပါတယ်ဆိုမှ ခြံထဲမှာ ထိုင်တော့လည်း နှစ်ယောက်စီး ဒန်းပုခက်ဖြူဖြူလေးပေါ်မှာ မိုးကို သူနဲ့ပူးပူးကပ်ကပ်လေးမှာ ထိုင်ခိုင်းပြန်သည်။ မိုးကိုယ့်လိပ်ပြာလည်း ကိုယ်မလုံ။ လရောင်တွေက တစ်ခြံလုံးကို ဖြာကျနေတော့ နုစိုဝင်းနှစ်တဲ့ သူ့မျက်နှာလေးကို မကြည့်ရဲကြည့်ရဲလေးနှင့် မျက်တောင်လေး တဖျတ်ဖျတ်ခပ်ကာ ကြည့်နေရသည်။

"မိုးရာ ... ငါစိတ်ညစ်နေလို့ မင်းကိုရင်ဖွင့်ချင်နေတာပါ



www.burmeseclassic.com

www.burmeseclassic.com



ကွာ"

"ဟွန်း … မမချစ်ခြင်းပြိုင်အကြောင်းဆိုရင်တော့ ကျွန်တော့်ကို လာမပြောနဲ့နော် … သူဌေးမင်း … ကျွန်တော် နားမထောင်ချင်ဘူး"

"မင်းနားမထောင်ချင်ရင်လည်း ငါကတော့ပြောရမှာပဲလေ မိုးရဲ့ … ခုချိန်မှာ ငါ့စိတ်တွေကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ အကြောင်းအရာဆိုတာ ချစ်ခြင်းပြိုင်နဲ့ပတ်သက်တာတွေပဲရှိနေတာ မိုးရာ … ဒီညမှာ လမင်းကြီးကလည်း သာလိုက်တာကွာနော်"

ဦးမင်းသခင်က လမင်းကြီးကိုမော့ကြည့်ကာ ပြောလိုက်ပေမယ့် မိုးကတော့ ခေါင်းလေးငုံ့ကာ ငြိမ်သက်စွာပဲ ထိုင်နေမိသည်၊

လမင်းကြီးကိုလည်း မိုး မော့မကြည့်ရဲပါဘူး။

လရောင်ဆိုတာ ဖြားယောင်းသွေးဆောင် ညှို့ငင်ယူတတ်တဲ့သဘောရှိသတဲ့။ ခုပဲကြည့်လေ။ ဦးမင်းသခင်နဲ့ အနီးဆုံးနေရာလေးမှာ အသားခြင်းထိလုမတတ် ထိုင်နေရတာ လရောင်က မိုးကို ဖြားယောင်းသွေးဆောင်သွားရင် ဘယ်လိုလုပ်မလဲ၊

ဦးမင်းသခင်နားကနေ အရှုံးနဲ့တော့ မိုးပြန်လှည့်ထွက်မသွားနိုင်ပါဘူး။

မမငွေလရိပ်ရယ်။

မမငွေလရိပ်ရဲ့ နာကျင်မှုတွေက မိုးရဲ့နာကျင်မှုတွေပါပဲ။ ဦးမင်းသခင်ဆိုတဲ့လူကြီးဟာ မမငွေလရိပ်ကို တကယ်ရက်စက်ခဲ့တာမှန်ရင် ဒီလူကြီးကို မိုးကလည်း ခွင့်မလွှတ်ပါဘူး၊ မမငွေလရိပ်အတွက် မိုးလက်စားပြန်ချေမယ်။ သူချစ်တဲ့သူနဲ့ ဘယ်တော့မှ မပေါင်းရအောင် မိုးလိုက်ခွဲမယ်။ ဒါ … မိုးရဲ့ရည်ရွယ်ချက်အမှန်ပဲလေ။

ဒီလူကြီးကြောင့် မိုးနဲ့မမငွေလရိပ် သောကွဲကွဲခဲ့ရတာ။





မိုးဘယ်တော့မှ မေ့မပစ်ရက်နိုင်ပါဘူး မမငွေလရိပ်ရယ်။

"ဟော့ကောင် … မိုး …"

"ဗျာ … သူဌေးမင်း …"

"မင်း … သက်ပြင်းလေးချချပြီး ဘာတွေတစ်ယောက်တည်း စဉ်းစားနေတာလဲဟင် … ငါနဲ့နေရတာ မင်းစိတ်ဓာတ်ကျနေပြီလား …"

ဟော … တွေ့လား …

ဒါန်းပုခက်လေးရဲ့ နောက်မှီသစ်သားတန်းကလေးပေါ်ကနေ မိုးပခုံးလေးကို ဦးမင်းသခင်က ဖက်ထားလိုက်ပြန်ပြီ။ ပြဿနာပဲ … သူက ဒီလိုတရင်းတနှီးလေးနေတာ မှန်ပေမယ့် … မိုးမှာတော့ ရင်တွေ ဖျတ်ခနဲ တုန်တုန်သွားရတာက ခက်နေတာ။ ကြာရင် … မလွှယ်တော့ဘူးထင်တယ် … သူဌေးမင်းရယ် … ဒီခြံကြီးထဲကနေ အရှုံးတွေနဲ့ မိုးထွက်သွားရတော့မယ်ထင်တယ်။

"ဟော့ကောင် … ငါမေးနေတာ မင်းဖြေလေ …"

"ကျွန်တော် … ကျွန်တော် ဘာဖြေရမှာလဲ"

"ငါနဲ့နေရတာ မင်းမပျော်ဘူးလားလို့"

"ပျော်တော့ပျော်ပါတယ်ဗျာ … ဒါပေမယ့် … ဟွန်း …"

"ဟော … တွေ့လား … ဖြေရင်းနဲ့ မင်းနှုတ်ခမ်းလေးက မဲ့သွားပြန်ပြီ"

"ကျွန်တော်က တစ်နေ့ကျရင် ဒီခြံကြီးထဲကနေ ထွက်သွားရမယ့်သူပါ … သူဌေးမင်းရာ၊ ကျွန်တော့်ကို ဒီခြံမှာ ခဏလာနားတဲ့ အဝေးကရောက်လာတဲ့ ငှက်ကလေးတစ်ကောင်လို့ပဲ သူဌေးမင်း သဘောထားပေးပါ … ငှည့်သည်ဆိုတာ အချိန်တန်တာနဲ့ ကိုယ့်ဘာဝပေါင်းလေးထဲကိုပဲ ပြန်သွားရမှာလေ … သူဌေးမင်းရဲ့"

"ဟာ … ဟော့ကောင် မင်းဘာတွေလျှောက်ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ”

ဦးမင်းသခင် အော်လိုက်သံက နည်းနည်းလေးကျယ်သွားသည်။

“အခု ... ကောင်းကင်မှာသာနေတဲ့လမင်းကြီးလိုပဲလေ သူဌေးမင်း ... သာနေတုန်းခဏပဲ ကောင်းကင်ကြီးပေါ်မှာ မြင်ရတာ ... အချိန်တန်တော့လည်း ဘယ်ရောက်လို့ရောက်သွားမှန်းမသိအောင် ပျောက်ကွယ်သွားရတော့တာလေ ... ကျွန်တော်လည်း တစ်နေ့ကျရင် ဒီအတိုင်းပဲဖြစ်သွားမှာ”

“ဟွန်း ... ဖြစ်လို့ရမလားကွ”

“သူဌေးမင်းရယ် ... သူဌေးမင်းက ကျွန်တော့်ကို ဘယ်လောက်ပဲခင်ခင် ... မမချစ်ခြင်းပြိုင်ကို သူဌေးမင်းယူလိုက်တာနဲ့ သူက ကျွန်တော့်ကို မောင်းထုတ်တော့မှာပေါ့ဗျ ... သူဌေးမင်းအနားကိုတောင် ကျွန်တော်ကပ်လို့ရမှာ မဟုတ်တော့ဘူး”

“အားမငယ်စမ်းပါနဲ့မိုးရာ ...”

ဟော ... မိုးပခုံးလေးကို ခပ်တင်းတင်းလေး ဖက်ထားလိုက်ပြန်ပြီ။

မိုးစိတ်မခိုင်လို့ကတော့ သူ့ရင်ခွင်ထဲကို လဲပြိုကျတော့မည်။ သူဌေးမင်းရာ ... ကျွန်တော့်ကို ခဏခဏတော့ ဒီလိုကြီးဖက်မပါနဲ့ဗျာ ... ကျွန်တော် တောင်းပန်ပါတယ် ... အတင်းရုန်းနေရင်လည်း ကျွန်တော့်ကို မိန်းကလေးတစ်ယောက်ဆိုတာ သူဌေးမင်း ရိပ်မိသွားတော့မှာ။

ကျွန်တော် ... ရုန်းလည်း မရုန်းရဲဘူး။

ငြိမ်နေတော့လည်း ရင်တွေတဖျတ်ဖျတ် ခုန်လာရတဲ့ဒဏ်ကို ကျွန်တော် မခံစားနိုင်တော့ဘူးလေ။ ပိုဆိုးတာက သူဌေးမင်းရဲ့ ညို့နိုင်အားပြင်းတဲ့ မျက်ဝန်းကြီးတွေကို ရင်ဆိုင်မကြည့်ရဲလို့ ခဏ





ခဏ မျက်နှာလွှဲနေရတဲ့ အဖြစ်ရှယ်ပါပဲ။

ဒါ ... သူဌေးမင်းကို ကျွန်တော်ချစ်သွားမိတာလား။

အမုန်းနဲ့လက်စားချေချင်နေတဲ့စိတ်ကို

အချစ်နဲ့ ကြည်မွေ့ချင်တဲ့စိတ်ကလေးက အနိုင်ယူသွားတော့မယ်ထင်တယ် သူဌေးမင်းရယ် ...

မိုးတော့ ... ဒုက္ခရောက်ရတော့မယ် ထင်ပါရဲ့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"တီ ... တီ ... "

"တီ ... တီ ... "

ခါးမှာချိတ်ထားသည့် ဟန်းဖုန်းလေးဆီက တီးလုံးသံလေး ပေါ်လာတာမို့ အိတ်ကလေးထဲကနေ ဖုန်းကလေးကိုဆွဲထုတ်ကာ မိုး ... နားမှာကပ်လိုက်သည်။

"ဟဲလို အမိန့်ရှိပါ ... ရွှေခြေနင်းနဲ့စကြာယဉ်ကုမ္ပဏီကပါ"

"ဟင် ... ကိုကို မဟုတ်ဘူးလား ... "

ကိုကိုတဲ့ ...

တစ်ဖက်က ပေါ်လာတာ မိန်းကလေးတစ်ယောက်ရဲ့အသံလေး။

"ဗျာ ... ဘယ်က ကိုကိုလဲ ... "

မိုးနားမလည်လို့ ပြန်မေးလိုက်တော့ ...

"ဘုရားရေ... ဒီဖုန်းနံပါတ်ကို မနက်ကပဲ ကိုကိုကပေးထားလို့ဆက်လိုက်တာလေ၊ ကိုကိုမကိုင်ဘဲနဲ့ ဒီဖုန်းကို ဘယ်သူကိုင်နေတာလဲ"

အသံကစွာနေသလောက် ဒီဖုန်းကို မိုးကိုင်တာပဲ အံ့သြနေပုံ





ရှာ၏။

"ဟို ... ဟိုလေ ... ကိုကိုဆိုတာ ဦးမင်းသခင်ကိုပြောတာလား"

"အမလေးနော် ... သေတော့မှာပဲ ရွှေခြေနင်းနဲ့စကြာယဉ်ကုမ္ပဏီမှာ ကိုကိုက ဘယ်နှစ်ယောက်တောင်ရှိနေလို့လဲဟင် ... ဦးမင်းသခင်လေ ... ဦးမင်းသခင်ကို ပြောနေတာ ... "

မိုး သဘောပေါက်လိုက်ပြီ။

ဒီအသံဟာ ဦးမင်းသခင်ရဲ့ တစ်ဦးတည်းသောညီမလေး အိမ့်ချစ်မှူးရဲ့အသံပဲဖြစ်မှာပဲ။ ခက်နေတာက သူဌေးမင်းက စက်ဘီးအခြေစိုက်ကုမ္ပဏီတစ်ခုက ဉက္ကဋ္ဌနှင့်အဖွဲ့ကို အခန်းထဲမှာ သီးသန့်တွေ့ဆုံဆွေးနွေးနေတာ ခေါ်ပေးလို့မရပါဘူး။

"ဩော် ... ဟုတ်ကဲ့ ... မန်နေးဂျင်းနဲ့တွေ့ချင်တယ်ဆိုရင် မန်နေးဂျင်းက မအားပါဘူး"

"နေ ... နေပါဦး ... အခု ဒီဖုန်းကို ကိုကိုကမကိုင်ဘဲ ကိုကိုကိုယ်စားဘယ်သူက ဝင်ကိုင်နေတာလဲ"

"ကျွန်တော် ... မန်နေးဂျင်းရဲ့ကိုယ်ရေးအတွင်းရေးမှူး မိုးပါ"

"ဟင် ... မိုး ဟုတ်လား ... မိုး ... မိုးဆိုတာ ဝင်းဝင်းစက်စက်မျက်နှာလေးနဲ့ ကိုကို့ခြံထဲမှာ ထမင်းချက် သန့်ရှင်းရေးလုပ်တဲ့ကောင်လေးကို ပြောနေတာလား ... "

"အဟင်း ... ဟုတ်ပါတယ် ... အခု ... ကျွန်တော် ထမင်းမချက်တော့ပါဘူး"

မိုးခပ်တေ့တေ့လေးပဲ ပြန်ပြောလိုက်မိသည်။

သူ့ကို ဒီလိုအသားလွတ်ကြီး ရိုက်ချိုးတာကိုတော့ မိုးလက်မခံနိုင်ပါဘူး။ အိမ့်ချစ်မှူးရယ် မာနကြီးကြီးလေးနှင့် အလန်းစတိုင်



www.burmeseclassic.com

www.burmeseclassic.com



လေးနေတတ်တဲ့ မင်းကိုတော့ မိုးသဘောကျပါတယ်။ မင်းနဲ့မိုးက လည်း ရွယ်တူလောက်ပဲရှိမယ် ထင်တယ်နော်။

"ရှင် ... ရှင် စကားပြောတာ မျှူးကို ရီပြီးမပြောနဲ့နော်"

"ဟာ ... ကျွန်တော် မပြောရဲပါဘူး"

"ဒီမှာ ... ကိုကိုကိုပြောလိုက် ညနေကျရင် **Westland Park** မှာ မမချစ်ခြင်းပြိုင်တို့ မိဘအသိုင်းအဝိုင်းတွေနဲ့ ဒီဘက်က နှစ်ဖက် လူကြီးတွေ မင်္ဂလာရက်သတ်မှတ်ဖို့ ချိန်းထားတာရှိတယ်လေ ... အဲဒါ ... ကိုကို အလုပ်တွေရှုတ်ပြီးမေ့သွားမှာစိုးလို့ ဆက်တာ"

"ဟုတ်ကဲ့ ... ကျွန်တော် သတိပေးလိုက်ပါ့မယ်"

"တီ ... တီ ..."

ဒါပဲပြောပြီး ဖုန်းကို ပြန်ပိတ်ချသွားသည်။

"ဟင် ... အခန်းထဲမှာ မိုးတစ်ယောက်တည်းလား"

ဘေးခန်းက လက်ထောက်မန်နေဂျာ ဒေါ်ပုလဲသွယ်က ဖိုင် တွဲတစ်တွဲကိုကိုင်ရင် ဟိုကြည့် သည်ကြည့်လေးနဲ့ အခန်းထဲ ဝင်လာ သည်။

"ဟုတ်တယ် ... အန်တီသွယ် ... သူဌေးမင်းက အစည်းအဝေး ခန်းထဲမှာ ဧည့်သည်တွေနဲ့ အလုပ်ကိစ္စဆွေးနွေးနေလို့ ကျွန်တော် တစ်ယောက်တည်း ဒီမှာထိုင်နေရတာ ... အန်တီသွယ် ဘာကိစ္စရှိ လို့လဲဟင် အရေးကြီးလား ..."

"အရေးတော့မကြီးပါဘူးမိုးရယ် ... ဝန်ထမ်းရေးရာကိစ္စ လေးတစ်ခု မရှင်းတာမေးချင်လို့ ..."

"ထိုင်လေ ... အန်တီသွယ် ..."

မိုးကိုတော့ အန်တီသွယ်ကလည်း ခင်ပါသည်။

နုနုနွဲ့နွဲ့လေးနဲ့ မိုးမျက်နှာလေးက ခင်မင်ချင်စရာကောင်းတဲ့ မျက်နှာလေး။





"မိုးတို့ဆီကို ချစ်ခြင်းပြိုင်လာသေးသလားဟင် မိုး ..."

ဟိုနေ့က ပြဿနာဖြစ်တဲ့ကိစ္စကို အန်တီသွယ်သတိရပြီး ပြန်မေးလိုက်မိတာ ဖြစ်၏။ ဦးမင်းသခင်နဲ့ချစ်ခြင်းပြိုင်တို့ရဲ့ မင်္ဂလာ သတင်းကိုလည်း အန်တီသွယ်က စိတ်ဝင်စားပါတယ်၊ မိုးက ကန့် ကွက်နေတာကိုလည်း အန်တီသွယ် သိ၏။

"လာတော့မလာဘူးအန်တီသွယ် ... ဒါပေမယ့် ဒီညမှာ တော့ **Westen Park** မှာ နှစ်ဖက်လူကြီးတွေ မင်္ဂလာရက်သတ်မှတ် ဖို့ ညစာအတူစားမယ့် အစီအစဉ်တွေရှိတယ်"

"အို ... မင်္ဂလာရက်တောင် သတ်မှတ်ပြီလား"

အန်တီသွယ်က မျက်တောင်လေးပင့်ကာ အံ့ဩသွားဟန် လေးနဲ့။

ဒါကိုကြည့်ပြီး မိုးက နှုတ်ခမ်းလေးမဲ့ကာ

"ဟွန်း ... နောက်ဆုံးကျတော့ ဒီပွဲက ပျက်မှာပါ၊ အန်တီ သွယ်မယုံရင် စောင့်ကြည့်လိုက် ..."

"ဟင် ... ဘာလို့ပျက်မှာလဲ"

"ဝင့်ဆိုတာ လည်တတ်တယ်လေ အန်တီသွယ်ရဲ့ ..."

"ဘယ် ... ဘယ်လို မိုး ..."

"ကိုလင်းမြတ်ထက်ကိစ္စလေ ..."

"လင်း ... လင်းမြတ်ထက် ဟုတ်လား ..."

ဒီနာမည်ကို မိုးက ခပ်တည်တည်လေးနဲ့အစဖော်ပေးလိုက် တော့ အန်တီသွယ်က မျက်လုံးလေးပြူးပြီး မိုးကို တအံ့တဩလေး လှမ်းကြည့်သည်။

"လင်း ... လင်းမြတ်ထက်ကို မိုးသိတယ်"

အန်တီသွယ်နှုတ်ခမ်းလေးတွေ မဟတဟလေးပွင့်လျက်။

"လူကိုတော့ မတွေ့ဖူးပါဘူး ... နာမည်ကိုပဲကြားဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးရယ် ... ကုမ္ပဏီမှာ ဒီအကြောင်းပြောရင် မောင်မင်းသခင်က မကြိုက်ဘူးဆိုတာ မိုးမသိဘူးလားဟင် ... မပြောနဲ့ ... မပြောနဲ့ ... ရှူး ... တိုးတိုး ..."

အန်တီသွယ်က စိတ်မလုံစွာ ဟိုကြည့် ဒီကြည့်လေးပင်ဖြစ်သွားသည်။ မိုးကတော့ အရာရာကို စူးစမ်းကြည့်ချင်စိတ်ရှိသူပီပီ အန်တီသွယ်ဆီကပဲ စကားတွေနှိုက်ထုတ်ဖို့ ဟိုတစ်နေ့ကတည်းက မိုးစဉ်းစားထားခဲ့တာဖြစ်သည်။ ပြောရရင် ... လက်ထောက်မန်နေဂျာ ဒေါ်ပုလဲသွယ်ဆိုတာ ဒီကုမ္ပဏီမှာ လုပ်သက်ရင့် ကုမ္ပဏီကျွမ်းကျင်သူ ဝန်ထမ်းတစ်ယောက်လေ။

ရွှေခြေနင်းနဲ့စကြာယဉ်ကုမ္ပဏီကြီးရဲ့ အတွင်းရေး အပြင်ရေးတွေပါမကျန် အစအဆုံးကို ကြေညက်နေအောင် အန်တီသွယ်က သိပြီးသား။ ဒါကြောင့်မို့ ... အန်တီသွယ်ဟာ မိုးသိချင်တာတွေကို အဖြေထုတ်ပေးနိုင်မယ့် ပစ်မှတ်တစ်ခုအဖြစ်နဲ့ အန်တီသွယ်ကိုပဲ မိုးက ရွေးချယ်ခဲ့တာဖြစ်သည်။ ဒါမှ မိုးရဲ့လှုပ်ရှားမှုတွေကို ဘယ်သူမှ မသိနိုင်တော့မှာလေ။

မိုးက အထူးအဆန်းမဟုတ်သလို စိတ်မဝင်စားသလိုအမူအရာလေးနဲ့ အန်တီသွယ်မရိပ်မိအောင် ပိပိရိရိကလေး ဟန်ဆောင်ပြုံးလိုက်တာ။

"အန်တီသွယ်ရာ ... ကျွန်တော်က ဒီကုမ္ပဏီနဲ့ပတ်သက်တာ မကြာသေးပေမယ့် ဦးမင်းသခင်နဲ့သက်ဆိုင်နေတဲ့ အကြောင်းအရာတွေကိုတော့ သိထားတာတွေအများကြီးရှိတယ်၊ ဥပမာ ကိုလင်းမြတ်ထက် သေခဲ့ရတဲ့ ကြေးရဲ့စရာ အဖြစ်ဆိုးအကြောင်းတွေလို့မျိုးပေါ့"

"အို ... ဒါတွေပါ မိုးသိတယ်"

အန်တီသွယ် မျက်လုံးပြူးပြန်ပြီ၊





"သိတာပေါ့ ... အန်တီသွယ်ရယ်၊ ဒါကြောင့်မို့ ... ကျွန်တော် သူဌေးမင်းကို ဝင်မလည်မယ်လို့ ကျွန်တော်ပြောခဲ့တာ ကျွန်တော် ကတော့ အတုန့်အလှည့်ဆိုတဲ့ ကံကြမ္မာဝဋ်ကြွေးကိုယုံတယ် ... အန်တီသွယ်ပဲ စဉ်းစားကြည့်လေ ... ကိုလင်းမြတ်ထက်နဲ့သူ့ချစ်သူ နှစ်လောင်းပြိုင်သေခဲ့ရတဲ့ ကြေကွဲစရာဖြစ်ရပ်တွေထဲမှာ သူဌေးမင်းကိုယ်တိုင်က အဲဒီချစ်သူနှစ်ယောက်ကို ကွဲကွဲအောင် နောက်ကနေ အတင်းလိုက်ခွဲခဲ့တာလေ ..."

"မိုးရယ် ... မင်းပြောမှ လင်းဆိုတဲ့လင်းမြတ်ထက်ကို အန်တီသွယ်တောင် သတိပြန်ရလာပြီ၊ ဟုတ်တာပေါ့ ... ဒီကြေကွဲစရာ ဇာတ်လမ်းလေးထဲမှာ မင်းသခင်က အဓိကတရားခံလိုဖြစ်ခဲ့ရတာ၊ သူ ... သူက လင်းနဲ့ငွေလရိပ်ဆိုတဲ့မိန်းကလေးတစ်ယောက်ကို သဘောမတူနိုင်ဘူးဆိုပြီးတော့ ရက်ရက်စက်စက်လိုက်ခွဲခဲ့လို့ လင်းနဲ့သူ့ချစ်သူကောင်မလေး ပြင်ဦးလွင်နှစ်ဆယ့်တစ်မိုင်အဆင်းမှာ နှစ်လောင်းပြိုင် သေခဲ့ရတာလေ ..."

"အဲဒါ တကယ်နော် ... အန်တီသွယ် ..."

မိုးလှည့်မေးလိုက်တာ မျက်တောင်တွေ ပင့်ကော့လျက်။

"တကယ်ပေါ့မိုးရယ် ... မောင်မင်းသခင်က မတ်တူးရှေငါးအဖြူရောင်ကားလေးနဲ့ချစ်ခြင်းပြိုင်ကိုပါခေါ်ပြီး ဝေလီဝေလင်းအချိန်မှာ ပြင်ဦးလွင်က ဂန္ဓမာမြိုင်ဟိုတယ်မှာ ဝင်ရှာဖို့သွားတာ၊ အဲဒါကိုသိပြီး လင်းနဲ့သူ့ချစ်သူ ငွေလရိပ်က Fair Lady ပြိုင်ကားအနီလေးနဲ့ ပြင်ဦးလွင်ကနေ ဒရောသောပါး ဆင်းပြေးကြတာ"

"ချစ် ... ချစ်ခြင်းပြိုင်ပါ ပါတယ်"

"အို ... ပါတယ်လေ၊ သူတို့နှစ်ယောက်က ဘယ်သွားသွားအမြဲ တတွဲတွဲသွားနေခဲ့ကြတာ ... လင်းနဲ့ငွေလရိပ်ဆိုတဲ့ကောင်မလေးကို သဘောမတူနိုင်ဆုံးဖြစ်ခဲ့ကြတာလည်း အဲဒီနှစ်ယောက်ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



အန်တီသွယ်ဆိုရင် ငွေလရိပ်ဆိုတဲ့ကောင်မလေးကိုပဲ အရမ်းသနား ခဲ့ရတာ"

"ဟင် ... အန်တီ ... အန်တီသွယ်က ကိုလင်းရဲ့ချစ်သူ ငွေလရိပ်ဆိုတဲ့ကောင်မလေးကိုသိလို့လား၊ သူများတွေပြောတော့ အဲဒီ ငွေလရိပ်ဆိုတဲ့ကောင်မလေးက ကွန်ပျူတာသင်တန်းတွေတက်ပြီး ကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေတဲ့ကောင်မလေးဆို ..."

"အို ... ဘယ်ကလာ ကုမ္ပဏီမှာလုပ်ရမှာလဲ မိုးတို့အခုနေတဲ့ ခြံကျယ်ကြီးထဲမှာ ထမင်းချက်အဝတ်လျှော် အိမ်ဖော်မလေးလုပ်ခဲ့ ရတာ ... အဲဒီအချိန်တုန်းက မောင်မင်းသခင်တို့တစ်မိသားစုလုံး အဲဒီခြံမှာပဲနေခဲ့ကြတာလေ ... ငွေလရိပ်ပြောတာကတော့ နယ်မှာ ကျန်ခဲ့တဲ့ သူ့ညီမလေးအတွက် တက္ကသိုလ်တက်နိုင်အောင် သူပိုက် ဆံရှာနေရတာတဲ့ ..."

"ဗျာ ..."

မိုးမျက်လုံးတွေ ဝိုင်းစက်သွားသလို မိုးတစ်ကိုယ်လုံးလည်း အေးစက်သွားခဲ့ရပြီ။ အဖြစ်ဆိုးလှချည်လားမမရယ်။ မမပြောတော့ အဆောင်မှာနေပြီး ကျော့ကျော့မော့မော့လေး အလုပ်ဆင်းနေရ တာဆို။ မိုး စိတ်ဆင်းရဲမှာစိုးလို့ ဟန်ဆောင်လိမ်ညာပြီးတော့ ဒီ အလုပ်တွေကို မမလုပ်ခဲ့တာလား။ နယ်မှာကျန်ခဲ့တဲ့ညီမလေးကို တက္ကသိုလ်ဆက်ထားနိုင်အောင်လို့တဲ့။

မိုး ... ရင်နင့်ရပြန်ပြီ မမရယ် ...

မိုး ဘယ်လိုဖြေရတော့မှာလဲ။

"အဲဒါ ... လင်းနဲ့ကြိုက်ပြီး သမီးရည်းစားဖြစ်တော့မှ မောင် မင်းသခင်ရဲ့မာမီ ဒေါ်ခန့်ဝင့်ထယ်ကိုယ်တိုင် အဆင့်အတန်းခွဲပြီး ငွေလရိပ်ကို ခြံထဲကနေ မောင်းထုတ်လိုက်တာ၊ နောက်တော့ ငွေ လရိပ်က အဆောင်တစ်ခုကိုရောက်သွားတယ် ... မာဆတ်နဲ့ကာရာ





ကိုကေတစ်ခုမှာ မျက်ရည်ပေါက်ပေါက်ကျပြီး အလုပ်လုပ်ခဲ့ရတယ်၊ တကယ်သနားစရာပါကွယ် ..."

မမရယ် ...

အန်တီသွယ် ဒီလောက်ပြောရင် သူတို့ဘာကြောင့် သဲသဲမဲ မလိုက်ခွဲခဲ့ရသလဲဆိုတာ မိုးသိပါပြီ။ မိုးဆက်လည်းနားမထောင်ချင် တော့ပါဘူး။ မိုးမှာ ဆက်ပြီးတော့ နားထောင်နိုင်တဲ့အင်အားတွေ လည်း မရှိတော့ပါဘူး။

"ဟော ... အန်တီသွယ်ပြောလို့ မင်းတောင် စိတ်ထိခိုက် သွားပြီလားဟင်မိုး ... လောကကြီးဆိုတာက ဒီလိုပါပဲကွာ၊ မတူညီ တဲ့အလွှာနှစ်ခုကြားက ရင်ခုန်သံတွေဆိုတာ ပေးဆပ်လိုက်ရတဲ့ တန်ဖိုးတွေကမတူသလို စည်းချက်ညီနေအောင်လည်း ဘယ်တော့ မှ နှိုင်းယှဉ်ကြည့်လို့မရခဲ့ကြတာတွေလေ ... ကဲ ... မိုး မင်းလည်း ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ ... ဒီအကြောင်းတွေကိုလည်း နောက် ... ဘယ်သူနဲ့မှ ထပ်မဆွေးနွေးနဲ့တော့ ... ဟုတ်ပြီလား၊ အန်တီသွယ်လည်းသွားတော့မယ် ..."

အန်တီသွယ် ဖိုင်ကလေးပွေ့ကာ ပြန်ထွက်သွားတော့ ...

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ မိုးတစ်ယောက်တည်းအခန်းထဲမှာ ကျန် ခဲ့သည်။ ဒီလောက်ဆိုရင် မိုးသိပါပြီ။ မိုးကွယ်ရာမှာ ဘဝကိုရင်ဆိုင် ရင်း မမကျခဲ့တဲ့မျက်ရည်တွေ ဘယ်လောက်များခဲ့ပြီလဲ။ ဒီမျက်ရည် တွေနဲ့ နာကြည်းမှုဘဝမှတ်တမ်းထဲက ဇာတ်လမ်းတစ်ပုဒ်ကိုရော နောက်လူတွေ ဖတ်လို့ရအောင် မမရေးသားခဲ့လေသလား။

မိုး ... ခေါင်းကလေးခါပြီး မျက်နှာလေးကို မော့လိုက်စဉ် မှာတော့ မိုးပါးပြင်လေးပေါ်က ဖြတ်စီးသွားတဲ့မျက်ရည်စက်က လေးက ပေါက်ခနဲ။

ဦးမင်းသခင်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား တကယ်ရက်စက်တယ်ဗျာ။

ခုတော့ ... ကျွန်တော် သိပါပြီ။

ကျွန်တော် ဘာဆက်လုပ်ရမလဲဆိုတာလည်း ဆုံးဖြတ်နိုင်ခဲ့ပါပြီ။ မှန်တာကို ဝန်ခံရမယ်ဆိုရင် ... ။

ကျွန်တော် ... နှလုံးသားထဲမှာ ခင်ဗျားကတော့ ... ။

BURMESE CLASSIC .com

အခန်း ( ၁၁ )

"ဟေ့ကောင် မိုး ... "

"ဗျာ ... သူဌေးမင်း ... "

"မင်း ငါနဲ့လိုက်ခဲ့ရမယ်နော်"

"ဟင် ... သူဌေးမင်း ဘယ်သွားမလို့လဲ"

"ငါတို့နှစ်ဖက်မိဘတွေ ချိန်းထားလို့ ... "

"ဟာ ... ကျွန်တော်ကလည်း အဲဒါပဲ သူဌေးမင်းကိုပြောမလို့ သူဌေးမင်းရဲ့ညီမလေး အိမ့်ချစ်မှူးကဖုန်းဆက်သွားပါတယ် ... Westen Park ကို ညနေခြောက်နာရီအရောက်လာခဲ့ပါတဲ့"

"မင်္ဂလာရက်ရွေးဖို့ကိစ္စပေါ့ကွာ"

"သူဌေးမင်းက ပျော်နေပြီပေါ့ ... "

မိုး ... ဦးမင်းသခင်မျက်နှာကို မျက်ဝန်းလေးယောင့်ကာ ကာ ရွှေကြည့်ရင်းမေးလိုက်တာဖြစ်သည်။

"ဟေ့ကောင် ... ပျော်တာတွေ မပျော်တာတွေ ငါ့ရင်ထဲမှာ မရှိဘူး၊ ငါ့နှလုံးသားတွေက စက်ရုပ်လို သံပတ်ပေးထားတာ သံပတ်ကုန်မချင်း မရပ်မနား သွားနေဦးမှာ"

"ဟွန်း ... သံပတ်ကုန်ရင်တော့ ရပ်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ်ကွ"

ဦးမင်းသခင် ချာခနဲလှည့်ကြည့်လိုက်သလို အော်မေးလိုက်သံက ကျယ်သွားသည်။

"ကျွန်တော်ပြောတာ ရှင်းရှင်းလေးပဲလေ သူဌေးမင်း ... သံပတ်ပေးထားတဲ့နှလုံးသားဆိုတာ တုန့်ပြန်ခံစားမှုမရှိတဲ့အရာတစ်ခုလိုပဲ တန်ဖိုးလည်းမရှိပါဘူး ... ဒါကို သူဌေးမင်းက သံပတ်ပေးထားတဲ့နှလုံးသားအလိုကို နာခံတယ်ဆိုတော့ သူဌေးမင်းမျက်နှာပေါ်က အရယ်အပြုံးတွေဆိုတာလည်း အသက်မပါတဲ့ စာခြောက်ရုပ်ရဲ့မျက်နှာလိုဖြစ်နေခဲ့ပြီပေါ့ သူဌေးမင်းရာ"

"အောင်မာ ... မင်းကများကြီးကြီးကျယ်ကျယ်တွေပြော လို့ ... ဟွန်း ..."

မိုး ဂရုမစိုက်ပါ။

ရင်ထဲမှာ ဦးမင်းသခင်ကို ပြောချင်နေတဲ့စကားလုံးတွေက တန်းစီနေခဲ့တာမဟုတ်လား။ ဒီစကားတွေကို နင့်နင့်သည်းသည်း ခံစားချက်ကလေးနဲ့ မိုးက ပြောချင်နေတာပါ။

"ငါ့မျက်နှာကိုများ စာခြောက်ရုပ်မျက်နှာတဲ့ ..."

ဦးမင်းသခင် မကျေမနပ်နဲ့ မိုးကိုလှည့်ကြည့်သည်။

မိုးကလည်း နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိ၏။

"ကျွန်တော် ... ကျွန်တော် ကြီးကျယ်တာ မဟုတ်ဘူးလေ သူဌေးမင်း ... သူဌေးမင်းက ကိုယ့်ကိုယ်ကိုယ် သံပတ်ပေးထားတဲ့ နှလုံးသားနဲ့ ခိုင်းနှိုင်းပြီးပြောလိုက်လို့ သူဌေးမင်းကို ကျွန်တော် ဝေဖန်နေတာ ... စာခြောက်ရုပ်ဆိုတာ ဘယ်မှာနှလုံးသားရှိလို့လဲ ဘေးကနေ လေပြင်းကလေးဝှေ့တိုက်လိုက်မှ လှုပ်ရှားခွင့်လေး ရတာ သနားဖို့ကောင်းပါတယ် ... ငှက်ကလေးတွေလန့်အောင် ခြောက်နေရတဲ့ဘဝမှာ ရှင်သန်နေရတဲ့အဖြစ်က သူများလည်းမစား





ရ၊ ကိုယ်လည်းအမှန်းခံရနဲ့ နောက်ဆုံးတစ်နေ့လည်းကျရော ခေါင်းစိုက်စိုက်ကျပြီး ဘယ်သူမှ လှည့်မကြည့်တဲ့ဘဝနဲ့ လယ်ကွင်းကြီးထဲမှာ အဆုံး သတ်မျက်စီးသွားခဲ့ရတာ သူဌေးမင်းလည်း တစ်နေ့ကျ အဲဒီလိုပဲဖြစ်မှာပဲ ... မယုံရင် စောင့်ကြည့်လိုက် ..."

"ကြည့်စမ်း ... မင်း ... မင်းကများ ငါ့ကို ..."

"ဟင် ... သူဌေးမင်းနော် ကျွန်တော့်ကို ဒီလိုမျက်လုံးပြူးကြီးနဲ့ မကြည့်ပါနဲ့ဗျ ..."

"ဟေ့ကောင် ... ကြည့်တော့ဘာဖြစ်လဲ ... ကြည့်တော့ ဘာဖြစ်လဲ ..."

"ကျွန်တော် ... သံပတ်ပေးမှ လှုပ်ရှားခွင့်ရတဲ့ နှလုံးသားပိုင်ရှင်တွေကို ကြောက်လို့ပါ ... ကျွန်တော်တို့က ခံစားချက်တွေ အနီရောင်ရဲ့ရင့်သွေးတွေနဲ့ လည်ပတ်စီးဆင်းနေတဲ့ အနှိုင်းမဲ့ရင်ခုန်သံတွေအောက်မှာ နှလုံးသားတွေက စည်းချက်ညီအောင် လှုပ်ရှားရှင်သန်နေတာ"

"တောက် ... မင်းဆက်မပြောနဲ့တော့"

"ကျွန်တော် ..."

"ဟေ့ကောင် ..."

"အား ... အား ..."

မိုးနားရွက်လေးကို ဦးမင်းသခင် ဆွဲလိမ်ချလိုက်ပြီ။

မိုးတ အားအားအော်ရင်း လိမ်ဖယ်လိမ်ဖယ်လေးနဲ့ပဲ ဦးမင်းသခင်ဆွဲခေါ်ရာနောက်ကို ပါသွားသည်။ ပါသွားတော့လည်း ခန္ဓာကိုယ်ခြင်းထိကပ်ကာ သူ့ပခုံးစွန်းတွေနဲ့လည်း မိုးမျက်နှာလေး တိုက်မိသည်။ သူ့ရင်ခွင်ကျယ်ထဲကိုပင် မိုးကိုယ်လေး ရောက်ရတော့မလို ဖြစ်သွား၏။

ကံဆိုးရတာက ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သူဌေးမင်း ... ကျွန်တော်က သူဌေးမင်းပြုသမျှကို နေရမယ့်ဘဝရောက်နေတဲ့ဥစ္စာ၊ သူဌေးမင်း ဘယ်နေရာမှာရှင်းရှင်း ရှင်းလို့ရပါတယ်၊ ဒါပေမယ့် အခုကတည်းက သူဌေးမင်းကို ကျွန်တော် တစ်ခါတည်းပြောထားမယ်၊ သူဌေးမင်းကို ကျွန်တော်မုန်းတယ်"

"ဟွန်း ... မင်းငါ့ကို ဘယ်လောက်ထိမုန်းနိုင်မလဲ မုန်းလေ"

"သူဌေးမင်း တကယ်ပြောတာနော်"

"တကယ်ပြောတာပေါ့ကွ"

Lift ထဲကအထွက်မှာ ကြေသွားတဲ့အကျီစ လက်မောင်းစလေးတွေကို နှစ်ယောက်သား ပြန်ဆွဲဆန့်နေတာက တစ်ယောက်မျက်နှာကိုလည်း တစ်ယောက်က မကြည့်ကြပါ။ ကားပါကင်ကိုလျှောက်သွားတော့လည်း ဦးမင်းသခင်က ရှေ့က၊ မိုးကတော့ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ နောက်ကပဲ လိုက်ခဲ့ရတာလေ။

ဒီလို မိသွားပြီဆိုတော့လည်း မိုးဘာတတ်နိုင်တော့မှာလဲ၊၊

တစ်ခုပဲရှိတာက မမငွေလရိပ်နဲ့ပတ်သက်နေခဲ့တာကိုတော့ တတ်နိုင်သလောက် မိုးဆက်ပြီးတော့ ဖုံးကွယ်ထားရဦးမှာပါ။ ဘာဖြစ်လဲ ... မိန်းကလေးဆိုရင် အလုပ်မခန့်မှာစိုးလို့ ယောကျ်ားလေးဟန်ဆောင်ခဲ့ရတာပါလို့ပြောရင် ဦးမင်းသခင် ဘာတတ်နိုင်မှာလဲ၊၊ ကြိုက်သလိုစစ်လေ။ မိုးကတော့ ဒီအတိုင်းဖြေမှာပဲ၊

ဦးမင်းသခင်က ကားကိုကိုယ်တိုင်မောင်းသည်။

သူက ဒီနေ့ အနောက်တိုင်းဝတ်စုံကို ကုမ္ပဏီရုံးခန်းမှာ ဒီအတိုင်း ချိတ်ထားခဲ့သည်။ မိုးကပါ သူနဲ့ရောယောင်ပြီး ချွတ်ထားခဲ့တော့ နှစ်ယောက်စလုံး ရှပ်အကျီလက်ရှည် အစင်းကြားကိုယ်စီလေးနဲ့ နက်ခ်တိုင်လေးကတော့ သည်အတိုင်းတပ်လျက်ကလေးပါလာခဲ့၏။





ခုထိ သိသာနေဆဲ ဖြစ်နေရတာက ယောကျ်ားလေးတစ်ယောက်လို ဘယ်လိုပဲဟန်ဆောင်ထားထား ဝင်းနှစ်ဖူးစင်တဲ့ မိုးမျက်နှာလေးပေါ်မှာ ပန်းသွေးရောင်အရိပ်လေးတွေက ဖျောက်ဖျက်၍မရအောင် တစ်လမ်းလုံး စွဲထင်လာခဲ့တာပင်။

"မင်းကို ငါတစ်ခုပဲမေးမယ် သိလား မိုး"

"ဘာမေးမှာလဲ"

"မင်းဘာဖြစ်လို့ ယောကျ်ားလေးတစ်ယောက်လို ဟန်ဆောင်ပြီး ငါ့ဘဝထဲကို ဝင်လာခဲ့ရတာလဲ၊ အဲဒါ ငါသိပ်သိချင်နေတဲ့ မေးခွန်းပဲ"

"အလုပ်မခန့်မှာစိုးလို့ပါ"

"မင်း ... မင်း ... မညာနဲ့နော် မိုး"

"ဟာ ... သူဌေးမင်းကို ကျွန်တော်က ဘာညာစရာလိုလို့လဲ၊ ယောကျ်ားလေးလိုနေတာလည်း ငယ်ငယ်တဲက ကျွန်တော်ကျွန်တော်နဲ့ပြောတာကို ဝါသနာပါလို့နေခဲ့တာ၊ Tom Boy လေ သူဌေးမင်း သိတယ်မို့လား ... အဲဒီလို စတိုင်လ်မျိုး ... "

"အေး ... မင်းက Tom Boy လို စတိုင်လ်မျိုးနဲ့ ငါ့ဆီကို ရောက်လာပေမယ့် ... အခု ငါက မင်းကို အသေအလဲချစ်သွားတာ ဘယ်လိုလုပ်ရမလဲ"

"ကျွန်တော်က ပြန်မှာပါ"

"ဘာပြောတယ်ကွ"

ဦးမင်းသခင် ဒေါသနဲ့လှည့်လာတော့ မောင်းနေတဲ့ကား အရှိန်က တန့်ခနဲ လျော့ကျသွားသည်။

"ဟုတ်တယ်လေ သူဌေးမင်း ... အခုပဲ သူဌေးမင်းက သံပတ်ပေးထားတဲ့ နှလုံးသားတွေနဲ့ မမချစ်ခြင်းဖြိုင်ကို လက်ထပ်တော့မှာ၊ ကျွန်တော်က အဖြည့်ခံပါ၊ ကျွန်တော့်လို မဖြစ်စလောက်



www.burmeseclassic.com

www.burmeseclassic.com



လစာလေးနဲ့ ထမင်းလေးတစ်လုပ်စားရဖို့ ဒီလိုကုမ္ပဏီကြီးတွေမှာ အလုပ်လုပ်ရင်း လက်ထပ်ယူနိုင်တာလည်း မဟုတ်ဘဲနဲ့ အနမ်းခံ အပွေ့အဖက်ခံ အစော်ကားခံလိုက်ရတဲ့ မိန်းကလေးတွေမှာ ကျွန်တော်အပါမခံနိုင်လို့ ဒီလောက်နဲ့ ပြည်ဖုံးကားချပြီး သူဌေးမင်း အနားကနေ ကျွန်တော်ထွက်သွားတော့မှာ ... ကျွန်တော့်ပါးက လေးကို နမ်းခဲ့တဲ့သူဌေးမင်းကိုတော့ ယောက်ျားဘယ်နှစ်ယောက် ပဲရရ ကျွန်တော်မေ့ပစ်လိုက်မှာ မဟုတ်ပါဘူး"

"အောင်မယ် ... အောင်မယ် ... မင်းကများ ယောက်ျား ဘယ်နှစ်ယောက်ပဲရရတဲ့လား၊ ဟွန်း ... အဲဒီလို မင်းရစရာလား၊ ဒီမှာ ငါ့အနားကနေ မင်းဘယ်မှလည်းထွက်သွားစရာမလိုဘူး၊ အဲလို ထွက်သွားခွင့်လည်း မင်းကိုငါမပေးနိုင်ဘူး၊ ငါလိုချင်တာ မင်းဆီက အချစ်ပဲ ... ရှင်းတယ်နော် မိုး ... ငါ ... မင်းမျက်ဝန်းထဲမှာ အရည် ပျော်ချင်တယ်၊ မင်းရဲ့မျက်တောင်ဖျားတွေအောက်မှာ ရင်ခုန်သံ တွေတိတ်ကျသွားတဲ့ နောက်ဆုံးနေ့အထိ အသက်ရှင်ချင်တယ်"

"ဗျာ ... သူဌေးမင်းမှာ အဲဒီလောက်ထိ ခံစားတတ်တဲ့နှလုံး သားရှိတယ် ဟုတ်လား ... ဟား ... ဟား ရယ်စရာဟာသတွေ ကျွန်တော့်ကိုလာမပြောပါနဲ့ သူဌေးမင်းရယ်၊ တော်ကြာ ... သူဌေး မင်းပြောတာကို အဟုတ်မှတ်ပြီး အရမ်းချစ်သွားမိရင် ကျွန်တော်ပဲ ခံစားနေရမှာ၊ အခုဘာလဲ ... မမချစ်ခြင်းပြိုင်နဲ့ချိန်းထားတဲ့ Westen Park ကို သွားနေတာလား"

"ဟုတ်တယ်လေ ..."

"ကျွန်တော် မလိုက်ချင်ဘူးနော် သူဌေးမင်း ..."

မိုး မခံစားနိုင်ပါ။

မင်္ဂလာရက်သတ်မှတ်ဖို့ သူတို့ဆွေးနွေးနေတာကို ဘယ်လို နှလုံးသားတွေနဲ့ မိုးနားထောင်နေရမှာလဲ။ အကောင်းဆုံးက





Westen Park ကို မရောက်ခင် တစ်နေရာရာမှာ [illegible] အကောင်းဆုံးပဲ။

မိုး စိတ်တွေလေသွားခဲ့ပါပြီ။

အဲဒါဟာ Lift ထဲမှာ ဘယ်သူမှမသိအောင် [illegible] ဦးမင်း သခင်ရဲ့ ညို့ချက်ပြင်းသောအနမ်းမိုးတွေကြောင့်လား [illegible] မိုးမသိချင်တော့ပါဘူး။ အရေးကြီးတာ မိုး ... ဒီကိုလာခဲ့တဲ့ရည်ရွယ် ချက်အစစ်အမှန်ကို ဦးမင်းသခင် ရိပ်မိသွားမှာစိုးလို့ မိုးလွတ်လွှား တော့မယ်ဆိုပြီး ခပ်တည်တည်နဲ့ ယုံအောင် ပြောလိုက်တာလေ။

ဦးမင်းသခင်ရယ် ...

မိုးနှလုံးသားထဲက ပစ်လွှတ်မယ့် မျှားတံချွန်ချွန်လေး ရှင့် နှလုံးသားကို အရှိန်ပြင်းပြင်းနဲ့ ထွင်းဖောက်စိုက်ဝင်သွားမယ့်အချိန် ထိ ရှင့်ပခုံးစွန်းမှာထိမှီပြီး မိုးရပ်နေတော့မှာ။ ပြောရရင် ... ရှင်နဲ့ ချစ်ခြင်းပြိုင်တို့ရဲ့ မင်္ဂလာပွဲကိုဖျက်ဖို့ ဒီအချက်ကို မိုးအသုံးချရတော့ မှာလေ။ မထင်မှတ်ဘဲ မိုးကို မိန်းကလေးတစ်ယောက်မှန်း သိသွား ခဲ့ပြီဆိုတော့ မိန်းမတစ်ယောက်ရဲ့မာယာတွေနဲ့ ဦးမင်းသခင်ကို အဆုံးသတ်မယ့်နေ့အထိ ရောက်အောင်ခေါ်သွားရတော့မှာပေါ့။ ဒါဟာ ... မဖြစ်နိုင်တဲ့ ကံကြမ္မာကပေးတဲ့ အခွင့်အရေးတစ်ခုပဲဖြစ် မယ်ထင်တယ်လေ သူဌေးမင်းရဲ့။

"မင်း ... မင်း မလိုက်လို့မရဘူးနော် မိုး"

ဦးမင်းသခင်က မိုးမလိုက်ဘူးပြောလို့ တုန်တုန်လှုပ်လှုပ် အသံကလေးနဲ့ မိုးဘက်ကို ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်ကာ ပြန် ပြောလိုက်တာဖြစ်သည်။

"သူဌေးမင်းရယ် ... ခုထိလည်း သူဌေးမင်းရဲ့နှလုံးသားတွေ က သံပတ်ပေးထားတဲ့နှလုံးသားတွေအဖြစ်နဲ့ပဲ ရှိနေသေးတာမို့ ကျွန်တော့်ပါးပြင်လေးကို ဖွေးဖွေးလှုပ်ရှားသွားအောင် [illegible] ...



www.burmeseclassic.com

www.burmeseclassic.com



နမ်းလာခဲ့တဲ့ သူဌေးမင်းက တခြားတစ်ယောက်နဲ့ လက်ထပ်ဖို့ ရယ်မောစားသောက်ပြီး လက်ထပ်ရက်ကလေးရွေးကြမယ့်ပွဲမှာ ဘယ်လိုအရှက်မရှိတဲ့မျက်နှာနဲ့ သူဌေးမင်းတို့အနားမှာ ကျွန်တော်က ရပ်နေရမှာလဲဟင် … မရက်စက်ပါနဲ့သူဌေးမင်းရယ်၊ လူရှေ့သူရှေ့မှာ ကျွန်တော်မျက်ရည်ကျရင် သူဌေးမင်းက လာသုတ်ပေးမှာ လဲမဟုတ်ဘဲနဲ့”

“မင်း … မင်း စကားတတ်တိုင်း ငါ့ကိုအနိုင်မယူနဲ့နော်မိုး”

“ဟာ … အဲဒါ သူဌေးမင်းကို အနိုင်ယူပြီးပြောနေတာမဟုတ်ဘူးလေ … သူဌေးမင်းရဲ့၊ ကျွန်တော့်ရင်ထဲမှာရှိနေတဲ့စကားတစ်ခွန်းကို သူဌေးမင်းနားလည်အောင် ကျွန်တော်ပြောခွင့်မရှိဘူးလား၊ ကျွန်တော်က ကျွန်တော်သဘောမတူတဲ့ အနမ်းတစ်ခုကို အကြမ်းဖက်ခံရပြီး သဘောတူခွင့်ပြုလိုက်ရတာပါ သူဌေးမင်း … ကျွန်တော် ခံစားချက်ကို ကိုယ်ချင်းစာပါဦး …”

“မိုးရာ မင်းမပြောပါနဲ့တော့ကွာ၊ မင်းကိုငါအရှုံးပေးပါတယ် မင်းပြောလို့ ငါ့ရင်ထဲမှာလည်း ခံစားနေရပါပြီ”

တုန်လှုပ်နေရတာ မင်းသခင်ရယ်ပါပဲ။

သူလည်း ဘာတတ်နိုင်တော့မှာလဲ။

မထင်မှတ်ဘဲ တွေ့လာရတဲ့ မိုးဆိုတဲ့ကောင်မလေးတစ်ယောက်ကို ရင်ထဲကနေ နင့်နင့်သည်းသည်းလေး ချစ်သွားခဲ့မိတာလေ။ တကယ်ပဲကွာ … ယောကျ်ားလေးတစ်ယောက်လို အမူအယာလေးတွေနဲ့ မင်းသရုပ်ဆောင်ခဲ့တာ ပီပြင်လွန်းပါတယ်။ ဒါဒါပေမယ့် … မင်းရဲ့အထိအတွေ့လေးတွေက ငါ့နှလုံးသားတွေကို မသိမသာလေးလှုပ်နိုးနေခဲ့တာလေ။ ဒီနေ့တော့ ငါဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ မင်းရဲ့ဟန်ဆောင်မှုတွေကို ခွာချအနိုင်ယူမိ





တယ်ကွာ။

အဲဒါဟာ … ရင်ထဲက မျိုသိပ်မရတော့တဲ့ အချစ်တွေကြောင့်ပါပဲ။ ဒီအချစ်ကြောင့်ပဲ … မွတ်သိပ်ဆာလောင်နေတဲ့ ငါ့ရဲ့ အနမ်းတွေဟာ တုန်လှုပ်ချောက်ခြားပြီး ဒေသွေးပျက်သွားသလို ဖြူဖျော့နေရတဲ့ မင်းရဲ့ပါးပြင်လေးဆီကို ကျရောက်သွားခဲ့တာ ငါဘယ်လိုမှ ထိန်းချုပ်လို့မရတော့လို့ဆိုတာ မင်းသိစေချင်ပါတယ်မိုးရယ်။

တကယ်တော့ … ငါအခုလိုချင်နေတာ မင်းဆီက အချစ်တွေပါ။

မင်းကတော့ ငါ့ကိုမုန်းတယ်တဲ့။

အဲဒါ ဘာကြောင့်လဲ။ မင်းဆီက ထွက်လာတဲ့ခံစားချက်စကားလေးတွေကို နားထောင်လိုက်ရတိုင်း ငါ့ကိုနာကျင်နေတဲ့ ကြေကြေကွဲကွဲစကားသံလေးတွေကိုပဲ ကြားနေခဲ့ရတာလေ။

အဲဒါကရော ဘာဖြစ်လို့လဲ။

မိုးဆိုတဲ့သူမလေးကို လှမ်းကြည့်လိုက်တော့လည်း စုထိုးတ်ခမ်းလေး…ာ ထောင့်စွန်းလေးတစ်ဖက်မှာ မဲ့မဲ့ကွေးကွေးလေး ရိုက်နေဆဲ။

“ငါ … ငါ … ပြောတာ မင်းကြားရဲ့လားဟင်မိုး”

“ကြားပါတယ်ဗျ”

ခေါင်းလေးညိတ်ပြလိုက်ပေမယ့် လှည့်ကြည့်တာတော့ မိုးက မလုပ်ပါ။

“ဟွန်း … အနမ်းလေးတစ်ခုကို အကြမ်းဖက်ခံလိုက်ရတာတဲ့။

မင်းသခင် မကြေမချမ်းဖြစ်ကာ စောစောက စကားကိုပဲ အစကောက်ကာ ပြန်ပြောသည်။

“ဟာ … အဲဒါ မဟုတ်လို့လား”

www.burmeseclassic.com



မိုးကလည်း ငုံ့မခံပါ။

"ဟော့ကောင် ... ဟုတ်ဟုတ်မဟုတ်ဟုတ် မင်းငါ့ကိုချစ်သလား မချစ်ဘူးလား ဒါပဲပြော ... မင်းငါ့ကို ချစ်တယ်ဆိုရင် ချစ်ခြင်းပြိုင်နဲ့လက်ထပ်ဖို့စီစဉ်ထားတာတွေအားလုံးကို ငါဖျက်သိမ်းပစ်မယ်"

"ဗျာ ... အဲဒါ သူဌေးမင်း တကယ်ပြောတာ"

ကားကိုတော့ လမ်းဘေးသစ်ပင်ရိပ်တစ်နေရာမှာ မင်းသခင် ထိုးရပ်လိုက်ပါပြီ။ ပြီးတော့ ... ဒီကိစ္စကိုလည်း မင်းသခင် အပြတ်ရှင်းတော့မည်။

"ဟာ ... အဲဒါ ငါမင်းကို တကယ်ပြောနေတာလေ၊ အခုတောင် ... မင်းပခုံးလေးကို ဖက်ပြီးတော့ပဲ ငါနေချင်တော့တယ်"

"ဟာ ... သူဌေးမင်း ..."

ပခုံးကို အတင်းလှမ်းဖက်တာ မရတော့ မိုးရဲ့လက်ဖဝါးလေးကိုပဲ တင်းတင်းကြပ်ကြပ်လေး ဆုပ်ကိုင်သည်။ မိုးလိုချင်တဲ့အကွက်ထဲကို လူ့အလိုအလျောက်လေး ဦးမင်းသခင် ဝင်လာခဲ့ပြီပေါ့။ အရေးကြီးတာ. ချစ်ခြင်းပြိုင်နဲ့ လက်ထပ်ဖို့စီစဉ်ထားတာတွေအားလုံး ပျက်စီးယိုင်လဲသွားဖို့ ..."

"ချစ် ... ချစ်လားဟင်မိုး ..."

"ဟာ ... မသိဘူးနော် မသိဘူး ... မသိဘူး ..."

"ဖြေပါ မိုးရယ် ..."

"ဟင့်အင်း ... ဟင့်အင်း ... မိုး ... သူဌေးမင်းကို ကြောက်တယ် ... လွှတ် ... လွှတ်ပါ၊ ကျွန်တော့်လက်ကိုလွှတ်ပါ သူဌေးမင်းရဲ့ ..."

မိုးငြင်းနေတာ ငိုသံဝဲဝဲလေးနဲ့။

"ကျွန်တော့်ဘဝနဲ့ သူဌေးမင်းဘဝက မိုးနဲ့မြေလို အရမ်းကွာ





တယ် သူဌေးမင်းရယ် ... ကျွန်တော့်ကိုမချစ်ပါနဲ့ ... မမချစ်ခြင်းပြိုင်နဲ့ပဲ သူဌေးမင်းလက်ထပ်လိုက်ပါနော် သူဌေးမင်း ... မိုး ... မိုးယ်ကိုပဲ ပြန်တော့မယ်"

မိုးက အဲလိုဟန်ဆောင်ငြင်းလေ ဦးမင်းသခင်က ပိုပြီးတော့ ညှိုးသည်းလှုပ်လေ။

"မရဘူးမိုး ... မင်းကို တစ်သက်လုံးငါပြန်မလွှတ်တော့ဘူး ..."

"ဟာ ... သူဌေးမင်း ..."

ကားရှေ့ခန်းထဲမှာပင် မိုးတစ်ကိုယ်လုံးကို တင်းကြပ်နေအောင် ပွေ့ဖက်ထားလိုက်ပြီ။

"ချစ်တယ်မိုးရယ် ..."

"ချစ်တယ်ကွာ"

"ခုလောလောဆယ်တော့ ယောကျာ်းလေးတစ်ယောက်ပဲ မင်းဆက်ပြီးတော့ ဟန်ဆောင်ထားဦးနော်မိုး ... ချစ်ခြင်းပြိုင်ကိစ္စကို ငါအပြတ်ရှင်းပြီးတာနဲ့ မင်းကိုငါလက်ထပ်မယ်၊ ဘယ်သူပဲ ကန့်ကွက် ကန့်ကွက် မင်းကိုငါ နိုးပြေးမယ် ဒါပဲကွာ ..."

ဘာပဲပြောပြော ခုချိန်မှာ မိုးရဲ့ပေးဆပ်ခြင်းတွေဟာ မမရှိပ်အတွက်ပါ။

အရေးကြီးတာ ဦးမင်းသခင်ရဲ့ မင်္ဂလာပွဲပျက်ဖို့။

"မိုး ... မင်းငါ့ကိုချစ်တယ်နော် ..."

"ကျွန်တော် ... ကျွန်တော် မသိဘူး ..."

ဒုတိယမြောက် ခြေချသွားတဲ့မိုးပါးပြင်လေးပေါ်က အနမ်းတွေ မိုးနှုတ်ခမ်းလေးကိုပဲ စုတင်းထားလိုက်သည်။ ဒီအနမ်းတွေကြောင့် မေ့မူးသွားရလောက်အောင် ရင်ခုန်သွားခဲ့ရပေရင်နာခြင်းတွေ ဝင်လာရပြန်တော့လည်း မမငွေလရိပ်ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တဲ့ စကားသံလေးက မိုးနားထဲကို ဝေ့ဝဲလို့ ရောက်လာ[illegible] ပြန်သည်။

"အို ... ညီမလေးရယ် ... မပြောကောင်း မဆိုကော[illegible] ညီမလေးဆီကို မမဘာလို့ ပြန်မလာရမှာလဲ မမလာမှာပေါ့၊ တ[illegible] နေ့နေ့မှာ နောက်ဆုံးပေါ်ကားကြီးစီးပြီး ညီမလေးကို မမပြန်လ[illegible] ခေါ်မယ် ... မမပြန်လာခေါ်မယ်"

မမရယ် ...

ခုတော့ မမနဲ့ညီမလေးတို့ ရှင်ကွဲမကွဲဘဲ သေကွဲကွဲအေ[illegible] ရင်နာခြင်းတွေပေးခဲ့တဲ့ မမအရမ်းမုန်းခဲ့တဲ့ ဦးမင်းသခင်ဆိုတဲ့လူ[illegible] က ညီမလေးကို လက်ထပ်ဖို့ ကြိုးစားတော့မယ်တဲ့လေ မမ[illegible] သူ့ရဲ့ကြင်နာယုယခြင်းတွေအောက်မှာ ညီမလေးစိတ်တွေကို ထိ[illegible] ချုပ်ဖို့ ခက်ခဲခဲ့ရပေမယ့် သူ့ကို ချစ်မသွားမိအောင်တော့ ညီမ[illegible] ကြိုးစားနေပါတယ်။

ဒါပေမယ့် ... မမရယ် ...

ညို့နိုင်စွမ်းအားပြင်းတဲ့ သူ့မျက်ဝန်းကြီးအောက်မှာ အ[illegible] တွေကြာလာတာနဲ့အမျှ နာကြည်းခဲ့ရတဲ့အမုန်းတွေကို ညီမ[illegible] ဖျက်သိမ်းလိုက်ရတော့မယ်ထင်တယ်။

သူ့ကို ... သူ့ကို မချစ်နိုင်ပါဘူးလို့ မျက်လုံးစုံမှိတ်ပြီး အ[illegible] ကြိမ်အခါခါ ငြင်းဆန်နေတဲ့ကြားကပဲ ညီမလေးရဲ့ နှလုံးသားတွေ[illegible]

ညီမလေးရဲ့ နှလုံးသားတွေက ... ။

ဦးမင်းသခင်ဆိုတဲ့ လူကြီးကို ... ။

အခန်း ( ၁၂ )

"ဒီပွဲကို ဖျက်သိမ်းဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ"

"ဘာ ... ဘာပြောတယ် ... သား ... မင်း ... မင်းက ဒီပွဲကို ..."

"ဟာ ... "

"ဟင် ... "

စားပွဲဝိုင်း တစ်ဖက်တစ်ချက်ဆီမှာ မျက်နှာချင်းဆိုင်ထိုင်နေကြတဲ့ လူတွေ ... မျက်တောင်တွေကော့တက်ကာ ပြူးကျယ်ကျယ်မျက်လုံးဝိုင်းကလေးတွေနဲ့ မင်းသခင်ကိုပဲ အားလုံးက ဝေခနဲဝဲခနဲလှမ်းကြည့်လိုက်ကြသည်။

အခံရအခက်ဆုံး ဖြစ်သွားရတာက ချစ်ခြင်းပြိုင်ရယ်ပင်။

ကိုကို့ကို သူမနားမလည်နိုင်ပါ။ ကိုကိုနှုတ်က ပြောလိုက်တာမှ ဟုတ်ရဲ့လားဆိုတာလည်း မျက်တောင်လေး တဖျတ်ဖျတ်ပုတ်ပြီး သူမ စဉ်းစားကြည့်တာလည်းမရ။ ကြားလိုက်ရကာစ,က သူမ မယုံနိုင်သလို ငေးကြောင်ကြောင်လေး ဖြစ်သွားရပြီ နှုတ်ခမ်းလေးပါ ဝိုင်းဟသွားခဲ့၏။

"ကိုကိုနော် ... ကိုကိုဘာတွေလျှောက်ပြောနေတာလဲ ရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားရဲ့သားနဲ့ ကိုကိုလာတာ အရမ်းနောက်ကျနေလို့ နှစ်ဖက်လူကြီးတွေက တမျှော်မျှော်နဲ့ ကိုကို့ကို စောင့်နေရတာ ... ရောက်လာတော့လည်း ဘာမှတောင် မပြောရသေးဘူး ... ဒီပွဲကို ဖျက်လိုက်ဖို့ ကိုကိုကပြောနေပြီ ... အဓိပ္ပါယ်မရှိတဲ့စကားကို ကိုကိုမပြောပါနဲ့ ဟိုမှာ မမချစ်ခြင်းပြိုင်ကို ဘယ်လောက်အားနာဖို့ကောင်းလဲ"

အိမ့်ချစ်မှုုအသံလေးက စွာစွာ,စွာစွာလေးနဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းတွေအားလုံးကို ဖြို့ခွဲပစ်လိုက်သည်။

"ခနေ ... ခနေ ... ညီမလေး ... ညီမလေး မပြောနဲ့ ကိုကိုပြောမယ်" .

မင်းသခင်က ရွှေဖလားရောင် လက်ဖောင်းအပွ ဝမ်းဆက်ဝတ်စုံကလေးနဲ့ ကြွကြွရွရွလေး လှနေတဲ့ ညီမလေး အိမ့်ချစ်မှုုကို လက်ကာထားလိုက်ပြီး အားတုန့်အားနာဟန်ကလေးနဲ့ မျက်နှာပူနေသလို ထ,ရပ်သည်။

"ကျွန်တော် ဒီလိုပြောရတာ စိတ်မကောင်းပါဘူး ... ကျွန်တော် မာမီ့ကိုရော ဟိုဘက်က အန်တီထက်သဇင်နဲ့ အန်ကယ်ထွန်းကိုပါ ကျွန်တော်တောင်းပန်ပါတယ် ... ကျွန်တော်ပိုပြီးတော့ အနူးညွတ်တောင်းပန်ရမှာက ညီမလေးတစ်ယောက်နဲ့မခြား အစစအရာရာ ကျွန်တော့်ကို အားပေးကူညီလာခဲ့တဲ့ ချစ်ခြင်းပြိုင်ကိုပါပဲ"

"မင်း ... မင်း ဘာတွေလျှောက်ပြောနေတာလဲ ... မင်းသခင် ... ဒီလောက်နှစ်တွေအကြာကြီး လူကြီးတွေကြားထဲမှာ ရည်ရွယ်လာတဲ့ ရည်ရွယ်ချက်တစ်ခုကို မျှော်လင့်မထားတဲ့အချိန်ကို ရောက်လာတော့မှ မင်းဒီလို လွယ်လွယ်နဲ့ ဖျက်လိုက်လို့ရမလား မာမီလုံးဝ လက်မခံဘူး"

တစ်ဝိုင်းလုံး ဘယ်သူမှ မျက်နှာမကောင်းတော့ပါ ... ။

"ဟုတ်တယ် ... မာမီ မှုုလည်း ကိုကို့ကို ကန့်ကွက်တယ်





ကိုကို မတရားဘူး ... ကိုကိုဒီလိုဆုံးဖြတ်လိုက်တယ်ဆိုတာ ကိုကို့ကို နောက်ကွယ်ကနေ ကြိုးကိုင်မြှောက်ပင့်ပေးလိုက်တဲ့ တရားခံတစ်ယောက် သေချာပေါက်ရှိနေလို့ပဲ ဖြစ်ရမယ်"

"ဟင် ... "

စားပွဲမှာ ဝင်မထိုင်ဘဲ ခပ်လှမ်းလှမ်းမှာ ခေါင်းလေးငုံ့ လက်ကလေးပိုက်ပြီး ရပ်နေတဲ့ မိုးရင်ထဲမှာ အလုံးတစ်လုံးက ဒိုင်းခနဲ ဆောင့်ခုန်ဝင်သွားသည်။ ဒါဟာ မိုးကိုတမင်ရည်ရွယ်ပြီးတော့ မှုုပြောလိုက်တာလား ... ။

မျက်ဝန်းအကြည့် တချို့ကတော့ မိုးဘက်ကို မသိမသာလေးဝဲပြီးတော့ရောက်လာ၏။ မိုးရင်တွေ တဆတ်ဆတ်ခုန်နေပေမယ့် ဦးမင်းသခင် ဒီလိုပြောင်ကြေငြာလိုက်တာကိုတော့ မိုးယုံတောင် မယုံနိုင်။

ဂုဏ်ပကာသနတွေကို မမက်ဘဲ ချစ်ခြင်းပြိုင်နဲ့လက်ထပ်ရမယ့် ကိစ္စကို ပြတ်ပြတ်သားသား ငြင်းဆန်ပယ်ချနေတာလေ။ ဒါဆို ဦးမင်းသခင်ဆိုတဲ့လူကြီးတစ်ယောက်ရဲ့ ရင်ထဲမှာ ချစ်တတ်တဲ့အသည်းနှလုံးတွေရှိနေတာပေ့ါ ... ။ ဒီချစ်တတ်တဲ့ နှလုံးသားလေးကို မိုးရင်ခွင်ထဲအရောက်အပ်နှင်းနိုင်ဖို့ ... ဒီအသိုင်းအဝိုင်းကြီးတစ်ခုလုံးကို ဦးမင်းသခင်ဆန့်ကျင်နေပြီပေ့ါ ... ။

အဖြူရောင်လက်ရှည် ဝမ်းဆက်လေးကို ရိုးရိုးယဉ်ယဉ်လေးဝတ်ပြီး မျက်နှာမှာ မိတ်ကပ်ပါးပါးလေးတထပ်ကိုပဲ တင်လာခဲ့ပုံရတဲ့ ချစ်ခြင်းပြိုင်က လျော့ရဲရဲလေးပြုံးကာ ... ။

"ဟွန်း ... ဘယ်လိုဖြစ်တာလဲ ကိုကို ... မနေ့က ညနေအထိ ရယ်ရယ်မောမောလေးရှိနေတဲ့ ကိုကိုက အခုမှရုတ်တရက်ကြီး ရည်ရွယ်ချက်တွေ ပြောင်းသွားတာ ညီမလေးမှုုပြောသလို ဖြစ်နေပြီလား ... ချစ်ကတော့ မိုးဆိုတဲ့ ဟိုကောင်လေး ပယောဂပါနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုကို့ကိုပြောင်ပဲ စွပ်စွဲလိုက်ချင်တယ် ... အချိန်မှီပါသေးတယ်ကိုကို ... ပတ်ဝန်းကျင်က မလိုတမာစိတ်နဲ့ နှောင့်ယှက်ဖျက်ဆီးဖို့ကြိုးစားနေတယ်ဆိုတာ ကိုကိုသိရင် ဒီလူကြီးစုံရှာရှေ့မှာဘဲ ကိုကိုဆုံးဖြတ်ချက်ကို ပြန်ပြင်ပေးပါ ..."

ချစ်ခြင်းပြိုင်က ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ရယ်ကာမောကာနဲ့ တည်တည်ငြိမ်ငြိမ်ကလေး ပြောလိုက်ပေမယ့် စိတ်မလုံသလို မျက်နှာလေး မသိမသာ ပျက်သွားရတာက မင်းသခင်ပဲဖြစ်နေသည်။

"ဟို ... ဟိုလေ ... ချစ်ခြင်းပြိုင် ကိုကို ... ကိုကိုမှာက မမျှော်လင့်ဘဲရလိုက်တဲ့ ချစ်သူတစ်ယောက် အခုမှ ပေါ်လာလို့ပါ ကိုကို အားလုံးကို တောင်းပန်ပါတယ်ကွာ"

"ဟာ ... ကိုကို အဲလို သစ္စာမဲ့လို့မရဘူးလေ"

"ကြည့်စမ်း ... ချစ်သူတဲ့ ကြားသားမိုးကြိုး ဘယ်ကချစ်သူလဲ ... ဘယ်ချောင်ကြို ဘယ်ချောင်ကြားက ချစ်သူက လက်ထပ်ရက်ရွေးမယ်ဆိုမှ ပေါ်လာရတာလဲ"

ဒေါ်ခန့်ဝင့်ထယ် သားဖြစ်သူကိုကြည့်ကာ မျက်တောင်လေးခပ်လိုက်ဖို့ကိုပင် မေ့နေသည်။ မှူးက နားနှစ်ဘက်မှာ တွဲလောင်းလေးချိတ်ဆွဲထားသည့် အသည်းပုံဖန်စီဆွဲပြားလေး ဘယ်ညာလေးလှုပ်ခတ်သွားအောင် ဖျတ်ခနဲ ထရပ်လိုက်ကာ ...

"ကိုကိုနော် ... ဒီဝိုင်းမှာ ကိုကို မဟုတ်တာတွေ လျှောက်မပြောနဲ့ ... ကိုကိုမှာ ချစ်သူမရှိဘူးဆိုတာ မှူးသိတယ် ... ရှိရင်လည်း ဒီချစ်သူက နတ်တွေ သိကြားတွေက မိုးပေါ်ကနေ နတ်သမီးယောင်ဆောင်ပြီး လွှတ်လိုက်တဲ့ချစ်သူပဲရှိမှာ ... ရွေးလိုက်ပါ ကိုကို ညီမလေးက ကိုလင်းကို အမှတ်တရလေးဖြစ်အောင် ကိုလင်းဆုံးသွားတဲ့ ဒီဇင်ဘာနှစ်ဆယ့်ငါးရက်ကိုပဲ ရွေးလိုက်ချင်တယ်ကိုကို"





"ဘာပြောတယ် ..."

ကိုလင်းဆိုဆဲ့နာမည်လေးကို ကြားလိုက်လို့ မင်းသခင် တုန်လှုပ်သွားခဲ့ရပြီ။ ဒီလို တုန်လှုပ်ခြင်းတွေနဲ့အတူ ညီမလေးမှူးဘက်ကို ဒေါသတကြီးလှည့်ပစ်လိုက်တာလည်း ချာခနဲ ... ။

"ဒီ ... ဒီနာမည်ကို မင်းထည့်ပြောစရာလား ညီမလေး၊ ဒီဝိုင်းနဲ့ မသက်ဆိုင်တဲ့ နာမည်ကို မင်းထည့်မပြောနဲ့ ..."

"သမီး‌ငယ် ... မှူး ... ကိုကို့ကို ဒေါသဖြစ်အောင် ... မပြောနဲ့လေ"

"ဟာ ... မပြောလို့ရမလား ... ကိုလင်းနာမည်ကိုထည့်ပြောမှ အတိတ်ကို သတိရလာပြီး မိဘအသိုင်းအဝိုင်းမှာ သဘောမတူတာကို ယူဖို့ကြိုးစားမိရင် ဘယ်လိုပေးဆပ်သွားရတယ်ဆိုတာ ကိုကိုသတိရလာမှာ ..."

"တော်စမ်း ... မှူး"

မင်းသခင်က အိမ်ချစ်မှူးကိုကြည့်ကာ နောက်တစ်ကြိမ်ထပ်အော်သည်။ အော်ပေမယ့် အိမ်ချစ်မှူးက ပြန်ထိုင်မသွားဘဲ သူ့ ကိုကို့ကိုပဲ မကျေမချမ်း မျက်ဝန်းကလေးတွေနဲ့ လှမ်းကြည့်နေ၏။

"ကျွန်တော် ... ကျွန်တော်ထပ်ဆင့်ပြီးတော့ အားလုံးကို တောင်းပန်ပါတယ် ... အပိုစကားတွေအများကြီးလည်း ကျွန်တော်မပြောချင်တော့ပါဘူး"

မိုးကတော့ စားသောက်ဝိုင်းကြီးဆီက စကားတွေကိုနားထောင်ရင်းနဲ့ ခေါင်းလေးငုံ့ ... နှုတ်ခမ်းလေးမဲ့ကာ နာကျင်စွာဘဲပြုံးလိုက်မိသည်။ မိဘအသိုင်းအဝိုင်းတွေ သဘောမတူတာကို ယူမိရင် ဘယ်လိုပေးဆပ်သွားရတယ်ဆိုတာ ကိုကို သတိရလာအောင်လို့တဲ့လား မှူးရယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပေးဆပ်သွားရတာလဲဟင် ... ။

ချစ်သူနဲ့ အတူတူ နှစ်လောင်းပြိုင်သေခဲ့ရတဲ့ ပေးဆပ်မှုတွေကို လူကြီးစုံရာရှေ့မှာ မှုးရည်ရွယ်ပြီး ပြောလိုက်တာလား ... ။ သေချာပါတယ် ... မှုးကိုကိုလည်း အဲဒီလို ချစ်သူနဲ့အတူတူ နှစ်လောင်းပြိုင် မသေရဘူးလို့ ဘယ်သူ အာမခံနိုင်မှာလဲ ... ။

"အဲဒီတော့ ... မင်းရဲ့ဆန္ဒ သဘောထားက ..."

တစ်ချိန်လုံး ငြိမ်နေတဲ့ ချစ်ခြင်းပြိုင်ရဲ့ ဒက်ဒီ အန်ကယ်ထွန်းက ရွှေရောင်မျက်မှန်ကိုင်းကလေးကို ဟန်မပျက်လေးပင့်တင်လိုက်ရင်း မေးတော့ မင်းသခင်ဖြေလိုက်တာက ... ။

"ကျွန်တော် ချစ်ခြင်းပြိုင်ကို ဒီနေ့ကစပြီး ကျွန်တော်ရဲ့ ညီမလေး အရင်းအချာတစ်ယောက်လိုပဲ ဖြူစင်စွာ ဆက်ချစ်နေပါရစေ အန်ကယ် ... အဲဒါ ကျွန်တော်ရဲ့ နောက်ဆုံး ဆန္ဒပါပဲ ... ကျွန်တော် တစ်သက်လုံးကလည်း ချစ်ခြင်းပြိုင်ကို ညီမလေးအဆင့်ထက်ပိုပြီး မချစ်နိုင်ခဲ့တာလည်း ချစ်ခြင်းပြိုင်သိပါတယ် ... အခုကိစ္စမှာ မမျှော်လင့်ဘဲ ချစ်သူတစ်ယောက်ကို ရလိုက်လို့ ... မျက်နှာပူစွာနဲ့ပဲ လူကြီးတွေရဲ့ဆန္ဒကို ကျွန်တော်ဆန့်ကျင်လိုက်ရတာပါ"

"ကဲ ... ဒါဆိုလည်း ကျွန်တော်တို့ပြန်မယ် ဒေါ်ခန့်ဝင်ထယ်"

"ဟင် ... ကိုထွန်း"

ဒေါ်ခန့်ဝင့်ထယ် မျက်နှာတွေပျက်လျှက် ... ။

ဒေါ်ထားသဇင်က ခင်ပွန်းသည် ဦးမိုးထွန်းထ,ရပ်တော့ သူပါ မျက်နှာပျက်ပျက်နဲ့ လိုက်ထ,ရပ်သည်။ တခြားဖိတ်ထားသည့် လူကြီးတချို့ကလည်း မျက်နှာမသာမယာနဲ့ ဆက်ပဲထိုင်ရတော့မလို ... ထ,ပဲ ထွက်သွားရတော့မလိုတွေဖြစ်ကာ ပွဲကရုတ်ရုတ်သဲသဲလေးတော့ဖြစ်သွားသည်။

"သမီး ... ချစ်ခြင်းပြိုင် ထ,လေ မာမီတို့ပြန်မယ်"





"ဟင့်အင်း ... မာမီ သမီးလွယ်လွယ်နဲ့တော့ အရှုံးမပေးချင်သေးဘူး ... ကိုကိုနဲ့ ရှင်းစရာတွေရှင်းပြီးမှ သမီးပြန်ခဲ့မယ် ... မာမီတို့ပြန်နှင့်ပါ ..."

မကျေမချမ်းနဲ့ အားလုံးထွက်သွားတော့ ကျန်ခဲ့တာ သူတို့သုံးယောက်တည်းပါ ... ။

မိုးရယ် ... မင်းသခင်ရယ် ... ချစ်ခြင်းပြိုင်ရယ် ...

သုံးယောက်တည်း ... ။

"ဘယ်လိုဖြစ်တာလဲကိုကို ... ချစ်ကိုပြောပါဦး"

ခုထိလည်း ချစ်ခြင်းပြိုင် မျက်နှာမပျက်သေးပါ။

သူမက မင်းသခင်နဲ့ မျက်နှာချင်းဆိုင်ဖြစ်မယ့် ရောကိုမှ တမင်ရွေးထိုင်လိုက်သလို မိုးကတော့ ဦးမင်းသခင်ရဲ့နောက်မှာပဲ ခေါင်းကလေးငုံ့ကာရပ်လျှက် မမချစ်ခြင်းပြိုင် မကျေနပ်လို့ နေခဲ့တယ်ဆိုတာ မိုးကသိပြီးသားပါ။ ဘာပဲပြောပြော သူတို့အားလုံးကို ဦးမင်းသခင်ပေးခဲ့တဲ့အဖြေဟာ မိုးလိုချင်တဲ့အဖြေပဲ ... ။

ဒီအဖြေကြောင့်တော့ မိုးကျေနပ်ပါတယ် ... ။

ဦးမင်းသခင် ချစ်တတ်သားပဲ ... ။

Bravo ပါ ဦးမင်းသခင် ... ။

ချစ်ခြင်းပြိုင်က ခုထိ မိုးမျက်နှာလေးကို တစ်စက်ကလေးမှ လှည့်မကြည့်သေးပါ။ မိုးကလည်း မကြည့်ပါဘူး။ ဦးမင်းသခင်နောက်မှ ခေါင်းငုံ့ရပ်နေတာ ဘယ်လောက်တောင်ကြာနေပြီလဲ။

"ကိုယ် ... အားလုံးကို ပြောပြခဲ့ပြီးပြီလေ ... ထပ်ပြောစရာစကားတွေလည်း ကိုယ့်ရင်ထဲမှာ မရှိတော့ပါဘူး"

"ဒါတွေ ဘာကြောင့်ဖြစ်သွားတယ်ဆိုတာ ချစ်သိတယ် ကိုကို"

ပြောရင်း ဖျတ်ခနဲမော့ကြည့်လိုက်တာ မိုးမျက်နှာလေးဆီ



www.burmeseclassic.com

www.burmeseclassic.com



ကို ... ။

"ဟာ ... ချစ် ... အဲဒါတွေအားလုံး မိုးနဲ့မဆိုင်ဘူးနော်"

"ဟွန်း ... မဆိုင်လို့ရမလား ... "

ချစ်ခြင်းပြိုင်ရဲ့ နှုတ်ခမ်းလေးတွေမဲ့ကွေးလေး ကွေးသွားပြီ။ မိုးကို မော့ကြည့်လိုက်တာလည်း ညွတ်ကွေးကော့ညွတ်နေသော မျက်တောင်ရှည်တွေ ပင့်ကော့လျှက် ... ။

"မိုးဆိုတဲ့ကောင်လေးကို ချစ်မသင်္ကာဘူး"

"ချစ်နော် ... မိုးနဲ့ ဘာမှမဆိုင်ဘူးလို့ ကိုယ်ပြောနေတယ်နော်"

မင်းသခင်မလုံမလဲ ငြင်းနေတာ မိုးသိနေတော့ မိုးကိုယ်တိုင်လည်း မျက်နှာထားရခက်နေသည်။

"ဘာလို့မဆိုင်ရမှာလဲ ကိုကို ... ဒီမိုးဆိုတဲ့ကောင်က ချစ်တို့ မင်္ဂလာပွဲကို မပျက်,ပျက်အောင် ဖျက်ဖို့ လုံးဝဆုံးဖြတ်ချက်ချထားတာ ... ကုမ္ပဏီထဲမှာ ကောလဟာလလိုလို တကယ်လိုလို ပျံ့နေတဲ့သတင်းတစ်ပုဒ်က ဒီကောင်လေးက ဒီပွဲကိုဖျက်မယ်တဲ့ ... "

"ဘယ် ... ဘယ်လို ချစ်"

ထိုင်နေရာမှ မိုးရပ်နေတဲ့ နေရာဆီသို့ ချစ်ခြင်းပြိုင် လျှောက်လာခဲ့ပြီ ... ။

"မင်း ... မင်း ... ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဒီမင်္ဂလာပွဲကို ဖျက်ဖို့ ကြံစည်ချင်နေရတာလဲဟင်မိုး ... တို့ကို တဆိတ်လောက် ရှင်းပြစမ်းပါ ... "

အနီးဆုံးနေရာလေးမှာရပ်ပြီး ချစ်ခြင်းပြိုင်က မေးသည်။

မေးတော့လည်း မျက်ဝန်းတွေက တဖျတ်ဖျတ်လက်တောက်လို့ ... ။

"ဟိတ် ... မင်းကိုမေးနေတယ်လေ ... တို့မျက်နှာကို ရဲရဲ





တင်းတင်း မင်းမော့ကြည့်စမ်း ... "

"ချစ်ရာ မိုးနဲ့မဆိုင်ပါဘူးလို့ ကိုယ်မင်းကို ဘယ်နှစ်ခါပြောရမလဲ ... "

"ကိုကိုနော် ... ကိုကိုမသိဘဲနဲ့ ဘာမှဝင်မပြောနဲ့ ... "

ဦးမင်းသခင်ကိုပင် ချစ်ခြင်းပြိုင်က ပြန်အော်သည်။

ဦးမင်းသခင်မှာတော့ နက်ခ်တိုင်မရမ်းစေ့ရောင်လေး၊ တယမ်းယမ်းနဲ့ မိုးကိုပြဿနာရှာနေမှာစိုးလို့ ကာကွယ်နေရတာ အလုပ်တစ်ခု ... ။ မိုးကတော့ ခုထိ မျက်နှာလေးငုံ့ချထားဆဲပါ။

"ကိုကို့ဆီကို ဒီကောင်ရောက်လာမှ အေးချမ်းနေတဲ့ ချစ်တို့ နှစ်ယောက်ရဲ့ ဘဝလေး ဒီကောင့်ကြောင့် ပျက်စီးသွားခဲ့ရတာ ဒီကောင့်မှာ ရည်ရွယ်ချက်ရှိတယ် ... အဲဒီရည်ရွယ်ချက်ကြောင့် ချစ်နဲ့ စတွေ့တဲ့နေ့ကတည်းက ဒီကောင်တိုက်ခိုက်လာတာ ကိုကို့ကုမ္ပဏီထဲမှာ ချစ်ကို မလိုလားဆုံးက ဒီကောင်ပဲ ... ခုလည်း ဒီကောင့်ကြောင့် ချစ်တို့မင်္ဂလာပွဲ ပျက်ရပြီလေ ... ။ ရည်းစားမရှိဘဲ ရှိပါတယ်လို့ ကိုကို့ကို ပြောင်လိမ်ခိုင်းတာ ဒီကောင့်လက်ချက် မဟုတ်ရင် ဘယ်သူ့လက်ချက်လဲ ... "

"မဟုတ်ဘူး ချစ်ရာ ... "

"ဒါဆို ... ကိုကို့ရည်စားဘယ်မှာလဲဆိုတာ ... အခုချက်ခြင်း ကိုကို လက်ဆွဲခေါ်ပြ ကိုကိုပြနိုင်ရင် ချစ်သဘောထားကြီးကြီးနဲ့ နောက်ဆုတ်ပေးမယ် ... မပြနိုင်ရင် ... နှစ်ဖက်လူကြီးစီစဉ်ထားတဲ့ အတိုင်း ချစ်ဆက်လုပ်မယ် ... "

"ပြဿနာပဲချစ်ရာ ... ကိုယ် ... ကိုယ် ... စိတ်တွေလည်း အရှုပ်ညစ်လာပြီ ... စိတ်ဓာတ်တွေလည်း အရမ်းကျလာပြီ ... တစ်နေ့ကျမှ ကိုယ်ချစ်နေတဲ့ ကောင်မလေးကို ချစ်ရှေ့ရောက်အောင် လက်ဆွဲခေါ်လာပြမယ် ... ဟုတ်ပြီလား"



www.burmeseclassic.com

"ကိုကို့ကို ချစ်မယုံဘူး ... ချစ်မသိတဲ့နောက်ကွယ်မှာ ဒီပွဲ ပျက်သွားရတဲ့အကြောင်းရင်းတစ်ခု သေချာပေါက်ရှိကိုရှိနေတယ် ချစ်မသင်္ကာတာ ဒီကောင်ပဲ ဟိုတိ ... မင်းကို တို့ပြောနေတာကြား လား ... မင်းဝန်ခံစမ်း ..."

မိုး ဘာပြောရမလဲ ... ။

မိုးကိုပဲ မမချစ်ခြင်းပြိုင်က တပ်အပ်စွပ်စွဲနေတာလေ။

ကုမ္ပဏီထဲမှာလည်း ကောလဟာလသတင်းတွေ ပျံ့နေပြီ တဲ့ ... ။

"ကျွန်တော် ... ကျွန်တော် ..."

အခုမှ ... မိုးမျက်နှာလေးမော့လာကာ သူမကိုစိုက်ကြည့်မိ သည်။

"ခင်ဗျားကို အမှန်အတိုင်းဝန်ခံမယ်သိလား ..."

"ဟာ ... ဟေ့ကောင်မိုး ..."

ဦးမင်းသခင် လှမ်းအော်လိုက်ပေမယ့် နောက်ကျသွား၏။ မခံချင်စိတ်တွေနဲ့ ရင်ထဲမှာခံစားနေရတဲ့အတိုင်း မိုးဝန်ခံလိုက်ပြီ။

"ဟုတ်တယ် ... ခင်ဗျားကိုမကျေနပ်လို့ ဒီပွဲကိုဖျက်လိုက် တာ"

"ဟာ ... ကြည့်စမ်း"

ချစ်ခြင်းပြိုင် အံကြိတ်ချလိုက်သလို လက်တစ်ဖက်ကလည်း လေထဲမြောက်တက်သွားတာကို ရိပ်ခနဲပဲ မိုးမြင်လိုက်ရ၏။ ဖြန်းခနဲ မြည်သံတစ်ခုက မျက်ဝန်းထဲမှာ မီးဝင်းဝင်းတောက်သွားအောင် လည်း ပဲ့တင်ထပ်သွားသည်။

"ဖြန်း ..."

"အဲဒါ ... မကျေနပ်ဦး ..."

ယိုင်သွားတဲ့ မျက်နှာလေးကို မိုးချက်ခြင်းပြန်မလှည့်နိုင်ပါ၊

ဖိုးလပြည့်စာပေ



နာကျင်မှုတစ်ခုက နှလုံးသားထဲမှာ နင့်နင့်သည်းသည်း ကလေး ဖြစ်တွန်းသွား၏။ ဒါပဲ့ဘာ ဒုတိယမြောက် ထပ်ပြီးတော့ အစော်ကားခံရမှုပါ ... မိုး နှုတ်ခမ်းလေးမဲ့ကာ ပြုံးလိုက်ပါသည်။

"အောင်မယ် ... ဒီလောက်အရိုက်ခံရတာတောင် မင်းက ပြုံးနိုင်သေးတယ်ဟုတ်လား ... မိုး ဟင် ... ပြောစမ်း၊ ကိုကိုကို စားသောက်ဆိုင်တာကာ အရက်ဆိုင်တာကာ ခေါ်သွားပြီး တယ် ကောင်မလေးနဲ့ လွှတ်ပေးပြီး မင်းဖျက်ဆီးလိုက်ပြီဆိုတာ မင်းကိုကို တစ်ခါတည်း သတ္တိရှိရှိ ပြောလိုက်စမ်းပါ ..."

"ချစ် ... မင်း သိပ်လွန်နေပြီနော် ... ဒီကောင်မပြောတာ မင်းမယုံနဲ့ ဒီကောင်က မင်းကိုမခံချင်လို့ တမင်ရွဲ့ပြီးပြောနေတာ"

"ရပါတယ် ကိုကို ... ကိုကိုဘာလို့ ဒီကောင့်ဘက်က လိုက် ပြောနေသလဲဆိုတာ ချစ်စဉ်းစားလို့တောင်မရဘူး ... ကိုကိုကို တစ်ခုပဲ ချစ်နောက်ဆုံးပြောခဲ့မယ် ... ချစ်ကို လက်ထပ်ဖို့ ကိုကို ငြင်းတယ်ဆိုရင် တခြားဘယ်သူနဲ့မှ ကိုကို လက်ထပ်ခွင့် ချစ်မပေး နိုင်ဘူး ..."

ဒါပဲပြောပြီး ချစ်ခြင်းပြိုင် ချာခနဲလှည့်ထွက်သွားခဲ့ပြီ။

မိုးကတော့ နှုတ်ခမ်းလေးမဲ့ကာ ကျန်ခဲ့လျှက် ... ။

"ဟွန်း ... တွေ့တယ်နော် သူဌေးမင်း ... ဒုတိယအကြိမ် မြောက်အဖြစ်နဲ့ ကျွန်တော်ထပ်ပြီးတော့ အစော်ကားခံလိုက်ရတာ အဲဒါ သူဌေးမင်း မျက်နှာကြောင့် ကျွန်တော်ပေးဆပ်လိုက်တာပါ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ ... ကျွန်တော် သူဌေးမင်းကို လက်ထပ်မယ် ..."

"ဟင် ... မင်း,တကယ်ပြောတာ ..."

မိုးရဲ့ ပခုံးလေးနှစ်ဘက်ပေါ်ကို ဦးမင်းသခင်ရဲ့လက်တွေ ရောက်လာခဲ့ပြီ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



မှုန်းစိုတောက်ပတဲ့မျက်ဝန်းလက်တွေက မိုးရင်ထဲက မာနတွေကို ညှို့ယူနေတဲ့အတိုင်း ...

"ကျွန်တော် ကျခဲ့တဲ့မျက်ရည်တွေအားလုံးအတွက် သူဌေးမင်းကို လက်ထပ်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တာပါ ... "

"မိုးရာ ... မင်းကိုငါသိပ်ချစ်တယ်သိလား ... ကွာ ... အဲဒီ့အချစ်တွေနဲ့ အရာရာကို ငါအားလုံးရင်ဆိုင်သွားမှာပါ မင်းဘာမှအားမငယ်နဲ့နော်"

မိုးပြုံးလိုက်တာ ... ။

မမငွေလရိပ်ကို သတိရခြင်းများစွာနဲ့ ... ။

အခန်း ( ၁၃ )

"ချစ်ခြင်းပြိုင် ... သမီးလေး"

ချစ်ခြင်းပြိုင်ရဲ့ ပခုံးလေးကိုဖက်ပြီး မျက်ရည်ကျရတာ ဒေါ်ခန့်ဝင့်ထယ်ပါပဲ ... ။ Western Park က ဒေါသနှင့်ပြန်လာပြီး ... အိပ်မပျော်နိုင်အောင်ခံစားနေရချိန်မှာ ချစ်ခြင်းပြိုင်ရောက်လာတာမို့ အိပ်ရာကနေ အလူးအလဲထကာ ချစ်ခြင်းပြိုင်ပခုံးလေးကိုဖက်ထားမိတာဖြစ်သည်။

"အန်တီခန့်ရယ် ... အဟင့် ... ဟင့် ... ချစ် ... ချစ်အရမ်းခံစားနေရလို့ အိမ်မပြန်သေးဘဲ အန်တီခန့်ဆီဝင်လာတာ ... ကိုကိုကိုကို ချစ်ကိုအရမ်းရက်စက်တယ်သိလား အန်တီခန့် ... နှစ်ဖက်အသိုင်းအဝိုင်းတွေ ဒီလောက်သိထားတဲ့ကိစ္စတစ်ခုကို ကိုကိုခုလိုမထင်မှတ်ဘဲ ဖျက်ပစ်လိုက်တာ ချစ်မခံစားနိုင်တော့လို့ အန်တီခန့်ဆီ လိုက်လာတာ ... "

မှုူးကတော့ ခြံထဲမှာ ကားရပ်သံကြားလိုက်ရကတည်းက မမချစ်ခြင်းပြိုင် လိုက်လာပြီဆိုတာ သိလိုက်လို့ အိပ်ခန်းထဲကနေ ဖို့ရှိုဖားလျား ဆံပင်လေးကို ဖြစ်သလိုလေး သိမ်းပြီး အပြင်ဘက်ကို ထွက်လာတာလေ ... မျက်နှာလေးကတော့ ထုံးစံအတိုင်း [illegible]နှစ်



www.burmeseclassic.com

www.burmeseclassic.com



လို့။

"သမီးလေးရယ် သမီးခံစားရတာကို အန်တီခနားလည်ပါတယ် ... ဒီကောင် မင်းသခင် မပြောမဆို ပွဲဖျက်လိုက်လို့ တနုံ့နုံ့နဲ့ ခံစားပြီး အန်တီခန့်လည်း ပြန်လာတာ ..."

မျက်နှာချင်းဆိုင်ဖက်ထားရင်း ကျောပြင်ကလေးကိုပါ လက်ကလေးဖြင့် ဒေါ်ခန့်ဝင့်ထယ် ပွတ်သပ်ပေးနေမိသည်။ ပြောရရင် ချစ်ခြင်းပြိုင်ဆိုတာက ကိုယ့်အိမ်မှာ ဝင်ထွက်သွားလာ စားသောက်ရင်း သမီးရင်းချာတစ်ယောက်လို ခင်မင်လာခဲ့ကြတာလေ။ ကိုယ့်မိသားစု စီးပွားရေးအတွက် ဒီအခြေအနေထိ ရောက်လာအောင်လည်း ချစ်ခြင်းပြိုင်ကပဲ ပြုစုပျိုးထောင်ပေးခဲ့တာ ...

ဒါကိုတောင် မင်းသခင်က မျက်နှာမထောက် ... ။

သူ့မှာ ချစ်သူရှိနေပြီဆိုပြီး လူကြီးစုံရာရှေ့မှာ ဖြောင်ဖြောင်ကြီးပြောသွားခဲ့တာ။ ဒါကို သမီးလေးချစ်ခြင်းပြိုင် မခံစားရဘဲ နေပါတော့မလား ... ။

မှူးက မျက်မှောင်လေးကျုံ့ကာ မမချစ်ခြင်းပြိုင်ကိုကြည့်လျှက် ... ။

"ဟုတ်တယ် ... မမချစ်ခြင်းပြိုင်၊ မှူးလည်း ကိုကိုလုပ်တာကို မကျေနပ်လို့ ဝင်ပြောလိုက်မိတာ ... ကိုကို့မှာ ချစ်သူမရှိတာကို မှူးတို့အားလုံးသိတယ် ... ဒီကိစ္စကို မမချစ်ခြင်းပြိုင်လက်ခံမယ်ဆိုရင်တောင် မှူးလက်မခံဘူး ... မှူး မသင်္ကာတာက ဒီစကားကိုပြောနေတဲ့ အချိန်မှာ ကိုကိုမျက်နှာပျက်နေတယ် ... မှူးကြည့်လိုက်တော့ ကိုကိုနောက်မှာရပ်နေတဲ့ မိုးဆိုတဲ့ကောင်လေးက နှုတ်ခမ်းလေးမဲ့ပြီးပြုံးနေတယ်လေ ... အဲဒါ သူတို့နှစ်ယောက်ကြားမှာ လျှို့ဝှက်ဆက်စပ်မှု ရှိနေလို့ပေါ့ ... မှူးပြောတာဟုတ်သလား





မဟုတ်သလား မမပဲစဉ်းစားကြည့် ..."

အပြန်တစ်လမ်းလုံးမှာလည်း ဒါကိုပဲမှူးစဉ်းစားလာခဲ့သည်။

ကိုကို့ရဲ့ ကိုယ်ရေးအတွင်းရေးမှူးကောင်လေးမိုး လူပုံလေးက နွဲ့သလောက် မျက်နှာကြောလေးက မာနေတာ။

မေးတော့လည်း နယ်ကလာလို့ ခန့်လိုက်တာတဲ့ ... ။

မမချစ်ခြင်းပြိုင်ကိုလည်း စော်စော်ကားကားနဲ့ နမ်းခဲ့ဖူးတယ်လေ ... ဒါကိုတောင် ကိုကိုက ခွင့်လွှတ်လက်ခံထားတာဘာသဘောလဲ။ ခုလည်း ဒီမိုးဆိုတဲ့ကောင်လေးက စည်းရုံးလိုက်လို့ ကိုကိုစိတ်ပြောင်းသွားတာပဲနေမှာ ... ဟွန်း ... ဒီကိစ္စကိုတော့ မှူးဖော်ထုတ်ရမယ် ... ကိုကိုနဲ့ မိုးနဲ့ကြားမှာ ... မှူးတို့မသိတဲ့ အကြောင်းအရာ တစ်ခုခုရှိနေသလိုပဲ ... ။

မှူးမျက်နှာလေးမော့လျှက် ... ။

မမချစ်ခြင်းပြိုင်က မာမီရင်ခွင်ထဲမှထွက်ကာ မှူးဘက်ကို မျက်နှာလေးလှည့်သည်။

"ဟုတ်တယ်လေ ... မှူး ... မမလည်း ဒီကိစ္စကို မကျေနပ်လို့ မိုးဆိုတဲ့ကောင်လေးကို ပါးရိုက်ပြီးထွက်လာတာ ကိုကိုခုလိုဖြစ်သွားတာ ဒီကောင်တရားခံပဲ ..."

မှူးနဲ့ ချစ်ခြင်းပြိုင်က အတိုင်အဖောက်ညီနေကြပေမယ့် ဒေါ်ခန့်ဝင့်ထယ်က အိပ်ခန်းကျယ်ကြီးထဲမှာ ခေါက်တုန့်ခေါက်ပြန်လေး လမ်းလျှောက်ကာ စဉ်းစားလျှက် ... ။

"ဟင်း ... မာမီကတော့ ဒီကိစ္စမှာ တစ်ခုခုမှားနေပြီထင်တာပဲ ... မှူးကိုကိုကိုယ်တိုင် ကုမ္ပဏီအစည်းအဝေးမှာ ဒီကိစ္စကို တရားဝင် အသိပေးကြေငြာထားတဲ့ဟာ ... ခုမှ ဖြုန်းခနဲ ရည်းစားတစ်ယောက်ကို ရလိုက်တယ်ဆိုတော့ ..."

"အဲဒါကို ချစ်ပြောနေတာပေါ့ အန်တီခန့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော် ... မာမီ ကိုကို့လို လူမျိုးတစ်ယောက်က မိုးပေါ်က ကျလာသလို ရည်းစားတစ်ယောက်ကို ဖြုန်းခနဲရလိုက်တယ်ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်စရာအကြောင်းမရှိဘူး"

"ဒါဆို သူ့မှာ ချစ်သူရှိနေပြီဆိုပြီး မင်းသခင်က ဘာကြောင့် ကြေငြာခဲ့တာလဲ ..."

"အဲဒါ ... မိုး ဆိုတဲ့ကောင်လေးက ညာနိုင်းလို့ပြောတာနေမှာပေ့ါ ... မာမီ"

"သူက ... ဘာလို့ ညာနိုင်းတာလဲ"

"ဟာ ... မာမီ ... မိုးက မမချစ်ခြင်းပြိုင်ကို လုံးဝမကျေမနပ်ဖြစ်နေတာလေ ... ဒါကြောင့်မို့ ဒီပွဲကို မပျက်,ပျက်အောင် ဖျက်ရမယ်ဆိုပြီး ကုမ္ပဏီက လက်ထောက်မန်နေဂျာ အန်တီသွယ်ကို ပြောလိုက်တာ ဒီသတင်းက ကုမ္ပဏီမှာ ခဏလေးပျံ့သွားတယ်"

"ဒါ ... ဖြစ်နိုင်သလား ချစ်ခြင်းပြိုင်ကို မကျေနပ်ဖြစ်တာတစ်ခုတည်းနဲ့ ဒီပွဲကိုဖျက်တယ်ဆိုတာ ခိုင်လုံတဲ့အကြောင်းပြချက်တစ်ခုရော ဟုတ်ရဲ့လား ... မာမီတို့ မသိတဲ့နောက်ကွယ်မှာ ဒီထက်ပြင်းထန်တဲ့ခံစားချက်တစ်ခုနဲ့ ဒီပွဲ မပျက်,ပျက်အောင် တိုက်ခိုက်လာတာဆိုရင်ရော ..."

"ဒါ ... ဒါလည်း ဖြစ်နိုင်တာပဲ မာမီ"

မှုူး ခေါင်းထဲမှာ လင်းခနဲတော့ တစ်ချက်ဖြစ်သွားသည်။

"သမီးတို့ပဲ စဉ်းစားကြည့်လေ ဒီလိုမင်္ဂလာပွဲကိုဖျက်ဖို့ ကြိုးစားတယ်ဆိုတာ မိုးနဲ့ မင်းသခင်က ရည်စားလုဖက်တွေမှ မဟုတ်တာ ... ချစ်ခြင်းပြိုင်ကို မကျေမနပ်ဖြစ်ရအောင်ကလည်း ချစ်ခြင်းပြိုင်က ပါးရိုက်လိုက်တယ်ပဲထား ... သူကတောင် လက်ရဲ ဇက်ရဲလေးနဲ့ ချစ်ခြင်းပြိုင်ကို အတင်းနမ်းပြီး တုန်ပြန်သွားခဲ့သေး





တာပဲ ... ဒါ ကျေပြီပေ့ါ ..."

မာမီ တစ်ချက်ခြင်းထောက်ပြတော့လည်း ဟုတ်နေသား။

ဒါဆို ... ဒီကောင်လေးမိုးက ဒီထက်ကြီးမားတဲ့ ဘယ်လိုနာကြည်းချက်မျိုးတွေရှိနေလို့ ဒီပွဲကို သည်းသည်းမဲမဲ ဖျက်ချင်နေတာလဲ ...။

စဉ်းစားရင်း ခေါင်းတွေမူးချင်လာသည်။

တော်တော် ဒုက္ခပေးတဲ့မိုး ...။

"ဒါ ... ဒါဆို ကိုကို့မှာ တကယ်ရည်းစားရှိသွားလို့လား"

ချစ်ခြင်းပြိုင် ပိုပြီးတော့ ရင်ထိတ်လာရပြီ ...။

ဖြစ်နိုင်တာက ရည်းစားမရှိဘဲနဲ့ ရှိတယ်လို့ ကိုကိုက ဘယ်လို လုပ်ညာမှာလဲ ... ကိုကို မလိမ်တတ်တာ ချစ်ခြင်းပြိုင်သိတော့ ခက်နေသည်။ မိုးဆိုတဲ့ကောင်လေးမှာ ဒီပွဲကိုဖျက်ချင်ရအောင်က လည်း အထောက်အထားက ခိုင်လုံတာ မဟုတ်။

"ဒါဆို ... အဲဒီရည်းစားက ဘယ်သူလဲ"

"ကိုကိုနဲ့ အနီးဆုံးပတ်သက်နေတဲ့ မိန်းကလေးက ဘယ်သူဖြစ်နိုင်သလဲ ..."

ထိုင်လိုက်, ထလိုက် ... ခေါင်းခါလိုက် ခေါင်းမော့လိုက်နဲ့ မှုူးရော ချစ်ခြင်းပြိုင်ပါ စိတ်တွေရှုပ်ထွေးပြီး အဖြေကရှာမရဘဲ ချာချာလည်နေတာနဲ့ပဲ နောက်ဆုံး အဖတ်တင်သွားသည်။

"ရှုပ်ပါတယ် မမရာ ... မမလည်း စိတ်ဓာတ်ကျမနေနဲ့ အဖြေကို မှုူးနဲ့မမနှစ်ယောက်ပေါင်းပြီးရှာမယ်၊ ကိုကို့မှာ သူပြောသလို တကယ်ရည်စားရှိနေရင်လည်း အဲဒီရည်စားကိုမှုူးတို့ ရှာသာရှာမယ် ... မနက်ဖြန်ကစပြီး မှုူးလှုပ်ရှားမယ် မမရာ နောက်ဆုံးတစ်နေ့မှာ ကိုကိုနဲ့ မမလက်ထပ်ရရင်ပြီးရော ... မစိုးတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား”

ချစ်ခြင်းပြိုင်ကိုချော့ပြီး မှူးပြန်လှတ်လိုက်သည်။ မကျေမနပ်နဲ့လည်း ကိုကိုဆီကို မှူးဖုန်းထဆက်သည်။

“ကိုကိုလား ...”

“ဟင် ... ဘယ်သူလဲ မှူးလား”

“ကိုကို အခုဘယ်မှာလဲ ...”

“ဘုရားမှာကွ ...”

ပြန်အော်လိုက်သံက ဆောင့်ဆောင့်အောင့်အောင့်။

“ဟင် ... ဘုရားမှာ ဟုတ်လား ... ဒီအချိန်ကြီးဘယ်သူနဲ့ ဘုရားကိုသွားနေတာလဲ”

“မိုးနဲ့ ...”

“မိုး ... ဟုတ်လား ... ဟွန်း ...”

“ဒါပဲလား ...”

“တီ ... တီ ...”

ကြည့်စမ်း Phone ကို ပိတ်ချသွားပြီ ... ။

ရည်းစားနဲ့ ဘုရားကိုသွားတယ်ဆိုလည်းဟုတ်သေး။ ခုတော့ မိုးဆိုတဲ့ကောင်လေးနဲ့တဲ့ ... ။

ဘုရားကို အရင်ဆုံး တစ်ပတ်ပတ်ပြီးချိန်မှာ စောင်းတန်း တစ်ခုမှာ နှစ်ယောက်သား အေးအေးဆေးဆေးဝင်ထိုင်သည်။

“ညချမ်းအချိန်လေးမှာ ရွှေတိဂုံဘုရားကိုလာရတာ အရမ်း စိတ်ကြည်နူးဖို့ကောင်းတယ်နော် ... မိုး ...”

“သူဌေးမင်းက ပျော်တယ်ပေါ့ ...”

“ပျော်တာပေါ့ကွာ ...”

ဦးမင်းသခင်က ပခုံးချင်းထိကပ်နေအောင် တမင်ရွှေ့က ထိုင်သည်။ မိုးက ယောကျ်ားလေးတစ်ယောက်လိုဖြစ်နေတာ ...





တော့ ဘေးကကြည့်ရင်လည်း မရိပ်မိဘူးပေါ့။

“သူဌေးမင်းပျော်ပေမယ့် ကျွန်တော်ကတော့မပျော်ပါဘူး”

“မိုးနော် ... မင်း တစ်ချိန်လုံးငါ့ကို ပြဿနာရှာဖို့ မစဉ်းစားနဲ့ ... မင်းကိုချစ်လို့ ငါကျင်လည်ပေါင်းသင်းလာတဲ့ အသိုင်းအဝိုင်း တစ်ခုလုံးကို ကျောခိုင်းဆန့်ကျင်ပစ်လိုက်တာ ...”

“ဗျာ ... ကျွန်တော့်ကိုချစ်လို့ ဆန့်ကျင်ပစ်လိုက်တာ”

မိုး မျက်တောင်လေး ကော့သွားပေမယ့် ... နှုတ်ခမ်းလေး ရဲ့ ဒေါင့်စွန်းလေးတစ်ဖက်မှာတော့ ခပ်ကွေးကွေး အရိပ်လေးတစ်ခု က စွဲထင်သွားသည်။

“ဘာလဲ ... မိုး ... မင်းက ငါ့ကိုခုထိ မယုံသေးဘူးလား”

“သူဌေးမင်းကို ယုံပေမယ့် ကံကြမ္မာဆိုတာက ကိုယ့်စိတ် တိုင်းကျရေးဆွဲတဲ့ ပန်းချီကားတစ်ချပ်မှ မဟုတ်တဲ့ဟာ ...”

“ဘာ ... ဘာပြောတယ်ကွ”

“သေချာတာက ဒီဇာတ်လမ်းက မဆုံးသေးဘူး ...”

“မင်း ... မင်း ငါနားမလည်တဲ့ စကားလုံးတွေနဲ့ ငါ့ကို ကိုင် မပေါက်နဲ့နော် ... မိုး ... မင်းနဲ့ပတ်သက်ပြီး ငါနားလည်ထားတာက ရှင်းရှင်းလေး၊ နယ်ကနေ တစ်ယောက်တည်းရောက်လာတဲ့ မင်းကို မိန်းကလေးတစ်ယောက်မှန်း သိသွားတဲ့ အချိန်ကစပြီး နင့်နေ အောင် ငါချစ်သွားတယ်ဆိုတာပဲသိတယ် ... အဲဒီအချစ်ကြောင့် အရာရာကို ငါဆန့်ကျင်တယ် ... ဒါပဲ ... ကျန်တာတွေ ငါစိတ်မဝင် စားဘူး ...”

“သူဌေးမင်း ... ကျွန်တော့်ကို တကယ်ချစ်တာနော်”

“ချစ်တာပေါ့ကွ ...”

“အဲဒီအချစ်ကိုရဖို့ ကျွန်တော်ပါးတစ်ဖက်မှာ ဒဏ်ရာတွေရခဲ့ တယ် ... အဲဒီအချစ်တွေရဖို့ ကျွန်တော်နှလုံးသားထဲမှာ နာကျင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ် ... သေချာတာကတော့ သူဌေးမင်း ကျွန်တော့်ကိုချစ်ပေမယ့် ကျွန်တော်နဲ့သူဌေးမင်း ဘယ်တော့မှပေါင်းရမှာမဟုတ်ဘူး"

"ဟော့ကောင် ... မင်း ... မင်း နိမိတ်မရှိတဲ့စကားတွေ မပြောနဲ့နော် ... မင်းနဲ့ငါနဲ့မပေါင်းရဘဲ ကွဲရအောင် တို့နှစ်ယောက်ကို ဘယ်သူက အတင်းလိုက်ခွဲမှာမို့လို့လဲ ..."

"ကံကြမ္မာက လိုက်ခွဲမှာ ..."

"ဘာပြောတယ် ..."

ဦးမင်းသခင်ရဲ့ မျက်တောင်တွေ ပင့်တက်သွားခဲ့ရပြန်ပြီ။

"မင်း ... မင်း ဘုရားမှာလာပြီး အဓိပ္ပါယ်မရှိတာတွေ လာမပြောနဲ့"

မိုးနှုတ်ခမ်းလေးက ထပ်ပြီးတော့မဲ့သွား၏။

"ဟွန်း ... ကျွန်တော့်ပြောတာ အဓိပ္ပါယ်မရှိဘူးလို့ သူဌေးမင်းက ထင်နေလို့လား ... ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ ယုံကြည်မှု အစွဲအလန်းတွေထဲမှာ ၀ဋ်ဆိုတာလည်တတ်တယ်ဆိုတဲ့ စကားတစ်ခွန်းရှိတယ်လေ ... သူဌေးမင်းရဲ့ ..."

"မင်း ... မင်း ... ဆက်မပြောနဲ့မိုး ..."

မိုးဒီလောက်ပြောရင် မင်းသခင်သိပြီ။

မိုးပါးစပ်,ဟလိုက်တာနဲ့ ဘာကိုရည်ရွယ်ပြီးပြောလိုက်သလဲဆိုတာ မင်းသခင်သိပြီးသားပါ။ သိပေမယ့် သူဘာတတ်နိုင်မှာလဲ။ မိုးက ပြောလျှင်လည်း ခံစားချက်ကလေးနဲ့။

"သူဌေးမင်းရယ် ... ဒီစကားတွေကို မပြောရင် မဖြစ်တော့လို့ ကျွန်တော်ပြောနေရတာပါ ... ကျွန်တော် ကုမ္ပဏီကိုရောက်မှ သိလာရတဲ့ သူဌေးမင်းရဲ့ အကြောင်းတွေက ကျွန်တော်စိတ် ... ကျွန်တော့်နှလုံးသားတွေကို ထိခိုက်နာကျင်စေခဲ့တဲ့ အကြောင်းတရားတွေဖြစ်လာခဲ့ရတယ်လေ"





"ဟင် ... မင်း ဘာတွေသိခဲ့တာလဲ"

"သူဌေးမင်းရဲ့ ညီ ... ကိုလင်းမြတ်ထက်ရဲ့အကြောင်း"

"ဘာပြောတယ်ကွ ..."

မင်းသခင် ရှုံ့ရှုံ့ရှားရှားဖြစ်သွားတာ စိတ်ကိုတောင် ထိန်းလို့မရတော့ပါ ...။ မိုးဘက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်သလို အရောင်တွေ တဖျတ်ဖျတ်လက်သွားတဲ့ မျက်ဝန်းတွေထဲမှာ ဒေါသရိပ်တွေ ချက်ခြင်းဖြာတက်သည်။

"လင်းရဲ့အကြောင်းဟုတ်လား ... မိုး ... ဒါ ... ဒါ ... မင်းသိစရာလား ... ဒီအကြောင်းတွေကို မင်းနဲ့ငါနဲ့ နှစ်ယောက်ကြားထဲမှာ ထည့်ပြောစရာလိုသလား ..."

ဦးမင်းသခင် အသံကျယ်ကျယ်နဲ့ ဒေါသဖြစ်စိတ်လှုပ်ရှားသွားတာကိုမြင်တော့ မိုးမျက်နှာလေးက ပြုံးသွားသည်။

"သူဌေးမင်းရယ် ကိုလင်းမြတ်ထက်ရဲ့ အကြောင်းလေးကို ထည့်ပြောလိုက်တာနဲ့ သူဌေးမင်းဘာလို့ ဒီလောက်တောင် စိတ်လှုပ်ရှားသွားရတာလဲ ... စောစောက စားသောက်ဝိုင်းမှာလည်း အိမ့်ချစ်မှူး ပြောတုန်းက သူဌေးမင်း ခုလိုပဲ ဟန်မဆောင်နိုင်လောက်အောင် ဒေါသဖြစ် ပေါက်ကွဲသွားရသေးတာလေ ..."

"မင်း ... မင်း ... လင်းရဲ့အကြောင်းကို စိတ်မဝင်စားနဲ့"

"ဗျာ ..."

"ဒီအကြောင်းတွေကို ငါပြန်မပြောချင်ဘူး"

ခေါင်းကိုအဆက်မပြတ် ခါယမ်းရင်း နဖူးပြင်လေးပေါ်ပြိုကျလာသည့် ဆံပင်ကလေးတွေကို ဦးမင်းသခင် လက်ထိုးသွင်းကာ ပြန်သပ်တင်နေသည်။

မိုးကတော့ တည်တည်လေးပဲ ပြုံးကာ ...

"ရပါတယ် ... သူဌေးမင်းရယ် ... သူဌေးမင်း မကြားချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ကျွန်တော်ကလည်း ပြောဖို့အစီအစဉ် မရှိပါဘူး၊ ကျွန်တော်အခိက ပြောချင်တာက မမြင်နိုင်တဲ့ ကံကြမ္မာတွေနဲ့ အတိတ်ဘဝရဲ့ဝဋ်ကြွေးတွေအကြောင်းပဲ ပြောချင်တာပါ ...”

“မင်း ... မင်းစကားပြောတာ အနှောင့်အသွားမလွတ်တာတွေပါနေလို့ မင်းကိုငါတားနေတာ ... ငါ့ဘဝမှာ ငါဘယ်တော့မှ ပြန်မပြောချင်တဲ့ အကြောင်းအရာတွေရှိတယ် ... အဲဒီအကြောင်းတွေကို ပြန်သတိရပြီး စဉ်းစားမိလိုက်တိုင်းမှာလည်း ငါ့တစ်ကိုယ်လုံး မီးတွေဟုန်းဟုန်းထ,တောက်လာသလို ငါခံစားရတယ် ... ပြေးစရာမြေရှိတော့တဲ့ဘဝမှာ ချောက်ကမ္ဘားထိပ်ကနေ ... ဘာပဲဖြစ်ဖြစ် ... အရှူးမီးပိုင်းခုန်ချပစ်လိုက်ချင်တာမျိုး ဝဋ်ကြွေးရှိရင်လည်း ငါပေးဆပ်မယ် ... သံသရာလည်ရင်လည်း အတွဲ့အလှည့်ရှိသမျှ ငါခံသွားမယ် ...”

“အဲဒါ ... တကယ်နော် ... သူဌေးမင်း”

မျက်တောင်လေး ပင့်ကော့ကြည့်ကာ မိုးကမေးလိုက်တော့။

“တကယ် ... တကယ် မင်းကိုငါမလိမ်ဘူး”

တံတွေးကိုမျိုချရင်းပြောတော့ လည်ချောင်းထဲပူသွားကာ ခေါင်းတွေပါ မူးနောက်ချင်သလိုဖြစ်သွား၏။ မိုးကိုကြည့်လိုက်တော့လည်း ခပ်နင့်နင့်အပြုံးလေးတစ်ခုက သူမလေးရဲ့နှုတ်ခမ်းဖျားလေးထောင့်မှာ ချိတ်နေဆဲ ... ။

“ဟော့ကောင် ... မင်း မပြုံးနဲ့နော် ... ကြာရင် အဲဒီအပြုံးလေးကြောင့် ငါ့နှလုံးသားတွေ တစ်စစီ ပြုတ်ထွက်ကုန်တော့မယ် ... လာ ... သွားမယ် ...”

ထ,လည်း ထ, မိုးလက်ကလေးကိုလည်း ဖျတ်ခနဲလှမ်းဆွဲတော့ စိတ်ထဲမှာမလုံသလို ထူပူသွားပြီး သူဆွဲခေါ်ရာနောက်ကို





မိုးပါသွားတော့၏။ တောင်ဘက်မုဒ် စောင်းတန်းမှာ ဆင်းတော့လည်း မိုးပခုံး လေးကို သူဖက်လို့ပါ ... ။

“တွေ့တယ်နော် ... မမချစ်ခြင်းပြိုင် ...”

“ဟင် ...”

“ဟိုမှာလေ ... မိုးဆိုတဲ့ကောင်လေး ပခုံးကိုဖက်ပြီး ကားဆီကိုလျှောက်သွားတာ ...”

“သူ ... သူတို့နှစ်ယောက်က တော်တော်ခင်တာပဲနော်”

မှူးက Phone ဆက်ပြီး အတင်းခေါ်လို့ ကိုကို့နောက်ကိုလိုက်ချောင်းကြတဲ့ ချစ်ခြင်းပြိုင်တို့နှစ်ယောက် ... တကယ်တော့လည်း ကိုကိုပြောတဲ့အတိုင်း ဘုရားပေါ်တက်တာ မိုးဆိုတဲ့ ဟိုပြဿနာကောင်လေးနဲ့ နှစ်ယောက်တည်းသာ။

မှူးသက်ပြင်းချသည်။

“ဟော ... ဟော”

“ဟင် ... မမ ဘာ ... ဘာတွေ့လို့လဲ”

“ဟိုမှာလေ ... မိုးဆိုတဲ့ကောင်လေးက ကိုကို့ပခုံးလေးကို လက်သီးလေးနဲ့ထုပြီး ရယ်မောနေကြတာ ကိုကိုကလည်း ပခုံးဖက်လိုက် လက်ဆွဲလိုက်နဲ့ ဘယ်လိုဖြစ်တာလဲ ... ယောကျ်ားလေးတွေတစ်ယောက်နဲ့တစ်ယောက်ခင်ရင် အဲလိုလုပ်တတ်သလား ...”

ချစ်ခြင်းပြိုင်ရဲ့ မျက်တောင်ကော့ကော့လေးတွေက မျက်ခွံတွေနှင့် ထိတော့မတတ် ကော့ပျံတက်လို့နေခဲ့ပြီ ... ။ မှူးလည်း ထိုမြင်ကွင်းကိုကြည့်ပြီး နှုတ်ခမ်းလေးဟ,ကာ တအံ့တဩ အသက်ရှူလည်းမှားနေသည်။ မြင်ရတာလည်း စိတ်ထဲမှာ တမျိုးဖြစ်နေသည်။

“ဟဲ့ ... မှူး ... မမမေးနေတယ်လေ ...”

“ဟင် ... မမ”



www.burmeseclassic.com

www.burmeseclassic.com



မှုးကိုယ်တိုင်လည်း ကယောင်ချောက်ခြားနဲ့ ... ။

မေးတာကိုကြားလိုက်ပေမယ့် ... ဘယ်လိုပြန်ဖြေရမှန်းမသိတာက ခက်နေသည်။ မြင်ကွင်းကပဲ ထူးဆန်းနေတာလား သူတို့နှစ်ယောက်ခင်တာကပဲ လွန်လွန်းနေတာလား ... ။

ကားပေါ်တက် သွားတော့လည်း မိုးဆိုတဲ့ ဟိုပြဲဟိုကောင်လေးက ခေါင်းခန်းမှာ အကျဝင်ထိုင်လို့။ ခေါင်းထွက်သွားတော့လည်း ပတ်ဝန်းကျင်မှာ ရယ်သံတွေကျန်ခဲ့တာက ချစ်သူရည်းစားတွေ အကြင်နာတွေ တုန့်လှယ်နေကြသလိုမျိုး ... ။

"ဟုတ် ... ဟုတ်တယ်နော် မမ ... ယောကျ်ားချင်းခင်တာ နည်းနည်းလေးတော့ လွန်လွန်းနေသလားလို့ ... လာ ... မမ နောက်ကနေ ကားနဲ့မသိမသာ လိုက်ကြည့်မယ် ... "

နှစ်ယောက်သား ကားနဲ့လိုက်ကြတာ တကယ့်ကိုအပြေးအလွှား ... ။

မီးပွိုင့်မှာ မီးနီမိတော့ ဘေးချင်းကပ်ယှဉ်ရပ်ပြီး မှုးက ဟိုဘက်ကကားကို ခိုးအကြည့် ... ။

"အမလေး ... "

"ဟင် ... မှုး ဘာတွေ့လို့လဲ"

"ကိုကို ... ကိုကို ... ကားပေါ်မှာ မိုးဆိုတဲ့ကောင်လေးရဲ့ ပါးကို နမ်းလိုက်တယ် ... "

"ဘုရားရေ ... ကြည့်စမ်း"

ချစ်ခြင်းပြိုင် မယုံနိုင်ပါ။

ကိုကိုက မိုးဆိုတဲ့ကောင်လေးကို ကားပေါ်မှာ နမ်းလိုက်သတဲ့။

ဒါဆို မိုးဟာ မိန်းကလေးပေါ့ ... ။

ကောင်လေးတစ်ယောက်ဟန်ဆောင်ထားတဲ့ ... ကောင်





မလေးတစ်ယောက်ဖြစ်နေတာပေါ့ ... ။

"သေ ... သေချာရဲ့လားမှုးရယ် ... အမှောင်ထဲမှာ မှုး အမြင် မှားနေတာလား ... "

"မမှားဘူး ... မမှားဘူးမမ ... မှုးအသေအချာမြင်လိုက်တာ ... "

"ဒုက္ခပါပဲ ... အဟင့်"

နောက်ဆုံးမှာတော့ ကားထဲမှာ ပေါ်လာတာ ချစ်ခြင်းပြိုင်ရဲ့ ရှိုက်သံလေး ... ။

"ဟာ ... မငိုနဲ့လေ ... မမ ... ငိုတယ်ဆိုတာ အရှုံးပေးတာ မှုးကတော့ ဒီကိစ္စကို အရှုံးမပေးနိုင်ဘူး ... မှုးထင်တာတော့ မိုးဆိုတာ ယောကျ်ားလေးဟန်ဆောင်ထားတဲ့ ကောင်မလေးတစ်ယောက်ပဲဖြစ်ရမယ် ... ဒါကြောင့်မို့ ခုတွေ့တဲ့နေ့ကတည်းက မိုးကိုကြည့်ပြီး မှုးစိတ်ထဲမှာ တစ်မျိုးဖြစ်နေတာ ... ယောကျ်ားလေးဖြစ်ပြီး ဝင်းနှစ်နေတဲ့ မျက်နှာလေးကို မိုးက ပိုင်ထားလို့လေ၊ သေချာတယ် ... သေချာတယ် ... ဒီကောင် မိန်းကလေး ဟွန်းတွေ့ကြသေးတာပေါ့ ကိုကိုရာ ... ကိုကိုအသည်းကြော်မလေးကပဲ ဆက်ပြီးတော့ ဟန်ဆောင်နိုင်မလား ... မှုးတို့ကပဲ ဖော်ထုတ်နိုင်မလားဆိုတာ ... ဟင်း ... ဟင်း ... "

သူတို့နောက်ကို ဆက်မလိုက်တော့ဘဲ ကားကလေးကို ကွေ့ချိုးချလိုက်စဉ်မှာ ချစ်ခြင်းပြိုင်ရဲ့ရင်ထဲမှာတော့ နာကျင်မှုတွေ ပြုဆင်းလာလျက် ... ။ အံကြိတ်တက်ခေါက်တော့ ... ။

နှလုံးသားထဲက မနာလိုခံပြင်းမှုတွေက အပ်ဖျားချွန်ချွန်ကလေးနှင့် တစစ်စစ် နာကျင်အောင်ထိုးဆွနေသလို ခံစားခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ဟဲလို ... ဦးမင်းသခင်နဲ့ ကျွန်မစကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ပြောပါ ... ကျွန်တော် မင်းသခင်ပါ ... "

"ဟွန်း ... ရှင်နဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတယ်နော် ဦးမင်းသခင်"

"ဘယ် ... ဘယ်လို"

"မိန်းကလေးတစ်ယောက်က စပြီး Phone ဆက်လိုက်လို့ ရှင့်ကိုယ့်ရှင် သွေးနားထင်ရောက်ပြီး ဘဝင်တွေဖွတ်မြင့်သွားနဲ့ဦး ဦးမင်းသခင် ... ကျွန်မအခုဆက်တာ ကျွန်မရင်ထဲမှာ ဦးမင်းသခင် ဆိုတဲ့ လူကြီးတစ်ယောက်ကို နင့်သည်းနေအောင် တအားမုန်းနေလို့ ဆက်လိုက်တာ ... "

"ဟာ ... ကြည့်စမ်း ... မင်း"

ကိုယ့်မှာတောင် ဇာတ်လမ်းတွေတအားရှုပ်နေလို့ စိတ်ညစ်နေပါတယ်ဆိုမှ ဘယ် Phone သရဲမလေးက အားအားယားယား သူ့ဆီကို Phone ဆက်နေတာလဲ။ ကြည့်ပါဦး ကုမ္ပဏီစားပွဲမှာ အခုမှ ထိုင်မယ်ကြံကာရှိသေး ... ။

ရှင့်ကို ရင်ထဲမှာ နင့်သည်းနေအောင် တအားမုန်းနေလို့





ဆက်လိုက်တာတဲ့ ... ။ ပြဿနာပဲ ဘယ်က Phone သရဲမလေးလဲ ဟင် ... ။

ရာရာစစ ... မင်းသခင်ဆီကို ဒီလိုဆက်စရာလား ... ။

"မင်း ... မင်း ဘယ်သူလဲဟင် ... ကောင်မလေး ... ငါက ရွှေခြေနင်းနဲ့ စကြာယဉ်ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာ မင်းသခင် နော် ... Phone ထဲကနေ မင်းငါ့ကို ပြဿနာရှာဖို့ မစဉ်းစားနဲ့သိလား ... "

မင်းသခင် စိတ်ကိုထိမ်းကာ ပြောလိုက်ရပေမယ့် ... ။

တစ်ဖက်က ပြန်တက်လာကာ ရယ်သံလွင်လွင်ကလေး။

"အဟင်း ... ဟင်း ... ဟင်း ကိုယ့်ကိုယ်ကိုယ်လည်း ရှင် ပြန်မကြွားမနေနဲ့လေ ... ဦးမင်းသခင်ရဲ့ ... ရှင့်ကို ကျက်သရေ ဂုဏ်သိက္ခာအပေါင်းနဲ့ ပြည့်စုံနေတဲ့ ရွှေခြေနင်းနဲ့ စကြာယဉ်ကုမ္ပဏီကြီးရဲ့ ဂုဏ်ထူးဆောင် မန်နေဂျင်းဒါရိုက်တာကြီးတစ်ယောက်ဆိုတာလည်း ကျွန်မသိပါတယ် ... ဒါပေမယ့် ကျွန်မ အခုပြောချင်တာက ရှင့်ကိုဘယ်လောက်အထိ မုန်းခဲ့ရတယ်ဆိုတဲ့အကြောင်းတွေ ပြောချင်တာ ... ဟုတ်တယ် ... ရှင့်ကို ကျွန်မ အသေမုန်းတယ်၊ မုန်းတာမှ နုတ်နုတ်စင်းပြီး သတ်ပစ်ချင်တဲ့အထိ ကျွန်မမုန်းတယ်"

"ကျွတ် ... အရေးထဲမှာ ကွိုင်က လာစားနေပြန်ပြီကွာ ဒုက္ခပါပဲ ... ဟွန်း ... ဟွန်း"

မင်းသခင် နှုတ်လမ်းလေးမဲ့ကာပြုံးရင်း Phone ကိုလည်း ရုတ်တရက်ပြန်ပိတ်မချနိုင်။

"ဟာ ... ဒါ ... ကျွန်မ ကွိုင်စားနေတာ မဟုတ်ဘူးလေ ဦးမင်းသခင် ကျွန်မရင်ထဲမှာရှိတဲ့စကားကို ရှင်သိအောင် ရှင်းရှင်းလင်းလင်း ကျွန်မပြောနေတာ ... ရှင့်ဟာရှင် မန်နေဂျင်းဒါရိုက်တာ ကြီးမကလို့ စကြာဝတေးမင်းကြီးပဲဖြစ်ဖြစ် ကျွန်မကရူးမိုက်[illegible]"



www.burmeseclassic.com

www.burmeseclassic.com



"မင်း … မင်း Phone ထဲကနေ ကွက်ပျောက်တွေလာရွှေ့မနေနဲ့နော် … မင်း မုန်းတာလည်း ငါစိတ်မဝင်စားဘူး၊ မင်းဘယ်သူလဲဆိုတာလည်း ငါမသိချင်ဘူး … အရေးကြီးတာ ငါ့စိတ်တွေ ပေါက်ကွဲမလာခင်မှာ မင်းဘက်ကနေပြီး Phone ပြန်ချလိုက်ပါ ဟုတ်ပြီနော် … ဟွန်း … "

မကျေနပ်တာရှိလျှင် နှုတ်ခမ်းလေးမဲ့မဲ့သွားတတ်တာလည်း မင်းသခင်ရဲ့အကျင့် … တစ်ဘက်ကို Phone ချလိုက်ပါပြောလိုက်ပေမယ့် လက်တွေတုန်လာတာကိုတော့ မင်းသခင်ထိန်းလို့မရ။

"Sorry ပဲ … ဦးမင်းသခင် ကျွန်မခံစားရတဲ့ ခံစားချက်တွေက ရင်ထဲမှာ မဆန့်တော့လို့ ရှင့်ကို … ပြောချင်နေတာ … ကမ္ဘာပေါ်မှာ မိန်းကလေးတစ်ယောက်ပြောတဲ့စကားကို နားမထောင်ရဲတဲ့ ယောကျ်ားတစ်ယောက်ဟာ အလံကိုင်ပြီး ဘယ်တော့မှ စစ်ထွက်ခွင့်မရှိဘူး … တဲ့၊ အဲဒါ ရှေးဟောင်းအိဂျစ်စကားပုံထဲမှာ ရေးထားတာ … ရှင်ဟာ ယောကျ်ားတစ်ယောက်ဆိုရင် ကျွန်မပြောတဲ့စကားကို နားထောင်ရဲရမယ် … ဘယ်လိုလဲ … "

"ပြဿနာပဲ … မင်းလေကြောရှည်ပြီး ငါ့ကို ကွိုင်စားနေတာဟာ အကြောင်းမဟုတ်ဘူးကွ … ငါကိုယ်တိုင်က သေချင်စိတ်ပေါက်ပြီး စိတ်ဓာတ်ကျနေတာ … ကဲကွာ အခုမှတော့ မထူးတော့ပါဘူး … မင်းပြောတာကိုမှ ငါက နားမထောင်ရဲရင် သက်သက်မဲ့ဂန်ဒူး အခြောက်ဖြစ်နေပါဦးမယ် … ကဲ ပြောပါဦး … Phone သရဲမလေး … မင်းက ငါ့ကို ဘာဖြစ်လို့ ဘလိုင်းကြီးလာမုန်းနေတာလဲ … "

"ငွေ … ငွေလရိပ်ဆိုတဲ့ ကောင်မလေးကို ရှင်အသေသတ်ခဲ့လို့ … "

"ဘာ … ဘာပြောတယ်ကွ"





"ဝုန်း … "

"ဒုန်း … "

သွားပြီ … ။

ဒေါသနဲ့သူထ,ရပ်လိုက်တာ … သူထိုင်နေတဲ့ ဆုံလည်ကုလားထိုင်ကြီးပင် ကျွမ်းထိုးမှောက်ခုံဖြစ်ကာ နောက်ပြန်လဲကျသွားပြီ … ။ ပြောစရာလား ဟင်း ဒီအချိန်မှာ ငွေလရိပ်ဆိုတဲ့ နာမည်ကို မဆီမဆိုင် မင်းပြောစရာလား … ။

Phone ခွက်ကိုကိုင်ရင် သူထ,ရပ်လိုက်တော့ မျက်နှာတစ်ခုလုံး ရုတ်ခြည်းတက်လာတဲ့ ဒေါသသွေးတွေကြောင့် ပါးပြင်နှစ်ဘက်စလုံး စိုရဲတက်သွားသည်။

"ငွေ … ငွေလရိပ်ဟုတ်လားဟင် ကောင်မလေး … နေပါဦး … ဒီနာမည်က မင်းနဲ့ဘယ်လိုပတ်သက်နေလို့ Phone ထဲကနေ ငါ့ကို လာခြိမ်းခြောက်နေတာလဲ ဟိတ် … ငါမေးတာ မင်းအခုဖြေစမ်း … "

သူ ဒီလိုဒေါသပေါက်ကွဲလေတိုင်း ကိုယ့်ကိုတင်းကော့နေအောင် မတ်ဆန့်ကာ မျက်နှာကပါ တင်းဆတ်နေအောင် မော့သွားတတ်တာ ဖြစ်သည်။ ခုတော့ … မျက်နှာကလည်း ရဲသည်။ လက်တွေ နှုတ်ခမ်းတွေပါ တဆတ်ဆတ်တုန်သည်။

စိတ်ကိုထိန်းတာလည်း ဘယ်လိုမှ ထိန်းလို့မရ။

တစ်ဖက်မှ အသံလေးကိုကြားလိုက်ရပြန်ပြီ။

"အဟင်း … ဟင်း … ဟင်း … ရှင် … ရှင် ဒေါသဖြစ်သွားတာနဲ့ ဇွတ်ပြီးတော့ အော်မနေနဲ့လေ ဦးမင်းသခင် … ငွေလရိပ်ဆိုတဲ့ ကောင်မလေးကိုတော့ ရှင်တို့ညီအစ်ကိုတတွေ ပတ်သက်ဖူးခဲ့တယ် မဟုတ်လား … ဒါကို မသိပါဘူးလို့ ရှင်ငြင်းဖို့မကြိုးစားနဲ့ ကျွန်မ ပြောတဲ့ငွေလရိပ်ဆိုတာ ပြင်ဦးလွင်မြို့ရဲ့ အဆင်းစက်



www.burmeseclassic.com

www.burmeseclassic.com



အခြမ်း နှစ်ဆယ့်တစ်မိုင်မှာ မောင်းလာတဲ့ကားအရှိန်ကို မထိမ်းနိုင်ဘဲ ချောက်ထဲကို ပြုတ်ကျပြီး ... သူ့ချစ်သူ လင်းမြတ်ထက်နဲ့အတူတူ နှစ်လောင်းပြိုင်သေခဲ့ရတဲ့ ငွေလရိပ်ကို ပြောနေတာ ...”

“ဟား ... ဟား ... မင်း အခုမှ အရူးထ,ပြီး ဒီကိစ္စကို လာပြောမနေနဲ့လေ Phone သရဲမလေးရဲ့၊ အဲဒီသတင်းက ဖြစ်ပြီး နောက်တစ်နေ့မှာ ကတည်းက ဂျာနယ်တွေမှာ ပလူပျံနေအောင် ပါပြီ၊ တစ်နိုင်ငံလုံး ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့ရတာ ... ဒါကို အခုမှလာပြီး အဟောင်းတွေအသစ်ဖြစ်အောင် ပြန်တူးဆွဖို့ မင်း မကြိုးစားနဲ့ ... ငွေလရိပ်ကို ငါသတ်ခဲ့တာမဟုတ်ဘူး ... ငွေလရိပ်တို့ ချစ်သူနှစ်ယောက်သေခဲ့တာ ... အဆင်းလမ်းကို တရကြမ်း မောင်းဆင်းသွားလို့ နှစ်လောင်းပြိုင် မရှုမလှသေခဲ့တာ ... ငါသတ်ခဲ့တာ မဟုတ်ဘူး ... ငါသတ်ခဲ့တာ မဟုတ်ဘူး ...”

မျက်နှာလေးမော့ကာ မော့ကာ မင်းသခင်က အော်သည်။

“ဘာပြောတယ် ... ဦးမင်းသခင် ... အဆင်းလမ်းကို ချစ်သူနှစ်ယောက်က တရကြမ်းဆင်းသွားရအောင် သူတို့နှစ်ယောက်နောက်ကို ဘယ်သူလိုက်လို့ ဆင်းသွားရတာလည်းဆိုတာလည်း ရှင်ပြန်စဉ်းစားဦးလေ ... ချစ်သူနှစ်ယောက် ခိုးပြေးတာကို နောက်ကနေ သေလုမျောပါး လိုက်ခွဲခဲ့တဲ့ ရှင့်ကြောင့် ... သူတို့စီးလာတဲ့ ပြိုင်ကားအနီလေး ချောက်ထဲကို ပြုတ်ကျသွားတာ ဦးမင်းသခင်ရဲ့”

“ဟာ ... ကြည့်စမ်း ... ဒါ ... ဒါတွေကိုတောင် မင်းက သိတယ်ဟုတ်လား”

မင်းသခင် ... တုန်လှုပ်ရပြီ ... ။

Phone ကိုင်ထားတဲ့လက်တွေ တဆတ်ဆတ်ခါနေရပြီ။

“ဟွန်း ... သိတာပေါ့ ဦးမင်းသခင်ရယ် ... သိလို့ ရှင့်ဆီကို





ရဲရဲတင်းတင်း Phone ဆက်ပြီး ပြောနိုင်တာပေါ့ ... ဥပဒေရှုဒေါင့်က ကြည့်ရင် ရှင်သတ်ခဲ့တာမဟုတ်ပေမယ့် ... အသည်းနှင့်အောင် ချစ်တဲ့ချစ်သူနှစ်ယောက်ကို မကွဲ,ကွဲအောင် အတင်းလိုက်ခွဲခဲ့တဲ့ ရှင့်ရဲ့ခြိမ်းခြောက်မှုတွေ ရက်စက်မှုတွေကြောင့် ပြင်ဦးလွင်မြို့ကနေ သွေးပျက်ခြောက်ခြားပြီး ချစ်သူနှစ်ယောက်က ဆင်းပြေးခဲ့ရတာလေ ... အဲဒီလို မနက်လင်းအားကြီးအချိန်မှာ သေလုမျောပါးနဲ့ ချစ်သူနှစ်ယောက်ပြေးတော့ ... အဲဒီလို ဆင်းပြေးတဲ့ ပြိုင်ကားအနီရဲရဲလေးရဲ့ နောက်မှာ ... ထပ်ကြပ်မကွာ တရကြမ်းလိုက်လာတဲ့ အဖြူရောင်ရွှေငါးမတ်တူး ဆလွန်းကားလေးကို ဘယ်သူမောင်းခဲ့တာလဲ ဦးမင်းသခင် ...”

“မင်း ... မင်း ...”

“အဲဒါ ... ရှင်လေ ... ရှင်ကိုယ်တိုင် မတ်တူးဆလွန်းကား အဖြူရောင်လေးကို တရကြမ်းမောင်းပြီး ပြိုင်ကားအနီရဲရဲလေး နောက်ကို လိုက်ခဲ့တာလေ ...”

“မင်း ... မင်း ဆက်မပြောနဲ့တော့ အခုချိန်ကစပြီး မင်းပါးစပ်ကိုပိတ်ထားလိုက်တော့ ...”

အော်သံက ပဲ့တင်သံတစ်ခုလို အခန်းထဲမှာ ဟိန်းတက်သွားသည်။

“ဘာ ... ဘာလို့ပိတ်ရမှာလဲ၊ မပိတ်ဘူး ... ကျွန်မ ပါးစပ်ကိုလုံးဝမပိတ်ဘူး ... ရှင် မခံစားနိုင်တဲ့အထိ ကျွန်မဆက်ပြောမယ်၊ ရှင်လဲကျသွားတဲ့ အချိန်ထိ ရှင့်ကိုကျိန်စာတိုက်မယ် ...”

ကြည့်စမ်း ... ။

ပြောပြီးတာနဲ့ Phone ထဲကနေ ဟားတိုက်ရယ်နေတာ။

“ဟား ... ဟား”

“ဟား ... ဟား”



www.burmeseclassic.com

www.burmeseclassic.com



သူမပြောသလို မခံစားနိုင်တော့တာ မင်းသခင်ပဲဖြစ်သည်။

Phone ကိုပဲ ပိတ်ချလိုက်ရတော့မလား ... တုန်လှုပ်ခြင်းကြီးစွာနဲ့ပဲ ဆက်ပြီးတော့ ကိုင်ထားလိုက်ရမလား ... ။

"ဦးမင်းသခင်ရယ် ... ဒီဇာတ်လမ်းမှာ တာဝန်အရှိဆုံး နံပါတ်တစ် တရားခံဟာ ရှင်ပဲဆိုတာ သိနေရက်သားနဲ့ ရွှေခြေနင်းနဲ့ စကြာယာဉ်ကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက်တာကြီးတစ်ယောက်ဆိုပြီး ဥရောပခရီးစဉ်တွေထွက်လိုက် ဘာလီကျွန်းမှာ အပမ်းဖြေလိုက်နဲ့ ရှင်ကတော့ ဟန်ကျနေလိုက်တာ ... ။ တကယ်တမ်းကျတော့ ရှင့်ကြောင့် အသေဆိုးနဲ့ မရှုမလှသေခဲ့ရတဲ့ ချစ်သူနှစ်ယောက်ကို ရှင်က မေ့နေခဲ့တာလေ ... ဒါကြောင့်မို့ Phone ထဲကနေ ရှင့်ကို ကျွန်မကျိန်စာတိုက်မယ် ..."

"မင်း ... မင်း ဘယ်လိုတိုက်မှာလဲ"

"ငွေလရိပ်တို့ချစ်သူနှစ်ဦး အသေဆိုးနဲ့သေခဲ့ရသလို ရှင်လည်း အသေဆိုးနဲ့သေပါစေ ..."

"ဟာ ... ကြည့်စမ်း ... မင်း"

ကြောထဲမှာ စပ်ဖျဉ်းဖျဉ်းလေး စိမ့်တက်သွားအောင် မင်းသခင်ခံစားလိုက်ရပြီ။ ရှင်လည်းအသေဆိုးနဲ့ သေပါစေတဲ့ ရှင်လည်း အသေဆိုးနဲ့ သေပါစေတဲ့ ... ။

ဒါကိုကြားတော့ မင်းသခင်ပြန်အော်လိုက်တာက ... ။

"မင်း ... မင်း အဓိပ္ပါယ်မရှိတာတွေ ငါ့ကိုလာမပြောနဲ့နော် Phone သရဲလိုလို၊ ဘာလိုလိုနဲ့ Phone ထဲကနေ အသုံးမကျတဲ့ တိုက်ပွဲခေါ်သံတွေ ငါ့ကိုလာဖွင့်ပြမနေနဲ့ ... ငါ့နာမည် မင်းသခင် ငါ့နာမည်က ခမ်းနားသလို ငါ့နှလုံးသားတွေက ခမ်းနားတယ် ... မင်း သတ္တိရှိတယ်ဆိုရင် အပြင်မှာမျက်နှာချင်းဆိုင် ပေါ်တင်စိမ်ခေါ်ပြီး တိမ်ပေါ်ထိ တက်က,ပစ်လိုက်လို့လည်း ရသေးတယ်၊ နားလည်





လား ... အရေးကြီးတာ Phone ထဲကနေ တစ္ဆေလိုလို၊ သရဲလိုလိုနဲ့ စိမ်မခေါ်နဲ့ ... ကြားတယ်နော် ဟေ့ ... လာစိမ်မခေါ်နဲ့ ..."

ဒီစကားကိုတော့ ဆုပ်ကိုင်ထားသည့် ကြိုးဖုန်းစကားပြောခွက်တစ်ခုလုံး ကွဲအက်ပဲ့ကျလွင့်စင်သွားတော့မတတ်။ ဆူညံပေါက်ကွဲစွာ ဒေါသတကြီး သူအော်ပစ်ခဲ့တာပဲဖြစ်သည်။ ဒီလိုအော်ဟစ်ပစ်လိုက်တော့လည်း မျက်နှာလေးမော့ကာ ခါးကလေးကပါ အလိုက်သင့်လေး ကော့ဆန့်သွားခဲ့ရသည်လေ ... ။

ဒီလိုအော်တော့လည်း တစ်ဖက်အသံက တိတ်ကျမသွား။

"ဟွန်း ... ကောင်းပြီလေ ဦးမင်းသခင်၊ တစ်နေ့နေ့မှာတော့ ရှင့်ရှေ့ကို ရောက်အောင် ကျွန်မလာခဲ့မှာပါ ... ရှင်ပြောသလို ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်း တိမ်ပေါ်ခုန်တက်ကဖို့ ကြိုးစားကြည့်ကြသေးတာပေါ့ ... ကဲ ဟုတ်ပြီနော် ... ဦးမင်းသခင် ရှင်ကတော့ ကျွန်မနိုင်သွားပြီဆိုတာနဲ့ ယောကျ်ားပီပီသသလေးနဲ့ လက်ခုပ်လေးတီးပြီးတော့ ကျွန်မကိုအားပေးပေါ့ ..."

"ဒီမှာ ... Phone ထဲကနေ သကြိန်အမြောက်တွေ ရှုတ်ဖောက်မနေနဲ့ ... ငါထပ်ပြောမယ် ... ငါနာမည် မင်းသခင် မင်းသခင်ကို စိမ်ခေါ်လာတဲ့သူမှန်သမျှ လုံးဝအမှောင်ချပစ်လိုက်လို့ရတယ် ... နားလည်လား ... ကဲ ပြောပါဦး ... မင်းနာမည်ဘယ်သူလဲဆိုတာ ..."

"တမလွန်ကနေ ရှင့်ဆီကိုရောင်အောင် ပြန်လာနေတဲ့ ငွေလရိပ် ..."

"ဘာ ... ဘာပြောတယ်"

ကြည့်စမ်း ... ငွေလရိပ်တဲ့ ... ။

"မင်း ... မင်း အဓိပ္ပါယ်မရှိတာတွေ ထပ်ပြီးတော့ ငါ့ကိုလာမပြောနဲ့နော် ... ငါ့ညီလင်းမြတ်ထက်ရဲ့ချစ်သူ ငွေလရိပ်ကသေသွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



သေတာမှ ငါ့မျက်လုံးအောက်မှာတင် မရှုမလှသေခဲ့တာ … နှစ်ဆယ့်တစ်မိုင်ထိပ်ကို ငါရောက်သွားတဲ့အချိန်မှာ ကားက ချောက်ထဲကို ထိုးကျသွားသလို ကျသွားတဲ့နေရာမှာပဲ ကားက မီးဟုန်းဟုန်းတောက်သွားခဲ့တာလေ … ချစ်သူနှစ်ယောက်ကိုလည်း နေရာမှာတင် မီးလောင်တိုက်သွင်းလိုက်သလို ဖြစ်သွားတာ … အဲဒီအချိန်မှာ ဘာမျှော်လင့်ချက်မှ မရှိတော့တဲ့ သွေးပျက်ခြောက်ခြားမှုတွေနဲ့ ချောက်ကမ်းပါးထိပ်အစပ်မှာ ငါရပ်နေခဲ့ရတယ် … ကဲ မင်းဘာပြောမလဲ … အခုထိလည်း အဲဒီနေရာလေးမှာ လင်းမြတ်ထက်နဲ့ ငွေလရိပ်ဆိုတဲ့ အုတ်ဂူဖြူဖြူလေးနှစ်လုံးက ခုထိရှိသေးတယ် … မင်း အခုမှ ရူးကြောင်မူးကြောင်နဲ့ထလာပြီး မင်းကိုယ်မင်း ငွေလရိပ်လာမလုပ်နဲ့ …”

“ဟွန်း … ရှင်မယုံလည်း ကျွန်မကတော့ မတတ်နိုင်ဘူးလေ၊ ဦးမင်းသခင်ရဲ့ တစ်နေ့ကျမှ ရှင့်ကိုပြင်ဦးလွင်ရောက် အောင် ကျွန်မပြန်ခေါ်သွားမယ် … ငွေလရိပ်ဆိုတဲ့ ကောင်မလေး တစ်ယောက်ကို ရှင်တို့ရဲ့ အထက်တန်းစား အသိုင်းအဝိုင်းတွေက အထင်သေးနှိမ်ချစော်ကားပြီး ချစ်သူနဲ့မကွဲ့ကွဲအောင် ခွဲခဲ့လို့ ရှင့်ကို ကျွန်မ စိတ်နာတာ … အဲဒီတော့ ရှင်စိတ်တွေကို ခြောက်ခြားရှု သွပ်အောင်လုပ်ပြီးတော့မှ ရှင့်ကို အနိုင်ယူမယ် …”

“ဟော့ … ဒီမှာ အရူးမလေး မင်းဘယ်လိုပဲလုပ်လုပ် မင်းကို ငါ ဂရုမစိုက်ဘူးသိလား … မင်းလောက်ကို မင်းသခင်လုံးဝ စာမဖွဲ့ဘူး … ဟား … ဟား”

နောက်ဆုံးမှာတော့ နာကျင်စွာပဲ မင်းသခင်ကိုယ်တိုင်ရယ် ချခဲ့ရပြီ။

“ရှင် … ရှင် … သွေးပျက်သွားတိုင်း ရယ်မနေနဲ့ … ဦးမင်းသခင် … ပြိုင်ကားအနီလေး ချောက်ထဲပြုတ်ကျသွားတဲ့ လင်းအာ





ကြီးအချိန်လောက်မှာ ပြင်ဦးလွင်ရဲ့ နှစ်ဆယ့်တစ်မိုင်ပတ်ဝန်းကျင် တစ်ခုလုံး နှင်းတွေ ပိတ်ဖုံးအောင်ကျနေခဲ့တာလေ … အဲဒီနေရာ လေးကိုရောက်အောင် ရှင့်ကိုကျွန်မပြန်ခေါ်သွားချင်တဲ့ ရည်ရွယ်ချက်က အဲဒီလို … လွင့်မျောနေတဲ့ နှင်းတွေထဲမှာ ချစ်ခြင်းတွေရဲ့ မာယာတွေရှိနေတာ ရှင့်ကိုသိစေချင်လို့ …”

“ဟား … ဟား”

“အဲဒီမာယာတွေနဲ့ ရှင့်ကိုလှည့်စားမယ် … အဲဒီမာယာတွေနဲ့ ရှင့်ကိုအနိုင်ယူမယ် ငွေလရိပ်သေခဲ့သလို ရှင်လည်းအသေဆိုးနဲ့ သေရမယ် … ကျွန်မထပ်ပြောမယ် … ငွေလရိပ်သေသလို ရှင်လည်း အသေဆိုးနဲ့သေရမယ် … အသေဆိုးနဲ့ သေရမယ် …”

“ဟား … ဟား …”

“တီ … တီ”

သူ ဟားတိုက်လို့ရယ်မောနေစဉ်မှာပဲ တစ်ဘက်က Phone ကလေးကို ပိတ်ချလို့သွားခဲ့ပြီ အရူးမလေးရယ် …

မင်း တကယ်ရူးတယ်သိလားကွာ … ။

လွင့်မျောနေတဲ့ နှင်းတွေထဲမှာ ချစ်ခြင်းတွေရဲ့မာယာတွေ ရှိသတဲ့ … ဒါကိုဂရုမစိုက်လို့ အဲဒီမာယာတွေထဲကို ငါက တိုးဝင် သွားခဲ့တာလေ … ။

မင်းမှတ်ထားလိုက်ဦးနော် … အရူးမလေး …

ငါ့နာမည်က မင်းသခင် …

မင်း … ရဲ့ … သ … ခင် … ။

“ဟား … ဟား …”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"ဟင်း … ဟင်း"

"ငါက … မင်းရဲ့သခင်ပါကွ … အရူးမလေးရဲ့"

"မင်းရဲ့သခင်လေ …"

"ဟား … ဟား"

"ဟာ … ကြည့်စမ်း … သူဌေးမင်း အဖျားတွေတက်ပြီ၊ ကယောင်ကတမ်းနဲ့ အော်နေလိုက်တာ ဦးလေးချစ်ရေ … ဦးလေး ချစ် … ဒီအပေါ်ထပ်ကို ခဏတက်ခဲ့ပါဦးဗျ … ဒီမှာ သူဌေးမင်းဖျား နေလို့ …"

အိပ်ရာထက်မှာ ကယောင်ကတမ်းလေး ညည်းညူကာ ဖျားနေသည့် ဦးမင်းသခင်ကိုကြည့်ကာ မိုးဘာလုပ်ရမှန်းမသိတော့ ဘဲ ဦးလေးချစ်ကိုပဲ လှမ်းအော်ခေါ်သည်။ ဖြူဖျော့ဖျော့ နှုတ်ခမ်း တွေလှုပ်ကာ ဘာတွေပြောနေမှန်းမသိသည့် ဦးမင်းသခင်ရဲ့ ကော့ နက်သန်စွမ်းသော မျက်တောင်တွေက လှုပ်လာတော့မလို မလှုပ် တော့မလိုနှင့် နိုးလာတာလည်း မဟုတ်ဘဲ တဟင်းဟင်းနှင့်ညည်း ညူနေတာက သူဘယ်လောက်ဖျားနေတယ်ဆိုတာ အသိပေးနေ သလို ဖြစ်နေသည်။





နံရံပေါ်က သံစုံနာရီဒိုင်ခွက်တွေဆီ လှမ်းကြည့်တော့ မနက် ငါးနာရီပင်ထိုးနေခဲ့ပြီ။ ပြောရရင် ဦးမင်းသခင်အခန်းထဲက ညည်းညူနေတဲ့ အသံသဲ့သဲ့ကိုကြားရလို့ ခြေဖော့နင်းပြီး အခန်းထဲ ကိုဝင်လာခဲ့တာပါ … ။

တဟင်းဟင်းနဲ့ညည်းပြီး ကယောင်ကတမ်းတွေပြောနေလို့ နဖူးလေးကို ဖွဖွလေး စမ်းကြည့်လိုက်တော့ အဖျားက တရှိန်ရှိန် လေးနဲ့တက်လို့ … ။

"ဟော့ကောင် … မိုး … မင်းသခင် ဘာဖြစ်လို့လဲ …"

"သူဌေး … သူဌေးမင်း ဖျားနေတယ်ဗျ"

"ဟေ … ဖျားနေတယ် ဟုတ်လား"

ဖြူးတူးပြတဲလေးနှင့် ခေါင်းကလေးထောင်ကာ ဦးချစ်စရာ မျက်လုံးလေးဝိုင်းသွားသည်။ ခုထိလည်း ဦးချစ်စရာက မိုးကို ယောက်ျားလေး တစ်ယောက်လိုပဲ သတ်မှတ်ထားတာမို့ ခေါ်တာ ပြောတာကအစ အရင်ကလိုပင် မင်းနဲ့ငါနဲ့ပဲပြော၏။

မိုးကို မိန်းကလေးတစ်ယောက်မှန်းသိသွားတာလည်း ဦးမင်းသခင်တစ်ယောက်တည်းသာဖြစ်၏။

"ဟော့ကောင် … ဖျားနေရင်လည်း ဆေးတိုက်ဖို့နှိုးလိုက်လေ ကွာ …"

"ဟာ … ကျွန်တော်မနှိုးရဲဘူး"

"ရတယ် … ဦးချစ်စရာ ခင်ဗျားတို့အသံတွေကြားလို့ ကျွန်တော်နိုးနေပါပြီ … ကျွန်တော် … ကျွန်တော် အရမ်းဖျားနေပြီ ထင်တယ်ဗျာ … အား … ဟင်း … ဟင်း"

တကယ်လည်း မင်းသခင်ဖျားပြီး … ကယောင်ကတမ်း အိပ်မက်တွေမက်နေတာပါ … မျက်တောင်တွေကို အားယူဖွင့် ကြည့်လိုက်တော့ … သူ့ကို စိုးရိမ်တကြီးစိုက်ကြည့်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးတစ်စုံက အပေါ်စီးလေးကနေ သူ့ကိုမိုးကြည့်လို့။

"ဟာ ... မထ,နဲ့လေ ... သူဌေးမင်း"

သူထ,ဖို့ပြင်တော့ မိုးက ကပျာကယာလှမ်းတားသည်။

"နေဦးနော် ... သူဌေးမင်း ကျွန်တော်သူဌေးမင်းကို ဆေးတိုက်မယ် ... ဦးလေးချစ် ကျွန်တော့ကို အောက်မှာရေနွေးပူပူလေး တစ်ခွက်သွားယူပေးနော် ... "

"အေး ... အေး"

ဦးလေးချစ်ခေါင်းလေးညိတ်ပြပြီး အောက်ထပ်ကို ခပ်သွက်သွက်လေးပြန်ဆင်းသွားသည်။

"မိုး ... "

"ဗျာ ... သူဌေးမင်း"

"ငါ ... ဖျားပြီး အိပ်မက်တွေမက်နေတာကွ ... "

"ဟင် ... ဘာတွေမက်နေတာလဲ"

"ငွေ ... ငွေလရိပ်လေ ငါ့ကိုလက်စားချေမယ်ဆိုပြီး အိပ်မက်ထဲမှာ လာခြိမ်းခြောက်နေလို့ ... "

"ဗျာ ... သူဌေးမင်းရဲ့ အိပ်မက်ထဲကို ငွေ ... ငွေလရိပ် ရောက်လာတယ် ... ဟုတ်လား"

"ငါက ... သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကိုခွဲခဲ့လို့တဲ့"

လူးလဲထရင်း သူ့နှုတ်ခမ်းလေးမဲ့သွားသည်။

"မပြောပါနဲ့ သူဌေးမင်းရာ အဲဒီအကြောင်းတွေကိုကြားရတာ ရင်နာရလွန်းလို့ပါ ... "

"ဟင် ... မင်းက ... "

ဗီရိုထဲက ဆေးပုလင်းကိုထုတ်ပြီး သူ့ဖက်ကိုမိုးကိုယ်လေးပြန်လှည့်သည်။

"ဟုတ်တယ်လေ ... သူဌေးမင်း ကျွန်တော်ပြောရင်လည်း





သူဌေးမင်း မကြိုက်မှန်းသိလို့မပြောတော့တာ ... ဒီဇာတ်လမ်းမှာ မိုး အသနားရဆုံးက ငွေလရိပ်ဆိုတဲ့ မမတစ်ယောက်ကိုပဲ သူဌေးမင်းက မတူဘူး မတန်ဘူး မပေးစားနိုင်ဘူးပြောပြီး အတင်းလိုက်ခွဲနေလို့ ထွက်ပြေးခဲ့ရတဲ့ ချစ်သူနှစ်ယောက်ရဲ့ဘဝက တွေးကြည့်ရင်တောင် ဘယ်လောက်ကြေကွဲဖို့ကောင်းခဲ့သလဲ ... "

"ရေနွေးရပါပြီ ... "

ဦးချစ်စရာ အသံပေးရင်း အခန်းထဲပြန်ဝင်လာသည်။

"ဒီမှာလေ ... ပေါင်မုန့်လေးကိုမီးကင်ပြီး ကော်ဖီပူပူလေး တစ်ခွက်လည်း ငါဖျော်လာခဲ့တယ် ... အစာလေးရှိနေမှ ဒီဆေးက သောက်လို့ကောင်းမှာကွ ... ကဲ ဘယ်မှာလဲ သောက်ရမယ့်ဆေး"

"ဒီမှာပါ ဦးလေးချစ်ရယ် ... ကျွန်တော်အဆင်သင့်ထုတ်ထားပြီးပါပြီ ... "

"ကဲ ... အဲဒါဆိုလည်း မင်းသခင်ကို မင်းပဲပြုစုပေးလိုက်နော် မိုး ... ငါခြံထဲဆင်းပြီး သန့်ရှင်းရေးလုပ် ပန်းပင်တွေ ရေဖြန်းလိုက်ဦးမယ် ... ဒီဇင်ဘာရောက်ပြီဆိုတော့ အပြင်မှာ နှင်းတွေပိတ်နေအောင် ကျနေတာလေ ... ကြည့်လို့ အရမ်းလှတာပဲ ... "

"ဗျာ ... ဦးလေးချစ်စရာ အပြင်မှာ နှင်းတွေအရမ်းကျနေတယ် ဟုတ်လား ... ဟွန်း"

နှင်းတွေဆိုတော့ အိပ်မက်ကိုသတိရပြီး မင်းသခင်နှုတ်ခမ်းလေးမဲ့သည်။

"အမလေး ... ကျနေတာမှ အဆုပ်လိုက်အခဲလိုက်ကို ကျနေတာ ... ရန်ကုန်မှာ ဒီလောက်ကျတာ ဒီတစ်ခါပဲ ငါတွေ့ဖူးသေးတယ် ... "

ပြောပြီး ဦးချစ်စရာပြန်ထွက်သွား၏။

ကျန်ခဲ့တာ မိုးတို့နှစ်ယောက်တည်း ... ။



www.burmeseclassic.com

www.burmeseclassic.com



"မိုး ... လာကွာ ... ဒီအနားကို ... "

"ဟင် ... ဘာလုပ်မလို့လဲ"

"ငါ ... မင်းကိုဖက်ထားချင်လို့ ... "

မိုးစိတ်ညစ်တာ အဲဒါပဲ ... လူကိုတစ်ချိန်လုံး ဒီလိုဖက်ထားချင်နေလို့ရမလား။ ဥပမာ ဘုရားကအပြန် တလမ်းလုံးဖက်လိုက် နမ်းလိုက်လုပ်လာတာ ပြောလို့လည်းမရ ငြင်းလို့လည်းမရ ဦးချစ်စရာရှေ့ကိုရောက်တော့မှ ဣန္ဒြေဆယ်ပြီးရပ်သွားတာ။

မိုးမှာတော့ ရင်ခုန်တာတွေရော ရင်နာတာတွေပါ နှစ်ခုပေါင်းကာ စိတ်တွေကယောင်ခြောက်ခြားဖြစ်ပြီး ညကတစ်ညလုံးလည်း အိပ်မပျော်နိုင်။

"လာလေ ... မိုး"

"ဟင့်အင်း ... ဦးလေးချစ် ပြန်တက်လာလို့ မိသွားလိမ့်မယ်"

"လာပါ မိုးရာ ... မင်းကိုငါ သိပ်ချစ်လို့ ခေါ်နေတာပါ"

"မလုပ်ပါနဲ့ ... သူဌေးမင်း ချစ်တာကို မိုးကြောက်တယ်"

တွေ့လား ... လူတွေရှေ့မှာကျတော့ ကျွန်တော်

လူကွယ်ရာရောက်တော့မှ သူ့ကိုယ်သူ မိုးတဲ့ ... ။

မိုးရယ် မင်းကတော့လေ တကယ်ပဲ တကယ်ပဲ ... မိုးကိုကြည့်ကာ ဖျားနေတာကိုမေ့ပြီး မင်းသခင် အသည်းယားမိ၏။ ဒီနေ့တော့ ကုမ္ပဏီကိုမသွားတော့ဘဲ ချိန်းထားတဲ့ အလုပ်ကိစ္စတွေအားလုံး သူဖျက်လိုက်တော့မည်။ အဓိက,ကတော့ အားလုံးကိုမေ့ပြီး ချစ်သူလေးနဲ့ တစ်နေကုန်အတူတူနေပစ်လိုက်ဖို့ပါပဲ။

"မိုး ... "

"ဗျာ ... သူဌေးမင်း"

အနားထိတိုးလာပြီး ဦးမင်းသခင်လာရပ်တော့ မိုးကိုယ်





လေး လန့်ပြီးတော့တောင် တုန်သွား၏။ ပခုံးလေးကိုလှည့်ပြီး ခါးကနေ အတင်းသိမ်းကြုံးကာ ပွေ့ဖက်တော့ မိုးမှာ အထိတ်တလန့်လေးနဲ့ မျက်တောင်လေးတွေ ကော့သွားတာ အသက်တောင်ရှူလို့မရ။

"ချစ်တယ် မိုးရယ် ... "

ပါးပြင်လေးပေါ် မိုးပေါက်တွေလို တရကြမ်းရွာသွန်းချလာကာ ဦးမင်းသခင်ရဲ့ညို့ချက်ပြင်းတဲ့ အနမ်းမိုးတွေပါပဲ။

"ဟာ ... သူဌေးမင်းနော် မျက်နှာလည်းမသစ်ရသေးဘဲ နဲ့"

"အို ... အို ... "

ကြည့်စမ်း ...

မိုးရဲ့လည်တိုင်လေးဆီကို ပွတ်တိုက်ထိတွေ့သွားတဲ့ အနမ်းလေးက မိုးရဲ့အာရုတွေအသည်းတွေကို လှိုက်ခနဲ လှိုက်ခနဲဖြစ်သွားအောင် ဆွဲထုတ်ယူနေသလိုပါပဲလား။

မမငွေလရိပ်ရယ် ... ။

မိုးစွန့်စားပြီး ဦးမင်းသခင်ရဲ့အနားကို ရောက်အောင် တိုးကပ်လာခဲ့မိတာ မှားပြီထင်တယ် ... နူးညံ့သိမ်မွေ့လှတဲ့ အချစ်ရဲ့ရင်ခုန်သံတွေအောက်မှာ လွန်ဆန်ဖို့ ခက်ခဲလှတဲ့ လှပဆန်းကျယ်တဲ့ အိပ်မက်တွေကို ထွေးပွေ့လက်ခံလိုက်ရတော့မယ်ထင်တယ်။ မမငွေလရိပ်ရယ် ... ။

မိုး ဘာလုပ်ရတော့မလဲဟင် ... ။

ဒီခြံကြီးထဲကနေ အရှုံးပေးပြီး မိုးထွက်ပြေးရတော့မလား။

ဦးမင်းသခင်ဟာ မိုးအစက ထင်ခဲ့သလို အဆင့်အတန်းခွဲခြားဆက်ဆံတတ်သူ မဟုတ်ပဲ ... ချစ်တတ်ရွဲလမ်းတတ်သူ တစ်ယောက်ဆိုတာ ချစ်ခြင်းပြိုင်နဲ့ လက်ထပ်ရမယ့်ပွဲကို တော့င် ဖျက်သိမ်းပြခဲ့ပြီလေ ... မမငွေလရိပ်ရယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူတစ်ယောက်ကို ရက်ရက်စက်စက်လက်စားချေဖို့ ဆိုတာ မိုးအတွက် မဖြစ်နိုင်တော့ဘူးလို့ မိုးထင်တယ် ... ဘာပဲ ပြောပြော ဒီပွဲမှာ ဦးမင်းသခင်က မိုးဘက်ကနေ အတိအကျရပ်ပေး ခဲ့တာ မိုးကိုချစ်တဲ့စိတ်နဲ့ ဂုဏ်ကျက်သရေကြီးမားတဲ့ အသိုင်းအဝိုင်း ကြီးတစ်ခုလုံးကို ဆန့်ကျင်ခဲ့တာ ... ။

မမကို မိုးတောင်းပန်ပါတယ် ... ။

မိုးရင်ထဲမှာ စွဲထင်နာကြည်းလာခဲ့ရတဲ့ အမုန်းတရားတွေ ကို မိုးမေ့ပစ်လိုက်တော့မယ် ... ။ မမရယ် မိုးကိုခွင့်လွှတ်ပါနော် မမ ... မိုးကို ခွင့်လွှတ်နော် ... ။

"ချစ်လိုက်ရတာ မိုးရယ် ... မင်းကိုငါ သိပ်ချစ်တယ်သိလား ကွာ ..."

မိုးရဲ့ခန္ဓာကိုယ်နေရာ အနှံ့လေးအထိရောက်အောင် ထိတွေ့ ပြေးလွှားနေတဲ့ ဦးမင်းသခင်ရဲ့ လက်ဖဝါးနုနုလေးကို မိုးဘယ်လို မှ မတားဆီးနိုင်တော့ပါ ... မိုးသတိထားမိလို့ သိလိုက်တာက ပြောင်လက်နေသော နံရံတစ်ခုထက်မှာ မိုးကြောပြင်လေးထိကပ် နေသလို မိုးခြေဖျားလေးတွေ ကော့ပျံကြွတတ်လျှက် မိုးမျက် တောင်ကော့ကော့လေးတွေ စင်းကျသွားခဲ့တာဟာ သိမ်းပိုက်စရာ နေရာလွတ်မကျန်အောင် မိုးအရှုံးပေးလိုက်ရလို့လား ... ။

လက်ရှိအချိန်မှာတော့ မိုးနှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ကာ ပိုင်းဟလျှက် ... ။

"ဟာ ... သူဌေးမင်းရယ် ... ဟင့်အင်း"

"မလုပ်ပါနဲ့ ..."

"မိုး ... မိုး မခံစားနိုင်တော့ဘူး ..."

"အို ... အို ..."

ဆုပ်ကိုင်မရတဲ့ တိမ်တိုက်တွေကြားထဲမှာ မိုးတစ်ကိုယ်လုံး





မျှောလွင့်လို့ ... ။

အရာအားလုံး အဆုံးသတ်ပြီးသွားခဲ့ချိန်မှာတော့ ခမ်းနားလှ တဲ့ ဦးမင်းသခင်ရဲ့ ရေမြှုပ်မွေ့ရာကြီးပေါ်မှာ မိုးရောက်နေတာ သတိထားမိသွားသည်။

"မိုးရယ် ... မင်း ကိုယ့်ကို စိတ်မဆိုးနဲ့နော် ... ကိုယ် မင်းကို လက်ထပ်မယ် ... တလောကလုံးမှာ ဘာကိုမှ ကိုယ်မပိုင်ဆိုင်ရရင် နေပါစေ ... မင်းကိုပိုင်ဆိုင်ရမယ်ဆိုရင် ကိုယ်ကျေနပ်တယ် ... မင်းဆီက တုန့်ပြန်တဲ့အနမ်းလေးတစ်ခု ကိုယ့်ကိုပေးပါလား မိုး ရယ်"

သူက မိုးနားရွက်ဖျားလေးနားကပ်ပြီး တိုးတိုးလေးလေးဆို နေပြီဆိုတော့လည်း မိုးဘာတတ်နိုင်တော့မှာလဲ ... သူ့နှဖူးတင်း တင်းလေးကိုပဲ မက်မဆုံးစွာနဲ့ တရှိုက်နင့်နင့်လေး မိုးနမ်းခဲ့ရပြီ။

"မိုးရယ် ... မိုးတကယ်ချစ်တာကို ကိုယ်ယုံပါပြီ ဘာပဲပြော ပြော ခုလက်တလောအချိန်လေးမှာတော့ ကိုယ်တို့နှစ်ယောက် ဒီအတိုင်းဟန်မပျက်လေးဆက်ပြီး နေကြမယ်နော် ... မိုး ... ရှင်း စရာရှိတဲ့ ပြဿနာတွေအားလုံးကို ကိုယ်ရှင်းပြီးတာနဲ့ မိုးကိုကိုယ် ထက်ထပ်မယ် ... အခုလာမယ့် နှစ်ပတ်အတွင်းမှာ အားလုံးကို အပြတ်ရှင်းမယ် ..."

ဒါကိုတော့ မိုးယုံလိုက်မိသည်။

သူပြောသလို ဟန်မပျက်လေး ဆက်နေရပေမယ့် မျက်ဝန်း တွေထဲက ချစ်ခြင်းတွေကိုတော့ ဘယ်လိုဟန်ဆောင်ခြင်းတွေနဲ့ ဖုံးကွယ်ထားလို့ရနိုင်ပါ့မလဲ။

"စိတ်ညစ်တယ် မာမီရယ် ... ကိုကို ကိစ္စကို ဘယ်လိုဖြေရှင်း ကြရင် ကောင်းမလဲဆိုတာ စဉ်းစားပါဦး မာမီရဲ့ ... မှူး ... မှူး က မျက်လုံးနဲ့တပ်အပ်မြင်လာလို့ မာမီ့ကိုပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



မှုူးကလည်း အိပ်ရာကနိုးပြီးဆိုကတည်းက မာမီ့ကို ဒီကိစ္စအတွက်ပဲ ဂျီကျသည်။ ဒေါ်ခန့်ဝင့်ထယ်ကိုယ်တိုင်လည်း မိုးကိုယောက်ျားလေးလား မိန်းကလေးလားဆိုတာ သေချာတပ်အပ်မသိသေးတော့ ဘယ်လိုအကြံဉာဏ်ပေးရမလဲဆိုတာလည်း မဝေခွဲနိုင်။

ညကလည်း မှုူးနဲ့မမချစ်ခြင်းပြိုင် တစ်ညလုံးမအိပ်ဘဲ Phone ထဲကနေ ပြောကြဆိုကြ ဝေဖန်ကြနဲ့ ကိုယ်က စိတ်ကူးတစ်ခုပေါ်ရင် ပြန်ဆက်လိုက် … ဟိုက စိတ်ကူးတစ်ခုပေါ်ရင် ကိုယ့်ကို Phone ပြန်ခေါ်လိုက်နှင့် မာမီလည်း မအိပ်ရ … မှုူးလည်း မအိပ်ရ။

ဟော … ခုလည်း …

စောစောစီးစီး မမချစ်ခြင်းပြိုင်က Phone ဆက်ထားသည်။

သူခြံထဲက အဖော်ကောင်မလေး ဆုဆုကိုခေါ်ပြီး မှုူးတို့ခြံကို ထွက်လာနေပြီတဲ့ … ။ မှုူးစောင့်ရင်း မာမီကို မေးသည်။

"မိုးဟာ … မိန်းကလေးတစ်ယောက်ဆိုရင်တော့ ဒီကိစ္စကို ဝုန်းဒိုင်းကြဲဖြေရှင်းလို့ရမှာ မဟုတ်တော့ဘူးလို့ မာမီထင်တယ်၊ သူတို့နှစ်ယောက်ဟာ တစ်အိမ်တည်းမှာ အတူနေခဲ့ကြတာဆိုတော့ သူတို့ချည်နှောင်မိထားတဲ့ကြိုးက ရှည်သလား တိုသလားဆိုတာလည်း ကိုယ်က ထည့်စဉ်းစားရတော့မယ် …"

"အမလေး … မာမီရယ် ဒီကြိုးက ရှည်ပဲရှည်ရှည် တိုပဲတိုတိုဖြတ်ကိုဖြတ်ရမယ့်ကြိုး … မဖြတ်ရင်လုံးဝ မဖြစ်နိုင်တော့တဲ့ကြိုး မှုူးကတော့ ဘယ်ကလာလို့လာမှန်းလည်း မသိ … မယ်မယ်ရရ ခြေခြေမြစ်မြစ်လည်း ဘာမှမရှိတဲ့ ကောင်မလေးတစ်ယောက် ကိုကို့ရင်ခွင်ထဲရောက်လာမှာကို လုံးဝလက်မခံနိုင်လို့ မမချစ်ခြင်းပြိုင်နဲ့ တိုင်ပင်ပြီး … ဒီကြိုးကို အပြီးတစ်ခါတည်း ဖြတ်ပစ်လိုက်ရမှာ"





"တီ … တီ"

"ဟော … မမချစ်ခြင်းပြိုင်လာပြီထင်တယ် … ခြံဝက ကားဟွန်းသံကြားတယ် …"

မှုူး ကပျာကယာထွက်ကြည့်တော့ … ။

မမချစ်ခြင်းပြိုင်ရောက်လာတာ အနက်ရောင်လင်ခရူဇာကားသစ်ကြီးနဲ့ မှုူးအပြေးသွားကာ မမချစ်ခြင်းပြိုင်ကို ကြိုမိသည်။

"လာ … မမ"

ကြည့်လိုက်တော့ မမချစ်ခြင်းပြိုင်မျက်နှာမကောင်းပါ။ အဝတ်အစားကလည်း အိမ်နေရင်းဖြစ်သလို ထလာတဲ့အတိုင်း။ မျက်နှာက ဘာမိတ်ကပ်မှမရှိဘဲ ပြောင်သလင်းခါနေသလို မိုးလင်းကတည်းက ငိုထားပုံရတဲ့မျက်ခွံတွေက မို့အစ်အစ်နှင့် ဆံပင်ကိုလည်း ဒီအတိုင်းဖြစ်သလို စည်းထားသည်။

"အန်တီခန့်ရောဟင် … မှုူး"

"ရှိတယ်လေ … မမ … မမလာမယ်ဆိုလို့ မာမီကိုယ်တိုင်ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတာ … ဒါနဲ့စကားမစပ် သူက ဘယ်သူလဲဟင် … မမပြောတဲ့ ခြံအကူအလုပ်သမား ဆုဆုဆိုတာလား"

မမချစ်ခြင်းပြိုင်နောက်မှာ ကုတ်ဝဲဆံပင်တိုလေးနဲ့ရပ်နေတဲ့ ကောင်မလေး … အသက်ကလည်း မှုူးတို့နဲ့ဆို ရွယ်တူလောက်ပါပဲ။

"ဟုတ်တယ်လေ … မှုူး၊ ကုမ္ပဏီမှာ အလုပ်လုပ်ချင်တယ်ဆိုလို့ ပုသိမ်ကနေ ရောက်လာတာ … လောလောဆယ် ကွန်ပျူတာသင်တန်းတက်နေတော့ ခြံထဲမှာ ကူလုပ်ရင်း ခဏခေါ်ထားလိုက်တာ လာ … ညီမလေး ဆုဆု …"

ဆုဆုက ထူနက်နက် မျက်ခုံးတန်းကလေးနဲ့ အသားလေးဖြူကာ ပါးကလေးဖောင်းပြီး ချစ်ဖို့တော့ တော်တော်ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မမချစ်ခြင်းပြိုင်ရဲ့နောက်မှာ ခေါင်းကလေးငုံ့ကာ ဆုဆုကပါ ခြေသံ့ခန်းထဲဝင်လိုက်လာသည်။

"သမီး ... ချစ်ခြင်းပြိုင် ..."

ချစ်ခြင်းပြိုင်ကိုမြင်တော့ လေးလေးစားစား နှုတ်ဆက်ရင်း ဒေါ်ခန့်ဝင့်ထယ်ကိုယ်တိုင် လက်ကမ်းကာကြိုသည်။

"အဟင့် ... အန်တီခန့် ..."

မာမီ့ကိုတွေ့တာနဲ့ မမချစ်ခြင်းပြိုင်မျက်ရည်ကျပြီ။

မာမီပခုံးလေးကို ပွေ့ဖက်ရင်း မမချစ်ခြင်းပြိုင်ငိုတော့ မှုုးခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ မျက်နှာလည်းပူသည်။ ကိုကို့ကိုလည်း ဒေါသဖြစ်ရ၏။

"မငိုပါနဲ့ သမီးလေးရယ် ... အဖြစ်အပျက်တွေအားလုံး မှုုးပြောသလို အန်တီခန့်သိပြီးပါပြီ ... ဘာဆက်လုပ်ကြရင်ကောင်းမလဲဆိုတာ အန်တီခန့်တို့အားလုံး အဖြေရှာတိုင်ပင်ကြမယ်လေ သမီးလေး ... လာ ... လာ ဒီခုံမှာပဲ ထိုင်လိုက် ..."

ချစ်ခြင်းပြိုင် မျက်ရည်သုတ်ရင်းထိုင်သည်။

ဒေါ်ခန့်ဝင့်ထယ်ကတော့ မျက်တွင်းလေးပင်ချောင်ကျသွားသည့် ချစ်ခြင်းပြိုင်ကိုကြည့်ကာ သက်ပြင်းချ၏။

"ဟွန်း ... မမ ဘာမှအားမငယ်နဲ့ မိုးကို ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် ကိုကို့အနားမှာ သူမရှိမှဖြစ်မယ် ... အရေးကြီးတာ ပြဿနာတွေ ဒီ့ထက်ပိုဆိုးမလာခင်မှာ မိုးကိုမောင်းထုတ်မယ် ... အဲဒါ မကောင်းဘူးလား မမ"

"မမကတော့ ငိုချင်တာပဲသိတော့တယ်မှုုးရယ် ... အခုဆိုရင် မမတို့နှစ်ယောက်အကြောင်းကို သိနေကြတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေက မမကိုမေးကြတော့မှာ သူတို့မေးရင် ဖြေရမှာလည်း မမရှက်တယ် အဟင့် ..."





မမချစ်ခြင်းပြိုင် တကယ်လည်း ဝမ်းနည်းနေတာပါ။

"ဒီလိုလုပ်လေ ... သမီး ... မာမီတစ်ခုပဲ အကြံပေးမယ် ိုးဆိုတဲ့ကောင်လေးက တကယ်မိန်းကလေးဖြစ်နေရင်တောင် သမီးတို့ဘာမှမပြောဘဲ မသိချင်ဟန်ဆောင်နေ ... သူဟာ အကြံအစည်တစ်ခုရှိနေလို့ သမီးတို့ ကိုကိုခြံထဲကို ယောကျ်ားလေးအလုပ်သမားဟန်ဆောင်ပြီး ဝင်လာတာပဲဖြစ်ရမယ် ဒါကို မင်းတို့ကိုကို သိအောင် ဖော်ထုတ်လိုက်ရင် ကိုကိုကလည်း စိတ်နာပြီး ဒီကောင်လေးကို မောင်းထုတ်လိုက်မှာ ... ကဲ မကောင်းဘူးလား"

"ဟား ... ဟုတ်တယ် မာမီ ... မာမီ အိုင်ဒီယာက အရမ်းန်းတယ် ... ဟုတ်တယ် မာမီပြောတာ အရမ်းဖြစ်နိုင်တယ် မိန်းလေးက ယောကျ်ားလေးဟန်ဆောင်ပြီး ခြံထဲကိုရောက်လာယ်ဆိုတာ မရိုးမသားကြံစည်ချင်တာ တစ်ခုခုရှိလို့ရောက်လာ ... ဒါကို ကိုကိုသိအောင် ဖော်ထုတ်နိုင်ရင် ပွဲကပြတ်ပြီ"

"ကဲ ... ဒါဆိုလည်း မင်းသခင်ဆီကို မာမီတို့အကဲခပ်ဖို့လိုက်ားမယ် ..."

"ကောင်းတယ် ... မာမီ ကောင်းတယ် ... ကောင်းတယ်"

"စဉ်းစားပါဦး မှုုးရယ် ..."

"အို ... မမကလည်း ဘာစဉ်းစားနေစရာလိုသေးလို့လဲ ပွဲဖြေကရှင်းနေတာပဲဥစ္စာ ... ဦးလေးချစ်နဲ့ ကိုကိုနဲ့နှစ်ယောက်ည်း နေတဲ့ခြံကို ယောကျ်ားလေးဟန်ဆောင်ပြီး သတ္တိရှိရှိနဲ့ လာတယ်ဆိုကတည်းက မရိုးသားတဲ့ရည်ရွယ်ချက်တစ်ခုခု ရှိနေသေချာတယ် ... ကိုကိုက စီးပွားရေးလုပ်တဲ့နေရာမှာ အရမ်းမြီးပြေးသလောက် အဲဒီနေရာမှာကျတော့ တုံးလွန်းအ,လွန်းယ် ... လာပါ ... မမရယ် ပြောနေတာကြာပါတယ် မမကားနဲ့ပဲကိုပါ ခေါ်ပြီးသွားလိုက်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



မှူးက သွက်သွက်ပဲပြောပြီး သွက်သွက်ပဲလှုပ်ရှားသည်။

ထွက်လာကြတာလည်း အားလုံးအိမ်နေအဝတ်အစားတွေနဲ့ ကားပေါ်မှာ မှူးမျက်နှာလေးက မကျေနပ်စိတ်ကလေးဖြင့်တင်း တင်းလေးမော့နေသလောက် ချစ်ခြင်းပြိုင်ကတော့ အငိုမျက်လုံးကလေးနဲ့ပဲပေါ့ ... ။

အဓိက ... ဖမ်းရမှာက မိုးဆိုတဲ့ကောင်လေးတစ်ယောက်ဟာ ယောကျာ်းလေး အစစ်တစ်ယောက် ဟုတ်မဟုတ်ပဲဖြစ်သည်။

ကဲ ... ခုတော့ ဒါကို ဘယ်လိုဖော်ထုတ်ကြမလဲ ... ။

ခန်း ( ၁၆ )

ခြံထဲကိုရောက်သွားတော့ ...

ဦးချစ်စရာက သော့တွဲကြီးကိုင်ကာ ခြံတံခါးကို အပြေးအ ားလာဖွင့်သည်။

"ဟင် ... မမပါ လာတာလား"

ဒေါ်ခန့်ဝင့်ထယ်ကိုတော့ ဦးချစ်စရာမကြောက်ဘဲနေလို့ တွေ့တာနဲ့ ကိုယ်ကဦးအောင်နှုတ်ဆက်ပြီး ပြုံးပြရ၏။

"မင်းသခင်ရော ဦးချစ်စရာ ဒီကောင်အိပ်ရာကရော နိုးသေး ား ..."

"ဟာ ... ဆရာသမားနိုးနေပါပြီမမ ... အိပ်ရာကထ,မှ မျှား လို့တောင် အပေါ်မှာ မိုးကပြုစုပေးနေတယ်လေ ..."

"ဟင် ... မိုးက ပြုစုပေးနေတယ်ဟုတ်လား"

မှူးက မျက်တောင်လေးကော့ကြည့်ကာ တအံ့တဩလေး းမေးသည်။

"အမလေး ပြုစုပေးတာမှ ဆရာဝန်မလိုအောင်ကို ပြုစုပေး ာ ... ဆေးသောက်ချိန်ဆေးသောက် ကော်ဖီချိန်ကော်ဖီ ားထဲ နှိပ်ပေးတာ နင်းပေးတာပါလိုက်သေး ..."



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... အံမယ် ..."

"ဟွန်း ..."

မှုူး နှုတ်ခမ်းလေးမဲ့ကာရွဲ့ကာ ... ။

"ဒီမှာဦးချစ်စရာ ... အခု မှုူးတို့လိုက်လာတာ မမချစ်ခြင်းပြိုင်နဲ့ စီစဉ်ထားတဲ့ မင်္ဂလာပွဲကို ကိုကိုက ဖျက်သွားလို့လိုက်လာတာ ... ကိုကိုပြောတော့ ကိုကိုမှာ ရည်းစားရှိနေပြီဆို ... အဲဒါ ဟုတ်လား ..."

မှုူး သိချင်တာကို အားလုံးရှေ့မှာ ခပ်ပြတ်ပြတ်ပဲမေးသည်။

ဒါကို ဦးချစ်စရာက မျက်လုံးပြူးလျှက် ... ။

"ဟာ ... မရှိပါဘူး ... ကြံကြံဖန်ဖန် ..."

"သေချာတယ်နော် ... ဦးလေးချစ် ... မနေ့က လူကြီးတွေစုံတဲ့ပွဲမှာ သူ့မှာရည်းစားရှိနေပါပြီဆိုပြီး မမချစ်ခြင်းပြိုင်နဲ့ပွဲကို ကိုကိုက ဖျက်သွားလို့ အဲဒါ မာမီပါသောကတွေရောက်ပြီး ဒီမနက်မှ ကိုကိုဆီကို လိုက်လာကြတာ ... အဲဒါ ဦးလေးချစ် မသိဘူးလား"

"မသိဘူး ..."

"အခု ... ဘယ်မှာလဲကိုကို ..."

"အပေါ်ထပ်မှာ ..."

အိမ့်ချစ်မှုူးပြောစကားအရဆိုလျှင် အိမ်တွင်းရေးပြဿနာတွေ ရှုပ်ထွေးနေကြပြီပေါ့။ ဒါကိုတောင် ဟိုဆရာတပည့်နှစ်ယောက်က မပြောဘဲမျိုသိပ်နေကြတာ ခုထိလည်း အပေါ်ထပ်ကနေ နှစ်ယောက်လုံးဆင်းမလာ ... ။

"ဟွန်း ... သူတို့နှစ်ယောက်ကတော့ အေးဆေးပေါ့ ရတယ်မာမီ ကိုကို့အခြေအနေကိုကြည့်ပြီး မှုူးတို့မီးစင်ကြည့်ကမယ် ... မာမီအသာနေ ပြောစရာရှိရင် မှုူးပဲပြောမယ်"

မှုူးကတော့ စွာလည်းစွာ သွက်လည်းသွက်မို့ အကျီ...





မောင်းစကို ပင့်တင်ရင်း ဘယ်သူ့ကိုမှမစောင့်တော့ဘဲ တိုက်ကြီးထဲ ဦးဆောင်ဝင်သည်။

ထိုအချိန်မှာပဲ အပေါ်ထပ်ကနေ စားပြီးသောက်ပြီးသား ပန်းကန်တွေ ခွက်တွေကိုဗန်းကလေးထဲထည့်ပြီး အပေါ်ထပ်ကနေ ဆင်းလာတဲ့မိုး ... ။

မှုူးတို့ကိုတွေ့တော့ မျက်လုံးဝိုင်းပြီး ရင်ထဲမှာပါ ထိတ်သွား၏။

"ဟင် ..."

လက်ထဲက ပန်းကန်တွေ ပြုတ်ကျမသွားတာပဲ ကံကောင်းပါ ... ။

"ဒီမှာ ရှင်ခဏလောက် မှုူးတို့အနားကိုလာပါဦး"

မိုး ခေါင်းကလေးငုံ့ဆင်းလာကာ မှုူးရှေ့မှာ ခြေစုံရပ်သည်။

"ဟယ် ... မိုး ... မိုးလရိပ် နင် ... နင် ... ငါ့သူငယ်ချင်း မိုးလရိပ် ဟုတ်တယ်နော် ..."

"ဘုရားရေ ... ဆုဆုက မိုးကိုသိတယ် ..."

မိုးမျက်ဝန်းတွေ ပြာခနဲဖြစ်သွားရပြီ ... ။

အတိတ်တလန့်လေးနဲ့ အသံလာရာအနောက်ဘက်ကိုလှည့်ကြည့်လိုက်တော့ ပုသိမ်မှာမိုးနဲ့အတူတူ ကျောင်းတက်ခဲ့တဲ့ အချစ်ဆုံးသူငယ်ချင်းမလေး ဆုဆုရယ်လေ ... ။

"ဟာ ... မမကလည်း မိုးလရိပ်ကို ဆုဆုက မသိဘဲနေပါ့မလား ... ပုသိမ်မှာ ဆယ်တန်းအထိ ဆုဆုနဲ့ကျောင်းအတူတူတက်လာတဲ့ သူငယ်ချင်းလေ ... ဟိုတစ်ခါ ပြင်ဦးလွင်မှာ ကားချောက်ထဲကျပြီး ဆုံးသွားတဲ့ ငွေလရိပ်က မိုးလရိပ်အရမ်းချစ်တဲ့ မမလေ"

"ဟင် ..."

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ..."

"သူတို့က အဖေလည်းမရှိ အမေလည်းမရှိတော့လို့ ဆွေမျိုးနီးစပ် အဒေါ်တစ်ယောက်အိမ်မှာ မိုးလရိပ်ကနေခဲ့တာ မိုးလရိပ်ရယ် ကြည့်ပါဦး နင်က ယောကျ်ားလေးတစ်ယောက်လို ဝတ်စားထားတော့ နင့်ကိုမှတ်မိအောင်တောင် ငါမနည်းကြည့်ရတယ် ... လက်စသတ်တော့ နင်က ဒီမှာလာပြီး အလုပ်,လုပ်နေတာကိုး ..."

ဆုဆုပြောတာကို နားထောင်ရင်း အသက်မရှူနိုင်အောင် ဖြစ်နေတာက မှုူးတို့အဖွဲ့တွေပါ။ မာမီဆို ရင်ဘတ်ကလေးဖိ လျက်။

"ဒါ ... ဒါ ... ငွေလရိပ်ရဲ့ အချစ်ဆုံးညီမလေး မိုးလရိပ်ဝ လား ... ငွေ ... ငွေလရိပ်သေခဲ့ရတာကို မကျေနပ်လို့ မင်းသခင်ခ ကို ယောကျ်ားလေးဟန်ဆောင်ပြီး မင်းက လိုက်လာခဲ့တယ်ပေ လေ ... မိုးလရိပ် ဟား ... ဟား"

"အို ..."

ဦးမင်းသခင်က ဆုဆုပြောတာကိုကြားသွားပြီး လေ့က ပေါ်ကနေ ဟားတိုက်ရယ်မောလို့ဆင်းလာခဲ့ပြီ။ မိုးပြေးလို့ မလွတ် တော့ပါ။ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မိုးဟန်ဆောင်ဖုံးကွယ် ထားဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။ ကြုံတွေ့လာရသမျှ အရာရာကို မိုး သတ္တိရှိစွာ ရင်ဆိုင်ရတော့မည်။

ဆုဆုကတော့ သူစကားပြောမှားသွားတာကိုသိပြီး ပါးစပ် ကလေးကို လက်ဝါးကလေးဖြင့်ပိတ်လျက် ... မျက်ဝန်းကလေး တွေက ဟိုကြည့်ဒီကြည့်ဖြစ်နေရှာသည်။ မှုူးကိုယ်တိုင်လည်း ကိုကို့ကိုကြည့်လိုက် မိုးဘက်ကိုပြန်ကြည့်လိုက်နှင့် စိတ်တွေလှုပ်ရှား ကာ နှုတ်ခမ်းလေးတွေပါ တဆတ်ဆတ်တုန်လာ၏။

နောက်တော့ ကိုကိုက မိုးရှေ့တည့်တည့်မှာဝင်ရပ်သည်။





"ဟွန်း ... ပြောလေ ... မိုး ငွေလရိပ်သေခဲ့ရတာကို မကျေနပ်လို့ မင်းငါ့ကိုလက်စားချေချင်တာလား ... လင်းမြက်ထက်နဲ့ငွေလရိပ်နှစ်လောင်းပြိုင်သေခဲ့ရတဲ့ နာကြည်းချက်တွေကိုရင်မှာပိုက်ပြီး မိုးဆိုတဲ့ကောင်လေးတစ်ယောက်ဘဝနဲ့ ငါ့နောက်ကိုမင်းလိုက်လာခဲ့တာလား ... ငါ ... ငါကတော့ မင်းကို ..."

မင်းသခင်ကိုယ်တိုင်လည်း ဒါကိုသိလိုက်ရတဲ့အတွက် ရင်နာလို့မဆုံးအောင် ခံစားလိုက်ရပါပြီ။

"မိုး ... မင်းဖြေလေ ငါမေးတာကို မင်းသတ္တိရှိရှိနဲ့ဖြေလိုက်လေ"

မိုးပခုံးလေးနှစ်ဘက်ကို အဆက်မပြတ်ဆွဲကိုင်လှုပ်ရင်း မချိတင်ကဲလေသံဖြင့် ဦးမင်းသခင်က ဆိုနင့်စွာ မေးနေသည်။ ဒီလိုမေးနေစဉ်မှာပဲ မိုးမျက်ရည်တွေက တစ်ပေါက်ပြီးတစ်ပေါက် မေးဖျားစွန်းကလေးကနေ ဒေါက်ခနဲ ပေါက်ခနဲပြုတ်ပြုတ်ကျလာသည်။

ဘာပဲပြောပြော ဒီပြဿနာအတွက် မိုးဆက်ပြီးတော့လည်း ဟန်ဆောင်မထားချင်တော့ပါ။ ဒီကိစ္စမှာ ရင်နင့်အောင်ခံစားခဲ့ရတာ မိုးတို့ညီအစ်မနှစ်ယောက်ရယ်ပဲ မဟုတ်လား ..."

"ကျွန်တော် ... ကျွန်တော် ..."

"ဟော့ကောင် မင်းစကားပြောရင် ကျွန်တော်လို့မပြောနဲ့"

"မရတော့ဘူး ... ဦးမင်းသခင် ကျွန်တော်လို့ပြောရတာကို ကျွန်တော်နှလုံးသားထဲမှာ အရမ်းစွဲနေပြီ ... ဆုဆုသိပါတယ် မမငွေလရိပ်က သိပ်ချစ်တဲ့ညီမလေးကို ပုသိမ်ကဆွေမျိုးနီးစပ်အဒေါ်တစ်ယောက်အိမ်မှာ စိတ်မချတချနဲ့ထားခဲ့စဉ်ကတည်းက ယောကျ်ားလေးတစ်ယောက်လို ပြောဆိုဝတ်စားစေခဲ့တာပါ"

"မင်း ... မင်း တော်တော်ဟန်ဆောင်ကောင်းတယ်နော် မိုး ... ဒါကိုတောင် ငါကိုယုံကြည်အောင်လှည့်စားပြီး မင်းက ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



နမ်းပြလိုက်သေးတယ် ... ဟွန်း ... ခုတော့ ကြည့်ပါဦး မိန်းကလေးတဲ့ ဘာလဲဟင်မိုး ... ငွေလရိပ်နဲ့ လင်းမြက်ထက်ကို အတင်းလိုက်ခွဲခဲ့တယ်ဆိုတဲ့ နာကြည်းချက်တွေနဲ့ ကိုကိုနဲ့တို့ရဲ့ မင်္ဂလာပွဲကို မင်းက မပျက်ပျက်အောင် နာနာကြည်းကြည်း ပြန်ဖျက်ခဲ့တာပေါ့လေ ...”

ချစ်ခြင်းပြိုင်ဝင်ပြောတော့ မိုးရဲ့အကြည့်လေးတွေက သူမဘက်ကို လှည့်သွားသည်။

“ဟုတ်တယ်လေ ... သူများချစ်ခြင်းကိုခွဲရင် ကိုယ်လည်း ဒီလိုပဲ အခွဲခံရမယ်ဆိုတာ သိစေချင်လို့ လုပ်ခဲ့တာ ...”

“ဘာ ... ဘာပြောတယ်မိုး ...”

“ဟာ ... ချစ်ခြင်းပြိုင် မလုပ်နဲ့ ... မလုပ်နဲ့”

မာမီတားလိုက်တာ နောက်ကျသွားသည်။

မမချစ်ခြင်းပြိုင်က ကိုကို့ကိုကျော်ပြီး မိုးပခုံးလေးကို ခပ်ကြမ်းကြမ်းဆောင့်တွန်းတော့ မိုးကိုယ်လေးတပတ်လည်ကာ ဒယီးဒယိုင်ဖြစ်သွား၏။ ဆုပ်ထားသည့် ကိုကိုလက်ထဲကလည်း မိုးကိုယ်လေး လွတ်ထွက်သွားသည်။

မာမီက အားလုံးရှေ့ကို သွက်သွက်လေးပြေးဝင်သည်။

“အားလုံးတော်ကြစမ်း ...”

ပွဲကတော့ ရုတ်ရုတ်သည်းသည်းနှင့် ငိုရှိုက်သံကလေးတွေက တဟင့်ဟင့်လေးနှင့် ပေါ်လာခဲ့ရပြီ။ မိုးကတော့ ယိုင်သွားသည့်ကိုယ်လေးကို အားယူကာ ထိန်းမတ်လျက် နံရံတစ်ခုဆီမှာ ကြောကပ်မှီသည်။

ပြေးစရာမြေလည်း မိုးမှာမရှိတော့ပါ။

အားလုံးကို မိုးရင်ဆိုင်လိုက်တော့မည်။

“မိုး ... မိုးလရိပ်ကို အန်တီတစ်ခုလောက်ပဲ မေးပါရစေ





ဘယ်သူ့ကိုမှလည်း မတရားတဲ့အလုပ်တွေ အန်တီမလုပ်ချင်ဘူး၊ မင်း မင်း ... ဒီခြံထဲကို ရောက်လာတာ မင်းသခင်ကို လက်စားချေချင်လို့ရောက်လာတာလား ... ဒီရည်ရွယ်ချက်တစ်ခုပဲ မင်းမှာရှိခဲ့တာလား ...”

“အဲဒါ ... အဲဒါ စောစောကပဲ ကျွန်တော်ဖြေခဲ့ပြီးပြီလေ အန်တီ”

“ရတယ် မာမီ ... မိုး ဒီလောက်ပြောရင် ကျွန်တော်သဘောပေါက်ပြီ ... ကဲ မင်းပြောစမ်းမိုး ... ငါနဲ့ ချစ်ခြင်းပြိုင်ရဲ့ မင်္ဂလာပွဲကို မကွဲကွဲအောင်ခွဲမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေမင်းမှာရှိနေလို့ မာယာတွေနဲ့မင်းက ငါ့ကိုလှည့်စားခဲ့တာပေါ့ ...”

“ခင်ဗျားကြိုက်သလို ကျွန်တော့်ကိုစွဲချက်တင်ပါ ဦးမင်းသခင် ... ခင်ဗျား စွဲဆိုသမျှအရာအားတိုင်းကို ကျွန်တော်ခေါင်းငြိမ့်ဝန်ခံသွားမယ် ... ဟုတ်တယ် ... ခင်ဗျားကို ကျွန်တော်မုန်းတဲ့စိတ်နဲ့ ဒီခြံကြီးထဲကို ကျွန်တော်ရောက်လာတာ ...”

“မင်း ... မင်း တကယ်ရက်စက်တယ် သိလားမိုးရာ ... မင်း တကယ်ရက်စက်တယ်ကွာ ... ငါကတော့ အရာအားလုံး မင်းကိုယုံလိုက်ရတာ ... ခုတော့ ကြည့်ပါဦး ချစ်သူနဲ့နှစ်လောင်းပြိုင်သေခဲ့ရတဲ့ ငွေလရိပ်အတွက် ငါ့ကိုလက်စားချေဖို့ မင်းကရောက်လာခဲ့တာတဲ့ ...”

မင်းသခင် မိုးကို မကြည့်တော့ဘဲ မာမီဘက်ကိုချာခနဲလှည့်သည်။

“ကဲ ... အခုတစ်ခါတည်း မာမီ့ကိုကျွန်တော်ဝန်ခံပါရစေ မာမီ ... ကျွန်တော်မိုးကို မိန်းကလေးတစ်ယောက်မှန်းသိသွားတဲ့ အချိန်ကစပြီး အရမ်းချစ်သွားခဲ့လို့ ချစ်ခြင်းပြိုင်နဲ့ စီစဉ်ထားတဲ့ မင်္ဂလာပွဲကို ဖျက်လိုက်တာပါ ... ကျွန်တော် မိုးကို တကယ်ချစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ခုချိန်ထိလည်း မိုးကိုပဲ လက်ထပ်ဖို့ကျွန်တော်ဆုံးဖြတ်ထားခဲ့တယ် ... ဒီဆုံးဖြတ်ချက်ကိုလည်း ဘယ်လိုအကြောင်းမျိုးနဲ့မှ ကျွန်တော်ပြင်နိုင်မှာ မဟုတ်တော့လို့ မာမီတို့အားလုံး ကျွန်တော့်ကို ခွင့်လွှတ်ပေးကြပါ ... ကျန်တာကိုတော့ ကျွန်တော်နဲ့မိုးနဲ့ နှစ်ယောက်တည်း ဆက်ရှင်းမယ် ... ကဲ ... မင်း ငါ့ကိုပြောစမ်းမိုး မင်းရင်ထဲက နာကြည်းမှုတွေအတွက် မင်းကျေနပ်အောင် ငါဘယ်လောက်ထိ ပေးဆပ်ရမလဲ ...”

“ခင်ဗျား ... ခင်ဗျား တကယ်ပေးဆပ်မှာလား ...”

မိုးမေးလိုက်မိတာလည်း တကယ့်ကိုပြတ်ပြတ်သားသား။

“မင်းကို ငါပြောနေတာ ရှင်းရှင်းလေးပဲလေ ... မိုး ဒီအမုန်းတွေ ဒီအညိုးတွေ ဘဝအဆက်ဆက်ထိ ပါမသွားအောင် ဒီဘဝမှာပဲ ငါအကြေပေးဆပ်သွားချင်လို့ မင်းကိုမေးနေတာ ငါ့အသည်းတွေကို မင်းချွေဦးမလား ... ငါ့နှလုံးသားတွေကို ငွေလရိပ်ခံစားခဲ့ရသလို မီးလောင်တိုက်သွင်းချင်သေးလား ... အရေးကြီးတာ မင်းသိပ်ချစ်တဲ့ မမငွေလရိပ်အတွက် အနိုင်ယူခွင့်ရလိုက်လို့ ပျော်နေမယ့် မင်းမျက်နှာလေးကိုပဲ ... ငါက မြင်ချင်တာ ... ကဲ မင်းသတ္တိရှိရှိနဲ့ ပြတ်ပြတ်သားသား လိုချင်တာကို တောင်းဆိုပါ မင်းကျေနပ်အောင် ငါဘာလုပ်ပေးရမလဲ ...”

ဦးမင်းသခင် ဒီလိုပြောတော့ နာကြည်းစွာနဲ့ မိုးနှုတ်ခမ်းလေးက မဲ့သွားသည်။ မိုးဘာပြန်ဖြေမလဲဆိုတာလည်း အားလုံးက သိချင်နေကြတာ ဘယ်သူမှ မျက်တောင်မခပ်နိုင် ... ။

“ကျွန်တော် ... ကျွန်တော် မမငွေလရိပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ခင်ဗျားဆီက ... လက်ထပ်ခွင့်ကို ကျွန်တော်လိုချင်တယ်”

“ဘာ ... ဘာပြောတယ်”

“အဲဒါ ... ကျွန်တော်ရဲ့ နောက်ဆုံးအိပ်မက်ပါပဲ ... ခင်ဗျား





ရဲ့ ပန်းလေးမှာမှီပြီး ဒီအိပ်မက်လေးကိုသာ ကျွန်တော်မက်ခွင့်ရမယ်ဆိုရင် ကျွန်တော်ရဲ့နှလုံးသားတွေက နောက်ထပ်ဘဝပေါင်းများစွာ ခင်ဗျားကို ခွင့်လွှတ်သွားနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်”

“အဲဒီလက်ထပ်ခွင့်ကို ဘယ်မှာလုပ်ပေးရမှာလဲ ... ဆီဒိုးနားမှာလား ... ထရိုက်ဒါးမှာလား ...”

“မဟုတ်ဘူး ...”

“ဟင် ... ဒါဖြင့် ဘယ်မှာလဲ”

“ပြင်ဦးလွင်မြို့မှာ”

“ဘုရားရေ ...”

မင်းသခင်ကိုယ်တိုင် နှုတ်ခမ်းတွေဝိုင်းဟလျက် ဘုရားကိုပါ တ,လိုက်မိရပြီ။

ပြင်ဦးလွင်မြို့မှာတဲ့။ ကြားရသူအပေါင်း မိုးကိုကြည့်ကာ အသက်ရှူလိုက်ဖို့ကိုပင် မေ့နေကြသည်။

မင်းသခင်ပင်လျှင် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ မိုးလိုချင်တဲ့အဖြေကို ဘယ်လိုပြန်ပေးရမှန်းမသိ။ ဒေါ်ခန့်ဝင့်ထယ် ပင့်သက်ကိုချပြီး ခေါင်းကိုအဆက်မပြတ်ခါနေသည်။ မှူးကလည်း ဖြူဖျော့တုန်လှုပ်သွားတဲ့ မျက်ဝန်းကလေးနဲ့ မိုးကိုစိုက်ကြည့်နေတာ သေလုမျောပါး။ ထိုအချိန်မှာ ချစ်ခြင်းပြိုင်က တိတ်ဆိတ်ငြိမ်သက်ခြင်းတွေ အားလုံးကို ပထမဆုံးပေါက်ခွဲပစ်သည်။

“ဟွန်း ... ဘာလဲဟင် မိုး ... အဲဒီလို ပြင်ဦးလွင်မှာ မင်းက လက်ထပ်ဆိုချင်တယ်ဆိုတော့ ... မင်းမှာဘယ်လိုရည် ရွယ်ချက်တွေရှိနေလို့ ဒီလိုလုပ်ချင်နေရတာလဲ ... ကိုကို့ကို ဒီလိုမာယာတွေနဲ့ ဆွဲဆောင်ဖျားယောင်းပြီး အပြီးတစ်ခါတည်းသိမ်းပိုက် ဖို့ မင်းကြံစည်လိုက်တာလား မင်းမမ ငွေလရိပ်တုန်းက လိုင်းမြက်ထက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလိုမာယာတွေနဲ့ ပြင်ဦးလွင်ရောက်အောင် လှည့်စားခေါ်သွားခဲ့တာလေ ... တို့ရော ကိုကိုပါ နောက်ကနေ အတင်းလိုက်ခဲ့တာ ဘယ်လိုမှ ခွဲလို့မရတော့ဘူး ..."

"ဟား ... ဟား"

မိုးမျက်နှာလေးမှောကာ အရူးမလေးတစ်ယောက်လို အော်ရယ်ချမိပြီး ... ။

"မပြောပါနဲ့ မမချစ်ခြင်းပြိုင် ... အဲဒီအကြောင်းတွေကြားရတာ ကျွန်တော်ဘက်ကထပ်ပြီး ရင်နာနေရပါဦးမယ် ... ဘာလဲဟင် မမ ... အဖေအဖေ ဆွေမျိုးတွေ တစ်ယောက်မှမရှိတော့တဲ့ဘဝမှာ မာဆက်နဲ့ ကေတီဗွီမှာ ကျင်လည်ကျက်စားရန်းကန်ပြီး ဆယ်တန်းမအောင်သေးတဲ့ ညီမလေးတစ်ယောက်ကို တက္ကသိုလ်ရောက်အောင်ပို့ပေးခဲ့ရတဲ့ ကောင်မလေးတစ်ယောက်ဖြစ်နေလို့ သဘောမတူနိုင်ခဲ့တာလား ... မမရာ ဟား ... ဟား"

မိုးက နာကြည်းစွာ ဒီလိုရယ်နေတော့လည်း မင်းသခင်က မခံစားနိုင်ပြန်ပါ။

"မိုး ... မိုးနော် မင်းထင်တာတွေ တစ်ခုမှမဟုတ်ဘူးနော်" မင်းသခင် ဝင်ပြောလိုက်ပေမယ့် ...

ရယ်သံလေးက ပျောက်မသွားဘဲ ပိုလို့တောင် ကျယ်လာသည်။

"ဟား ... ဟား ... ကျွန်တော်ပြောတာကို မငြင်းနဲ့လေ သူဌေးမင်းရဲ့ ... အဆင့်အတန်း မတူလို့ မမချစ်ခြင်းပြိုင်ကိုယ်တိုင် အတင်းလိုက်ခွဲခဲ့တယ်ဆိုတာ ဝန်ခံနေပြီလေ ... သူဌေးမင်း ဘဝကံအကြောင်းမလှလို့ မာဆက်နဲ့ကေတီဗွီမှာ မလွှဲသာမရှောင်သာ အလုပ်ဝင်လုပ်ခဲ့ရပေမယ့် ခမ်းနားလှပတဲ့ဘဝရဲ့ အိပ်မက်တွေကို ရိုးသားစွာ သူတို့မျှော်လင့်ခဲ့ကြတာပါ ... ဒါကိုပဲ အတင့်အတန်းခြင်း





က မိုးနဲ့မြေလောက်ကြီးပဲကွာနေသလိုလို ... မတူမတန်ကွာခြားပြီး အထင်းသေးရှုံ့ချခြင်းများစွာနဲ့ နောက်ကနေ အတင်းလိုက်ခွဲခဲ့တော့ ဒီလိုရင်နာစရာအဖြစ်ဆိုးကြီးနဲ့ ကျွန်တော့်မမ ရှေ့လမ်းမှာ ဆုံခဲ့ရတာပေါ့ ..."

"ဒါတွေ ... ဒါတွေ မင်းဘာမှ ပြန်မပြောနဲ့တော့လေ မိုး အခု မင်းဘာလုပ်ချင်သလဲဆိုတာ မင်းငါ့ကိုပြော ..."

"သူဌေးမင်းနဲ့ ကျွန်တော် နှစ်ယောက်တည်း ပြင်ဦးလွင်ကို သွားမယ်"

"ဘယ် ... ဘယ်လို"

"ဟာ ... ကိုကိုနော် ဒီလိုနှစ်ယောက်တည်းသွားမှာ ချစ် ဘယ်လိုမှ သဘောတူ ခွင့်မပြုနိုင်ဘူး ... မိုးက ကိုကို့ကို မာယာကြီးတွေနဲ့ချည်ပြီး သူ့မမ ငွေလရိပ်အသေဆိုးနဲ့ သေခဲ့ရသလို ကိုကို့ကိုလည်း သူ့အသေသတ်တော့မှာ ..."

"ဟုတ်တယ် ကိုကို ... မှုုးလည်း မိုးကိုမယုံဘူး ... ကိုကို လိုက်မသွားပါနဲ့"

"ရတယ် ... မိုး ငါ့ကိုသတ်ရင် ဆယ်ခါပြန်အသေခံမယ်၊ ဦးချစ်စရာ ကျွန်တော့်ခရီးဆောင်အိတ်နဲ့ မိုးအဝတ်အစားအိတ်ကို ကျွန်တော့်ကားထဲ ခင်ဗျား တစ်ခါတည်းထည့်လိုက်ပါ ... အခုချက်ချင်း ကျွန်တော်ပြင်ဦးလွင်ကိုတက်မယ် ..."

"ဟာ ... ကိုကို ... မသွားပါနဲ့"

"ဘုရား ... ဘုရား"

ဒေါ်ခန့်ဝင့်ထယ်ကိုယ်တိုင်လည်း သားဖြစ်သူကိုမနိုင်ပါ။

သားတကယ်ချစ်နေတာက မိုးဆိုတဲ့ကောင်မလေး ... တော့ အမုန်းတွေ နာကြည်းမှုတွေနဲ့ ဒီဇာတ်လမ်းကို အဆုံးသတ်ပစ်ဖို့ သူတို့ပြင်ဦးလွင်ကို သွားကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုသွားရင် ချစ်တို့အားလုံး ကားတွေကိုယ်စီနဲ့ ကိုကို့နောက်ကို လိုက်လာကြမှာ ... ကိုကို့ကို ချစ်စိတ်မချဘူး ... မိုးက မာယာများတယ် ... ချစ်တို့ မျက်စိရှေ့ကနေ ခေါ်ထုတ်သွားပြီး သူမပေါင်းရတာနဲ့ပဲ ကားကိုချောက်ထဲထိုးချပြီး နှစ်လောင်းပြိုင်သေအောင် နာကြည်းချက်တွေနဲ့ မိုးကလက်စားချေတော့မှာ"

"ရတယ် ... ရတယ် ... အဲလို နှစ်လောင်းပြိုင်သေသွားတော့လည်း ဘဝတွေအားလုံးငြိမ်းချမ်းသွာတာပေါ့ ... ကဲ လာလေ မိုး ... အဲဒါ ကိုယ်မင်းကို သိပ်ချစ်လို့ မင်းယုံထားလိုက်စမ်းပါ"

မင်းသခင်ကိုယ်တိုင် မိုးကို ကားဆီလက်ဆွဲခေါ်လာတော့ တားမြစ်အော်ဟစ်လိုက်သံတွေက တိုက်ကြီးထဲမှာ ဆူဆူညံသွားသည်။

"ကိုကို ... မသွားပါနဲ့"

"သား ... မင်းသခင်"

မင်းသခင်ကလည်း အဲလိုမာနကြီးပါသည်။

ပေးဆပ်စရာရှိရင်လည်း အဲလိုပြတ်ပြတ်သားသား ပေးဆပ်လိုက်ချင်ပါသည်။ မိုးစွပ်စွဲခဲ့သလိုပြောမယ်ဆိုလျှင် ဒီဇာတ်လမ်းမှာ ကိုယ်က အဓိကတရားခံတစ်ယောက်ပဲလေ။ ငွေလရိပ်မှားနေတဲ့ အဆောင်ကိုလိုက်သွားပြီး ငွေအပုံလိုက်ပေးပြီး ခွဲဖို့ကြိုးစားခဲ့တာ ငွေပေးတာလက်မခံတော့ ဟိန်းဟောက်ခြိမ်းခြောက်ပြီး အထက်စီးကနေ ရင့်ရင့်သည်းသည်း ပြောခဲ့တာ ... ။

မိုးရယ် ... ။

ဒါတွေကို မင်းကသိနေတယ်ဆိုတော့ မင်းရင်ထဲမှာ နာကြည်းမှုတွေဟာ ကိုယ်မင်းကိုပြန်မပေးဆပ်မချင်း ဘယ်တော့မှ မမေ့ပျောက်နိုင်အောင် မင်းခံစားနေရတော့မှာပေါ့ ... ဒါကြောင့်မို့ မင်းကျေနပ်အောင် ကိုယ်ပြန်ပေးဆပ်ဖို့ မင်းခေါ်တဲ့ နောက်ကို





ကိုယ်လိုက်ခဲ့တာပါ ... ။

အခုလောက်ဆိုရင် ... ။

ပြင်ဦးလွင်တစ်မြို့လုံးမှာ ချယ်ရီတွေဖွေးဖွေးလှုပ်အောင် ပွင့်နေလောက်ပါပြီ။ ကိုယ့်ရဲ့အိပ်မက်ဆိုးတွေထဲမှာ ငွေလရိပ်ပြောသွားခဲ့တာက လွင့်မျောနေတဲ့ နှင်းတွေထဲမှာ ချစ်ခြင်းတွေရဲ့ မာယာတွေ ရှိနေတယ်တဲ့လေ ... ။

လွင့်မျောနေတဲ့ နှင်းတွေထဲက ချစ်ခြင်းတွေရဲ့မာယာတွေတဲ့ ... ။



www.burmeseclassic.com

www.burmeseclassic.com



လွင့်မျောနေတဲ့နှင်းတွေထဲက ... ချစ်ခြင်းတွေရဲ့မာယာ

♡♡♡♡♡♡♡♡♡♡

[illegible]



အခန်း ( ၁၇ )

ပြင်ဦးလွင်အတက်လမ်း ...

နှစ်ဆယ့်တစ်မိုင်အလွန် ... လမ်းဘေးတစ်နေရာ ...

"ဟာ ... သူ့ဌေးမင်း ဟိုမှာ ဟိုမှာ ဟိုအပင်တွေပေါ်မှာ ခရမ်းရောင်ရင့်ရင့် အပွင့်လေးတွေ အဆုပ်လိုက်အဆုပ်လိုက်ပွင့်နေတာ ... အဲဒါ ဘာပွင့်တွေလဲ ..."

"ဟွန်း ... အဲဒါ ချယ်ရီတွေလေ ..."

"ဘုရားရေ ... အဲဒါ ... ချယ်ရီတွေ ..."

မိုးမျက်ဝန်းလေးတွေ ဝိုင်းဟသွားသလို ချယ်ရီတွေပွင့်ပြီ ဆိုသည့် အသိကြောင့် မိုးရင်ထဲမှာ ထပ်ဆင့်လို့ နာကျင်သွားရတာ။ ဦးမင်းသခင် သိနိုင်ပါတော့မလား။ ခုတော့ ကားထဲကနေပဲ ချယ်ရီတွေကို မော့ကြည့်ကာ မိုးမျက်တောင်ရှည်လေးတွေက ပင့် ကော့လာလျက် ... ချယ်ရီပွင့်လေးတွေက မိုးကို အသက်ရှုမှားအောင် ဆွဲဆောင်နေသည်။

ကုမ္ပဏီကြီးက လက်ထောက်မန်နေဂျာ အန်တီသွယ်ပြောခဲ့တာက ... ပြင်ဦးလွင်ရဲ့ ဒီလိုချယ်ရီပွင့်ချိန်မှာ မမငွေလရိပ် သေခဲ့ရတာတဲ့ ... နှစ်ဆယ့်တစ်မိုင် တစ်ခုလုံးမှာလည်း မြူနှင်းတွေပိန်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်နေအောင်ကို ကျနေခဲ့တာတဲ့လေ ... ။

ဒီလို တွေးမိလိုက်ပြန်တော့ မိုးနှုတ်ခမ်းစွန်းလေး တစ်ဖက်က အလိုလိုလေးမဲ့ကွေးသွားရပြန်သည်။ တကယ်တော့ ရန်ကုန်ကနေ ပြင်ဦးလွင်ကို ထွက်လာခဲ့သည့် တလမ်းလုံးမှာ ဘာခံစားချက်မှ မရှိတော့သလို စတိုင်လ်ကလေးနဲ့ ရယ်လိုက်မောလိုက် စ,လိုက်နောက်လိုက်လုပ်ရင်း ပျော်ပျော်ရွှင်ရွှင်ကလေး မိုးလိုက်လာခဲ့တာပါ။

ဒါကိုပဲ မင်းသခင်ကိုယ်တိုင် မျက်လုံးလေးပြူးပြူးပြီး မိုးကိုကြည့်မိတာ ... ဘယ်နှစ်ကြိမ်ပင် ရှိသွားခဲ့ပြီလဲ ... မင်း ... မင်းဘာခံစားချက်မှ မရှိတော့တဲ့ စတိုင်လ်မျိုးလေးနဲ့တော့ ကိုယ့်ကိုအနိုင်မယူချင်ပါနဲ့မိုးရာ။

ကိုယ်မင်းကို မုန်းလို့မရတာ သိပ်ချစ်ခဲ့လို့ပါ။

မင်း ကိုယ့်ကို ဘယ်လိုမာယာတွေနဲ့ အကောင်းဆုံးလက်စားချေချင်သလဲ။ မင်းကိုယ်ကိုဘယ်လိုရက်စက်မှုမျိုးတွေနဲ့ မင်းချစ်တဲ့ မမငွေလရိပ်အတွက် တုန့်ပြန်တော့မှာလဲ ဒါကိုတော့ ကိုယ်သိပ်သိချင်ပါတယ် မိုးလရိပ်ရယ် ... ။

ဖြစ်နိုင်ရင် ဘယ်လိုမာယာမျိုးတွေနဲ့မှ ဟန်မဆောင်တော့ဘဲ ကိုယ့်ကို မင်းအနိုင်ယူဖို့အကောင်းဆုံး ပြင်ဆင်ထားလိုက်ပါတော့ မိုးရာ ... ။

ကားလေးက ကွေ့ကောက်သောလမ်းမဘက်ဆီမှာ တရိပ်ရိပ်ပြေးနေသည်။ ပြင်ဦးလွင်မြို့ဆီသို့ နီးကပ်လာပြီးဖြစ်၍ အအေးဓာတ်ကစိမ့်နေအောင်ထိကပ်လာ၏။ မိုးက ခုထိလည်း ယောကျ်ားလေး တစ်ယောက်လိုပင် အောက်မှာ ရှပ်အင်္ကျီလေး လက်ရှည်လေးတစ်ထည်ကို ဝတ်ထားပြီး အပေါ်မှာ ဂျင်းအင်္ကျီ ခပ်ပွပွတစ်ထည်ကို ကြယ်သီးတွေမတပ်ဘဲ ရင်ဘတ်လေးဟကာ သည်





အတိုင်းပဲ ထပ်ဝတ်ထားသည်။ အောက်မှာတော့ ကိုယ်ကြပ်ဘောင်းဘီရှည် အပြာနုရောင်ကလေးနဲ့ ... ။

ဘယ်အချိန်ပဲ ကြည့်လိုက် ကြည့်လိုက် နှုတ်ခမ်းကွေးကွေးလေးနဲ့ တစ်ယောက်တည်းပြုံးပြနေတဲ့ မိုးမျက်နှာလေးကိုကြည့်ကာ မင်းသခင်တစ်လမ်းလုံး အသည်းတွေယားလာခဲ့ရတာ အမှန်ပါပဲ။

"မင်း ... မင်း ငါ့ကိုလက်စားချေရတော့မယ်ဆိုပြီး ပျော်နေတာလားဟင်မိုး ... မင်းသိပ်ရောက်ချင်နေတဲ့ ပြင်ဦးလွင်ကို မကြာခင်ရောက်တော့မှာပါ ... ခဏလေးပဲစောင့် ဟုတ်ပြီလား ... "

ကားမောင်းရင်း မခံချင်စိတ်ကလေးဖြင့် မင်းသခင်ပြောမိသည်။ တလမ်းလုံးလည်း မင်းသခင်ကပဲဦးဆောင်ပြီးမောင်းလာတာပါ။ ကျောက်ဆည်အဝင်က တိုးဂိတ်နားကိုရောက်တော့မှောင်လာပြီမို့ ကားလော့တွေချပြီး ကားထဲမှာပင် စိတ်ပျက်လက်ပျက်နှင့် အိပ်ချလိုက်တာ မနက်မိုးလင်းတော့မှပဲ ပြင်ဦးလွင်အရောက် သူဆက်မောင်းလာခဲ့တာဖြစ်သည်။

ခုတော့ ... ပြင်ဦးလွင်ကို မကြာခင်ရောက်တော့မည်။

ချယ်ရီပွင့်တွေကလည်း သူတို့နှစ်ယောက်ကို ရင်နင့်ကြေကွဲစွာစောင့်ကြိုနေခဲ့ကြပြီ ...။ ကားလေးကတော့ ပြင်ဦးလွင်အတက် လမ်းမကြီးပေါ်မှာ တရိပ်ရိပ်ပြေးနေဆဲ ... ။

"ဟင် ... "

တလမ်းလုံးရွှင်လာတဲ့မိုးက သူပြောတာကို ပြန်မပြောဘဲမျက်နှာလေးက ငိုင်ကျနေတာမို့ မင်းသခင်ရင်ထဲမှာ ထိတ်သွားသည်။ မိုးမျက်နှာလေးကိုလည်း သူဖျတ်ခနဲလှည့်ကြည့်မိ၏။

"ငါ ... ငါ ... ပြောတာ မင်းကြားရဲ့လားဟင်မိုး ... မင်းသိပ်ကို သွားချင်နေတဲ့ ပြင်ဦးလွင်ကို ရောက်တော့မယ်လို့ ငါပြောနေတယ်လေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... သူဌေးမင်းပြောတာကို ကျွန်တော်ကြားပါတယ် သူဌေးမင်းရာ ကျွန်တော် ကျွန်တော် ပြင်ဦးလွင်ကိုရောက်လာပြီ ဆိုတော့မှ မမငွေလရိပ်ကို သတိရပြီး ကျွန်တော်အရမ်းငိုချင်လာတယ် ... ကျွန်တော် မမြင်နိုင်လို့ မသိနိုင်ပေမယ့် အဖြူရောင်ဝမ်းဆက်ကလေးဝတ်ပြီး ဒီလမ်းဘေးတစ်နေရာကနေ ကျွန်တော့်နောက်ကို မမငွေလရိပ်ပြေးလိုက်လာနေသလို ကျွန်တော်ခံစားနေရတယ် ... အဟင့်"

"ဟောဗျာ ... "

စကားပြောရင်း မိုးမျက်ရည်ကျရပြီ ... ။

မိုးက နောက်ထပ်လည်းစကားတစ်လုံးမှ မပြောတော့ဘဲ ငိုလာတာ အနီးစခန်းနားက ပန်းဆိုင်တန်းလေးတွေအနားကို ရောက်လာတဲ့ အထိပဲဖြစ်သည်။ မိုးဒီလို ငိုနေတော့လည်း မင်းသခင် စိတ်မကောင်းပါ။

"မိုးရာ ... မင်းရဲ့ အဲဒီလိုရှိုက်သံလေးတွေကို ငါမကြားပါရစေနဲ့ ... မင်းရဲ့ ရှိုက်သံတွေဟာ ငါ့နှလုံးသားတွေကို အပ်ဖျားချွန်ချွန်လေးနဲ့ ထိုးစိုက်နေသလို ငါခံစားနေရတယ် ... ဖြစ်ခဲ့တာတွေ အားလုံးအတွက်လည်း ငါ မင်းကိုတောင်းပန်တယ် ... ပြောပါ မင်း ကျေနပ်အောင် ငါဘယ်အထိ ပေးဆပ်ရမလဲ ... "

သူ ကြေကွဲစွာ ပြောမိသည်။

"ကျွန်တော် ... ကျွန်တော် မမငွေလရိပ်အတွက် ဘယ်လိုမှ ဖြေလို့မရလို့ ငိုတာလေ ... သူဌေးမင်းရဲ့ ချယ်ရီပွင့်တွေကြားမှာ မမငွေလရိပ်ရဲ့ အပြုံးလေးကို ကျွန်တော်တွေ့နေရတယ် ... ချယ်ရီပွင့်တွေခင်းထားတဲ့ လမ်းပေါ်မှာ မမငွေလရိပ်တစ်ယောက်တည်း လမ်းလျှောက်နေတာကို ကျွန်တော်မြင်နေရတယ် ... ကျွန်တော့် မမငွေလရိပ်ကို သူဌေးမင်းတော်တော်ရက်စက်ခဲ့တာပဲဗျာ ... "





တဖြုတ်ဖြုတ်ကြွေဆင်းလာသည့် မိုးရဲ့မျက်ရည်လေးတွေက ... သူ့ မျက်နှာကို လက်သီးချက်ပြင်းပြင်းကလေးနှင့် အဆက်မပြတ် ထိုးနှက်နေခဲ့သလို သူဘာမှမမေးတော့ မပြောတော့ဘဲ ကားကိုသာ ဂရုစိုက်ပြီး ဆက်မောင်းလိုက်တော့ ကားလေးက ပြင်ဦးလွင်ကို မနက်ဆယ့်တစ်နာရီလောက်မှာပဲ ရောက်သွားသည်။

သူရွေးချယ်လိုက်တဲ့ Gust House လေးရဲ့နာမည်က ...

ဂန္ဓမာမြိုင်တဲ့ ... ။

သိပ်ကို အေးချမ်းတိတ်ဆိတ်လွန်းတဲ့ Gust House လေးပါပဲ။

အမှန်တိုင်းပြောရမယ်ဆိုရင် ...

သူနဲ့ ချစ်ခြင်းပြိုင် အသည်းအသန်လိုက်လာလို့ ဒီဂန္ဓာမြိုင် Gust House လေးကနေ လင်းမြတ်ထက်နဲ့ ငွေလရိပ်တို့နှစ်ယောက် မနက်လင်းအားကြီး အချိန်မှာပဲ ပြိုင်ကားအနီးရဲရဲလေးနဲ့ ဆင်းပြေးခဲ့ကြရတာလေ ... ။

ကံဆိုးချင်တော့ ဒီဂန္ဓာမြိုင်ကို သူတို့ထက်ဦးအောင် ကြိုတင်ရောက်နှင့်နေသူတွေက ချစ်ခြင်းပြိုင်ဦးဆောင်တဲ့ မာမီတို့အဖွဲ့။ ဦးချစ်စရာလည်းပါသလို ချစ်ခြင်းပြိုင်ရဲ့တပည့်မလေး ပုသိမ်သူဆုဆုကလည်း မျက်လုံးလေးကလယ်ကလယ်နဲ့ သူကတော့ ချက်ခြင်းသိလိုက်ပါသည်။ သူတို့နှစ်ယောက် ကျောက်ဆည်နားက တိုးဂိတ်မှာ ကားထိုးရပ်ပြီး အိပ်ပျော်နေစဉ်မှာ သူတို့ကားကို မမြင်ဘဲ ... နောက်က လိုက်လာတဲ့ကားတွေ ပြင်ဦးလွင်ရောက်အောင် ဒရေသောပါး မောင်းသွားလို့ အရင်ရောက်သွားကြတယ်ဆိုတာ။

သူတို့ကိုမြင်တော့ မိုးမျက်တောင်လေးတွေပင့်လျက်။

"ကိုကိုနော် ... ကိုကို့ကို စိတ်မချလို့ ကားနှစ်စီးနဲ့ မှူးတို့တစ်ညလုံးမောင်းပြီးလိုက်လာကြတာ ကိုကိုဒီဂန္ဓာမြိုင်ကို သေချာပေါက်လာမယ်ဆိုတာသိလို့ ဒီကနေပဲ ကြိုစောင့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မှုူးက မိုးကိုမျက်စောင်းလေးဝဲကာ မသိမသာလေးလှမ်းကြည့်ရင်း လက်ပိုက်မဖြုတ်ပဲ သူ့ကိုကို ကို ပြောသည်။ သူတို့ကိုမြင်မှ မိုးရဲ့ခံစားချက်တွေ ပိုလို့မြင့်တက်သွားခဲ့ရပြီ။ မိုးဘာမှ မပြောတော့ဘဲ ဦးချစ်စရာခေါ်ရာနောက်ကို လိုက်သွားတော့ ဂန္ဓမာမြိုင်ရဲ့ အပေါ်ထပ် ထိပ်ဆုံးဒေါင့် အခန်းကျယ်ကြီးထဲကို ရောက်သွားသည်။

ရောက်သွားတော့မှ ဦးချစ်စရာက မိုးကိုမရဲတရဲကြည့်ကာ

"မိုးရာ ... မင်း ... မင်းတော်တော်ဟန်ဆောင်ကောင်းတယ် ... သိလားကွာ ... မင်းကို မိန်းကလေးမှန်းသိသွားတဲ့အချိန်မှာ ငါတောင်တော်တုန်လှုပ်သွားတယ် ... မင်း ... မင်းကို ငွေလရိပ်ရဲ့ ညီမလေးတစ်ယောက်ဖြစ်နေလိမ့်မယ်ဆိုတာ ငါတို့ကလုံးဝမထင်ထားခဲ့တာ ... မင်းကိုစိတ်မချဖြစ်ပြီး တို့အားလုံး နောက်ကလိုက်ခဲ့ကြတာလေ ... မှုူးတို့ ချစ်ခြင်းပြိုင်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ လင်းမြတ်ထက်နဲ့ ငွေလရိပ်ကိုခွဲခဲ့သလို မင်းနဲ့မင်းသခင်ကိုလည်း မရှရအောင် သူတို့ကခွဲတော့မှာ ..."

"ဗျာ ... ကျွန်တော်နဲ့ ဦးမင်းသခင်ကို သူတို့ကခွဲတော့မှာဟုတ်လား ... ဟင်း ... ဟင်း ... ကျွန်တော် ... ကျွန်တော်က ဒီပြင်ဦးလွင်မှာပဲ သူဌေးမင်းနဲ့နှစ်ဦးသဘောတူ လက်ထပ်တော့မှာ၊ အရှင်းဆုံးပြောရမယ်ဆိုရင် ကျွန်တော် ဦးမင်းသခင်ကို ချစ်လည်းချစ်တယ် မုန်းလည်းမုန်းတယ် ..."

"ဟေ ..."

မိုးပြောနေတာလေးကိုနားထောင်ပြီး ဦးချစ်စရာ မျက်လုံးပြူးရပြီ ... မိုး ... မိုးက ဦးမင်းသခင်ကို ချစ်လည်းချစ်သလို မုန်းလည်းမုန်းသတဲ့။

"ကျွန်တော့်ကို ကျွန်တော့်ကို မိန်းကလေးတစ်ယောက်မှန်း





မမျှော်လင့်ဘဲ သိသွားချိန်ကတည်းက သူ့ဆီက အချစ်တွေကိုကျွန်တော်ရခဲ့တာပါ ... ကျွန်တော်ကလည်း အမုန်းနဲ့ဦးမင်းသခင်ကို လက်စားချေချင်လို့လာခဲ့ပေမယ့် တကယ်တမ်းထိတွေ့ပတ်သက်ကြည့်တော့ အဆင့်အတန်း မခွဲခြားတတ်တဲ့ ဦးမင်းသခင်ရဲ့ ဖြူစင်တဲ့စိတ်ဓာတ်နဲ့ နှလုံးသားကို ကျွန်တော်ရှာတွေ့လိုက်တယ် သူ့ရဲ့အကြင်နာတွေ အယုအယတွေအောက်မှာ ရုန်းထွက်လို့မရနိုင်ခဲ့တာ ကျွန်တော်သိပ်ကို ညှို့ဖျင်းခဲ့လို့လားဟင် ... ဦးလေးချစ်ကျွန်တော်လေ ကျွန်တော် မလွှဲသာလို့သာ ယောကျ်ားလေးတစ်ယောက်လို ဟန်ဆောင်လာခဲ့ရပေမယ့် ကျွန်တော့်နှလုံးသားတွေက ကျွန်တော့်နှလုံးသားတွေက ..."

မိုး ခေါင်းငိုက်ချကာ အသံလေးကပါ တိမ်ဝင်သွားရလျက်။

"ဘာ ... ဘာပဲပြောပြောလေ မိုး ... ငွေလရိပ်နဲ့ပတ်သက်ပြီး မင်းဘယ်လောက်နာကြည်းခဲ့ရမလဲဆိုတာ ဦးလေးချစ်လည်း ခံစားလို့ရတယ် ... ပြီးတော့ ဒီခံစားချက်တွေဆိုတာလည်း ရင်ဘတ်ထဲကနေ လာခဲ့ရတာ ... မိမဲ့ဖမဲ့ ဆွေမျိုးမဲ့နေခဲ့လို့ ညီမလေးကို သူများအိမ်သူများခြံမှာ ထားခဲ့ပြီး ... ရန်ကုန်မှာ မလုပ်ချင်တဲ့ အလုပ်တွေ ညီမလေးနောင်ရေးအတွက် လာလုပ်ခဲ့ရတဲ့ ငွေလရိပ်ရင်ထဲမှာ ကျန်ခဲ့တဲ့ ညီမလေးအတွက် ဘယ်လောက်ရင်ကွဲခဲ့ရလေမလဲ ... ခုတော့ တစ်ယောက်က အသေးဆိုးနဲ့သေခဲ့ရတယ် ... တစ်ယောက်က အထင်သေးရှုံ့နေတဲ့ မျက်ဝန်းအကြည့်တွေအောက်မှာ မင်းအတွက် ဦးလေးချစ်သိပ်ဝမ်းနည်းတယ်သိလား၊ မိုး ... မင်းကို ဦးလေးချစ်တစ်ခုပဲ တောင်းပန်ချင်တာက ဒီဇာတ်လမ်းကို အမုန်းတွေ မျက်ရည်တွေနဲ့ ငွေလရိပ်တုန်းကလို ဇာတ်မသိမ်းထားခဲ့ပါနဲ့လို့ ..."

"မယုံရင် စောင့်ကြည့်လိုက်လေ ... ဦးလေးချစ် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသခင်ကို ပြင်ဦးလွင်ရောက်အောင်ခေါ်လာတာ အရှက်မရှိတဲ့ မျက်နှာနဲ့ လက်ထပ်ချင်လို့ ခေါ်လာခဲ့တာမဟုတ်ဘူး … ကိုယ့်ကို အထင်သေးရှုံ့ချသလို ကြည့်နေတဲ့ မျက်ဝန်းအကြည့်တွေအောက်မှာ ကျွန်တော်ဆိုတဲ့ မိုးလရိပ်က မျက်ရည်စက်လက်နဲ့ အသနားခံသွားမယ်လို့ ဦးလေးချစ်ထင်နေလို့လား … ကျွန်တော်ခေါ်လာတာ ဖြူစင်ရိုးသားပြီး အဆင့်အတန်းမခွဲခြားတတ်တဲ့ ဦးမင်းသခင်ကိုယ်တိုင်က ကိုလင်းမြတ်ထက်နဲ့ မမငွေလရိပ်ကို ဒီလိုနှစ်လောင်းပြိုင်သေခဲ့ရတဲ့အထိ ဘာဖြစ်လို့ သဲကြီးမည်းကြီးလိုက်ခွဲခဲ့ရသလဲဆိုတာ ခံစားချက်အမှန်ကိုသိချင်လို့ ခေါ်လာတာ … အဲဒီအဖြေဟာ ဦးမင်းသခင်ရဲ့ရင်ထဲမှာ သေချာပေါက်ရှိနေမယ်ဆိုတာ ကျွန်တော်ယုံတယ်”

“တော်တော့ … မိုး … မင်းဆက်မပြောနဲ့တော့ မင်းပြောတာတွေ အကုန်လုံး ငါကြားတယ် … ”

“ဟင် … သူဌေးမင်း … ”

ဦးမင်းသခင်က အခန်းတံခါးကိုဖွင့်ရင်း မှဲ့ပြုံးကလေးနဲ့ ဝင်လာခဲ့ပြီ … ။

“ငါကလည်း ရွှေခြေနင်းနဲ့ စကြာယာဉ်ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ မင်းသခင်ပဲလေ … မိုးရဲ့ … ငါတို့ခြံထဲကို မင်းစ,ရောက်လာတဲ့ နေ့ကတည်းက မင်းကို မိန်းကလေးတစ်ယောက်ဆိုတာ ငါက သိခဲ့ပြီးသား … ”

“ဗျာ … ”

မိုးမျက်တောင်လေးကော့သွားသလို … တစ်ဆက်တည်းမှာပင် နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်က ဟွန့်ခနဲနေအောင် လိုက်မဲ့သွားသည်။

“ဘယ်လောက်ထိ သိသလဲဆိုရင် မင်းကို ငွေလရိပ်ရဲ့





တစ်ဦးတည်းသော အချစ်ဆုံးညီမလေး မိုးလရိပ်ဆိုတာကအစ ငါက သိနေခဲ့ပါတယ်ဆိုရင် မင်းလက်ခံနိုင်မလား … ဟင် မိုးလရိပ်”

ကြည့်စမ်း … ။

မမငွေလရိပ်ရဲ့ တစ်ဦးတည်းသော အချစ်ဆုံးညီမလေး မိုးလရိပ်ဆိုတာကအစ ဦးမင်းသခင်က အံ့သြဖို့ကောင်းစွာ သိနေခဲ့သတဲ့။ ဘယ်လိုသိတာလဲဟင် … သူဌေးမင်း ဒီလိုသိနေတာကိုတော့ ကျွန်တော်အရမ်းအံ့သြတယ် … ကျွန်တော် မယုံနိုင်ဘူးဗျာ။

ဦးချစ်စရာကလည်း လက်ကလေးနောက်ပစ်ရပ်ကာ နှုတ်ခမ်းလေးတွေက ဝိုင်းဟလျှက် ဦးမင်းသခင်က အပီအပြင်လေးပြုံးလျှက် လက်ထဲက ကားသော့ကို စားပွဲလွတ်တစ်လုံးပေါ်ကို ဒေါက်ခနဲလှမ်းပစ်တင်သည်။ ဘာကိုမှ ဂရုမစိုက်တဲ့သဘောပါ။ နိုင်မာသော ဆုံးဖြတ်ချက်တစ်ခုက သူ့နှလုံးသားထဲမှာ အတိအကျစွဲနစ်ဝင်နေပြီဆိုတဲ့ သဘော … ။

အရပ်က မြင့်တော့ သူ့ကိုပင် မိုးမနည်းမော့ကြည့်နေရသည်။

သူကလည်း မိုးလိုပင် နှုတ်ခမ်းလေးမဲ့လျှက် … ။

“ဟွန်း … ဟောဒီမှာ မင်းကြည့်လိုက် … ဒါ ဘယ်သူ့ဓာတ်ပုံလဲဆိုတာ … ”

သူ့လက်ဆွဲအိတ်ကို ဆွဲဖွင့်ပြီး ထုတ်ပေးလိုက်တဲ့ဓာတ်ပုံလေးကိုကြည့်ကာ မိုး အသက်ရှူမှားခဲ့ရပြီ။ ဓာတ်ပုံလေးက မမငွေလရိပ်နောက်ဆုံးတစ်ခေါက် ပုသိမ်ကိုရောက်လာစဉ်မှာ နှစ်ယောက်အတူတွဲပြီး မြံတံခါးဝမှာ အမှတ်တရရိုက်ထားတဲ့ဓာတ်ပုံလေးပါပဲ။

“ဒါ … ဒါ”

မိုးမယုံနိုင်ပါ။

ဒီဓာတ်ပုံလေး ဦးမင်းသခင်လက်ထဲကို ရောက်နေတာ[illegible]ပ်မက်တစ်ခုလို မိုးခံစားလိုက်ရသည်။ ဒါကို ဦးမင်းသခင်ဘယ်လိုရခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။

“ဟား … ဟား … ဒီဓာတ်ပုံလေးကိုမြင်လိုက်လို့ မင်းသိပ်ကို အံ့ဩသွားခဲ့ပြီလားဟင် … မိုး … ဒါ … ဒါ ဒီဂန္ဓာမာမြိုင်မှာ နှစ်ယောက်အတူတည်းရင်း လင်းမြတ်ထက်နဲ့ ငွေလရိပ် ကတိုက်ကရိုက်နဲ့ ကားပေါ်ပြေးတက်သွားချိန်မှာ ငွေလရိပ်အိတ်ထဲကနေ လွှင့်စင်ကျကျန်ခဲ့တဲ့ ဓာတ်ပုံလေးပါ … ဒါကို ဒီဂန္ဓာမာမြိုင်ရဲ့ တာဝန်ခံ ဦးသိန်းက ငါ့လက်ထဲကိုအပ်ခဲ့တာလေ … ဦးသိန်းပြောတာက ငွေလရိပ်ဆိုတဲ့ ကောင်မလေးက သူ့ကိုရင်ဖွင့်သွားတယ်ဆိုတဲ့အကြောင်း … သူ့မှာ သိပ်ချစ်တဲ့ မိုးလရိပ်ဆိုတဲ့ ညီမလေးတစ်ယောက် ပုသိမ်မှာကျန်ခဲ့တဲ့အကြောင်း … ကမ္ဘာတလောကလုံးမှာ ဆွေမဲ့မျိုးမဲ့ဘဝနဲ့ ကျန်ခဲ့ရတဲ့ သူ့ညီမလေးအတွက် စိတ်မချတဲ့အကြောင်း … ”

ပြောလက်စ စကားကိုခဏဖြတ်ပြီး မိုးကို ဦးမင်းသခင် ချာခနဲလှည့်ကြည့်သည်။ မိုးကတော့ ရင်တွေတထိတ်ထိတ်ခုန်လာရလျှက် … ။

အဲလိုပြောတော့ ဘာဖြစ်သတဲ့လဲဟင် … ဦးမင်းသခင်။ ဒီဓာတ်ပုံလေးကြောင့် ဦးမင်းသခင်ရင်ထဲမှာ ကြေကွဲဆို့နင့်ခဲ့ရပါတယ်လို့ ကျွန်တော့်ကို လျှောက်လဲချက် ပေးချင်တာလား … ။

“ပြောရမယ်ဆိုရင် ဒီဓာတ်ပုံလေးကို မြင်လိုက်ရတဲ့အချိန်မှာ ငါ့ရင်ထဲမှာ အကြီးအကျယ်တုန်လှုပ် ထိခိုက်ခဲ့တယ်ဆိုရင် … မင်းယုံနိုင်မလားဟင်မိုး … ဦးသိန်းကိုယ်တိုင် ငါ့ကိုရှင်းပြခဲ့တာ … ငွေလရိပ်မှာ ပုသိမ်က သူများအိမ် သူများခြံမှာ အခိုင်းခံအစေခံဘဝလေးနဲ့ ထားခဲ့ရတာရယ်တွေအားလုံး ငွေလရိပ်က သူ့ကို ပြောပြသွားခဲ့တာတဲ့ … ဒါကြောင့်မို့လည်း ငွေလရိပ်ဆုံးသွားပြီးလို့ တစ်လအကြာမှာ ဒီဓာတ်ပုံလေးကိုကိုင်ပြီး ပုသိမ်မှာကျန်ခဲ့တဲ့ ငွေလရိပ်ရဲ့





အချစ်ဆုံးညီမလေး မိုးလရိပ်ကို ငါလိုက်ရှာခဲ့ပါတယ် … ငါစုံစမ်းရင်းတွေ့လိုက်ရတာက အရိုက်ခံ၊ အနှက်ခံ၊ အအော်ခံ၊ အငေါက်ခံပြီး ခြံကြီးတစ်ခြံထဲမှာ အောက်ခြေသိမ်း အလုပ်တွေလုပ်နေရတဲ့ မိုးလရိပ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ရင်ထဲနင့်သွားအောင် ငါတွေ့လာခဲ့ရတာလေ … တွေ့တွေ့ချင်းမှာပဲ အဲဒီကောင်မလေးကို ငါသိပ်ချစ်သွားခဲ့သလို တခမ်းတနားလာပြီး တောင်းယူလက်ထပ်ဖို့အထိ ငါရည်ရွယ်လိုက်မိတယ် … ”

“ဗျာ … သူဌေး … သူဌေးမင်းက ကျွန်တော့်ကို ဟုတ်လားဗျွန်း … ”

မိုးနှုတ်ခမ်းလေးက မယုံနိုင်သလိုမဲ့သွားကာ လက်ကလေးပိုက်ပြီး ပြတင်းပေါက်တွေဘက်ကို မျက်နှာမူကာလှည့်ရပ်သည်။ မိုးက မယုံနိုင်ပေမယ့် သူက ဓာတ်ပုံအထောက်အထားတွေနဲ့ပါ တစ်ခုချင်းရှင်းပြနေတာလေ … မိုးကို လက်ထပ်ယူဖို့အထိတောင် သူက ရည်ရွယ်ခဲ့သေးသတဲ့ … ။

သူ့မျက်ဝန်းတွေကို မိုးအသေအချာ စူးစိုက်ကြည့်တော့လည်း မိုးအတွက် သံသယဖြစ်စရာ အရိပ်တွေက သူ့မျက်ဝန်းထဲမှာ မရှိဘဲ … တည်တင်းလေးနက်သော မျက်နှာတစ်ခုကသာ မိုးကို ယုံကြည်ခြင်းတစ်ခုဆီရောက်အောင် ဆွဲဆောင်သွားခဲ့သည်။

“ဘာလဲဟင် … မိုး … ငါပြောတာကို မင်းမယုံလို့လား၊ မင်းမှတ်မိအောင် ငါပြန်ပြောရမယ်ဆိုရင် ငါ့မှာ ချစ်ခြင်းပြိုင် မဟုတ်တဲ့ တခြားလက်ထပ်ဖို့ ရည်စူးထားတဲ့ကောင်မလေး တစ်ယောက်ရှိနေတယ်ဆိုတာ မင်းကိုငါ တမင်ရည်ရွယ်ပြီး ပြောပြခဲ့ဘူးသေးတယ်လေ … ”

သူပြောပြလိုက်မှ တခါတုန်းက ဦးမင်းသခင်ပြောခဲ့ဖူးတာကို မိုးပြန်သတိရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရာ ... ငါဒီလောက်ချစ်ခဲ့တာကိုတောင် အမုန်းတွေ အညှိုးတွေနဲ့ ငါ့ကိုစိတ်အနှောင့်အယှက်ပေးဖို့ ယောကျ်ားလေးဟန်ဆောင်ပြီး ငါ့နောက်ကို မင်းလိုက်လာခဲ့သေးတယ်နော် ... ငါကလည်း ဒါကို မသိချင်ဟန်ဆောင်ပြီး မင်းနဲ့ရင်းနှီးမှုတွေရအောင် ငါဖန်တည်းခဲ့တယ် ... မင်းရင်ထဲက အမုန်းတွေပြေပါစေတော့ရယ်လို့လည်း ... မင်းဆီက အချစ်ကိုတောင်းပြီး ... ချစ်ခြင်းပြိုင်နဲ့ လက်ထပ်ပွဲကို ငါကိုယ်တိုင်ဖျက်ဆီးပစ်ခဲ့တယ် ... ပြောရရင် မင်းကို ဘယ်လိုအရာမျိုးနဲ့မှ မလဲနိုင်အောင် ငါချစ်သွားခဲ့တာလေ ... "

သူပြောရင်း ... သူမလေးနှင့်အနီးဆုံးရောက်အောင် တိုးရွှေ့ရပ်သည်။

ပြီးတော့ သူမလေးရဲ့ ပခုံးပေါ်ကို လက်တစ်ဖက်လှမ်းတင်တော့ ...

"မိုး ... "

"ဟင့်အင်း ... ကျွန်တော့်အသားကို ခင်ဗျားမထိနဲ့"

လှည့်မကြည့်ဘဲ လက်ကိုဖယ်ချကာ မသေမသပ်ဖြစ်ချင်နေသည့် အင်္ကျီစ,တွေကို မိုးကဆွဲဆန့်ပြီး ပြတင်းပေါက်နှင့်ပိုနီးအောင် ရွေ့တိုးရွှေ့ရပ်သည်။

"ငါပြောနေတာကို မင်းနည်းနည်းလေးတော့ သည်းခံပြီး နားထောင်ပါဦးမိုးရာ ... "

"မထောင်နိုင်ဘူး ... "

"မထောင်နိုင်ရင်လည်း ငါ့ဘက်ကိုတော့ မင်းမျက်နှာလေး လှည့်ပါကွာ ... ငါ့ရင်ထဲမှာ မင်းကိုပြောပြချင်တဲ့စကားတွေ အများကြီးရှိနေလို့ ငါပြောနေတာ ... လှည့်ပြီးတော့မှ မင်းမကျေနပ်ရင် ငါ့ကို ကြိုက်သလို အပြစ်ပေးလိုက်လေ ... ဟုတ်ပြီလား"

မိုးတစ်ကိုယ်လုံးကို မလှည့်ဘဲ လည်တိုင်လေးပဲစောင်းကာ





နောက်ပြန်လေးငဲ့ကြည့်သည်။

"ကျွန်တော်က အပြစ်ပေးရမယ်ဟုတ်လား ... အဲလို အပြစ်ပေးရင် ကျွန်တော်ခံစားခဲ့ရသမျှ အရာတွေအားလုံးကြေမှာလား ဦးမင်းသခင် ... ခုလည်း ကျွန်တော်လိုက်လာတာကို သိပါလျှက်နဲ့ ထောင်ချောက်ကိုဖွင့်ထားပေးပြီးတော့မှ ကျွန်တော့်ကို ရိုက်ချိုးအပြစ်ပေးခဲ့တာ မမငွေလရိပ်က ကိုလင်းမြတ်ထက်ကို အသက်ပေးပြီး ချစ်သွားခဲ့သလို ... ခင်ဗျားက လှည့်စားမှုတွေနဲ့ ကျွန်တော့်တစ်ကိုယ်လုံးကို သိမ်းပိုက်ခဲ့တယ် ... ရှုံးပါတယ် ခင်ဗျားရဲ့စေလိုရာစေခဲ့သမျှ ချွေချမှုတွေအောက်မှာ ကျွန်တော်ရော ... မမငွေလရိပ်ပါ ရှုံးခဲ့တယ် ... "

မိုးအသံလေးက လှိုက်တုန်လာသလို မျက်လုံးတွေကို စုံမှိတ်ချလျှက် ခေါင်းကလေးကိုခါလိုက်ရတာလည်း ပူလောင်ခြင်းတွေကတစ်ကိုယ်လုံးကို ကူးစက်လာလို့ပါ။

သူအမှန်အတိုင်းဝန်ခံလိုက်မိတာဟာ မိုးရဲ့နုနယ်တဲ့ နှလုံးသားလေးကို အနာတရလေးနဲ့ ဒဏ်ရာနက်နက်လေးတွေ ရသွားစေခဲ့လို့လား။ သူကတော့ ရင်ထဲမှာရှိနေတဲ့စကားတွေကိုပဲ မချွင်းမချန်ပြောလိုက်မိသည်။

ခြံထဲကို မိုးရောက်လာခဲ့ချိန်မှာ အံ့သြရခြင်းတွေနဲ့အတူ သူမလေးလက်စားချေတော့မယ်ဆိုတာကိုပါ သိလိုက်ရတော့ နှုတ်ခမ်းလေးမဲ့ပြီးတော့တောင် မင်းသခင်ပြုံးခဲ့မိရသေးသည်။ သို့သော် တကယ်တမ်းကျတော့ ယောကျ်ားလေးဟန်ဆောင်ထားတဲ့မိုးကို နက်ရှိုင်းခိုင်မာသော ချစ်ခြင်းတို့ဖြင့် သူချစ်သွားခဲ့မိ၏။

မိုးရောက်လာတဲ့ ဒီတစ်လကျော်ကျော်အတွင်းမှာ မိုးစိတ်ကိုလည်း သူအမျိုးမျိုးစမ်းခဲ့သည်။ ချစ်ခြင်းပြိုင်ကို တကယ် လက်ထပ်တော့မယ့် အရိပ်အယောင်တွေပြကာ မိုးစိတ်ကိုစမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မိုးနှလုံးသားထဲက နာကြည်းချက်တွေ ရှင်သန်လာခဲ့ကာ ချစ်ခြင်းပြိုင်နဲ့ မင်္ဂလာပွဲကို မိုးကပဲဖျက်ခဲ့တာလေ။

သူ့ကို တကယ်မချစ်ဘဲ ချစ်ဟန်ဆောင်ကာ ပွဲကိုဖျက်ဖို့ ကြိုးစားခဲ့တဲ့မိုး ... မိုးသူငယ်ချင်း ဆုဆုက ဒီအကြောင်းတွေ မမျှော်လင့်ဘဲ ဖော်ထုတ်လိုက်ချိန်မှာ မိုးဝန်ခံခဲ့တာလေးက သူ့နှလုံးသားတွေအားလုံးကို ရိုက်ချိုး ချေမွပစ်လိုက်သလို အသွေးတွေအသားတွေ အသိဉာဏ်တွေအားလုံး ထုံထိုင်းလွင့်စင်သွားခဲ့သည်။

"မင်း ... မင်းငါ့ကို လှည့်စားခဲ့တယ်လို့ မပြောနဲ့လေ မိုး မင်းကို ငွေလရိပ်ရဲ့ညီမလေး မိုးလရိပ်မှန်း သိသိကြီးနဲ့ ငါလက်ခံခဲ့တာဟာ မင်းရဲ့အညိုးအမုန်းတွေပြေပါစေတော့ဆိုတဲ့စိတ်နဲ့ ငါလက်ခံခဲ့တာပါ ... မင်းကို သိမ်းပိုက်ဖို့ငါရည်ရွယ်ခဲ့တာ မဟုတ်ဘူး"

"ဒါဆို သူဌေးမင်း ကျွန်တော့်ကိုချစ်တာ တကယ်ချစ်ခဲ့တာပေါ့ ..."

မိုးတကိုယ်လုံးကို ချာခနဲလှည့်ပစ်လိုက်ပြီ ... ။

ဒီလိုလှည့်တော့မှ မျက်ဝန်းဒေါင့်မှာ တွဲခိုလာတဲ့ မျက်ရည်စက်ကလေးတစ်စက်က လှည့်လိုက်သည့်အရှိန်နှင့် ပေါက်ခနဲလွင့်ကျသည်။

"ဟာ ... ချစ်တာပေါ့ကွ"

"သူဌေးမင်း မလိမ်နဲ့ ..."

နောက်ထပ်မျက်ရည်တွေ မျက်ဝန်းထဲပြည့်တက်လာ၏။

"မလိမ်ပါဘူး ... ဒါတွေအားလုံး မင်းကို အမှန်အတိုင်းပြောနေတာ ... ငါချစ်တာ ငါပဲသိတယ် ... ငါရဲ့မြတ်နိုးမှုတွေကို အငွေ့ပျံ ပျောက်ပြယ်သွားအောင် ဘယ်လိုအရာမျိုးကမှ ဖျော်ချပစ်လို့မရဘူးဆိုတာလည်း ငါနားလည်တယ် ..."

မျက်ရည်မကျအောင် မိုးဘယ်လိုပဲထိန်းထိန်း ထိန်းလို့မရ။





ဦးမင်းသခင်ကို စိုက်ကြည့်ရင်း အခါမဲ့မိုးတွေက တစ်ပေါက်ပြီးတစ်ပေါက် ပါးပြင်လေးနှစ်ဖက်စလုံးအပေါ်ကို နာကျင်စွာစီးလိမ့်ကျလာ၏။ ဒါကိုမြင်တော့ သူက အငမ်းမရဖြစ်သွားသလို မိုးရဲ့ မျက်ရည်တွေကိုမြင်ပြီး တုန်လာသော အသံတွေကိုလည်း မင်းသခင် ဘယ်လိုမှ ထိန်းလို့မရတော့ပါ ... ။

"မင်း ... မင်း ... ဘာလို့ငိုတာလဲဟင်မိုး ... မင်း ဘာကို တွေးမိလို့ ဝမ်းနည်းသွားတာလဲ ... မင်းရင်ထဲမှာ ဘာတွေခံစားလိုက်ရလို့ မင်းဒီလို စိတ်ထိခိုက်သွားရတာလဲ"

မေးရင်း ပခုံးလေးနှစ်ဘက်ကို ဆွဲလှုပ်တော့ မိုးခန္ဓာကိုယ်လေးက စက္ကူပျော့ဖတ်ရုပ်လေးတစ်ခုလို သူ့လက်တွေထဲမှာယမ်းခါလျှက် ... ။

"ကျွန်တော် ... ကျွန်တော် စိတ်ထိခိုက်တာ ကျွန်တော့်ဘဝကိုတွေးပြီး ဝမ်းနည်းသွားလို့ပါ ... သေချာတာတစ်ခုက မမငွေလရိပ်ကို သတိရတမ်းတခြင်းတွေနဲ့အတူ သူဌေးမင်းတို့ရဲ့ အသိုင်းအဝိုင်းကြီးတစ်ခုလုံးကိုလည်း ကျွန်တော်မုန်းရတော့မယ်လေ သူဌေးမင်းရဲ့ ..."

"ဟင် ... ငါတို့အသိုင်းအဝိုင်းကြီးတစ်ခုလုံးကို မင်းက မုန်းတယ် ဟုတ်လား ..."

မိုးအသံလေးက ငိုသံလေးပါလာကာ နှုတ်ခမ်းတွေကိုပါ ခပ်တင်းတင်းလေးဖိကိုက်သည်။ မျက်ရည်တွေကြောင့် ပါးပြင်လေးနှစ်ဖက်လုံး ဘယ်လိုပဲစိုသွားသွား ဝင်းနှစ်သော မျက်နှာလေးက နီနီအိအိလေးနှင့် စွဲမက်ဖို့ကောင်းနေခဲ့တာပဲဖြစ်သည်။

"မုန်းတာပေါ့ သူဌေးမင်းရယ် ... မမငွေလရိပ်ကိုလည်း မတွေမတန်ပါဘူးဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ဒီဂန္ဓမာမြိုင်အထိ ရောက်လာပြီး ရက်ရက်စက်စက် ခွဲခဲ့ကြသလို ကျွန်တော့်ကိုလည်း သူဌေး



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ သဘောမတူနိုင်လို့ ဒုတိယအကြိမ်မြောက်အဖြစ်နဲ့ သူတို့ လိုက်လာခဲ့ကြပြန်ပြီလေ ...”

“ဟွန်း ... အဲဒါကို မင်းဂရုမစိုက်နဲ့လေ ... မိုး”

“ကျွန်တော်ကလည်း ဂရုမစိုက်ပါဘူး၊ သူတို့ ဘယ်လောက်ပဲ သဘောတူတူ ... မတူတူ သူဌေးမင်းနဲ့ ကျွန်တော် လက်ထပ်မှာကို သူတို့ဘယ်လိုပဲခွဲခွဲ ... ဒီပြင်ဦးလွင်မှာ သူဌေးမင်းနဲ့ ကျွန်တော် လက်ထပ်မယ် ... အရေးကြီးတာ မမငွေလရိပ်နဲ့ ကိုလင်းမြတ်ထက်တို့ရဲ့ မင်္ဂလာပွဲအစား ဦးမင်းသခင်နဲ့ မိုးလရိပ်တို့ရဲ့ မင်္ဂလာပွဲကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြင်ဦးလွင်မှာ ကျင်းပမယ်”

“ရတယ်လေ ... မိုး ... ဒါဟာ မင်းရဲ့အဆုံးမဲ့ဆန္ဒဆိုတာ ငါသိပါတယ် ... မင်းစိတ်ထဲ ခံစားနေရတဲ့အတိုင်း မင်းငါ့ကိုကြိုက်သလို လက်စားချေခွင့်ရှိတယ်ဆိုတာလည်း ငါနားလည်တယ် ... ဒါကြောင့်မို့လည်း ရန်ကုန်ကနေ ထွက်မလာခင်ကတည်းက ပြင်ဦးလွင်မှာရှိတဲ့ ငါပိုင်တဲ့ခြံကျယ်ကြီးထဲမှာ မင်္ဂလာလက်ထပ်ပွဲကြီးကို အခမ်းနားဆုံးကျင်းပဖို့ ငါ Phone ဆက်ပြီးတော့ လှမ်းမှာခဲ့ပြီသားလေ ... အခုလောက်ဆိုရင်တောင် အခမ်းအနားအတွက် အားလုံးပြင်ဆင်ပြီးနေလောက်ပြီ”

သူက နှုတ်ခမ်းလေးမဲ့ကာ မိုးပခုံးလေးနစ်ဘက်ပေါ်က လက်တွေကို ပြန်သိမ်းလျှက် လက်ပိုက်ရပ်ကာ ကိုယ်ကို ချာခနဲ လှည့်ပစ်သည်။ ပြီးတော့မှ စောစောက စကားကို ပြန်ဆက်ပြော၏။

“ဟွန်း ... မင်းသဘောပေါက်ပါတယ် ... မင်းသခင်ရဲ့ ဘ၀မှာ လိုချင်တာ ဖြစ်ချင်တာ မှန်သမျှ မိုးပေါ်ကကျလာသလို ခြွေချယူလို့ရတဲ့ တန်ခိုးပါ၀ါတွေရှိတယ် ... ဘယ်လောက်ပဲ ကျောခိုင်းထားထား လှည့်ကြည့်လိုက်တာနဲ့ မင်းသခင်ဖန်ဆင်းတဲ့ နန်းတော်





တစ်ခုက အလိုလိုရောက်လာရမှာ အဲဒါ ... အချစ်ရဲ့ အဆုံးမဲ့ နန်းပလ္လင်မြင့်မှာ မင်းကိုစံမြန်းခွင့်ပေးဖို့ပဲ ငါက ရည်ရွယ်ခဲ့တာလေ ပြောရရင်. ငါ့ကိုသိပ်မုန်းနေတဲ့ မင်းအတွက် ...”

“မင်းသခင် ...”

“ဗျာ ... ဦးလေးချစ်”

နံဘေးကနေ ရပ်နားထောင်ရင်း ဦးချစ်စရာ မခံစားနိုင်တော့လို့ မင်းသခင်နာမည်ကို ခေါ်လိုက်ရတာပါ။

“မင်း ... မင်း ... ဒီလက်ထပ်ပွဲကြီးကို ကျင်းပရင် ချစ်ခြင်းပြိုင်တို့ဘက်က ဘယ်လိုနည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး မင်းသခင် ဒီပွဲကို မပျက်,ပျက်အောင် ဖျက်ဖို့ သူတို့လိုက်လာကြတာ ... မင်းမာမီကိုယ်တိုင်လည်း တလမ်းလုံး နှလုံးဆေးတွေသောက်လာရတယ် ... မှူးကလည်း ပိုဆိုးတယ် ... ငါ ... ငါအကောင်းဆုံးအကြံပေးချင်တာက မိုးရင်ထဲက နာကြည်းမှုတွေပြေပျောက်သွားအောင် ငွေလရိပ်နဲ့ပတ်သက်ပြီး မှားခဲ့သမျှအရာတွေအားလုံး အမှန်အတိုင်း ပြောပြီး တောင်းပန်လိုက်ရင် မိုးကလည်း ကျေနပ်သွားမှာလေ”

အကောင်းဆုံးစေတနာလေးနဲ့ ဦးချစ်စရာပြောလိုက်မိတာပါ။ ဒါဟာလည်း မင်းသခင်ကိုယ်တိုင် ချစ်ခြင်းပြိုင်နဲ့ လက်ထပ်ဖို့ကိစ္စကို လူကြီးစုံရာရှေ့မှာ ဗြောင်အတိအလင်းငြင်းဆန်ပါယ်ချခဲ့တဲ့အတွက် ချစ်ခြင်းပြိုင်ရဲ့မိဘတွေ ဘယ်လောက်အရှက်ရ ခံစားခဲ့ရသလဲဆိုတာ မင်းသခင်ကမှ မသိခဲ့သေးတဲ့ဥစ္စာ။

မိုးနဲ့သာ မင်းသခင် လက်ထပ်လိုက်မယ်ဆိုရင် ချစ်ခြင်းပြိုင်မိဘတွေက ထုတ်ပေးစိုက်ထည့်လာတဲ့ ကုမ္ပဏီငွေစာရင်းတွေကို မင်းသခင်က ရှင်းလင်းပေးရတော့မှာ။ ဒါကိုလည်း တလမ်းလုံး ချစ်ခြင်းပြိုင်က နာနာကြည်းကြည်း ထုတ်ပြောလာလို့ ဦးချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



သိလာကြားလာခဲ့ရတာလေ ... ဒေါ်ခန့်ဝင့်ထယ်ဆိုရင် အသက်ရှ မဝ နှလုံးအောင့်နေတဲ့ကြားက ချစ်ခြင်းပြိုင်ကိုပဲ တစ်လမ်းလုံး အောက်ကျခံတောင်းပန်လာခဲ့ရတာ။

ဒါကို ဦးချစ်စရာကိုယ်တိုင်သိနေတော့ ဖြစ်နေတဲ့ပြဿနာတွေ အားလုံးအတွက် စိတ်ပူလာခဲ့ရတာဖြစ်သည်။ ဒါကြောင့်မို့လည်း မင်းသခင်နားလည်အောင် ဦးချစ်စရာ ဝင်ပြောနေမိရတာပါ။

ပြောတော့လည်း မင်းသခင်က လက်မခံပါ။

"ကျွန်တော် ... ကျွန်တော်က ဘယ်လိုအမှန်တရားကိုပြောပြီး တောင်းပန်ရမှာလဲ ဦးချစ်စရာ ... အရေးကြီးတာ သူ ကျွန်တော့်ကို မုန်းပါစေ ... အမုန်းတွေနဲ့ သူကျွန်တော့်ကို ဘယ်လိုပဲလက်ထပ် လက်ထပ် အကောင်းဆုံးပေးဆပ်သွားရမှာက ကျွန်တော့်တာဝန်ပဲ ခဏနေရင် ခြံထဲကိုသွားပြီး မင်္ဂလာအခမ်းအနားအတွက် ပြင်ဆင်နိုင်းထားတာတွေ ခင်းဖျားသွားကြည့်လိုက်ပါ ... ဒီပွဲကို ဘယ်သူကန့်ကွက်တာကိုမှ ခင်ဗျားလက်မခံနဲ့ ကျွန်တော် ညနေခြောက်နာရီ ထိုးတာနဲ့ ခြံထဲကို အရောက်လာမယ် ..."

"ကောင်းပြီလေ ... မင်းသခင် မင်းပြောတာကို ငါသဘောပေါက်ပါတယ် ... လိုတာရှိရင်လည်း ကုမ္ပဏီမန္တလေးရုံးခွဲက ဦးကျော်ကျော်မောင်နဲ့ တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် ငါစီစဉ်ထားလိုက်ပါ့မယ် မင်းစိတ်ချပါ ..."

ဦးချစ်စရာ ခေါင်းတချက်ညိတ်ပြပြီး အခန်းထဲကထွက်သွားတော့ ... ကျန်ခဲ့တာ မိုးနဲ့ မင်းသခင်နှစ်ယောက်တည်းပါ။ အခုရင်ခုန်သံတွေက ပိုလို့မြန်လာခဲ့ရပြီဖြစ်သည်။ လက်ကနာရီကိုမြှောက်ကြည့်လိုက်တော့ နေ့လည်တစ်နာရီဘိတ်၊ သူ့လက်တွေက Hand Phone ခလုတ်လေးတွေဆီရောက်သွားသည်။





"ဘယ့်နှယ်လိုလဲ မသူဇာ တစ်နာရီထိုးနေပြီ ခုထိ မရောက်သေးဘူးလား"

"ဟုတ်ကဲ့ ... မန်နေဂျင်း ခုပဲ မန်နေဂျင်းဆီကိုဖုန်းဆက်တော့မလို့ပါ ... မန်နေဂျင်းမှာထားတာတွေ အားလုံးအဆင်ပြေတယ် ... ကတိုက်ကရိုက် စီစဉ်ရပေမယ့် လိုတဲ့သူတွေမှန်သမျှ အားလုံးပါလာတယ် ... အခု ဒိုးကွင်းကော်ဖီခြံတွေနားကိုတောင်ရောက်နေပြီ ... Please excuse me few minute wait ok နော် မန်နေဂျင်း"

"ဟွန်း ..."

သူ့နှုတ်ခမ်းလေးမဲ့ကာ Phone ကို ပြန်ပိတ်လိုက်သည်။

မန္တလေးကုမ္ပဏီရုံးခွဲက လက်ထောက်မန်နေဂျာ မသူဇာ ခေါ်လာတဲ့ အလှပြင်အဖွဲ့က ပြင်ဦးလွင် ဒိုးကွင်းကော်ဖီခြံတွေနားကိုတောင် ရောက်နေပြီတဲ့ ... ။

မိုးရာ ... ။

မင်းဖြစ်စေချင်တာတွေအားလုံးဖြစ်ခံဖို့ ငါတာဝန်ယူပါတယ် ငါက ရွှေခြေနင်းနဲ့ စကြာယာဉ်ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ မင်းသခင်ပါ။ မကြာခင် အချိန်လေးအတွင်းမှာ လှပခန်းနားတဲ့ မင်္ဂလာပွဲတစ်ခုကို မင်းတက်ရတော့မှာလေ ... ။

ဒီမင်္ဂလာပွဲကြီးမှာ မင်းငါ့ကို ဘယ်လိုလက်စားချေမလဲ။

ငါ စောင့်ကြည့်နေပါ့မယ် ... ခုချိန်မှာတော့ ရှိုက်သံမကြားရတဲ့ မျက်ရည်တွေနဲ့ပဲ ... မင်း ... ငါ့ကို ... နှိပ်စက်ထားလိုက်ဦးပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄၁၈ )

ခုတင်ကြီးပေါ်မှာ ချော့မော့အားပေးနှစ်သိမ့်မယ့်သူမရှိဘဲ တဟင့်ဟင့်လေးနဲ့ ရှိုက်ငိုရင်း မိုးအိပ်ပျော်သွားလိုက်တာ အိပ်မက်ထဲမှာ မမငွေလရိပ်လိုက်လာလို့တဲ့ ...

"ညီမလေးရေ ..."

"ညီမလေး ..."

"ဟင် ... မမ"

"မမ ... ဘယ်ကအော်နေတာလဲ"

"နှင်းတွေ ပိန်းပိတ်အောင်ကျနေလို့ မမကို ညီမလေး မမြင်ရဘူးမမရဲ့ မမဘယ်မှာလဲ ... နှင်းတွေထဲမှာ မမရောက်နေတာလား"

"ညီမလေး ..."

"အို ... ဟင် ... မမ"

နှင်းတွေထဲက ထွက်လာတဲ့ မမဟာ ... ငွေရောင် ရွှေ... ကွက် အဖြူရောင်ဂါဝန်ဖားဖား အရှည်ကြီးနဲ့ အောက်မှာလည်...





ရွှေရောင်တွေ အိစက်နေတဲ့ ကြိုးသိုင်းဒေါက်မြင့်မြင့်လေးကို ကြွကြွရွရွလေးစီးပြီး လက်ကလေးကမ်းကာ မိုးဆီကို တလှမ်းခြင်းလှမ်းလျှောက်လာနေသည်။

ကျက်သရေရှိလှတဲ့ ... မမရဲ့ ဖြောင့်စင်းသောဆံပင်ရှည်တွေဟာ နှင်းတွေကြားထဲမှာ တဖွားဖွား တလွင့်လွင့်လေး လွင့်လို့ဝဲလို့ပေါ့ ... မမရဲ့ အပြစ်ကင်းပြီး အိစက်နေတဲ့ မျက်နှာလေးကိုမြင်နေတာ သိပ်ကိုရင်ခုန် စိတ်လှုပ်ရှားရတဲ့ မြင်ကွင်းလေးပါပဲ။ ရင်နင့်ရတာက စင်းကော့ ရှည်လျားတဲ့ မျက်တောင်ကြီးတွေအောက်မှာ မျက်ရည်တွေ ဝဲဖြာကျရင်း မိုးရှေ့ကို မမရောက်လာခဲ့တာပဲ ဖြစ်သည်။

"မငို ... မငိုနဲ့လေ ... မမ ... မမကို တွေ့ချင်လို့ နှင်းတွေကြားထဲမှာ ညီမလေးလိုက်ရှာနေတာ နောက်ဘယ်တော့မှ ညီမလေးကို ခွဲမသွားပါနဲ့နော် ... မမ၊ မမ မရှိရင် ညီမလေးမနေတတ်ဘူး၊ ရွှေမှုခေါဘုရားမှာ မမလက်ကလေးကိုဆွဲပြီး ညီမလေးတို့နှစ်ယောက် သစ္စာဆိုဖူးခဲ့ကြတယ်လေ ... ဘဝအဆက်ဆက် ဘယ်တော့မှ မခွဲမခွာ အတူနေခွင့်ရတဲ့ ညီမလေးနှစ်ယောက်ဖြစ်ပါစေလို့လေ ... ဒါနဲ့တောင် သူများအိမ်မှာ ညီမလေးကိုထားခဲ့ပြီး မမဘာလို့ညီမလေးနဲ့ အဝေးကြီးကို ထွက်သွားခဲ့ရတာလဲ မမရယ် ..."

မမတစ်ကိုယ်လုံးကို အငမ်းမရ ပွေ့ဖက်ထားရင်း မိုးမျက်ရည်တွေ အဆက်မပြတ်စီးလိမ့်ကျလာသည်။ မမကလည်း မိုးနဖူးလေးနဲ့ ပါးပြင်လေးနှစ်ဖက်ကို တရှုံ့ရှုံ့လေးနဲ့ ဘယ်ပြန်ညာပြန် နမ်းနေတာ မရပ်နိုင် မနားနိုင်အောင်ဘဲ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ စကားတွေအများကြီး မမက ပြောသည်။

"ညီမလေးရယ် မမက ညီမလေးကို ခွဲသွားတာမဟုတ်ပါဘူး ... ဦးမင်းသခင်ဆိုတဲ့ ကုမ္ပဏီပိုင်ရှင် မန်နေဂျင်းဒါရိုက်တာကြီး တစ်ယောက်က အတင်းခွဲလိုက်လို့ မမနဲ့ ညီမလေးကွဲခဲ့ရတာပါ။ အဲဒီလူကြီးကိုတော့ မမအရမ်းမုန်းတယ် ... သူ့ကို မမကိုယ်စား ညီမလေးကပဲ လက်စားချေပေးနော် ... လင်းနဲ့ မမကို မတူမတန်ဘူးဆိုပြီး အတင်းလိုက်ခွဲခဲ့တဲ့ ဦးမင်းသခင်ကို မခံချင်စိတ်တွေနဲ့ ညီမလေးက ရအောင်လက်ထပ်ယူပြလိုက်စမ်းပါ ... ညီမလေးရယ် ဒါမှ သူတို့ရဲ့ အသိုင်းအဝိုင်းကြီး တစ်ခုလုံးကို မမကိုယ်စား ညီမလေးက အနိုင်ရသွားမှာ လက်ထပ်ပြီးတာနဲ့ ဒီလူကြီးကို အသည်းကွဲအောင်လုပ်ပြီး မမဆီကို ညီမလေးပြေးလာခဲ့ ... ပြင်ဦးလွင်အဆင်းလမ်းက နှစ်ဆယ့်တစ်မိုင်မှာ နှင်းတွေအရမ်းကျနေပြီလေ ညီမလေးရဲ့ ... အဲဒီနှင်းတွေထဲမှာ မမရှိတယ် ... အဲဒီနှင်းတွေကြားထဲမှာ ညီမလေးကို မမစောင့်နေတယ် ... ပြေးလာခဲ့နော် ညီမလေး"

"မမဆီကို ပြေးလာခဲ့နော် ညီမလေး ..."

"မမဆီကို ပြေးလာခဲ့နော် ညီမလေး ..."

"မမဆီကို ..."

"ဟင် ... မမ"

မိုးအတင်းဖက်ထားပေမယ့် မမကိုယ်လုံးလေးက မိုးဖက်ထားလို့မရ ... မိုးလှမ်းဖက်လိုက်တိုင်း မမကိုယ်လေးက လေကိုဖမ်းရသလို မိုးလက်တွေထဲကနေ လွှတ်လွှတ်ပြီးတော့ ထွက်သွားသည်။





"မမ ... မသွားပါနဲ့"

"မမနောက်ကို ညီမလေးလိုက်ခဲ့မှာနော် ... ဦးမင်းသခင်နဲ့ အတူတူ ... မမလိုပဲ ညီမလေးလည်း နှစ်လောင်းပြိုင်သေမယ် ... ဦးမင်းသခင်က မမတို့ချစ်သူနှစ်ယောက်ကို ရှင်ကွဲမကွဲ သေကွဲကွဲအောင် လုပ်ခဲ့သလို အဲဒီနှစ်ဆယ့်တစ်မိုင်က ချောက်ကြီးထဲကို ဦးမင်းသခင်ရဲ့ လက်ကိုဆွဲပြီး ညီမလေးပါ ခုန်ဆင်းခဲ့မယ် ... မမသေခဲ့ရသလို ဒီနေရာပဲ ဦးမင်းသခင်နဲ့ ညီမလေးနှစ်လောင်းပြိုင်သေမယ်"

"နှစ်လောင်းပြိုင်သေမယ်"

"နှစ်လောင်းပြိုင်သေမယ်"

"မမ ... မမငွေလရိပ်"

"မမငွေလရိပ်"

အိပ်မက်ထဲမှာ မိုးအော်နေတာ အသံကျယ်ကြီး။ မမနှာမည်လေးကို အော်ခေါ်နေတာလည်း မရပ်နိုင် မနားနိုင်။

"မိုး ... မိုး အိပ်နေရင်းနဲ့ ကယောင်ကတမ်းတွေ မင်းဘာဖြစ်လို့အော်နေတာလဲ ... ထ,လေကွာ ... မိုး ... ဒီမှာ မန္တလေးက အလှပြင်မယ့် အဖွဲ့တွေ ရောက်လာပြီ ..."

"ဟင် ..."

မိုးတုန်လှုပ်စွာ ထ,ထိုင်ရင်း ဦးမင်းသခင်ရဲ့မျက်နှာကိုပဲ ကြောင်တောင်တောင်လေး ငေးစိုက်ကြည့်လျှက်။ မမငွေလရိပ် ဘယ်ရောက်သွားပြီလဲဟင်။ အဖြူရောင်ခါးဖောင်းဂါဝန်ရှည် ...ဆက်ကြီးမှာ ရွှေရောင်ဒေါက်ဖိနပ် အိစက်စက်လေးတွဲဝတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မမ ငွေလရိပ်က နှင်းတွေထဲကို တိုးဝင်ပြီး ပျောက်ကွယ်သွားခဲ့တာလား။

"ကျွန်တော် ... ကျွန်တော်"

"မင်း ... မင်းကို အိပ်ပါစေဆိုပြီး ငါစောင့်နေတာ နှီးပြီဆိုရင်လည်း ရေချိုးလိုက်တော့ အခန်းထဲမှာ ရေပူရေအေးနှစ်မျိုးရှိတယ် ရေပူနဲ့စပ်ပြီးတော့ နှစ်မျိုးဖွင့်ချိုး ... ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ၊ မျက်နှာသစ်ဆေးရည် ငါအကုန်စီစဉ်ပေးထားတယ် ... ငါမြင်ချင်တာ သိပ်လှနေတဲ့ သတို့သမီးလောင်းလေး တစ်ယောက်ကိုပဲ ဟုတ်ပြီနော် ... မိုး"

"ဗျာ ... သူဌေးမင်း ... ကျွန်တော် သူဌေးမင်းနဲ့တကယ် လက်ထပ်ရတော့မှာ ... "

"ဒါပေါ့ကွ ... မင်းသခင်ဆိုတာ စကားတစ်ခွန်းပြောပြီးရင် ကိုယ်ပြောထားတဲ့ စကားတစ်ခွန်းအတွက် ဘဝရောနှစ်လုံးသားပါ ပုံပေးဖို့ အမြဲတမ်းအဆင်သင့်ပဲ ... တကယ်တော့ ဒီပွဲမှာ မင်းရေးခဲ့တဲ့ ပန်းချီကားဟာ မင်းစိတ်ကြိုက် ရေးဆွဲခွင့်ရလိုက်တဲ့ပန်းချီကားပါ၊ အဲဒီအတွက် ကိုယ်ကတော့ တစ်ခုပဲစဉ်းစားတယ် ကိုယ့်ချစ်သူကြိုက်တဲ့ပန်းချီကား တစ်ချပ်ဟာ ကိုယ်ရေးဆွဲခွင့်ရတဲ့ ပန်းချီကားတစ်ချပ်ဖြစ်နေမယ်ဆိုရင်တောင် အဲဒီပန်းချီကားကို ချစ်သူနဲ့ အတူတူကြိုက်ဖို့ ကြေကွဲဝမ်းနည်းစွာ ကိုယ့်ဖက်က သဘောတူပါတယ် ... အဲ ... ကိုယ်ပြောချင်တာ ဒီလောက်ပါပဲ ... မင်းရေချိုးလိုက်တော့ ... "

ဒါပဲပြောပြီး သူအခန်းထဲကနေ ချာခနဲလှည့်ထွက်လာ





တော့၏။ ကျွန်တော့ကတော့ မန္တလေးကုမ္ပဏီရုံးခွဲက လက်ထောက်မန်နေဂျာ မသူဇာရဲ့တာဝန်ပဲလေ။ သူခေါ်လာတဲ့ မန္တလေးက မိတ်ကပ်ဒီဇိုင်နာ ဝတ်စုံအလှဖန်တီးရှင်အဖွဲ့က မိုးလရိပ်ဆိုတဲ့ ယောကျ်ားလေး ပုံစံလေးပေါက်နေတဲ့ ကောင်မလေးတစ်ယောက်ကို တိမ်တွေပေါ်က သတို့သမီးလေးတစ်ယောက်ဖြစ်သွားအောင် စိန်စီရွှေချ ပြင်ဆင်ပေးကြတော့မှာ ... ။

"လက်မခံဘူးကိုကို ဒီကိစ္စအတွက် ချစ်,ကိုကို့ကို ဘယ်လိုမှ ခွင့်မပြုနိုင်ဘူး ... ညနေလောက်ဆိုရင် ဒက်ဒီနဲ့ မာမီပါပြင်ဦးလွင်ကို ရောက်လာကြတော့မှာ သူတို့ရောက်လာရင် ကိုကိုလုပ်နေတာတွေကို ကြည့်ပြီး ကိုကို့ကို အကြီးအကျယ် စိတ်နာသွားမှာသေချာတယ် ... ချစ်ကတော့ ရှင်းတယ် ဒီပွဲကို မပျက်,ပျက်အောင် ဖျက်ရမှာပဲ ... ကိုကို့လက်ကိုဆွဲပြီး ဘယ်သူမှနှန်းသိမ်းပွဲတက်တာကို ချစ်လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး"

အောက်ထပ်က လသာဆောင်စားပွဲမှာ ထိုင်လိုက်ထ,လိုက်နှင့် ဆံပင်ရှည်တွေကို ဖယ်သိမ်းကာ ချစ်ခြင်းပြိုင် ယမ်းမီးပုံကျ ပေါက်ကွဲနေသလို ငိုလက်စ, မျက်ဝန်းတွေနှင့် မှူးကလည်း နှုတ်ခမ်းကိုက်ကာ မကျေမချမ်းကြည့်လျက် ... ။

"ဟုတ်တယ် ကိုကို ... မှူးလည်းကိုကို့ကို အကြိမ်ကြိမ် အခါခါ ပြောပြီးပြီ ... ဒီကောင်မလေးက ယောကျ်ားလေးဟန်ဆောင်ပြီး ကိုကို့အသည်းကို ဖျက်ဖို့ရောက်လာတာ အခုလက်ထပ်မယ်ဆိုတာလည်း မှန်း မှန်းနဲ့လက်ထပ်မှာ ... လက်ထပ်ပြီးတာနဲ့ ကိုကို့ကို စိတ်ဆင်းရဲအောင်လုပ်ပြီး သူ့မမငွေလရိပ်အတွက် အညိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လက်စားချေတော့မှာလေ ... ဒါကို သိသိကြီးနဲ့ ဒီလက်ထပ်ပွဲ အခမ်းအနားကို ကိုကိုဘာလို့ ငွေတွေပုံအောပြီး အခမ်းနားဆုံး ဖြစ်အောင် ပြင်ဆင်နေရတာလဲ ... "

"အဲဒါ ... မိုးကို ကိုကိုချစ်လို့ပါ ... "

"ဘုရားရေ ... ဒီလို ဘာအဆင့်မှမရှိတဲ့ကောင်မလေး တစ်ယောက်ကို ကိုကိုက ချစ်တယ်ဟုတ်လား ... ဘုရား ... ဘုရား ကိုကိုရယ် ရက်စက်လိုက်တာ ကိုကိုချစ်ပေမယ့် ဟိုက ကိုကို့ကို တစ်စက်လေးတောင် ပြန်ချစ်လို့လားဟင် ... ကိုကို ပြောပါဦး၊ ကိုကို့ကို တကယ်ချစ်ပြီး တကယ်ပေးဆပ်လာတာ မမချစ်ခြင်းပြိုင်လေ ... မမချစ်ခြင်းပြိုင် ဘယ်လိုခံစားရမလဲဆိုတာ ကိုကိုတဆိတ်လောက်တွေးကြည့်ပါဦး ... "

ဒေါ်ခန့်ဝင့်ထယ်လည်း မနေနိုင်ပါ။

"ဟုတ်တယ် ... သားကြီးရယ် ... တကယ်တော့ ဒီလက်ထပ်ပွဲအတွက် ပြင်ဆင်မှုတွေအားလုံးဟာ ချစ်ခြင်းပြိုင်အတွက်ပဲ ဖြစ်သင့်တယ် ... သားကြီးရဲ့ လက်ကိုဆွဲပြီး မင်္ဂလာစင်မြင့်ပေါ်ကို ပြုံးပြုံးလေးတက်ခွင့်ရှိတာ ချစ်ခြင်းပြိုင်ပါ သားကြီးရယ်၊ မာမီတောင်းပန်ပါတယ် ... မိုးလရိပ်နေရာမှာ ချစ်ခြင်းပြိုင်နဲ့ အစားထိုးပြီး ဒီပွဲကိုကျင်းပပါနော် ... သားကြီး၊ သားကြီးသာခွင့်ပြုမယ်ဆိုရင် ငွေလရိပ်နဲ့ ပတ်သက်ပြီး မာမီတို့မှားခဲ့သမျှအားလုံး မိုးလရိပ်ရဲ့ ခြေသလုံးကိုဖက်ရ ဖက်ရ ... မာမီတို့သွားတောင်းပန်မယ်"

"မဖြစ်နိုင်ဘူး မာမီ ... "

"ဟင် ... ဘာဖြစ်လို့လဲ"





"မိုးက ... ကျွန်တော့်ကို တကယ်လက်စားချေတော့မှာ သူ့ရင်ထဲက ခံစားချက်အစစ်အမှန်ကိုလည်း ကျွန်တော်သိနေတယ် သူတို့ညီအစ်မနှစ်ယောက်စလုံးကလည်း ကျွန်တော်တို့ထင်မထားလောက်အောင်ကို အရမ်းချစ်ကြတယ် ... တကယ်ဆိုရင် ကျွန်တော်တို့ အသိုင်းအဝိုင်းတစ်ခုလုံးကို အရမ်းနာကြည်းနေလို့ ကျွန်တော့်ကိုလက်ထပ်ယူပြဖို့ သူကကြိုးစားနေတာ၊ ကျွန်တော်တို့ကလည်း သူ့မမ ငွေလရိပ်ကို လင်းမြတ်ထက်နဲ့ အတင်းလိုက်ခွဲမိတာလေ ... ဒီလိုလိုက်ခွဲရင်း နှစ်လောင်းပြိုင်သေခဲ့ရတဲ့အထိ ဖြစ်ခဲ့ရတာဆိုတော့ သူနာကြည်းမယ်ဆိုရင် ကြည်းလောက်စရာပဲပေါ့ ... မာမီ ... ဒါကြောင့်မို့ ကျွန်တော်ကပြန်ပေးဆပ်တာပါ"

"မရဘူးကိုကို ... ကိုကိုက ပေးဆပ်နိုင်ပေမယ့် ချစ်က မပေးဆပ်နိုင်ဘူး ... ဒီပွဲကိုချစ်ဖျက်မယ် ... လေယာဉ်စင်းလုံးငှားပြီး ရန်ကုန်က လိုက်လာမယ့် ကုမ္ပဏီအသိုင်းအဝိုင်းက ဂုဏ်သရေရှိဧည့်ပရိသတ်တွေရှေ့မှာ အန်တီခန့်နဲ့ ချစ်ကိုယ်တိုင် ဒီပွဲကိုအသိအမှတ်မပြုတဲ့အကြောင်းကို တရားဝင်ကြေငြာမှာ ... ရတ်ရတ်သည်းသည်းတွေဖြစ်ပြီး ဒီပွဲပျက်သွားတာကိုကိုမြင်ချင်လား ... မိုးလရိပ်ကို အခန်းတံခါးပိတ်ပြီး ဒီအပေါ်ထပ်အခန်းထဲမှာထားခဲ့မလားဆိုတာ ကိုကိုအခုတစ်ခါတည်း ဆုံးဖြတ်ပါ ... "

ချစ်ခြင်းပြိုင်ရာဇသံပေးပြီ ... ။

"ဟုတ်တယ် ... ဟုတ်တယ် ... မမချစ်ခြင်းပြိုင်ပြောတာကို မှူးလည်း ထောက်ခံတယ် ... မမချစ်ခြင်းပြိုင်ပြောသလိုမလာရင် ရန်ကုန်ကနေ အားချင်းလိုက်လာမယ့် ဧည့်ပရိသတ်တွေကို အနီးစ



www.burmeseclassic.com

www.burmeseclassic.com



ခမ်းလေဆိပ်ကစောင့်ပြီး တစ်ယောက်မကျန် အကုန်ပြန်ခိုင်းမယ်၊ ခြံထဲမှာ ပြင်ဆင်ထားသမျှတွေအားလုံးကို မာမီ့ကိုရှေ့မှာထားပြီး အားလုံးကိုရိုက်ချိုးဖျက်ဆီးခိုင်းမယ် … ကဲ ကိုကို ဘာလုပ်မလဲ”

“မင်းတို့ အဲလိုလုပ်ရင် မိုးနဲ့ကိုကို နှစ်ဆယ့်တစ်မိုင်ချောက်ထဲကို ကားခေါင်းစိုက်ထိုးချပြီး နှစ်လောင်းပြိုင်သေမယ် …”

“ဘာပြောတယ် … ကိုကိုကပါ မိုးလရိပ်နဲ့နှစ်လောင်းပြိုင်သေမယ် … ဟုတ်လား … ဟား … ဟား သွားပြီ … သွားပြီ ကိုကိုကပါ မိုးလရိပ်နဲ့ပေါင်းပြီး ရူးကြောင်ကြောင်အတွေးအခေါ်တွေဝင်သွားပြီ … ဟား … ဟား”

ချစ်ခြင်းပြိုင် အော်ရယ်လိုက်တာ ခြောက်ခြားသွေးပျက်သွားတဲ့ အသံကလေးနဲ့ အော်ရယ်လိုက်တာပဲဖြစ်သည်။

ဒါကိုလည်း မင်းသခင် ဂရုမစိုက်နိုင်တော့ပါ။

“မန်နေဂျင်း …”

“ဟာ … ဦးကျော်ကျော်မောင် ခင်ဗျားဘယ်လိုလုပ် ဒီကိုလိုက်လာတာလဲ …”

“အခမ်းအနား အစီအစဉ်တွေအားလုံး အဆင်သင့်ဖြစ်နေပြီဆိုတာ မန်နေဂျင်းကိုတင်ပြချင်လို့ပါ၊ ရန်ကုန်ကထွက်လာခဲ့တဲ့ အထူးသီးသန့် စီးလုံးငှား ဖလိုက်မှာ ဧည့်သည်တွေ စုံစုံညီညီပါလာတယ်လို့ အင်တာနက်အီးမေးလ်ကနေ သတင်းတွေထွက်လာပါတယ် … မန္တလေးကနေ ကားတွေနဲ့ တက်လာနေပြီဆိုတဲ့ Phone massage တွေလည်းဝင်လာနေပါတယ် … ဧည့်သည်တွေ ဒီကိုရောက်တာနဲ့ နန်းမြိုင်ဟိုတယ်မှာ တည်းဖို့ရော၊ မလောက်ရင်





တခြားဟိုတယ်တွေမှာ တည်းဖို့ပါ လိုလေသေးမရှိ စီစဉ်ထားပါတယ် … မင်္ဂလာညစာစားပွဲအတွက်ကိုတော့ မန်နေဂျင်းကြိုက်တဲ့ ဝါလီစားသောက်ဆိုင်ကိုပဲ အထူးအော်ဒါပေးပြီး စီစဉ်ချက်ပြုတ်ခိုင်းထားပါတယ် … လိုတာရှိရင်လည်း ထပ်ပြီးတော့ညွှန်ကြားပါ”

“ကျေးဇူးပဲ ဦးကျော်ကျော်မောင် … ကျွန်တော်တစ်ခုပဲ ပြောချင်တာက ဒီပွဲကို ဘယ်သူဖျက်တာမှ အပျက်မခံဘူး၊ အဲဒါတော့ ခင်ဗျားဂရုစိုက်ပါ … လိုအပ်သမျှငွေအားလုံး ဘဏ်အကောင့်ထဲကနေ ခင်ဗျားကြိုက်သလောက်ထုတ်သုံးနိုင်တယ် …”

“ဟို … ဟိုလေ … မန်နေဂျင်း ရန်ကုန်က ဧည့်သည်တွေနဲ့ မန္တလေးကတက်လာမယ့် ဧည့်သည်တွေက Phone တွေတဂွမ်ဂွမ်ဆက်ပြီး သတို့သမီးနာမည်ကို တစ်ယောက်ပြီးတစ်ယောက် လှမ်းမေးနေကြတာ …”

“အဲဒါ … ခင်ဗျား မဖြေနဲ့”

“ဗျာ … မန်နေဂျင်း …”

“အခမ်းအနားစပြီဆိုမှ စင်ပေါ်ကိုလက်ဆွဲတက်ပြီး သတို့သမီးကို ကျွန်တော်ကြေငြာမယ် … ခင်ဗျားလုပ်စရာရှိတာ ဆက်လုပ်လို့ရပြီ …”

“ဟုတ်ကဲ့ … ကောင်းပါပြီ”

ဦးညွှတ်အရိုအသေပေးကာ ဦးကျော်ကျော်မောင် ပြန်ထွက်သွားတော့မှ အားလုံးဘက်ကို မင်းသခင်ပြန်လှည့်သည်။

“ကဲ … အခမ်းအနားတက်ဖို့ မာမိတို့အားလုံး ပြင်စရာရှိတာ ပြင်ထားလိုက်ပါ … ကျွန်တော့်ကို ဘာမှလည်းထပ်မမေးနဲ့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လည်းထပ်မပြောနဲ့ ... အခမ်းအနားစမယ့်အချိန်ကို ရောက်တော့မှ သတို့သမီးဖြစ်သင့်တဲ့ လူတစ်ယောက်ကို ကျွန်တော်နောက်ဆုံး ရွေးချယ်မယ် ... မှူးပြောသလို မိုးလရိပ်ဟာ ကျွန်တော့်ကို တကယ်မချစ်ဘူးဆိုရင်ပေါ့ ... ”

ပွဲကို ငြိမ်အောင်ထိန်းဖို့ ဒီလိုမှ မကြိုးစားရင် မင်းသခင် ဘယ်လိုကြိုးစားရမလဲ။ မင်းသခင် လက်ဆွဲတက်မှာ မိုးလရိပ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ကိုပဲ လက်ဆွဲတက်မှာ ... ဒါက ကံကြမ္မာကပေးခဲ့တဲ့ သူ့နှလုံးသားထဲက သတို့သမီးလေးပါ။

“ဟာ ... သားကြီး အဲဒါသားကြီးတကယ်ပြောတာနော်”

မာမီလှမ်းမေးလိုက်တာကိုလည်း သူမကြားတော့ပါ။

မှူးနဲ့ ချစ်ခြင်းပြိုင်ကတော့ တစ်ယောက်မျက်ဝန်းတွေကို တစ်ယောက်က စိုက်ကြည့်လျှက် ကိုကိုကားနဲ့ထွက်သွားတော့မှ မှူးကစပြီး ...

“ကိုကို ... ကိုကိုပြောသွားတာကို မမချစ်ခြင်းပြိုင် သဘောပေါက်ရဲ့လားဟင် ... သတို့သမီးနာမည်ကို မကြေငြာသေးပဲနဲ့ ဒီပွဲကို ကိုကိုပြင်ဆင်နေတာ သူ့ကို မိုးလရိပ်တကယ်မချစ်မှန်း ကိုကိုက သိနေတယ်လေ ... မမချစ်ခြင်းပြိုင်စဉ်းစားကြည့် ကိုယ့်ကို မချစ်မှန်းသိနေတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ရင်လည်း ရင်နာနာနဲ့ လက်ထပ်ရမှာ ... ကိုကိုသနားပါတယ် ... မမချစ်ခြင်းပြိုင်ရယ် ကိုကိုအပြင်သွားတုန်း မိုးလရိပ်ကိုတောင်းပန်ပြီး နောက်ဆုတ်နိုင်ရင် ကောင်းမလားဟင် ... ချော့လို့ရရင်ရ ... မရရင်ပွဲကြမ်းပစ်လိုက်တာအကောင်းဆုံးပဲ ... ”





“ဟုတ် ... ဟုတ်တယ်နော် မှူး ... ဒါ မမရတဲ့ နောက်ဆုံးအခွင့်အရေးပဲ ... ဘာပဲပြောပြော ပုသိမ်က ခြံကြီးတစ်ခြံထဲမှာ သူများခိုင်းသမျှ လုပ်ခဲ့ရတဲ့ ကောင်မလေးတစ်ယောက်ကို မမတို့က ဂရုစိုက်နေစရာလား ... လာ ... မှူး ... အပေါ်ကိုသွားမယ် နောက်ဆုတ်ပေးဖို့ ခပ်တင်းတင်းပဲ ... မမချစ်ခြင်းပြိုင်ပြောမယ်”

ဒေါ်ခန့်ဝင့်ထယ်ကတော့ ရင်ဘတ်ကိုဖိလျှက် ... ။

သားကိုလည်း မနိုင် ... ။ သမီးကိုလည်း မနိုင် ... ။

ဒီကြားထဲ ချွေးမလောင်းအစစ်ကလေးဖြစ်တဲ့ ချစ်ခြင်းပြိုင်ကို သနားနေတာက ပိုဆိုးနေတော့ခက်နေသည်။ အကောင်းဆုံးက ဂန္ဓမာမြိုင်ခြံဝင်းကျယ်ကြီးထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ပုတီးပဲစိပ်နေလိုက်တော့မည်။ ထိုအချိန်မှာ အပေါ်ထပ် အိပ်ခန်းကျယ်ကြီးထဲမှာ အလှပြင်နေတဲ့ မိုးကတော့ ... ။

“အို ... ညီမလေး မိုးရယ် ... မိတ်ကပ်လေးလိမ်းနေတဲ့ အချိန်မှာ ဒီလိုမျက်ရည်တွေပေါက်ပေါက်ကျနေအောင် မငိုရဘူးလေ ညီမလေးရဲ့ ... ဦးမင်းသခင်လို ခမ်းနားကြီးကျယ်တဲ့ လူတစ်ယောက်က ညီမလေးကို လက်ထပ်ဖို့ရွေးချယ်လိုက်တယ်ဆိုတာ ညီမလေး အရမ်းကံကောင်းတာ ပြောပါဦး ... ညီမလေးနဲ့ ဦးမင်းသခင် ဘယ်လို ... ဘယ်လို ဖူးစာဆုံသွားတာလဲဟင် ... ဦးမင်းသခင်ကို လက်ထပ်ဖို့ ညီမလေး ချစ်လို့ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူးလား ညီမလေးရယ် ... ”

မန္တလေးကုမ္ပဏီရုံးခွဲက လက်ထောက်မန်နေဂျာ အပျိုကြီးမမ ... မသူဇာက မင်းသမီးမေဆွိရဲ့ ပါးချိုင့်ခွက်လေးလိုပေါ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရင်း ချော့သလို မော့သလိုနဲ့ စပ်စုလိုက်ပေမယ့် မိုးဖြေလိုက်တာက ... ။

"ဦး ... ဦးမင်းသခင်ကို တအားမုန်းလို့ ကျွန်တော်လက်ထပ်တာ ..."

ဘုရားရေ ... ကြည့်ပါဦး ဒီလောက်ချစ်ဖို့ကောင်းတဲ့မျက်နှာလေးနဲ့ စကားပြောတာလည်း ကျွန်တော်တဲ့ ဦးမင်းသခင်ကို တအားမုန်းလို့ ကျွန်တော်လက်ထပ်တာတဲ့ ... ကြည့်လိုက်တော့လည်း သူမလေးရဲ့ မျက်ဝန်းလေးတွေက နာကျင်နေတဲ့ အရိပ်ကလေးတွေနဲ့ မျက်ရည်ရိပ်ကလေးတွေကပါ တဖျတ်ဖျတ်လေး လက်လို့လေ ...

"ဟင် ... ညီမလေး ... ညီမလေးက ဦးမင်းသခင်ကို မုန်းလို့ လက်ထပ်တာဟုတ်လား ... ဒီ ... ဒီလို အရမ်းချမ်းသာတဲ့ ဥစ္စာပေါ ရုပ်ချော သူဌေးကြီးတစ်ယောက်နဲ့ လက်ထပ်တာတောင် မုန်းလို့ လက်ထပ်တာတဲ့လား ညီမလေးရယ် ... သူ ... သူကတော့ ညီမလေးကို တော်တော်ချစ်တာနော် ... မမတို့ မန္တလေးကုမ္ပဏီ ရုံးခွဲက ဝန်ထမ်းတွေကဆိုရင် မန်နေဂျင်း လက်ထပ်တော့မယ်ဆိုတာ သိလိုက်ရကတည်းက မဖြစ်နိုင်ဘူးလို့ အတင်းငြင်းနေကြတာ မန်နေဂျင်း မိဘအသိုင်းအဝိုင်းတွေဘက်က တော်တန်ရုံကောင်မလေးတွေဆိုရင် သဘောမတူနိုင်ဘူးဆိုပြီး အတင်းလိုက်ခွဲဖူးတဲ့ အဖြစ်အပျက်မျိုး လွန်ခဲ့တဲ့သုံးနှစ်လောက်က ဒီပြင်ဦးလွင်မှာဖြစ်သွားဖူးတယ်လေ ... အဲဒါ ညီမလေးမသိဘူးလား"

"သိပါတယ် ... အဲလို သိလို့ ဦးမင်းသခင်ကို ကျွန်တော်က





တအားမုန်းခဲ့တာ ..."

"အဲဒီတုန်းက ကေတီဗွီနဲ့ မာဆက်မှာလုပ်တဲ့ ငွေလရိပ်ဆိုတဲ့ကောင်မလေးကို ဦးမင်းသခင်ရဲ့ညီ လင်းမြတ်ထက်က ပြင်ဦးလွင်ကို ခိုးပြေးလာတာလေ ... အဲဒါကို မတူမတန်ဘူးပြောပြီး ဦးမင်းသခင်ကိုယ်တိုင်က ငွေလရိပ်ဆိုတဲ့ ကောင်မလေးနောက်ဆုတ်သွားအောင် ရက်ရက်စက်စက် ပါးရိုက်ပြီးတော့တောင် ခွဲခဲ့တာ ..."

"ဘယ် ... ဘယ်လိုမမ ... ငွေလရိပ်ဆိုတဲ့ ကောင်မလေးကို ပါးရိုက်ပြီးတော့တောင် ဦးမင်းသခင်က နောက်ဆုတ်ခိုင်းခဲ့တာဟုတ်လား ..."

မိုး နာကျင်ပြီးတော့ ပူလောင်သွားတာ မျက်ရည်တွေပါ အငွေ့ပျံခြောက်သွေ့သွားသည်။ မိုးနှုတ်ခမ်းတွေကတော့ တဆက်ဆက်တုန်ကာ တစ်ကိုယ်လုံးအေးစက်လျက် ... ။

"ညီမလေးရယ် ... ဒီလိုလက်ထပ်ခါနီးမှ ဦးမင်းသခင်အကြောင်းတွေပြောရတာ မမစိတ်မကောင်းပါဘူး ... မမသိထားသလောက်ပြောရမယ်ဆိုရင် ဒီလိုရက်စက် အဆင့်အတန်းခွဲခြားတတ်တဲ့ ဦးမင်းသခင်လိုလူမျိုးတစ်ယောက်ကို ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ညီမလေးလက်မထပ်သင့်ဘူး ... ပြီးတော့ ငွေလရိပ်တို့ ချစ်သူနှစ်ယောက် နှစ်လောင်းပြိုင်သေခဲ့ရတာလည်း ငွေလရိပ်တို့စီးမယ့် ကားဘရိတ်ကြိုးကို ဦးမင်းသခင်ကိုယ်တိုင် ရက်ရက်စက်စက် ဖြတ်ထားလိုက်လို့ ငွေလရိပ်သေခဲ့ရတာ ..."

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားအတွက်ကိုတော့ မိုးရင်အနင့်ဆုံးခံစားလိုက်ရပြီ။

လက်ထောက်မန်နေဂျာမလေး မသူဇာကတော့ ပြောနေရင်း မိတ်မလုံသလိုဖြစ်ကာ မျက်ဝန်းလေးက ဒေါင့်နှစ်ဖက်လုံးကို ဟိုဘက်ဒီဘက်ပြေးကပ်သွားလျှက် ... ဒီလိုတွေပြောဖို့ ချစ်ခြင်းပြိုင်က မသူဇာကို တိုးတိုးတိတ်တိတ်ကြိတ်မှာထားခဲ့တာလေ။ ဒီလိုပြောမှ မိုးက အရမ်းစိတ်နာပြီး ဒီလက်ထပ်ပွဲကြီးပျက်သွားမှာတဲ့။ သူပြောနိုင်းတာကိုပြောလို့ ဒီပွဲပျက်သွားရင် မသူဇာရမယ့်ဆုကြေးက ငွေကျပ်သိန်းသုံးဆယ်တိတိကို ချစ်ခြင်းပြိုင်ကိုယ်တိုင်ချီးမြှင့်ပေးမယ်ဆိုတော့ မသူဇာမလွန်ဆန်နိုင်တော့ဘူးပေါ့ ... ။

"အဲဒီ ... အဲဒီလောက်ထိတောင် ဦးမင်းသခင်က ရက်စက်ခဲ့တယ် ဟုတ်လား ... ကျွန်တော် ကျွန်တော်မယုံဘူး မမရာ"

"အမလေးမိုးရယ် ... ညီမလေးမယုံမရှိနဲ့ မမက ညီမလေးမိုးကို စတွေ့တွေ့ချင်း စိတ်ထဲက အရမ်းသနားမိလို့ပြောရတာ ဖြစ်နိုင်ရင် ဒီလက်ထပ်ပွဲကို ဖျက်ပြီး လွတ်မြောက်နိုင်တဲ့တစ်နေရာကို ဦးမင်းသခင် အလစ်မှာ ညီမလေးထွက်သွားတာ အကောင်းဆုံးပဲ ညီမလေး သွားမယ်ဆိုရင် မမကူညီမယ် ... "

"ဟွန်း ... "

မိုးပြုံးလိုက်တာ တကယ့်ကိုနာကျင်စွာနဲ့ပါ ... ။

ဒီအတိုင်းဆိုရင်တော့ ဦးမင်းသခင်ကို မိုးကလည်း မုန်းလိုက်ရတော့မှာပေါ့။ ဦးမင်းသခင်ကိုယ်တိုင် မမငွေလရိပ်အပေါ်မှာ ရက်စက်ခဲ့တာ သေချာသွားပြီပဲ။

"ဘယ်လိုလဲဟင် ... ညီမလေးသွားမယ်ဆိုရင် အခုတစ်ခါ





တည်း သွားမှဖြစ်မယ် ... အချိန်မရှိတော့ဘူး ... ဦးမင်းသခင်ပြန်လာရင် သူကလည်း ဟန်ဆောင်အလိမ်အညာတွေနဲ့ ညီမလေးကို လက်ထပ်ပြီး နောက်ဆုံးတစ်နေ့မှာ ညီမလေးဘဝကို ပျက်အောင်ဖျက်တော့မှာ မမတို့မိန်းကလေးတွေရဲ့ဘဝက ဆူးပေါ်ဖက်ကျလည်းဖက်ပေါက်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်ရတဲ့ ဘဝလေးပါ ... ညီမလေးရယ် ... မမစကားကိုနားထောင်နော် ညီမလေး"

"ကျွန်တော် ထွက်မသွားနိုင်ဘူး မမ ... "

"ဟင် ... "

မျက်တောင်တွေကော့လျှက် မိုးဖြေလိုက်တာ တစ်ခွန်းတည်း။

"သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ မျက်လုံးထဲမှာ ဘယ်တော့မှ အလင်းမပြန်တတ်တဲ့ မှန်တစ်ချပ်ရှိနေတယ်လေ ... မမ သူနဲ့အကြာကြီးပြိုင်စိုက်ကြည့်ပြီးတော့ အဲဒီမှန်ကို ကျွန်တော် ရိုက်ခွဲနိုင်ဖို့ ဦးမင်းသခင်ကို ကျွန်တော်လက်ထပ်လိုက်တော့မယ်"

"ဘုရားရေ ... ကြည့်စမ်း ... "

မိုးကို ချောင်ပိတ်ဖမ်းဖို့ ကြိုးစားနေတဲ့ မသူဇာ ... ။

အကြီးအကျယ် စိတ်ဓာတ်ကျသွားခဲ့၏။ ဘာလဲဟင် ... သူပြောလိုက်တဲ့စကားလေးက သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ မျက်လုံးထဲမှာ ဘယ်တော့မှ အလင်းမပြန်တတ်တဲ့ မှန်တစ်ချပ်ရှိနေသတဲ့ ... ။ အဲဒီမှန်ကို ရိုက်ခွဲနိုင်ဖို့ ဦးမင်းသခင်ကို ကျွန်တော် လက်ထပ်လိုက်တော့မယ်ဆိုပါလား။ ဒါကို ... အခန်းထဲဝင်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



နားစွန်နားဖျားလေးကြားလိုက်ရတဲ့ ချစ်ခြင်းပြိုင်က မျက်နှာလေး မော့ကာ နှုတ်ခမ်းကလေးကိုမဲ့လျှက် ... မှူးကလည်း အလှပြင်နေတဲ့ မိုးပုံစံလေးကိုကြည့်ကာ မှင်သက်မိသလို ခံစားခဲ့ရပြီ ... ။

မိုးမှ ... ဟုတ်ရဲ့လားဟင် ... ။

ဒါ ... ဒါ ကိုကိုနဲ့ လက်ထပ်တော့မယ့် မိုးလရိပ်တဲ့လား။

ပုံစံလေးပြောင်းသွားတာက ဘယ်လိုမှ ယုံနိုင်ဖွယ်ရာမရှိတဲ့ ပုံစံလေးမို့ မျက်တောင်မခပ်နိုင်ဘဲ တစ်ကိုယ်လုံးအေးစက်ကာ မှူး ကြက်သေ,သေနေသည်။

လှလိုက်တာ မိုးလရိပ်ရယ် ...

နင် ... နင် ... တော်တော်လှတာပဲ။ အလှဖန်တီးရှင် ဒီဇိုင်နာမိတ်ကပ်ဖန်တီးရှင် မိန်းမလျာမမက ... ယောကျာ်းလေးတစ်ယောက်လိုဖြစ်နေတဲ့ မိုးရဲ့ပုံစံလေးကို ဝင်းနှစ်အိစက်ပြီးတော့ သိပ်ကိုစွဲမက်ဖို့ကောင်းတဲ့ မိန်းမလှလေးတစ်ယောက်အဖြစ်နဲ့ ရင်သပ်ရှုမောဖွယ်ရာ ပြောင်းလွဲပေးလိုက်တာလေ ... ။

ဆံပင်တွေ နောက်လှန်သိမ်းထားသည့် ဝင်းနှစ်သော နဖူးပြင်လေးထက်မှာ စိန်စီသော အဖြူရောင်သရဖူလေးက အိစက်လက်ဖြာကာ အရောင်တဖျတ်ဖျတ်ခါလျှက် ... ကြော့ရှင်းသော လည်တိုင်လေးမှာ နီညိုရောင်တွေ စိမ်းစိမ်းလဲ့လဲ့ပြေးနေသည့် အဖိုးတန် ပတ္တမြားလည်ဆွဲတွေက တစ်ခုပေါ်တစ်ခု အထပ်လိုက် အကပ်လိုက် စီတန်းဆင့်ကာ တင်ထားလိုက်တော့ မေးဖျားချွန်ချွန်ကလေးနှင့် မျက်နှာလေးဝင့်သွားတာ မှူးအသက်ရှူဖို့ပင် မေ့သွားသည်။

**ဖိုးလပြည့်စာပေ**



"ဟွန်း ... မင်းက ခုတော့လည်း တယ်ဟုတ်နေပါလားဟင် မိုး ... ဘယ်ဆိုးလို့လဲ ... အားလုံးကို မျက်နှာပြောင်တိုက် စိမ်ခေါ်ပြီး ကိုကိုရဲ့သတို့သမီးလေးမင်းက လုပ်တော့မယ်ပေါ့လေ ... မင်း တော်တော်သတ္တိရှိတာပဲ ... ဟား ... ဟား"

မိုးရှေ့တည့်တည့်ကိုသွားကာ ခါးလေးကော့ မျက်နှာလေး မော့ကာ ရယ်ချလိုက်သည့် ချစ်ခြင်းပြိုင်ရဲ့ ရယ်သံလေးက အခန်းထဲမှာ ပဲ့တင်သံတွေထပ်သလို လှိုက်တက်သွားသည်။ မိုးကလည်း မျက်တောင်လေး ပင့်ကော့ကာ ချစ်ခြင်းပြိုင်ကို မော့ကြည့်၏။

ဘာပဲပြောပြော ဒီပွဲကိုတော့ မိုး အရှုံးမပေးနိုင်တော့ပါဘူး။

ဦးမင်းသခင်ရဲ့ လက်ကိုဆွဲပြီး အရာအားလုံးကိုသိမ်းပိုက်နိုင်ဖို့ပဲ မိုးကြိုးစားလုပ်တော့မယ် ... ခုချိန်မှာတော့ မိုးပါးပြင်လေးနှစ်ဖက်ဆီမှာ မျက်ရည်တွေက အငွေ့ပျံသွေ့ခြောက်လျှက် ... ။ မှန်ထဲမှာ ပြန်မြင်နေရသည့် မိုးမျက်နှာလေးက နှုတ်ခမ်းလေးမဲ့ကာ ပြုံးလို့ပါ ... မိုး သူတို့အားလုံးကို ဂရုမစိုက်ပါဘူး ... မမငွေလရိပ်ရှုံးခဲ့သမျှ အရှုံးတွေအားလုံး သူတို့ဆီကနေ မိုးရအောင်ပြန်ယူရမယ် ... ။

ဒါဟာ ... မမငွေလရိပ်အတွက် တရားမျှတတဲ့လျော်ကြေးတစ်ခုပဲ ... ။

ဒါကို မကျေနပ်ရင် ကြိုက်သလို ဟားလိုက်လေ။

"ဟား ... ဟား ... မင်း သတ္တိကိုတော့ တို့အရမ်းလေးစားသွားပြီ၊ သိလားမိုး ... မင်းအတွက် တစ်ခုပဲ တို့စိတ်မကောင်းဘာက မင်းဟာ ... ဦးမင်းသခင်ရဲ့ လက်ကိုဆွဲပြီး မင်္ဂလာစင်မြင့်ပေါ်ကို တက်ခွင့်ရှိမှ တက်ရတော့မယ်ဆိုတဲ့အချက်ပဲ မင်းသိအောင်ထွင်ပြီး

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်ဆိုရင် ဦးမင်းသခင်ကိုယ်တိုင်က ခုချိန်ထိ သတို့သမီးရဲ့ နာမည်ကို မကြေငြာသေးဘူးလေ ... မိုးလရိပ်ရဲ့ ... ဟား ... ဟား ... ဦးမင်းသခင်ရဲ့ လှည့်စားမှုတွေအောက်မှာ အရှက်ကွဲရှုံးနိမ့်မှုတွေနဲ့ မင်းမျက်ရည်သုတ်ရတော့မယ်ထင်တယ် ... "

"ဘယ် ... ဘယ်လို"

အလှပြင်မှန်တင်ခုံလေးရှေ့ကနေ ထ,ရပ်လိုက်တာ မိုးလရိပ်ပါ ... ။

ချစ်ခြင်းပြိုင်ကတော့ လက်ကလေးပိုက်ကာ မခံချင်စဖွယ် ခပ်မဲ့မဲ့အပြုံးတွေနဲ့ ပခုံးချင်းထိလုနီးပါးဖြစ်အောင် မိုးအနားကိုရွှေ့ရပ်သည်။

"ဟုတ်တယ်လေမိုးရဲ့ ... ကိုကိုက ဘယ်သူ့ကို လက်ထပ်ရမယ်ဆိုတာ ဆုံးဖြတ်ရခက်နေလို့ ... သတို့သမီးနာမည်ကို မကြေငြာသေးတာ ... မှူးတောင်းပန်ပါတယ်မိုးရာ ... ဒီပွဲမှာ မိုးကို အားလုံးရဲ့ကိုယ်စား မှူးတောင်းပန်ပါရစေနော် ... မိုး ... ဖြစ်နိုင်ရင် မိုးကပဲ နောက်ဆုတ်ပေးပါ ... မိုးနောက်မဆုတ်ရင် ဒီပွဲက ကြမ်းလာတော့မှာလေ ... မိုးရဲ့ ... အဟင်း ... ဟင်း"

ချော့သလိုနှင့် မှူးကမိုးကို ခြိမ်းခြောက်သည်။

ခါးထောက်ပြီးတော့ နှုတ်ခမ်းလေးမဲ့ကာလည်း ပြောင်သလို လှောင်သလို ရယ်မောနေ၏။ အလှဖန်တီးရှင် မမကတော့ ဘာတွေ ဖြစ်နေမှန်းမသိဘဲ ... ခေါင်းကလေးကုတ်ကာ ချစ်ခြင်းပြိုင်ကိုတစ်လှည့်၊ မိုးမျက်နှာလေးကိုတစ်လှည့် မျက်ဝန်းလေးထောင့်ကပ်ကာ လှည့်ကြည့်ရင်း စိတ်ရှုပ်ထွေးနေပုံရ၏။





လက်ထောက်မန်နေဂျာအပျိုကြီး မသူဇာကတော့ ကိုရီးယားစတိုင် ရောင်စုံဆံပင်တွေကိုကြားထဲလက်ထိုးသွင်းကာ မျက်လုံးလေးပေကလပ်ပေကလပ်နှင့် နံရံတစ်ဖက်ထောင့်မှာ ငြိမ်ကုတ်သွားကပ်နေသည်။

"ဘယ်လိုလဲဟင်မိုး ... မှူးပြောတာကို ကြားတယ်နော်"

"ဟွန်း ... ကြားပါတယ် ဒါပေမယ့် နောက်ဆုတ်ဖို့ အစီအစဉ်ကျွန်တော့်မှာ လုံးဝမရှိတော့ဘူး ... ဦးမင်းသခင်ရဲ့ လက်ကိုဆွဲပြီး မင်္ဂလာစင်မြင့်ပေါ်တက်ခွင့်ရဖို့အတွက် ဘယ်သူနဲ့ပဲပြိုင်ရ ပြိုင်ရကျွန်တော်ပြိုင်မယ် ... "

"ဟား ... ဟား ... မင်းလို မလောက်လေးမလောက်စားကောင်မလေးတစ်ယောက်က ချစ်ခြင်းပြိုင်လို မိန်းမတစ်ယောက်ကိုတောင် ပြိုင်ဦးမတဲ့ ... ဟားတိုက်ပြီးတော့တောင် ရယ်လိုက်ဖို့ပဲ ကောင်းတော့တယ် ... ဒီမှာမိုး မင်းကိုတို့ပြောနေတာ ကိုကို့လို လူမျိုးတစ်ယောက်ကို မာယာတွေအမျိုးမျိုးနဲ့ မြူဆွယ်သိမ်းပိုက်ပြီး လက်စားချေဖို့ ကြိုးစားနေတာတွေအားလုံး အချိန်မီရပ်တန်းက ရပ်လိုက်ဖို့ သတိပေးနေတာ ... အစ်မက ဇာခန်းဆည်းနောက်ကွယ်မှာ လုပ်စား၊ ညီမက သူများခြံက ခိုင်းဖတ် ... "

"ဘာ ... ဘာပြောတယ်"

မိုးဆတ်ဆတ်ခါအောင် နာခဲ့ရပြီ ... ။

"ခင်ဗျား ... ခင်ဗျား ကျွန်တော်တို့ညီအစ်မနှစ်ယောက်ရဲ့ ဘဝကိုမစော်ကားနဲ့ ... အမေအဖေ ဆွေမျိုးတွေမရှိတော့တဲ့ ဘဝမှာ အသည်းနာနာရင်နာနာနဲ့ တစ်ယောက်ပခုံးကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖက်ပြီး ကျွန်တော်တို့ညီအစ်မနှစ်ယောက်ရှင်သန်ခဲ့ရတာ မမငွေလရိပ် ကေတီဗွီ မာဆတ်မှာ ဘယ်လိုပဲလုပ်ခဲ့လုပ်ခဲ့ ... ငွေစက္ကူနဲ့လဲပြီး ဖြူစင်တဲ့ နှလုံးသားတွေကို ထုခွဲရောင်းမစားခဲ့ဘူး၊ မလွှဲသာ မရှောင်သာ လုပ်ခဲ့ရပေမယ့် အဲဒီလိုမိန်းကလေးတိုင်းမှာ မာနကြီးနဲ့ ကိုယ့်ကိုယ်ကိုယ် ချည်ပြီး မှဲ့တစ်ပေါက်မစွန်းအောင် နေတတ်ကြတယ်ဆိုတာ ခင်ဗျားမသိဘူးလားဟင် ... ပြောရမယ်ဆိုရင် အဲလို နှိမ်တတ် ပြောတတ် အဆင့်ခွဲခြားတတ်တဲ့ ခင်ဗျားတို့လို လူမျိုးတွေကြောင့် ကျွန်တော့် မမငွေလရိပ် အသေဆိုးနဲ့သေခဲ့ရတာ ... ဒါကို မကျေနပ်လို့ ဦးမင်းသခင်ကို ကျွန်တော်လက်ထပ်တာ ..."

"မင်းရမယ် ... ထင်သလား"

"မပြောနဲ့တော့ ... မမချစ်ခြင်းပြိုင် စင်ပေါ်ကို ဘယ်သူခေါင်းမော့တက်ခွင့်ရမယ်ဆိုတာ မကြာခင်အဖြေထွက်လာတော့မှာ မှူးကတော့ အေးဆေး အေးဆေး ..."

မှူး မျက်တောင်လေးပုတ်ကာ ... လက်ကလေး တခါခါနှင့်။

"ရမလား ... မရလားဆိုတာတော့ ခင်ဗျားစောင့်ကြည့်လိုက်ဦးပေါ့ ..."

"ဟွန်း ... မင်းလောက်လေးကိုများ ဟား ... ဟား"

သူတို့ပြန်ထွက်သွားတော့မှ ဦးမင်းသခင်က အခန်းထဲကို ပြန်ဝင်လာသည်။ မိုးမသိချင်ဟန်ဆောင်ပြီး မှန်တင်ခုံဖက်ကို မျက်နှာလေးလှည့်လိုက်တော့ ... ။





"နေဦးလေ ... မိုး ... မင်းပြင်ထားတာလေးကို ငါကြည့်ချင်လို့ ..."

"ဖယ်နော် ... ဦးမင်းသခင် ကျွန်တော်ပခုံးကို ခင်ဗျားမကိုင်နဲ့ ..."

သူ့လက်တွေကို မိုးပခုံးပေါ်ကနေ ဖယ်ချလိုက်ရပြန်ပြီ။

ဒါလည်း ဦးမင်းသခင်ကမရ၊ မိုးရှေ့တည့်တည့်ကို လျှောက်လာပြီး မိုးပြင်ထားသမျှ မိုးဝတ်ထားသမျှ အရာတွေအားလုံးကို သူ အရပ်မြင့်မြင့်ကြီးနဲ့ စီးမိုးငုံ့ကြည့်ကာ ... ။

"မိုးရာ မင်းသိပ်လှတယ်ကွာ ... အိပ်မက်သူဇာဆိုတာ မင်းကိုပဲပြောတာဖြစ်မှာ ..."

သူ မိုးကိုကြည့်ကာ မက်မဆုံးတော့အောင်လည်း ရင်ထဲမှာ ခံစားလိုက်ရ၏။ ကြည့်ပါဦး ပုလဲနှစ်ရောင် ခါးဖောင်းဂါဝန်ဖြူလေးနဲ့ မန္တလေးက သယ်လာတဲ့ဝတ်စုံတွေ အများကြီးထဲမှာ ဒီအဖြူရောင်ဝတ်စုံလေးကိုမှ မင်းတမင်ရွေးခဲ့တာလားမိုးရာ ... မင်းကို ဒီဝတ်စုံလေးနဲ့ မြင်လိုက်ရတာ အိပ်မက်ဆိုးတွေမက်တဲ့ညက အိပ်မက်ထဲမှာ ငွေလရိပ်ကို မြင်လိုက်ရသလိုပဲ ... ။

မင်းနဲ့ တစ်ပုံစံတည်းတူနေတာ ငါစိတ်တွေအခုမှ ခြောက်ခြားလာခဲ့ရပြီကွာ ... အိပ်မက်ထဲက ငွေလရိပ်ရဲ့ ပုံစံလေးကို ရွေးချယ်ဝတ်ပြီးတော့ မင်းက ငါ့ကိုလက်စားချေတော့မယ်ပေါ့လေမိုး။

"ကျွန်တော် ... ကျွန်တော် ခင်ဗျားကို အရမ်းမုန်းတယ်သိလား ... ဦးမင်းသခင် အမုန်းတွေနဲ့ပဲ ခင်ဗျားကို ကျွန်တော်လက်ထပ်မယ် ... တခြားဘယ်သူမှ ခင်ဗျားလက်ကိုတွဲပြီး စင်မြင့်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ခွင့်မရှိဘူး ... ”

“ဟား ... ဟား”

သူရယ်ပစ်လိုက်တာ မျက်နှာလေးမော့လို့ပါ ... ။

“မိုးရာ ... မင်းဟာ ငါအကောင်းဆုံးရွေးချယ်ထားတဲ့ ငါ့နှလုံးသားထဲက သတို့သမီးပါ ... မင်းကလွဲပြီးတော့ ဘယ်သူကို ငါက လက်တွဲတက်ရမှာလဲ ... ဟား ... ဟား ... လက်ထပ်ပွဲပြီး တာနဲ့ မင်းငါ့ကိုကြိုက်သလို လက်စားချေနိုင်တယ် ... ငါ့အသည်း နှလုံးတွေကို ချွေချနင်းပြီး တံတားတစ်စင်းလိုလည်း ဖန်ဆင်းဆက် လျှောက်သွားနိုင်တယ် ... ဟုတ်ပြီနော် မိုး ... မင်းတစ်ခုပဲ နားလည် ထားရမှာက ငါက မင်းကို ရိုးရိုးသားသားလေးချစ်ပြီး တောင်းရမ်း လက်ထပ်ယူဖို့အထိ ရည်ရွယ်ထားခဲ့ပေမယ့် မင်းက ... ဟန်ဆောင် အချစ်တွေပဲပေးခဲ့ပြီး ငွေလရိပ်အတွက် လက်စားချေချင်နေတာကို သိလိုက်ရလို့ ရင်နာနာနဲ့ပဲ မင်းကိုလက်ထပ်ခွင့်ပေးလိုက်တာ”

“ဟို ... ဟိုလေ ... မန်နေဂျင်း”

လက်ထောက်မန်နေဂျာ မသူဇာက မဝံ့မရဲဟန်ကလေးဖြင့် ခေါင်းကလေးကုတ်ကာ စကားဝိုင်းထဲဝင်ပါလာသည်။

“ဟင် ... ပြောလေမသူဇာ ကိုယ့်ကိုမင်းဘာပြောချင်လို့လဲ”

“ဒီ ... ဒီ ... သတို့သမီးလေး မိုးလရိပ်က ဟို ... ဟိုတစ်ခါ ဒီမှာ ကားအဆီးဒင့်ဖြစ်သွားတဲ့ ငွေ ... ငွေလရိပ်ရဲ့ညီမလေးလား”

“ဟွန်း ... ဟုတ်တယ်လေ ... အဲဒီတုန်းက ဖြစ်ခဲ့တဲ့ကိစ္စ တွေနဲ့ပတ်သက်ပြီး ကိုယ့်ကိုမကျေနပ်လို့ လက်စားချေမယ်ဆိုပြီး မိုးလရိပ်က ကိုယ့်နောက်ကို လိုက်လာခဲ့တာ ကိုယ်ကလည်း ခွင့်ပြု





ပါတယ် ... ”

“ဘုရားရေ ... ဒုက္ခပါပဲ”

“ဟင် ... ဘာဖြစ်လို့လဲ မသူဇာ”

“ကျွန်မ ... ကျွန်မကလည်း သူ့ကို ငွေလရိပ်ရဲ့ညီမလေးမှန်း မသိဘဲ ဟိုတုန်းက ဒီမှာဖြစ်ခဲ့တာတွေကို ပြောလိုက်မိလို့ပါ မန်နေဂျင်း”

“ရတယ် ... မသူဇာ အဲဒီ့အတွက် သူကိုယ့်ကိုကြိုက်သလို မုန်းပါစေ ... ကဲ အချိန်လည်းမရှိတော့ဘူး ... မိုးကို ပြင်ပေးပြီးပြီ ဆိုရင် ကိုယ့်ကို ဆံပင်လေးပဲညှပ်ပြီး မျက်နှာလေးပဲသစ်ပေးပါ ... ကိုယ်ဝတ်ရမယ့် အဝတ်အစားကိုတော့ နက်ပြာရောင်အနောက် တိုင်းဝတ်စုံလေးကိုပဲ ကိုယ်ဝတ်မယ် ... ”

“အားလုံး ရယ်ဒီပဲ ... မန်နေဂျင်း”

သူဖျတ်ခနဲ မှန်ထဲက မိုးမျက်နှာလေးကို လှမ်းကြည့်လိုက် တော့ နှုတ်ခမ်းစွန်းထောင့်လေးတစ်ချက် ခပ်မဲ့မဲ့လေးကွေးလို့။

တကယ်နာကြည်းနေတဲ့ အရိပ်ကလေးတွေက မိုးရဲ့မျက် ဝန်း နက်နက်လေးထဲမှာ တဖျတ်ဖျတ်တောက်လို့ နေခဲ့ပြီ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

“လာလေ ... မိုး”

“ရတယ် ... သူဌေးမင်း ကျွန်တော့်လက်ကို ခင်ဗျားမတွဲနဲ့”

ဂန္ဓာမာမြိုင်ရဲ့အပေါ်ထပ် ကျွန်းလှေခါးကြီးပေါ်က ဆင်းတော့မယ်ဆိုကတည်းက သူကမ်းပေးလိုက်သည့်လက်ကိုလည်း မိုးက ပုတ်ချသည်။ သူ ပခုံးချင်း ထိတိုက်ကာ ဆင်းဖို့ကြိုးစားကြည့်တော့လည်း မိုးက ခွာသွား၏။

“မိုးနော် ... မင်းငါ့ကို လူတွေကြားထဲမှာ အရှက်မခွဲနဲ့ ... ငါတို့နှစ်ယောက်ဆင်းလာမှာကို အားလုံးက အောက်ထပ်မှာ စောင့်နေကြတာ ... ငါ ဂုဏ်သိက္ခာရှိရှိ တည်တည်ငြိမ်ငြိမ်လေးပဲ ဒီညကို ကုန်ဆုံးလွန်မြောက်ချင်တယ် ... မင်း မုန်းနေတာ သိပေမယ့် ဒီ တစ်ခုလေးတော့ မင်းငါ့ကိုကူညီပါ ... ”

“အတူတွဲဆင်းတာရတယ်လေ ... လက်တွဲတာကိုတော့ ကျွန်တော်ခွင့်မပြုနိုင်ဘူး ... ”

“မင်းကွာ ... ပြောရတာ ခက်လိုက်တာ”

သူစိတ်လျှော့ကာ ဒီအတိုင်းဆင်းလာတော့ ချစ်ခြင်းပြိုင်က





ဝမ်းသာပြီး ဦးမင်းသခင်လက်မောင်းကို ခပ်ပြောင်ပြောင် ခပ်မာမာပဲ လှမ်းဝင်ဆွဲသည်။

“ဟေး ... ဒါမှ တို့ကိုကိုကွ ... ဟား ... ဟား ... မိုးလရိပ်ကို လက်တွဲပြီးဆင်းမလာကတည်းက ကိုကိုချစ်ခြင်းပြိုင်ကိုပဲ ရွေးတော့မယ်ဆိုတာ မှူးတို့အားလုံးက သိနေကြပြီလေ ... ကိုကိုရဲ့ ဒါ ... ဒါဆို နောက်မှာကျန်ခဲ့တဲ့ မိုးလရိပ်က သတို့သမီး အရန်လေး ဖြစ်သွားပြီပေါ့နော်ကိုကို ... မှန်တယ် ... မှန်တယ် ... ကိုကို့ ဆုံးဖြတ်ချက် အရမ်းမှန်တယ်ဟေ့ ... ဖြောင်း ... ဖြောင်း”

မှူးက မင်္ဂလာပွဲတက်မယ့် ဝတ်စုံကလေးဝတ်ကာ လက်ခုပ်လေး တဖြောင်းဖြောင်းတီးလျှက် ... မျက်နှာလေးကပါ ဝင်းနေအောင် လန်းဆန်းတက်ကြွနေသည်။ ချစ်ခြင်းပြိုင်ကလည်း အဖြူရောင်သတို့သမီး ဂါဝန်ဝတ်စုံကြီးကို မိုးနဲ့အပြိုင် ရတနာတွေ စိန်တွေတွဲကာ ဖိတ်ဖိတ်လက်နေအောင် ဝတ်ထားလျှက် ... ။

ဒီမြင်ကွင်းကိုကြည့်ကာ အူတွေအသည်းတွေ ပြောင်းဆန်သွားအောင် ရင်နာသွားရတာလည်း မိုးပဲဖြစ်သည်။ မိုးရယ်ချင်ပါသည်။ သူတို့ရယ်သလို လည်တိုင်ကြော့ကြော့နဲ့ မျက်နှာလေးကို တင်းတင်းလေးမော့ကာ မိုးရယ်လိုက်ချင်ပါသည်။

“ဒါ ... ဒါ ... ဘာလုပ်တာလဲဟင် ... ပိုက်ဆံတွေချမ်းသာသလောက် ကမ္ဘာပေါ်မှာ ကိုယ့်ကိုလက်ထပ်ယူမယ့် ယောကျ်ားတစ်ယောက်မှ မရှိတော့လို့ မိုးလရိပ်ဆိုတဲ့သူများအိမ်က ခိုင်းဖတ်ကောင်မလေးတစ်ယောက် လက်ထပ်ရမယ့် ယောကျ်ားတစ်ယောက်ကို ပြောင်အတင်းဝင်လုနေတာ အောက်တန်းကျလွန်းသလား ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ကြည့်စမ်း၊ မင်း … မင်း … တို့ကို ဘယ်လိုပြောလိုက်တာလဲဟင် … မိုး"

ချစ်ခြင်းပြိုင်က တွဲထားတဲ့လက်ကိုဖြုတ်ချမပစ်ဘဲ နောက်ပြန်လှည့်ကြည့်ကာ မေးလိုက်သလို မှူးကပါ ချစ်ခြင်းပြိုင်နဲ့အတူ ယှဉ်ကာ ဝင်ရပ်လိုက်၏။

"မိုးနော် … သူလက်တွဲရမယ့် သတို့သမီးကို နောက်ဆုံးအချိန်ရောက်မှ ရွေးချယ်မယ်လို့ ကိုကိုအပြတ်ကြေငြာထားပြီးသားအခု မင်းလက်ကို မတွဲဘဲအပေါ်ကနေ ကိုကိုဒီအတိုင်းဆင်းလာတာလေ … ကိုကိုပေးချင်တဲ့အဖြေက ရှင်းနေပြီပဲဥစ္စာ … "

မှူးက နှုတ်ခမ်းလေးမဲ့လျှက် အပိုင်ပြောချသည်။

"ကဲ … အဲဒါဆိုရင်လည်း ဦးမင်းသခင်ကိုပဲ မင်းတို့မေးလိုက်လေ … မှူး၊ ရွှေခြေနင်းနဲ့ စကြာယာဉ်ကုမ္ပဏီကြီးရဲ့ ဂုဏ်ထူးဆောင်မန်နေဂျင်းဒါရိုက်တာကြီးဦးမင်းသခင်က စိန်စီတဲ့ပုခက်ကြိုးပေါ်ကချစ်ခြင်းပြိုင်ကိုပဲရွေးမလား … မိုးလရိပ်ဆိုတဲ့ ဆင်းရဲတဲ့ အနှိမ်ခံအနိုင်းခံ ကောင်မလေးတစ်ယောက်ကိုပဲ ရွေးမလားဆိုတာ … "

"ဖယ်ကွာ … ချစ်ခြင်းပြိုင်"

"ဟာ … ကိုကို"

သေစမ်း … ။

ချစ်ခြစ်ပြိုင်လက်တွေကို ကိုကိုအတင်းဖယ်ချပစ်နေပြီ။

ချစ်ခြင်းပြိုင် မျက်နှာပျက်သွားတာလည်း ဘယ်လို ဂရုမြှေမဆည်နိုင်။ လက်တွဲပြုတ်သွားတော့မှ ဦးမင်းသခင်က မိုးရပ်နေတဲ့နေရာဆီ တည့်တည့်ပြန်လျှောက်လာသည်။

"မိုးရာ … စောစောကတည်းက မင်းနဲ့လက်တွဲပြီးဆင်းပါ





မယ်လို့ ပြောနေတဲ့ဥစ္စာ … ပြောရရင် ကိုယ့်ရဲ့ရွေးချယ်မှုဟာ မင်းတစ်ယောက်တည်းပါ … ကိုယ် … မင်းကိုပဲလက်ထပ်မယ် ကိုယ့်ရဲ့ထာဝရမီးတိုင်လေးဟာ မင်းပဲဖြစ်စေရမယ် … "

"ကဲ … ကုမ္ပဏီရဲ့မန်နေးဂျင်းဒါရိုက်တာကြီး ဦးမင်းသခင်ကသူ့ရင်ထဲက ခံစားချက်ကို အပြတ်ကြေငြာနေတာ အားလုံးကြားတယ်နော် … ကိုယ့်ရဲ့ ထာဝရမီးတိုင်လေးဟာ မင်းပဲဖြစ်စေရမယ်တဲ့ … "

ဝိုင်းအုံကြည့်နေတဲ့ ဧည့်ပရိသတ်တချို့က ပြုံးတဲ့လူပြုံးခေါင်းညိတ်တဲ့လူကညိတ်နဲ့ ဦးမင်းသခင်ရဲ့ ချစ်ခြင်းမေတ္တာကို အသိအမှတ်ပြုပေးနေကြတာလေ … ချစ်ခြင်းပြိုင်ရှေ့မှာ ဝန်ခံနေတာမို့မိုးစိတ်ထဲမှာ ပီတိလေးတစ်ခုတော့ဖြစ်သွားခဲ့ရသည်။ တကယ်တော့ မိုးလိုချင်ခဲ့တာလည်း ဦးမင်းသခင်ဆီက အဲဒီလို သက်သေခံချက်လေး တစ်ခုပါပဲ။

"ဟွန်း … ဆက်ပြောဦးလေ … ဦးမင်းသခင် မိုးလရိပ်ဆိုတဲ့ကောင်မလေးတစ်ယောက်ကို ဦးမင်းသခင်ဘယ်လောက်ချစ်လို့လက်ထပ်ဖို့အထိ စီစဉ်ခဲ့ရသလဲဆိုတာ … "

လက်ကလေးပိုက်ရပ်ကာ မိုးက မေးနေပြီမို့ စောင့်နေကြတဲ့ ဧည့်သည်တွေကိုပဲ မျက်လုံးလေး တစ်ချက်ဝေ့ကာ ကြည့်လိုက်ရင်း … ။

"ကျွန်တော် … ကျွန်တော် ငွေလရိပ်ရဲ့အချစ်ဆုံးညီမလေးမိုးလရိပ်ကို တကယ်ချစ်လို့ လက်ထပ်ဖို့ကြိုးစားခဲ့တယ်ဆိုတာ ဝန်ခံပါတယ် … ဒီသတို့သမီးလေးမိုးလရိပ်ဟာ … ကျွန်တော့်ဘဝကိုဆက်ပြီးတော့ ရှင်သန်စေမယ့် ကျွန်တော့်ရဲ့နှလုံးသားပါ … "



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ..."

ချစ်ခြင်းပြိုင်ကတော့ မျက်နှာကလေးကို လက်ဝါးကလေးအုပ်ကာ ရှိုက်ငိုလို့နေခဲ့ပြီ။ ဒီလို ချစ်ခြင်းပြိုင်ဆီက ရှိုက်သံလေးလွှင့်ထွက်လာတော့ မှုုးမျက်နှာလေးပျက်ကာ နှုတ်လမ်းလေးတွေပါ ဖြူဖျော့လျှက် ...။

"ကဲ ... အားလုံးရှေ့မှာ ကိုယ်ဒီလောက်ပြောရင် မင်းကျေနပ်သင့်ပြီနော် ... မိုး ... မင်္ဂလာပွဲကို ရောက်ရမယ့်အချိန်လည်း နောက်ကျနေပြီ ..."

ပြောလည်းပြော မိုးလက်ကလေးကိုလှမ်းချိတ်ဖို့ ကြိုးစားလိုက်စဉ်မှာပဲ မိုးကခေါင်းကလေးခါလျှက် ဦးမင်းသခင်ရဲ့လက်တွေကို နာကျင်စွာပဲ ပုတ်ထုတ်ဖယ်ရှားပစ်လိုက်သည်။

"Sorry ပဲ ဦးမင်းသခင် ... ကျွန်တော့်လက်ကိုချိတ်ပြီး မင်္ဂလာပွဲတက်ဖို့ ဦးမင်းသခင်ဘယ်တော့မှ မကြိုးစားနဲ့တော့ ကျွန်တော်က ဦးမင်းသခင်တို့ရဲ့ ဂုဏ်ဓနအဆင့်အတန်းတွေနဲ့ ခွဲခြားဆက်ဆံခံလိုက်ရတဲ့ ငွေလရိပ်ရဲ့ညီမလေး မိုးလရိပ်ပါ ဦးမင်းသခင် ကျွန်တော် အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် မမငွေလရိပ် ဆုံးခဲ့ရတာနဲ့ ပတ်သက်ပြီး အရမ်းရက်စက်တတ်တဲ့ ဦးမင်းသခင်ကို နောင်တရစေချင်လို့ ဒီအသိုင်းအဝိုင်းတွေကြားထဲကို မဝံ့မရဲကလေးနဲ့ စွန့်စားပြီးတော့မှ ကျွန်တော်ဝင်လာခဲ့ရတာပါ ... ဒါဟာလည်း ကျွန်တော်ကြားခဲ့ရတဲ့ သတင်းစကားတွေထဲမှာ ကိုလင်းမြတ်ထက်နဲ့ မမငွေလရိပ်ချစ်ခဲ့တာကိုပဲ ဆင်းရဲတဲ့ကောင်မလေး တစ်ယောက်က ချမ်းသာတဲ့ ကောင်လေးတစ်ယောက်ကို အတင်းလက်ထပ်ဖို့ကြိုးစားခဲ့တယ်ဆိုပြီး အထင်သေးသေးနဲ့ ခွဲခဲ့ကြတာလေ ... ကျွန်တော်





မေးချင်တာက ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို နှလုံးသားထဲကလာတဲ့ အချစ်စစ် အချစ်မှန်တွေနဲ့ ဆင်းရဲတဲ့မိန်းကလေးတွေ ချစ်ခွင့်မရှိတော့ဘူးလား ... ဒီလိုချစ်မိသွားတိုင်းမှာလည်း ဆင်းရဲတဲ့ မိန်းကလေးတွေကို ငွေမက်လို့ချစ်တာဆိုတဲ့ ဆိုင်းဘုတ်ကြီးကပ်ပြီး အထင်သေး အမြင်သေးနဲ့ ဆက်ပြီးတော့ စော်ကားနေကြဦးမှာလား ... ကျွန်တော်ဆိုတဲ့ မိုးလရိပ်ကတော့ အဲလို အထင်သေးလာမယ်ဆိုရင် ဟားတိုက်ပြီးတော့တောင် ရယ်ပစ်လိုက်ချင်ပါတယ် ဦးမင်းသခင်"

ရင်ထဲရှိသမျှ စကားတွေကိုကုန်အောင် မိုးပြောချပစ်သည်။

"အခုလည်း ... မိုးလရိပ်ဆိုတဲ့ ကောင်မလေးကို ဦးမင်းသခင်ကိုယ်တိုင်က လက်ထပ်ခွင့်တောင်းနေတာ ... အားလုံးသိပါတယ် ... ဒါကို သဘောမတူနိုင်လို့ဆိုပြီး မိုးလရိပ်နဲ့ဦးမင်းသခင်ကို မရရအောင်ခွဲဖို့ ရွှေခြေနင်းနဲ့စကြာယာဉ် အသိုင်းအဝိုင်းတွေက အထက်စီးကနေ လိုက်လာခဲ့ကြပြန်ပြီလေ ... ဘယ်လောက်တောင် ဟားတိုက်ရယ်ဖို့ကောင်းတဲ့ လောကကြီးလည်းဆိုတာ ... မလိုပါဘူး ... ဒီလို အရှက်မဲ့တဲ့မျက်နှာတွေ လူဂုဏ်သိက္ခာနဲ့ မထိုက်တန်တဲ့ စကားလုံးတွေသုံးပြီး အတင်းလိုက်ခွဲဖို့ ကြိုးစားနေတဲ့သူတွေအားလုံးကို မိုးလရိပ်ဆိုတဲ့ ကောင်မလေးတစ်ယောက်က တစ်ခုပဲပြောခဲ့ပါရစေ ... ဦးမင်းသခင်ကို ယက်မထပ်နိုင်လို့ ဒီနေရာကနေပဲ အနိုင်ပိုင်းပြီး မိုးလရိပ်ပြန်တော့မယ် ..."

"ဟာ ..."

"ဟင် ..."

မိုးလရိပ်ဆိုတဲ့ကောင်မလေးတစ်ယောက်ဆီက မမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကြားလိုက်ရတဲ့စကားတစ်ခွန်းကြောင့် အားလုံးမျက်တောင်လေးတွေကော့ကာ အံ့သက်ရှုမှားခဲ့ရပြီ … ။ ဦးမင်းသခင်ကို လက်မထပ်နိုင်တော့လို့ ဒီနေရာကနေပဲ အနိုင်ပိုင်းပြီး မိုးလရိပ် ပြန်တော့မယ်တဲ့ … ။ ကြည့်ပါဦး ဒီလောက်ခမ်းနားကြီးကျယ်တဲ့ ရွှေခြေနင်းနဲ့ စကြာယာဉ်ကုမ္ပဏီပိုင်ရှင်ကြီး ဦးမင်းသခင်က လက်ထပ်ခွင့်တောင်းနေတာကိုတောင် ငွေလရိပ်ရဲ့ညီမလေး မိုးလရိပ်က မာနတွေနဲ့ ငြင်းဆန်ပါယ်ချလိုက်ပြီတဲ့လား … ။

ဒါ … ဒါ … မင်းသခင်ကို အကောင်းဆုံးလက်စားချေနေတာလား … ။

သူမယုံနိုင်လို့ … မိုးမျက်နှာလေးကို ငေးကြည့်လိုက်တော့လည်း မာနလေးတွေနဲ့ တင်းနေတဲ့ မိုးမျက်နှာလေးက ပန်းနုရောင် ပါးပြင်လေးနှစ်ဖက်မှာ အရိပ်ရဲရဲတွေနှင့် နုမွတ်လို့ … ။

"မိုးနော် … ဘာသဘောနဲ့ မင်းဒီလိုပြောလိုက်တာလဲ၊ မမငွေလရိပ်ကို ခွဲခဲ့တဲ့ အပြစ်ဒဏ်တွေအားလုံး ဒီနေရာမှာ ငါ့ကို ပေးဆပ်ခိုင်းနေတာလား … မင်းငါ့ကို အလှဆုံးရိုက်ချက်တွေနဲ့ ငါ့ နှလုံးသားထဲမှာ ဒဏ်ရာပြင်းတွေရအောင် စစ်ခင်းနေတာလား"

မင်းသခင်ခြေလှမ်းတွေ ထပ်တိုးပစ်လိုက်တာ မိုးနဲ့ရင်ချင်း အပ်လုနီးပါး … သူဘယ်လိုမှ မခံစားနိုင်တဲ့အဆုံးမှာ မိုးနဲ့မျက်နှာချင်းဆိုင်ရပ်လျှက် … မိုးပခုံးအိအိလေးတွေကို ခပ်ကြမ်းကြမ်းဆုပ်ဖက်ပစ်မိ၏။ ပြီးတော့ မေးရင်းနဲ့လည်း ဆွဲခါသည်။ မျက်ဝန်းတွေကိုလည်း ဒေါသနှင့်စိုက်ကြည့်သည်။

"ဟွန်း … စိတ်လျှော့လိုက်ပါ သူဌေးမင်း ဒီနေရာကနေပဲ သူဌေးမင်းနဲ့ ကျွန်တော်လမ်းခွဲလိုက်တော့မယ် … သူဌေးမင်းကိုယ်





တိုင် ပြင်ဆင်ထားတဲ့ မင်္ဂလာအခမ်းအနားကြီးမှာ ချစ်ခြင်းပြိုင်ဆိုတဲ့ သူဌေးမင်းကိုမရရင် မနေနိုင်ဖြစ်နေတဲ့ မိန်းမတစ်ယောက်ကိုပဲ သူဌေးမင်း လက်ထပ်လိုက်ပါ … လှိုင်းဆိုတာ ကြီးမားတဲ့ကျောက်ဆောင်ကျောက်သားကြီးတွေကို ထိတွေ့နမ်းရှိုက်ဖို့ အမြဲကြိုးစားနေတတ်ကြသလို ရက်ရက်စက်စက် ဖြိုချပစ်ဖို့ကိုလည်း သူတို့ဘယ်တော့မှ ဝန်လေးနေကြမှာ မဟုတ်ပါဘူး … မိုးလရိပ်ရင်ထဲက ဆန္ဒအစစ်အမှန်ကို ပြောရမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်လည်း ဘယ်တော့မှ လှိုင်းမဖြစ်ချင်သလို တပါးသူကိုလည်း ဘယ်တော့မှ ကျောက်ဆောင် မဖြစ်စေချင်ပါဘူး … မုန်းပေမယ့် ရင်ထဲကနေ ဦးမင်းသခင်ကို ကျွန်တော်ချစ်ခဲ့တယ် … အဲဒီအတွက် ကျွန်တော့် နှလုံးသားကို ကျွန်တော်လက်ဖွဲ့ခဲ့မယ် … ဒါပါပဲ ဦးမင်းသခင် ဒီကားနဲ့ပဲ ပြင်ဦးလွင်ကနေ ကျွန်တော်ပြန်ဆင်းသွားတော့မယ်"

"ဟာ … မိုး … မင်းမသွားရဘူးနော်"

သူ့လက်ထဲကနေ ရုန်းကာ ဦးမင်းသခင်ရဲ့ကားပေါ် မိုးတစ်ယောက်တည်းတက်ခဲ့ပြီ။

"မင်း … မင်း တစ်ယောက်တည်းမသွားရဘူး … မင်းသွားရင် ငါပါလိုက်မယ် …"

"ဟာ … ကိုကိုနော် … မိုးလရိပ်မောင်းတဲ့ကားကို ကိုကို မစီးပါနဲ့ … သူ … သူက မာယာအရမ်းများတယ် … ကိုကို့ကို သူလည်းမပေါင်းသလို သူများနဲ့မပေါင်းရအောင်လည်း နောက်ဆုံးအချိန်ထိ ကိုကို့ကိုခွဲသွားမှာ မှုးတောင်းပန်ပါတယ်ကိုကိုရယ် … အဟင့် … ဟင့် … ဟင့်"

မိုးကတော့ ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ ကားတော့တံ



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုလှည့်ကာ ကားကိုသူမကိုယ်တိုင်ပဲ စက်နှိုးပစ်လိုက်သည်။ ထိုအချိန်မှာပဲ လွှတ်နေတဲ့ကားရှေ့ခန်းက ထိုင်ခုံကလေးမှာ ဝုန်းခနဲ ဝင်တိုက်လိုက်တာ ရွှေခြေနင်းနဲ့ စကြာယာဉ် ကုမ္ပဏီပိုင်ရှင် မန်နေဂျင်းဒါရိုက်တာကြီး ဦးမင်းသခင်ရယ်လေ။

မိုးဘာလုပ်တော့မလဲဆိုတာသိလို့ သူကလည်း ဝင်ထိုင်လိုက်တာပါ ... ။

မိုးရာ ... မင်း မမငွေလရိပ်နဲ့ ပတ်သက်ပြီး မင်းဘယ်လောက်နာကျင်ခဲ့ရသလဲဆိုတာ ငါသိပါပြီ ... မင်း ငါ့ကို ကြိုက်သလိုလက်စားချေပါ ... မင်း ငါ့ကိုကြိုက်သလို အပြစ်ပေးပါကွာ နာကျင်ရက်စက်ခြင်းတွေနဲ့တော့ ငါ့ကိုတုန့်ပြန်မသွားပါနဲ့။

"ဟုတ်တယ် ကိုကို ... မိုးလရိပ်နောက်ကို ကိုကိုလိုက်မသွားပါနဲ့ ... မိုးလရိပ်က အားလုံးကို အရမ်းမုန်းနေတာ ချစ်နဲ့မပေါင်းရအောင် သူအတင်းခွဲလိမ့်မယ် ... မာယာတွေနဲ့ ကိုကို့ကိုလှည့်စားသွားလိမ့်မယ် ..."

"ကိုကိုရေ ..."

"ဟာ ... ကြည့်စမ်း"

ကားလေးကို ဝေါခနဲနေအောင် ဂန္ဓာမာမြိုင်ခြံဝန်းကျယ်ကြီးထဲကနေ မိုးမောင်းထွက်လို့လာခဲ့ပြီ။ နောက်မှာကျန်ခဲ့တာ ဝတ်ကောင်းစားလှတွေ ဝတ်ထားကြသူတွေအများကြီးပါ။ ချစ်ခြင်း ပြိုင် ရှိုက်ငိုလိုက်တာလား ... မှူးရှိုက်ငိုလိုက်တာလား မသိနိုင်တဲ့ ရှိုက်သံလေးက ကားနောက်မှာ သဲ့သဲ့လေးနဲ့ တဖြည်းဖြည်းဝေးကာ ကျန်ခဲ့သည်။

"သူဌေးမင်း ..."





"ဟင် ... မိုးပြောလေ မင်းဘာပြောချင်လို့လဲ"

"ရယ်ရတယ် သူဌေးမင်းရာ ဒီပွဲကတကယ်ရယ်ရတယ် သိလား ... ဟား ... ဟား"

"မိုး ... မိုးနော် ငါ့စိတ်တွေ အရမ်းလှုပ်ရှားနေတဲ့ အချိန်မှာ ဒီလိုရယ်သံမျိုးနဲ့ မင်းမရယ်နဲ့နော် ... မင်း ... မင်း ဘာလုပ်တော့မလဲဆိုတာ ငါသိလို့ မင်းကိုပြောနေတာ မင်းတစ်ယောက်တည်း လွှတ်လိုက်ရမှာ စိတ်မချလို့ ငါကိုယ်တိုင်တက်လိုက်လာတာ"

"ဟား ... ဟား"

ကားကို ကိုယ်တိုင်မောင်းရင်း ရယ်နေတဲ့ မိုးရယ်သံလေးက မရပ်တော့ပါ။ သူ့မှာသာ စိတ်တွေကဏှာမငြိမ်ဖြစ်ပြီး မိုးလှုပ်ရှားမှုတွေနဲ့ မိုးမျက်နှာလေးကိုသာ ဖြူဖျော့ဖျော့မျက်ဝန်းတွေနဲ့ တလမ်းလုံး စိုက်ကြည့်လာခဲ့ရတာဖြစ်သည်။

ကားလေးကတော့ ... ခရစ်ယာန်ဘုရားရှိခိုးကျောင်း အဆောက်အဦ နီနီကြီးရှေ့ကလမ်းကလေးအတိုင်း ဖြတ်တက်ကာ မြို့ထွက်လမ်းပေါ်ရောက်အောင် တရိပ်ရိပ်ပြေးလို့နေခဲ့ပြီ။

"သူဌေးမင်းရာ အခုချိန်ကို ရောက်တော့မှ သူဌေးမင်းစိတ်တွေ ဘာလို့ ကဏှာမငြိမ် ဖြစ်နေရတာလဲဟင် ... သူဌေးမင်း ဘာလဲဟင် မျှော်လင့်မထားတဲ့ အဖြေတစ်ခုနဲ့ ဒီမင်္ဂလာပွဲကို ကျွန်တော် ဖျက်ဆီးပစ်ခဲ့လို့ သူဌေးမင်း အံ့ဩတုန်လှုပ်နေတာလား ကျွန်တော် လက်မထပ်ပါဘူး ... ကမ္ဘာပေါ်မှာ ပြေးကြည့်စရာ ယောကျ်ားရယ်လို့ သူဌေးမင်း တစ်ယောက်တည်း ကျန်နေခဲ့ရင်တောင် သူဌေးမင်းကို ကျွန်တော် ဘယ်တော့မှလက်မထပ်ဘူး"

"မင်း ... မင်း ငါ့ကို အရမ်းနာကြည်းနေတာလားဟင် မိုး



www.burmeseclassic.com

www.burmeseclassic.com



ငွေလရိပ်အတွက် မင်းခံစားခဲ့ရတဲ့ ခံစားချက်တွေက ငါ့နှလုံးသား တွေကို တစချင်းဖွဲ့ချွေပစ်နေတာ ...”

“သူဌေးမင်း ဆက်မပြောနဲ့”

မိုးကြားဖြတ်အော်ပစ်လိုက်တာ မခံစားနိုင်တော့တဲ့ နာကြည်းမှုတွေနဲ့ ...

“ဟွန်း ... တစ်ခုပဲ သူဌေးမင်း နားလည်ထားရမှာက ကိုလင်းမြတ်ထက်ကို မမငွေလရိပ်ချစ်ခဲ့တာ ဖြူစင်ရိုးသားတဲ့နှလုံး သားကလေးနဲ့ချစ်ခဲ့တာ ... သူဌေးမင်းတို့ အသိုင်းအဝိုင်းကြီးတစ်ခု လုံးကထင်သလို ပိုက်ဆံမက်လို့ ချစ်ခဲ့တာမဟုတ်ဘူး ... ကိုလင်း မြတ်ထက်က မကြည့်ရက်နိုင်လို့ ပေးခဲ့တဲ့ လက်ဝတ်ရတနာတွေ ဟန်းဖုန်းတွေ မမငွေလရိပ်လက်ခံခဲ့သလား ပုသိမ်ကို နောက်ဆုံး တစ်ခေါက်ပြန်လာခဲ့တာတောင် ရန်ကုန်ဖရေဇာလမ်းပေါ်မှာ အပုံ လိုက်ရောင်းတဲ့ အဟောင်းထည်ကလေးထဲကနေ ညီမလေးဝတ်ဖို့ သူ့လုပ်အားခ,ငွေကလေးနဲ့ ဝယ်ခဲ့ရတဲ့ မမငွေလရိပ်က သူ့နောက် မှာ ဘယ်လိုစပွန်ဆာမျိုးမှ မရှိခဲ့တာကို မာနနဲ့သက်သေခံပြသွားခဲ့ တာလေ ... သူဌေးမင်းရဲ့”

ပြောရင်း မိုးမျက်ရည်ပေါက်ပေါက်ကျခဲ့ရပြီ။

“ဘဝမှာ အဆင်မပြေလို့ အားကိုးရမယ့် ဆွေမျိုးမိဘ အသိုင်းအဝိုင်းတွေ တစ်ယောက်မှ မရှိတော့လို့ ညီမလေးမသိ အောင် မာဆတ်နဲ့ ကေတီဗွီမှာ မလွှဲသာ မရှောင်သာ အလုပ်ဝင် လုပ်ခဲ့ရတာကို နာမည်ပျက်ဆိုင်းဘုတ်တပ်ပြီး သူဌေးမင်းတို့ အသိုင်း အဝိုင်းတွေက ဂုဏ်သိက္ခာမဲ့အောင် တံဆိပ်ကပ်ခဲ့ပေမယ့် ကျွန်တော်ကတော့ မမငွေလရိပ်ရဲ့နှလုံးသားကို ယုံတယ် ... ဘာလဲ





ဟင် သူဌေးမင်း ဒီလိုအလုပ်လုပ်ရတဲ့ မိန်းကလေးတိုင်းရဲ့ နောက် မှာ စပွန်ဆာတွေရှိနေတယ်ဆိုပြီး အားလုံးကို သိမ်းကြုံးစော်ကားဖို့ သူဌေးမင်းပြင်ဆင်နေတာလား ... အနှိပ်ခန်းကိုလာသမျှ ဧည့်သည် တွေရဲ့ အထင်သေးသလို စော်ကားချင်သလို ကြည့်တတ်ကြတဲ့ မျက်လုံးတွေအောက်မှာ မျက်ရည်စက်ကလေးနဲ့ လေဖြတ်နေတဲ့ မိဘကိုငွေပြန်ပို့တယ် ... ကျောင်းအပ်ဖို့ မတတ်နိုင်တဲ့ မောင်လေး ညီမလေးတွေဆီကို ငွေပြန်လွှဲရတာ ဒီလို မိန်းကလေးမျိုးတွေ မာ ဆတ်နဲ့ ကေတီဗွီတွေမှာ အများကြီးရှိနေတာ သူဌေးမင်း သိရဲ့လား ဟင် ... သူဌေးမင်း ... ကြေကွဲဝမ်းနည်းနေတဲ့ ကောင်မလေး တစ်ယောက်ရဲ့ နှလုံးသားထဲက ကဗျာတစ်ပုဒ်ကို ဖတ်ချင်တယ် ဆိုရင် ကြေကွဲဝမ်းနည်းစွာ ခံစားတတ်တဲ့ နှလုံးသားတွေ ရှိနေမှ ဖြစ်မှာပါ ... ခုတော့ သူဌေးမင်းတို့အားလုံးက ရက်စက်လွန်းတယ်”

“မင်း ... မင်းပြောချင်တာ ဒါပဲလားဟင် ... မိုး နောက်ထပ် ကြီးမားတဲ့ စွဲချက်မျိုးတွေတင်ပြီး ကြုံးစင်ပေါ်ရောက်တဲ့အထိ မင်း ငါ့ကိုပို့တော့မလို့လား ... ဒီမှာ မင်းကို ငါပြောပြမယ် ... မင်းကို ငါရှင်းပြမယ် ... ဟုတ်တယ် မာဆတ်နဲ့ ကေတီဗွီမှာ အလုပ်လုပ်ခဲ့ တဲ့ ငွေလရိပ်ကို လင်းမြတ်ထက်နဲ့မပေါင်းနိုင်အောင် ငါတို့ခွဲခဲ့တယ် နေ ... နေဦးနော် ... မိုးလရိပ် မင်းကားကို အရမ်းမမောင်းနဲ့ မင်း ရင်ထဲက နာကြည်းမှုတွေကို ခဏလေးဘေးဖယ်ထားပြီး ငါပြော မယ့် စကားကို ဆုံးအောင်တော့ မင်းနားထောင်ပေးပါ”

တရှိန်ရှိန်မြင့်တက်လာနေတဲ့ ကားစက်သံက မိုးရဲ့နှလုံး သားထဲက ရင်ခုန်သံတွေနဲ့အပြိုင် မြင့်တက်လာနေမှန်း သူသိလိုက် လို့ တုန်လှုပ်စွာနဲ့ပဲ မိုးကိုသတိပေးလိုက်ရတာပါ။ နှစ်ဆယ့်[illegible]မိုင်



www.burmeseclassic.com

www.burmeseclassic.com



အဆင်းလမ်းကို ရောက်ဖို့ကလည်း တဖြည်းဖြည်းနီးကပ်လို့လာနေခဲ့ပြီလေ ... ပိုဆိုးတာက ကားရှေ့မှာ တစ်လမ်းလုံးပိတ်နေအောင် ကျလာနေတဲ့ နှင်းတွေ ... ။

ဒီမြူတွေ နှင်းတွေကိုခွဲပြီး ကားလေးက အရှိန်ပြင်းစွာ ရှေ့ကို တိုးနေခဲ့တာပဲဖြစ်သည်။ မိုးကတော့ တလမ်းလုံး သူ့မျက်နှာကို လှည့်မကြည့်တော့ပါ။ တင်းတင်းလေး စေ့ပိတ်ထားတဲ့ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်မလာအောင် ထိမ်းထားနိုင်တာကပဲ မိုးလရိပ်ရဲ့မာနတွေလား ... အဲဒီ မာနတွေကပဲ ရက်စက်တော့မယ့် မာယာတွေအဖြစ်နဲ့ စက္ကန့်တိုင်းမှာ ပြောင်းလဲနေခဲ့ပြီလား ... ။

"ဟွန်း ... ဒီမှာ မိုးလရိပ် မင်းအကြိမ်ကြိမ်အခါခါ စွပ်စွဲခဲ့သလို လင်းမြတ်ထက်နဲ့ ငွေလရိပ်ကို ငါခွဲခဲ့တာ ဂုဏ်ပကာသနတွေနဲ့ အဆင့်အတန်းတွေ မတူလို့ငါခွဲခဲ့တာမဟုတ်ဘူး ... လင်းမြတ်ထက်က ဆိုးတယ် ... အသက်ဆယ့်ခြောက်နှစ်သားအရွယ် ဆယ်တန်းဖြေကတည်းက ဆိုးသွမ်း အပေါင်းအသင်းတွေနဲ့ တရှုန်းရှုန်းနေခဲ့တယ် ... သူဖြစ်ချင်တာက ဂီတာသမား၊ ဟာစ်ဟောအဆိုတော် ဆယ်တန်းကျတော့ ကျောင်းထွက်တယ် ... ဂီတာတစ်လုံးပိုက်ပြီး အိမ်ပေါ်ကဆင်းတယ် ... လမ်းပေါ်မှာ သူဖြစ်သအ္ဘ ပြဿနာပေါင်းစုံကို အကြိမ်ကြိမ်အခါခါ ငါနဲ့မာမီပဲ လိုက်ရှင်းခဲ့ရတာလေ ... အဲဒါ အသက်နှစ်ဆယ့်လေးနှစ်အရွယ်မှာ လင်းမြတ်ထက်ဘာဖြစ်သလဲဆိုတာ မင်းသိသလား ... မူးယစ်ဆေးကို အပေါင်းအသင်းနဲ့ အကြောထဲသွင်းရာကနေ အိပ်ချ်အိုင်ဗီပိုး ကူးစက်ခံရတာယ်လေ ... "

"ဘယ် ... ဘယ်လို သူ့ဋ္ဌေးမင်း ကိုလင်းမြတ်ထက်မှာ ... "

သည်တော့မှ ကားမောင်းရင်း မိုးဖျတ်ခနဲလှည့်ကြည့်လိုက်





တာ တုန်လှုပ်ခြောက်ခြားခြင်းများစွာနဲ့ပါ။

"နေဦးမိုးလရိပ် မင်းဖြတ်မမေးနဲ့ ငါဆက်ပြောမယ် ... အဲဒီအချိန်မှာ လင်းမြတ်ထက်နဲ့ ငွေလရိပ်ချစ်သူတွေဖြစ်သွားတာ လင်းမြတ်ထက်က ဒီပိုးကူးစက်ခံထားရတာ မသိတော့ ငွေလရိပ်ကို အရူးအမူးချစ်ပြီး လက်ထပ်ဖို့ အကြိမ်ကြိမ်အခါခါ တောင်းဆိုခဲ့ကြတာလေ ... ငါဘယ်လိုလုပ်ရမလဲ မိုးလရိပ် ... သူတို့နှစ်ယောက်ကို ခွဲဖို့ငါအသည်းအသန်ကြိုးစားခဲ့တယ် ... အဆင့်အတန်းတွေ အကြောင်းပြပြီး ငါခွဲတယ် မရဘူး ... လူလယ်ခေါင်မှာ အတင်းဆွဲ အတင်းလွဲနဲ့ သူတို့နှစ်ယောက်ကြားကို ဘီလူးဆိုင်းတီးပြီး ငါဝင်ခဲ့တယ် ... အဲဒါလည်း အလကားပဲ လင်းမြတ်ထက်က ငွေလရိပ်ကို အရူးအမူးချစ်သလို ငွေလရိပ်ကလည်း အရမ်းဆိုးတဲ့ လင်းမြတ်ထက်ကိုပဲ သစ္စာရှိရှိနဲ့ ခံစားမြတ်နိုးခဲ့တာလေ ... ကဲ ပြောပါဦး မိုးလရိပ် ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် ကောင်ဗွီနဲ့မာဆတ်မှာ အလုပ်လုပ်တယ်ဆိုတဲ့ ငွေလရိပ်ဟာ ဆံပင်အရှည်ကြီးနဲ့ အရမ်းကျက်သရေရှိနေတာ ဒါကို ရောဂါပိုးမကူးစက်အောင် ငါမခွဲသင့်ဘူးလား၊ ငါမခွဲရတော့ဘူးလား မင်းပြောခဲ့သလိုပဲ ကြေကွဲဝမ်းနည်းစွာ ခံစားတတ်တဲ့ နှလုံးသားတွေနဲ့ ငွေလရိပ်နှလုံးသားထဲက ကဗျာတစ်ပုဒ်ကို ငါဖတ်နိုင်အောင် ကြိုးစားခဲ့တာလေ ... ဒါ ... ဒါကိုတောင် မင်းက မုန်းသတဲ့လား ... မိုးလရိပ်ရာ ... "

"ဒါ ... ဒါဆိုရင် ပြင်ဦးလွင်မှာ မမငွေလရိပ်နဲ့ ကိုလင်းမြတ်ထက်တို့နှစ်ယောက်စီးမယ့်ကားရဲ့ ဘရိတ်ကြိုးကို ဘယ်သူဖြတ်ခဲ့တာလဲ ... ရက်စက်တဲ့ နှလုံးသားတွေနဲ့ နှစ်လောင်းပြိုင်သေအောင် ဘယ်သူစီရင်ချက်ချခဲ့တာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မိုးရာ ဒီကောလဟာလ စကားတွေ မင်းနားထဲကို ဘယ်တုန်းကရောက်နေခဲ့တာလဲဟင် ... လင်းမြတ်ထက်စီးသွားတဲ့ကားက ပြိုင်ကား နောက်ဆုံးပေါ်ကား ဘရိတ်ကြိုးနဲ့ အလုပ်လုပ်တဲ့ ခေတ်ဟောင်းက ကားမဟုတ်ဘူး ... တစ်စီးလုံး ကွန်ပျူတာတွေ အီလက်ထရောနစ် စစ်စတန်တွေနဲ့ အလုပ်လုပ်တာ"

"ဘုရားရေ ..."

မိုးဘုရားတလိုက်သလို မောင်းနေတဲ့ကား အရှိန်ကိုပါ ဂီယာပြောင်းကာ လျှော့ချမိခဲ့ပြီ ... ။

"ရတယ် ... မိုးလရိပ် ကားအရှိန်ကို မင်းမလျှော့နဲ့တော့ နှင်းတွေလည်း အရမ်းကျနေပြီ ... နှစ်ဆယ့်တစ်မိုင်အဆင်းလမ်းကိုလည်း ရောက်နေပြီ ... မင်းငါ့ကို အရမ်းနာကြည်းနေတယ်မို့လား အဲဒါတွေ နောက်ဘဝအထိပါမသွားအောင် ဒီဘဝမှာပဲ အကြေပေးဆပ်သွားချင်လို့ မင်းနဲ့ငါ နှစ်လောင်းပြိုင်သေဖို့ ဆုံးဖြတ်လိုက်တာ"

"ဟွန်း ... ခင်ဗျား မရွဲ့နဲ့နော် သူဌေးမင်း"

"ဟာ ... ဟေ့ကောင် ငါဘယ်မှာရွဲ့လို့လဲ ... မင်းပဲ ဂန္ဓာမာမြိုင်မှာ အိပ်ပျော်နေတုန်းက နှစ်လောင်းပြိုင်သေမယ် နှစ်လောင်းပြိုင်သေမယ်လို့ ကယောင်ကတမ်းအော်နေတာလေ ဟေ့ကောင် ဘရိတ်မအုပ်နဲ့နော် ... မင်းနဲ့ငါ နှစ်လောင်းပြိုင်သေရင်လည်း မင်းကို တအားဖက်ထားပြီးတော့မှ ငါသေမှာ ... မောင်း ... ဟေ့ကောင် လီဗာကို တခုံးနင်းပြီးတော့မောင်း ..."

တွေ့လား ... ။

ဒီမှာတော့ ကားအရှိန်လေး နည်းနည်းပြင်းသွားလို့ ဂီယာချိန်းရ ဘရိတ်မှေးရနဲ့ လက်တွေတုန်နေလို့ စီယာတိုင်ကိုတောင်





မနည်းကိုင်ထားရတာ ... ။

ဟွန်း နာပြီးတယ်သိလား ... ။

"ဟာ ... ဟေ့ကောင် ကားကို မင်းဘာလို့ရပ်ပစ်လိုက်တာလဲ"

"ကျွန်တော့်ဟာ ကျွန်တော် ဆက်မမောင်းချင်တော့လို့ရပ်တာ"

"ဘာပြောတယ်ကွ ..."

"ဝုန်း ..."

"ဒုန်း ..."

ကြည့်စမ်း ... မိုးဆိုတဲ့ကောင် ကားတံခါးကို ဘုန်းခနဲပိတ်ပြီးတော့တောင် အောက်ကိုဆင်းသွားပြီ သူကြည့်လိုက်တော့ ပြင်ဦးလွင်အဆင်းလမ်းရဲ့ နှစ်ဆယ့်တစ်မိုင် ရှုခင်းသာနေရာလေး။

မိုးက ငွေဖလားရောင် ခါးဖောင်းဂါဝန်ရှည်ကြီး တယမ်းယမ်းနဲ့ မြူတွေနှင်းတွေကြားထဲကို တစ်ယောက်တည်း တိုးဝင်ကာ လျှောက်သွားသည်။ ဒါကိုကြည့်ကာ သူပျာယာခတ်သွားပြီး ကားအောက်ကို ကပျာကယာဆင်းလိုက်ရ၏။

မိုးကတော့ နောက်ကိုလှည့်မကြည့်ပါ။

မိုးကြည့်နေတာ ကောင်းကင်ပြင်ကျယ်ကြီးပေါ်က လွင့်စင်ကျလာနေတဲ့ မြူတွေနှင်းတွေရှိရာဆီကိုပါပဲ ... မိုးမေးလိုက်ချင်တာက အဲဒီနှင်းတွေထဲမှာ မာယာတွေရှိနေသလား ရှိခဲ့ရင်လည်း အဲဒီမာယာတွေဟာ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေဖြစ်ဖြစ်သင့်သလား ... ။

"မိုး ..."



www.burmeseclassic.com

www.burmeseclassic.com



နောက်က ခေါ်သံလေးနဲ့အတူ မိုးပခုံးစွန်းလေးနစ်ဖက်ဆီကို ရောက်လာတဲ့ အေးစက်စက်လက်တွေပဲဖြစ်သည်။

"ဟာ ... သူဌေးမင်းနော် ... ကျွန်တော့်ကိုမကိုင်နဲ့"

မိုးသူ့လက်တွေကို ဖယ်ချရိုက်ပစ်ကာ သူနဲ့ခပ်လှမ်းလှမ်းထိ ရောက်သွားအောင် မိုးက ရပ်ပစ်သည်။ ရပ်ပြီးတော့မှလည်း နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်၏။

"ဘယ်လိုလဲ ... မိုးရာ မင်းကို ငါဒီလောက်ရှင်းပြခဲ့တာတောင် မင်းရင်ထဲကအညှိုးအမုန်းတွေ မကြေအေးနိုင်သေးဘူးလားဟင် ... ကဲ ... မင်း ကျေနပ်အောင် ငါဘာလုပ်ပေးရမလဲဆိုတာပဲ မင်းပြော ငါကတော့ မင်းကိုတကယ်ချစ်ခဲ့တာပါ ... ငါ အတမ်းတဆုံးက မင်းဆီက ရလာမယ့် အကြင်နာ မေတ္တာတွေကိုပဲ"

"အဲဒါ ... ခင်ဗျား အပိုတွေပြောနေတာ ... "

"ဟာ ... ဟော့ကောင် ငါပြောတာ မင်းမယုံလို့လား"

"ဟာ ... သူဌေးမင်းနော် ကျွန်တော့်ရှေ့အထိ ရောက်အောင် ခင်ဗျားတိုးမလာနဲ့နော် ... ရောက်နေတဲ့ နေရာကနေ ဒီအတိုင်းရပ်ပြီး စကားပြော ... "

ရှုပုတ်ပုတ်လေးနှင့် မိုးမျက်နှာလေးက အလိုမကျရိပ်လေး တော့သမ်းနေ၏။

မိုးတစ်ခုခုကို မကျေမနပ်ဖြစ်နေတာတော့ အရမ်းသိသာနေသည်။

"မိုးရာ မင်းငါ့ကို တကယ်ရစ်တယ်ကွာ ... ငါချစ်တာကို မင်းက မယုံဘူးဆိုတော့ မင်းယုံအောင် ငါဘယ်လိုသက်သေပြ





ရမလဲ ... ဒီချောက်ကမ္ဘားထိပ်ကနေ ခုန်ချပြပြီး သက်သေထူရမလား ... မိုးကိုချစ်တယ် မိုးကိုချစ်တယ်လို့ ဒီနှင်းတွေကြားထဲမှာ အရူးကြီးတစ်ယောက်လို လျှောက်အော်ပြေးပြရမလား ... "

"ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်ကို ငွေလရိပ်ရဲ့ညီမလေး မိုးလရိပ်မှန်းသိသိကြီးနဲ့ တမင်လက်ခံခဲ့တာကို ကျွန်တော်မကျေနပ်တာ ပြီးတော့လည်း တခုတင်တည်းမှာ နှစ်ယောက်အတူအိပ်ဖို့တောင် ခင်ဗျားက ကြိုးစားလိုက်သေးတယ် ... ကျွန်တော့်မှာတော့ ရင်တထိတ်ထိတ်နဲ့ရှောင်လိုက်ရတာ နောက်တော့လည်း လူကြားမရှောင် သူကြားမရှောင် ဆွဲလိုက်လွဲလိုက်ဖက်လိုက်တာလည်း တကိုယ်လုံး ထူပူနေအောင် ကျွန်တော်ခံစားခဲ့ရတာ ... ဘာလဲဟင် သူဌေးမင်း သိသိကြီးနဲ့ချည်ထားတဲ့ ကြိုးတစ်စ,အောက်မှာ မာယာတွေနဲ့ ခင်ဗျား ကျွန်တော့်ကို အပိုင်ချုပ်ပစ်လိုက်တာလေ ကျွန်တော်မေးချင်တာက အဲဒီမာယာတွေကို မသိချင်ဟန်ဆောင်ပြီး ခင်ဗျားဘာလို့ ဖန်ဆင်းခဲ့တာလဲ ... "

"ဟော့ကောင် မင်းအခုမှလာပြီး ငါ့ကိုကွိုင်လာစားမနေနဲ့ ငါက မိုးလရိပ်မှန်းသိလို့ အထင်မလွဲအောင်ဖြေရှင်းရင် ငါနဲ့အဝေးဆုံးကို မင်းကထွက်သွားတော့မှာ မင်းထွက်မသွားအောင် ငါမသိချင်ဟန်ဆောင်လိုက်တာ ငါလိုချင်တဲ့အချစ်က တမြေ့မြေ့လေးနဲ့ တငွေ့ငွေ့လေးလောင်လာတဲ့အချစ် ... အချစ်ဆိုတဲ့ သီအိုရီမှာ ပေးထားချက်ပါဝင်ပေမယ့် ဆောက်လုပ်ချက်မခိုင်မာရင် သက်သေပြဖို့ မလွယ်ဘူးဆိုတာ မင်းနားမလည်ဘူးလား"

"အောင်မယ် ... အောင်မယ်"

သူ့မျက်နှာလေးကိုကြည့်ပြီး မိုးရယ်ချင်လာတာ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဟန်မဆောင်နိုင်တော့ပါ။

"အေး ... နားမလည်ရင်လည်း မင်းနားလည်အောင် အစ ချက်ခြင်း ငါသင်ပေးမယ် ... ကဲ ငါလာပြီ ... "

"ဟာ ... သူ့ဒွေးမင်းနော်"

မိုးခြေလှမ်းတွေကို နောက်ဆုတ်လို့မရအောင် ချောက် ကမ္ဘားထိပ်က အဆည်းအတားတွေက မိုးကို ဟန့်တားထားခဲ့ပြီ။

မိုး မျက်တောင်လေးတွေနဲ့ ခါးကလေးကော့သွားအောင် လည်း သူ့အနမ်းတွေက မိုးမျက်နှာလေးနဲ့ ပါးပြင်နုနုမွတ်မွတ်လေး ဆီကို တရကြမ်းကျလာသည်။

သည်တစ်ခါတော့ ...

မိုးကိုယ်တိုင် သူ့ခါးတွေကို တင်းတင်းကြပ်ကြပ်လေးပွေ့ ဖက်ထားလိုက်မိသလားဆိုတာလည်း မိုး မခွဲခြားနိုင်တော့ပါ။

မိုးတစ်ခုပဲနောက်ဆုံးသိချင်တာက ...

လွှင့်မျောနေတဲ့ နှင်းတွေထဲမှာ ချစ်ခြင်းတွေရှိသလား အဲဒီ ချစ်ခြင်းတွေရဲ့ အနားသတ်အဆုံးထိပ်မှာ ရင်ခုန်သံတွေနဲ့ ချွေခင်း ထားတဲ့ မာယာသီချင်းတွေရော ပျံ့လွှင့်မနေနိုင်ဘူးလား ... ။

ဒါဆိုရင် ဒီသီချင်းကို ဆိုခဲ့တာ ဘယ်သူလဲ ... ။

ဒါကိုတော့ မိုးသိပ်သိချင်ခဲ့ပါတယ် ... ချစ်သူရယ် ... ။

ရင်နှစ်လွှင့်ပီး ... နှလုံးသားမှာ ခံစားစေမည်

လွန်းတာမှီ

BURMESE CLASSIC .com

## လွန်းတာမှီ၏ ရေးသားထုတ်ဝေပြီးနဲ့သော ဇာတ်အုပ်များ . . .


| | | |
|---|---|---|
| (၁) | လက်ထပ်ရက်လေးနောက်ဆုတ်ပေးပါ | ဗီဒီယို |
| (၂) | ပါးတစ်ဖက်လျှော်ကြေး | ဒီဗီဒီ |
| (၃) | လိပ်ပြာလေးရဲ့နန်းတော် | ဒီဗီဒီ |
| (၄) | မငိုပါနဲ့ ခေါင်းလောင်းလေးရယ် | ဒီဗီဒီ |
| (၅) | ခရမ်းပြာ မာယာတံတား | ဗီဒီယို |
| (၆) | သစ္စာပြိုင်ရှင်းတမ်း | ဗီဒီယို |
| (၇) | ကလေးချစ် | ဒီဗီဒီ |
| (၈) | နှင်းဆီဖြူဖြူမင်းပဲယူ | ဗီဒီယို |
| (၉) | လမ်းပေါ်ကနန်းတော် | ဗီဒီယို |
| (၁၀) | လက်စားချေနှင်းဆီ | ဒီဗီဒီ |
| (၁၁) | ပိုးပုဝါလေးပေးခဲ့ပါ | ဗီဒီယို |
| (၁၂) | မာနရှင်ခွင်- | |

ယခုလ

(၁၃) လွှင့်မျောနေတဲ့နှင်းတွေထဲက ချစ်ခြင်းတွေရဲ့မာယာ

ရှေ့လ

တိမ်တွေပေါ်က သတို့သမီး


www.burmeseclassic.com

www.burmeseclassic.com

## တိမ်တွေပေါ်က သတို့သမီး

# လွန်းတာရို



ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

လုံးချင်း

# လွန်းတာမို

လွင့်မျောနေတဲ့နှင်းတွေထဲက

ချစ်ခြင်းတွေရဲ့ဟာ

www.burmeseclassic.com